www.burmeseclassic.com



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၉၇၀၃၂၀၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၆၆၀၁၀၉
၂၀၀၃ ခုနှစ်၊ ဖေဖော်ဝါရီလ - ပထမအကြိမ်
အုပ်ရေ (၅၀၀)၊ တန်ဖိုး (၁၀၈/-) ကျပ်

◈ ထုတ်ဝေသူ
ဦးကျော်ဟင်း၊ ယုံကြည်ချက်စာပေ၊ အမှတ် (၁၁၁) (၃၃) လမ်း၊ ကျောက်တံတား၊ ရန်ကုန်။

◈ မျက်နှာဖုံးပုံနှိပ်
ဦးကျော်စိန် (၀၂၉၀၅)၊ ကျောက်စိမ်းပုံနှိပ်တိုက်၊ အမှတ် (၁၇၁)၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်။

◈ အတွင်းပုံနှိပ်
ဦးကျင်ရင် (၀၅၄၁၇)၊ ရွှေခြသေ့ပုံနှိပ်တိုက်၊ အမှတ်(၁၂)၊ သရဖီလမ်း၊ တောရန်ပိုင်အနောက်ရပ်ကွက်၊ အလုံမြို့နယ်။

◈ ပြည်လုံးကျွတ်ဖြန့်ချိရေး

◈ ရဲရင့်အောင်စာပေ
အမှတ် (၄၉)၊ မှန်ရဝေလမ်း၊ ထရာစ်မြောက်အရှေ့ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

## နှုတ်ဝိညာဉ်ကြောင်း

တောင်တန်းကြီးများမှာ မြင့်မားခေါင်လွန်းလှသည်။

အဝေးကနေကြည့်လျှင် မြူတွေရစ်ဝေ့သီဆိုင်းနေသောကြောင့် မိုးယံထက်သို့ ထိုးလှုန်းပါး တောတန်းကြီးများ၏ ထိပ်များကို ရေးမှုံမှုံသာ လှမ်းမြင်ရလေ၏။

တောင်စဉ်တောင်တန်းကြီးများသည် အလိပ်လိုက် အဆင့်လိုက် အထပ်ထပ် တလှုလှုလွင့်၍နေပေသည်။ မည်သည့်နေရာက နေကြည့်ကြည့် မြူနှင်းများ အမြဲတစေ ရစ်ပတ်လွှမ်းခြုံနေသော တောင်စဉ်တောင်တန်းကြီးများအား တိမ်မွှမ်းမိုင်ကြီးများကြားထဲ၌ တွေ့မြင်နေရလေသည်။

ရဲရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

ယင်းနေရာဒေသသည်ကား မြန်မာနိုင်ငံ မြောက်ဖျားအစွန်းရှိ နာဂတောင်တန်းများပင်ဖြစ်၏။ ယင်းနေရာသို့ ဝေးလံခေါင်သီလွန်းပြီး ခရီးလမ်းပန်းမှာ ကြမ်းတမ်းခက်ခဲလွန်း၍ များသောအားဖြင့် ပြည်မကြီးမှ လူသားများ ရောက်ခဲလေသည်။

အဖိုးတန် ကျွန်း၊ ပျဉ်းကတိုး၊ အင်၊ အင်ကြင်းမှစ၍ သစ်ဝါးမျိုးစုံကိုလည်း ထူထပ်အုပ်ဆိုင်းစွာ ပေါက်ရောက်နေသဖြင့် တောင်တန်းကြီးများမှာ စိမ်းညို့ပြာမှောင်လျက်ရှိပြီး နေခြည်အလင်းပင် တစ်စွန်းတစ်စမျှ မပေါက်ရောက်ချေ။

BURMESE CLASSIC .com

တောတောင်လျှိုမြောင်များလည်း ထူထပ်လှပေသည်။

စမ်းချောင်းလေးများသည်လည်း မြင့်မားလှသော ရေတံခွန်ကြီးများမှတစ်ဆင့် သွယ်တန်းစီးဆင်းလာပြီး ကျောက်ဆောင်များ လျှိုမြောင်များအား ကွေ့ဝိုက်လျက် စီးဆင်းနေကြလေသည်။ ရေများသည် ကြည်လင်သန့်ရှင်းပြီး ထိတွေ့လိုက်လျှင် အရိုးခဲသွားမတတ် စိမ့်ကျင်လွန်းလှ၏။

ရေအောက်မှ ရောင်စုံကျောက်ကလေးများ ခင်းဖြန့်ထားသည်ကိုပင် မြင်နေရပြီး ယင်းရေထဲမှာပင် ရောင်စုံရွှေငါးငယ်များမှစ၍ ကျောက်ငါးကြင်း၊ ရွှေဝါရောင်ငါးကြင်းများ လူးလာဆန်ခတ် ကူးခတ်နေတာကို တွေ့ရ၏။

စမ်းချောင်းလေးများ၏ တစ်ဖက်တစ်ချက်၌လည်း မြင့်မားသော သစ်ပင်ကြီးများ၏ ခွဆုံများ၌ လှပသော တောသစ်ခွရောင်စုံများ တွယ်ကပ်ပေါက်ရောက်နေကြသလို မြေပြင်၌လည်း အမျိုးအမည် မခွဲခြားနိုင်သော တောပန်းတောင်ပန်းများ အမျိုးစုံအောင် ပေါက်





ရောက်ပွင့်လန်းလျက် တောတစ်ခွင် ရနံ့များက မွှေးကြိုင်သင်းပျံ့၍ နေလေသည်။

ဆေးပင်ဆေးဥများနှင့် ကတိုးကြီးကမုန်းများလည်း ပုံလင်စွာ ပေါက်၍နေလေသည်။ လူသူအရောက်အပေါက်မရှိသလို ဒေသခံ မုဆိုးများပင် ရံဖန်ရံခါမှသာ ဤတောင်တန်းများဘက်ဆီသို့ ရောက်တတ်လေသည်။

တောင်ခြေမှာတော့ တောင်ပေါ်ရွာငယ်လေးတချို့ တည်ရှိကြလေသည်။ တောင်ခြေဖြင့် အနီးဆုံးတည်ရှိသော ထဝ်ရွာလေးပင်လျှင် ဤတောင်တန်းကြီးများပေါ်သို့ မည်သူမျှ အရဲစွန့်ကာ သစ်ခုတ် ဝါးခုတ် မပြုလုပ်ကြပေ။

မကြာခင်မှာ ဤတောင်တန်းကြီး၏ တောင်ခြေနေရာလေး တစ်ခုတွင် သာယာလှပသော စမ်းချောင်းလေးတစ်ခု တည်ရှိသည်။

ယင်းစမ်းချောင်းလေးအား ဒေသခံရွာသားများသည် နတ်သူရဲချောင်းဟု ခေါ်ဝေါ်သမုတ်ထားကြ၏။

ယင်းစမ်းချောင်းလေး၏အထက် မြေပြန့်လွင်ပြင်ထဲမှာ တောကောင်များ ပေါများလွန်းလှပါသော်လည်း ဒေသ ရွာခံမုဆိုးများပင် နယ်မကျူးရဲကြပါချေ။

ထိုစမ်းချောင်းလေး၏ လက်ယာဘက်ရှိ တောအုပ်အလယ် တစ်နေရာမှာ ပျက်စီးယိုယွင်းစပြုနေပြီး သစ်ပင်နွယ်ပင်များ၏ တွယ်ငြိကပ်ရောက်နေကြသော လူသားအရွယ်ခန့်ရှိ ကျောက်ရုပ်တုကြီးတစ်ခု တည်ရှိခြင်းကြောင့်ပင် ဖြစ်လေသည်။

ရွာခံမုဆိုးများနှင့် တောထဲ သစ်ခုတ်၊ ဝါးခုတ် နယ်ခံရွာသား



www.burmeseclassic.com

www.burmeseclassic.com



များလည်း ယင်းနေရာတစ်ဝိုက်အား ရှောင်ကွင်းကြလျက် နတ်ကြီးသောနေရာဟု အသိအမှတ်ပြုထားကြသည်။

ဤနေရာစမ်းချောင်းတစ်ဝိုက်တွင် တောလိုက်သူများ၊ သစ်ခုတ်၊ ဆေးမြစ်ဆေးဥ ရှာဖွေမိသူတိုင်း မကြာခဏ တောခြောက် တောမှောက်ခြင်းများ၊ နာနာဘာဝ တစ္ဆေသရဲများအား မြင်တွေ့ရခြင်းများ၊ တစ်စုံတစ်ခု အန္တရာယ်ကျရောက်ခြင်းများကို ကြုံတွေ့ရတတ်လေ့ရှိ၍ မည်သူမျှ ယင်း၊ နတ်သရဲချောင်းဟု သူတို့ခေါ်ဝေါ်ကြသည့် နေရာတစ်ဝိုက်သို့ မသွားလာကြပေ။

ရွာရှိ ရှေးမိနောက်မီ လူကြီးများကလည်း၊ ထိုနေရာအား အတတ်နိုင်ဆုံး ရှောင်ကွင်းရန် ပြောဆိုတတ်လေ့ရှိသည်။ ဤသို့ ပြောဆိုကြရအောင်လည်း အချို့သော လူကြီးသူမများသည်လည်း နတ်သရဲချောင်းတစ်ဝိုက်ဖြင့် ပတ်သက်၍ အလွန်အံ့ဩထူးဆန်းဖွယ်ရာ အတွေ့အကြုံများ တွေ့ကြုံခဲ့ကြဖူးသည်ဟု ဆိုကြလေသည်။

ထို့ကြောင့်လည်း ရွာရှိ သစ်ခုတ်ဝါးခုတ်သမားများပင် မဆိုထားနှင့် ရွာခံမုဆိုးအချို့ပင် ယင်းနေရာအား ရှောင်ကွင်းတတ်ကြလေ့ရှိသည်။

သို့သော် တစ်ခုရှိသည်က ယင်းနတ်သရဲချောင်း၊ ဒေသတစ်ဝိုက်သည် လွန်စွာသာယာလှပပြီး ရောင်စုံကျောက်ခဲလေးများ၊ ကျောက်ဆောင်နံရံများ၌ တွယ်ကပ်ပေါက်ရောက်နေကြသော အလွန်မွှေးပျံ့လှသည့် ကျောက်သစ်ခွရောင်စုံများနှင့်ကြောင့် တစ်ခါတစ်ရံ ရွာတွင်းရှိ သမီးရည်းစား ချစ်သူစုံတွဲများ ချိန်းဆိုတွေ့ကြရာနေရာလည်း ဖြစ်ပေသည်။





ပြီးလျှင် ထဝမ်းရွာလေးဖြင့် အနီးဆုံး တောင်ပေါ်မြို့လေးသို့ သွားရသော တောင်ပေါ်လမ်းလေးဖြင့် အနီးစပ်ဆုံးတည်ရှိနေသော ကြောင့်ပင်တည်း။

www.burmeseclassic.com

## တစ်ရွေခွန်အသိမ်

တောင်ပေါ်မိုးသည် အစိုးရသည်မဟုတ်ပါချေ။

တစ်ခါတစ်ရံ တစ်လကိုးသီတင်း လုံးဝမရွာဘဲ တောင်ပေါ်မှာ မြူတွေသာ ရစ်ပြုံသိုင်းဝေ့နေတတ်သည်။ သို့သော်လည်း ခါတစ်ရံ အလယ်တက်ရှိ တောင်တန်းတွေ၌ မှိုင်းညို့ပြာမှောင်နေသည့် မိုးသားတိမ်ခိုးတို့ လွှမ်းခြုံနေတာတွေ့ရလျှင် တောင်ပေါ်မှာ မိုးသည်းထန်စွာ ရွာနေပြီဟု ခန့်မှန်းမိကြလေသည်။

ယင်းအခါ တောင်ခြေရှိရွာများသည် တောတွင်းသို့ သစ်ခုတ် ဝါးခုတ်လုပ်ငန်းများအား ခေတ္တမျှ ဆိုင်းငံ့ရပ်တန့်ထားကြရလေသည်။

အဘယ်တွက်ကြောင့်ဆိုသော် တောင်ပေါ်အထက်မှာ ညို့မှောင်နေလျှင် နှစ်ဆယ့်လေးနာရီအတွင်း တောင်ကျရေများ စီးဆင်း





လာတတ်ခြင်းကြောင့်ပင် ဖြစ်လေ၏။

ရိုးမကြီးများ၊ တောင်တန်းကြီးများမှာရှိသော တောင်ကျရေသည် ရိုးရိုးချောင်းမြောင်းများကဲ့သို့ မဟုတ်ပေ။ ညင်သာစွာ စီးဆင်းတတ်လေ့မရှိချေ။

ရိုးမတောင်ကြောကြီးတစ်ခုလုံးရှိ များပြားလှစွာသော တောင်စဉ်တောင်တန်းများမှ အရှိန်ဖြင့် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စီးဆင်းလာသော တောင်ကျရေများသည် လမ်း၌တွေ့ရသော သစ်ပင်ကြီး၊ သစ်ပင်ငယ်၊ ကျောက်တုံး ကျောက်ဆောင်ငယ်များကိုပင်လျှင် အကုန်သိမ်းကျုံးပြီး ဒလဟော တိုက်စားမျောပါသွားရသည့်လေ့သဘာဝ ရှိသည်။

ယင်းအချိန် တောင်ပေါ်မှာ မိုးမှောင်နေသည်ကို သတိမပြုမိကြသော တောတိရိစ္ဆာန်ငယ်များ၊ တောဆင်ရိုင်းကြီးများပင်လျှင် ဤတောင်ကျရေအရှိန်ကို လွတ်အောင်မပြေးလွှားနိုင်ကြဘဲ အစုလိုက် အပြုံလိုက် တောင်ကျရေမှာ မျောပါသေဆုံးကြရပေသည်။

သက်မဲ့အရာများဆိုလျှင်တော့ ပြောဖွယ်ရာမရှိပါချေ။

ယခုလည်း နေရောင်သည် မနက်ခင်းထဲကစ၍ မလင်းလက်ဘဲ အုံ့မှိုင်းမှိုင်းလေးသာရှိသည်။ ပြီးလျှင် တောင်တန်းကြီးများအလယ်၌ ညို့မှောင်နေသည်ကို တွေ့မြင်နေကြရသဖြင့် အထက်တောင်ကြောရွာပေါ်မှာ အခါမဟုတ် မိုးသည်းထန်စွာ ရွာသွန်းနေပြီဟု ရွာသားများသည် တပ်အပ်သိကြ၏။

သို့သော်လည်း တောင်ခြေထဝမ်းရွာကလေးသို့ တောင်ကျရေကျလာမည်မှာ နေ့တစ်ဝက်ခန့်လိုသေးသည်။ ဒါပေမဲ့ တောင်ရိုး



www.burmeseclassic.com

www.burmeseclassic.com



များပေါ်မှာ မိုးနိပ်မိုးမှောင်တွေ မလွှမ်းမိုးပြယ် မကောင်းဆင်သောပါက တောင်ကျရေ အရှိန်အဟုန်သည် သုံးလေးရက်ဖြင့်သော်လည်းကောင်း မရပ်နားတတ်ပေ။

ရံဖန် တစ်ပတ်ခန့်ပင် ကြာမြင့်တတ်သေး၏။

ထဝမ်ခရွာလေးတွင်းမှာ ဆထန်လျှန်းသည် မနက်ဦးကတည်းက မှိုင်းညို့နေသော အလယ်ဘက်တောင်တန်းကြီးများဆီသို့ ငေးမျှော်၍ကြည့်လိုက်ပြီးလျှင် ခြေတံရှည်တဲရှေ့ မြေကွက်လပ်တွင် မြှားတံလုပ်နေသော သားဖြစ်သူ အောင်ချမ်းအား . . .

“အောင်ချမ်းရေ ဒီတစ်ခါတော့ တောင်ပေါ်မှာ ညို့နေတဲ့မိုးတွေက သုံးလေးရက်နဲ့ တောင်ကျရေ အဆင်းရပ်မယ်မထင်ဘူး၊ ခဲနေတာပဲဟေ့”

“ဟုတ်တယ် အဘ၊ ကျုပ်လည်း သတိပြုမိတယ်၊ အရင်ကဆို နိုပြာရောင်လောက်ပဲရှိတာ၊ ခုဟာက မှိုင်းနေတာပဲ၊ ရေအတော်ကြမ်းမှာ သေချာတယ် အဘရ”

“ဒီရက်တွေအတွင်း ရိုးမပေါ် မတက်နဲ့ဦးပေါ့ကွာ၊ အိမ်မှာပဲ လုပ်စရာရှိတာလုပ်ပေါ့၊ မုဆိုးဆိုတာ အသိသတိ အမြဲယှဉ်တွဲထားရတာကွ၊ မြင်ရတဲ့ တောတောင်အန္တရာယ်ပဲ သတိထားရသလို မမြင်ရတဲ့ သဘာဝရဲ့ဘေးအန္တရာယ်ကိုလည်း ကြိုတင်ခန့်မှန်းနေတတ်ရတယ်၊ မုဆိုးဆိုတာ တောထဲ စတင်ဝင်ပြီဆိုတာနဲ့ ကိုယ့်ရဲ့အသက်ကို အရင်းအနှီးပြုပြီးသားပဲ၊ တောရဲ့မာယာပရိယာယ်တွေနဲ့ တောကောင်တွေရဲ့သဘာဝကို မကျွမ်းကျင်ရင် မုဆိုးကနေ သားကောင်ဖြစ်သွားတတ်တယ်ကွ”





“ကျုပ်လည်း သတိထားပါတယ် အဘရာ”

ဆထန်လျှန်းသည် မုဆိုးသက်ဝါရင့်နေသော မုဆိုးကြီးတစ်ဦးပင်ဖြစ်လေသည်။ အောင်ချမ်းမှာ တောထဲ စတင်ဝင်သည်မှာ တစ်နှစ်ခန့်မျှသာရှိသေး၍ ရံဖန် တော၏မာယာပရိယာယ်တို့ကို နားမလည်နိုင်သေးချေ။

ဒီတောင်ခြေအနီးအနားရှိ မုဆိုးများထဲမှာတော့ မုဆိုးကြီးထန်လျှန်းသည် တောပညာပြည့်စုံသော မုဆိုးတစ်ဦးဟုပင် ဆိုရပေမည်။ ယင်းသို့ဆိုရအောင်လည်း ဦးထန်လျှန်းသည် ငယ်စဉ်လူပျိုပေါက်ရွယ်မှစ၍ ရိုးမတောကြီးထဲသို့ စတင်ဝင်ခဲ့ခြင်းပင်ဖြစ်သည်။

မုဆိုးသက်တစ်လျှောက်လုံး တော၌ အန္တရာယ်အကြီးမားဆုံးဖြစ်သော တောဆင်ရိုင်းအုပ်များဖြင့်လည်း သုံးလေးကြိမ်မက ကြုံဖူးသည်။ ဟင်းကောင်ဖြင့်လည်း မကြာခဏ ရင်ဆိုင်တိုးခဲ့ဖူးသည်။ တောဘုရင်ဟုဆိုသော တောခွေးအုပ်ဖြင့်လည်း တိုးဖူးသည်။

ကြမ်းတမ်းခက်ထန်သော ဝံနက်ဖြင့်ပင် ကြုံတွေ့ဖူးလေသည်။ ယင်းသို့ ဝံနက်ဖြင့်ကြုံခဲ့စဉ်က ဦးထန်လျှန်း၏ လက်မောင်းနှင့် ပခုံးပြင်မှာ ဝံကုတ်၍ သေရာပါဒဏ်ရာကြီးများ ယခုထက်တိုင် တည်ရှိနေဆဲပင်။

သို့သော်လည်း ယခုထက်တိုင် ဦးထန်လျှန်း အသက်ရှင်နေဆဲပင်။

သူတို့ ထဝမ်ခရွာလေးမှာ များသောအားဖြင့် ရွာသူရွာသားများမှာ တောင်ယာလုပ်ငန်း ကိုင်းလုပ်ငန်းကိုသာ လုပ်ကိုင်နေကြလေသည်။ မုဆိုးလုပ်ငန်းဖြင့် အသက်မွေးသူမှာ ရွာအရှေ့ဖျားရှိ ဦးထန်



www.burmeseclassic.com

www.burmeseclassic.com



လျှန်းနှင့် ရွာလယ်မှ ဘဒင်ကြီးသာလျှင် ရှိကြသည်။

သို့သော် ရွာသားအများစုမှာပါ မှဆိုးစစ်စစ်များ မဟုတ်ကြပါသော်လည်း တောတက်၊ ထင်းခုတ်လုပ်နေကြသူများ တောဖြုံးမကင်းသူများဖြစ်၍ ဖွတ်ထောင် ယုတ်လိုက်မှစ၍ သစ်ကိုင်းဝါးကိုင်းများထိ လုပ်ကိုင်တတ်ကြလေသည်။

ဟင်းစားလောက်တော့ ပစ်တတ်ခတ်တတ်ကြ၏။

ဦးထန်လျှန်းသည် တောင်ပေါ်မှာ ညို့နေသောမိုးကို တစ်ချက်ကြည့်လိုက်ပြီး . . .

"အင်း ဝါလည်း ဒီရက်အတွင်း မြို့ပေါ်တက်မလားလို့ စဉ်းစားနေတာ၊ ဒီမိုးနဲ့ဆိုရင် မလွယ်ဘူးပေါ့ တောင်ကျရေ ကျပြီးတဲ့အထိ စောင့်နေရမှာပဲ"

"အဘ မြို့ပေါ် အသားသွားရောင်းမလို့လား"

"အေးလေကွာ ဟိုတလောကရထားတဲ့ အသားတွေလည်း အခြောက်လှန်းထားပြီးပြီ ပြီးတော့ ဟင်းကောင်အရေလည်း မြို့ပေါ်က ကိုနောင်မှိုင်းက ယူမယ်လို့မှာထားတာလည်း သွားပေးရင်းပေါ့ကွာ"

ဟိုးတလောက ဦးထန်လျှန်း ရိုးမပေါ်တက်ရင်း မမျှော်လင့်ဘဲ ဟင်းကောင်တစ်ကောင်ရခဲ့သည်။ အရွယ်အစားမှာ ခုနစ်တောင်နီးပါးခန့်မျှရှိသည်။

ဟင်းကောင်အရေခွံအား ဝယ်လိုသူ မှာသူတွေရှိကြသည်။ သို့သော် ဟင်းကောင်သည် ရံဖန်ရံခါမှသာ ကြုံတွေ့ရတတ်သည်။ အခြားရသော ချေ၊ ဆိုင်၊ သမင်များနှင့် ဦးချိုများကိုလည်း လိုချင်သူ





တွေရှိကြ၏။ သူတို့က မြို့တွင် အလှချိတ်ဆွဲထားရန် မှာကြခြင်းဖြစ်သည်။

ရရှိသော တောကောင်များ၏ အသားများကိုတော့ ရွာထဲလည်ရောင်းသင့်ကရောင်း ပိုလျှံသောအသားများအား အသားခြောက်များအဖြစ် အခြောက်လှမ်းထားကြလေသည်။

အသားခြောက်များ များပြားလာပါက မြို့ပေါ်ဈေးသို့ တစ်ခါတစ်ရံ ဦးထန်လျှန်းကိုယ်တိုင်၊ ရံဖန် အောင်ချမ်းသည် သွားရောက်ရောင်းချတတ်၏။

အပြန်မှာ စားသောက်ရန် ရိက္ခာများ ဝယ်ယူလာခဲ့ရလေသည်။

ယခုလည်း ဦးထန်လျှန်း ဒီရက်အတွင်း မြို့ပေါ်သို့တက်ရန် ကြံရွယ်ထားပါသော်လည်း ယခုကဲ့သို့ အထက်တောင်တန်းများပေါ်၌ မိုးရိပ်မိုးသားရောင်များတွေ့လျှင် သုံးလေးရက်တော့ စောင့်ဆိုင်းရပေဦးမည်။ သို့သော် တဲမှာက ရိက္ခာပြတ်လုမတတ် ဖြစ်နေပေပြီ။ ဒါပေမဲ့ မတတ်နိုင်။

"အဘ"

"ဘာတုံးကွ အောင်ချမ်းရ"

"ဒီရက်အတွင်း အဘ မြို့ပေါ်မှ မသွားဖြစ်ဘဲများ၊ ကျုပ်ကို တစ်ထွေ့ခုန်မြားဖူးလေး လုပ်ပေးစမ်းပါဦး"

"ဟ . . . မင်းကိုလုပ်ပေးထားတဲ့ဥစ္စာက ကုန်ပြီလားကွ"

"ဟာ . . . အဘကလည်း ကုန်ဆို ကျန်ခဲ့တဲ့လအတွင်း ကျုပ် ပစ်ခတ်ခဲ့တဲ့ သားကောင်တွေကိုလည်း ကြည့်ဦး။ အဘ



www.burmeseclassic.com

www.burmeseclassic.com



မအားလည်း နေလေ၊ ကျုပ်ဘာသာကျုပ်ပဲ လုပ်လိုက်တော့မယ်"

"ရပါတယ်ကွာ ... ငါလုပ်ပါ့မယ်"

ဦးထန်လျှန်း ကတိပေးလိုက်၏။ ဒီရွာတွေမှာတော့ ဦးထ[န်]
လျှန်းသည် တစ်ဓွေ့ခုန် နှစ်ဓွေ့ခုန် အဆိပ်မြားချွန် ပြုလုပ်ရာတွ[င်]
နာမည်ကြီးသည်။

ပန်းပဲလုပ်ငန်းကိုလည်း ကျွမ်းကျင်သူမို့ မြားများမှာလည်[း]
လုပသေသပ်လေသည်။ ပစ်လွှတ်လိုက်လျှင် လိုရာပစ်မှတ်သို့ မတိမ်[း]
မစောင်း တည့်မတ်စွာ ထိမှန်လေသည်။

တစ်ဓွေ့ခုန်မြားတံမှာ ထိမှန်ခံရသော မည်သည့်သားကော[င်]
မဆို နေရာမှ ဓွေ့ခနဲ တစ်ချက်သာခုန်နိုင်သော အဆိပ်များဖြစ်လေ
သည်။ နှစ်ဓွေ့ခုန်အဆိပ်မှာ နှစ်ကြိမ်သာခုန်နိုင်ပြီး တုံးခနဲလဲက[ျ]
အသက်ပျောက်ရလေသည်။

ဦးထန်လျှန်းတို့ အမဲလိုက်လျှင် ယင်းအဆိပ်များကိုသ[ာ]
အသုံးပြုလေ့ရှိသည်။ ယင်းတစ်ဓွေ့ခုန်အဆိပ်သည် ထိရုံ သွေးစို့ရုံ[မျှ]
ပင် သေနိုင်သောအစွမ်းရှိ၏။ အောင်ချမ်းအတွက် ဒီရက်အတွ[င်း]
မြားများ ပြုလုပ်ပေးရမည်ဟု ဦးထန်လျှန်း တွေးနေမိလေသည်။

✿ ✿ ✿



## နှတ်ဖိုညှင့်တောင်ကြား

နံနက်ခင်း၏ နေခြည်အလင်းတောက်သည် မြင့်မားအုပ်ဆိုင်း
နေသော တောကြီးတွင်းသို့ ထိုးဖောက်မြာကျနေလေသည်။ အချိန်က
နေထွက်ပြုစပင်ရှိသေးသည်။

သို့သော်လည်း ရွာကနေ အလင်းရောင်ပေါ်စကပင်
တောင်ထွက်လာသော မုဆိုးကြီးထန်လျှန်းမှာ သစ်တောအပြင်ဘက်
တောလမ်းအတိုင်း ဝန်စည်စလွယ်အိတ်အားထမ်းကာ တရွေ့ရွေ့
လျှောက်လာလေသည်။

သိပ်မကြာခင် ရေလျှိုမြစ်လေးတစ်ခုလွတ်၍ နတ်သရဲ
တောင်ခြေသို့ ရောက်ပေလိမ့်မည်။ ယင်းတောင်ခြေတစ်ဝိုက်မှာ
ကျောက်ဆောင်ကျောက်ချပ်များရှိပြီး ဝန်းကျင်တစ်ခုလုံးသည် တော



www.burmeseclassic.com

www.burmeseclassic.com



ပန်းတောင်ပန်းများ ဖူးပွင့်ဝေဆာနေ၍ အလွန်ပင် ကြည်နူးချမ်းမြေ့ဖွယ်ရာ ကောင်းလှပေသည်။

တောပန်းတောင်ပန်းများ၊ တောသဇင် တောသစ်ခွများ၏ ကြိုင်လှောင်ထုံသင်းနေသော မွှေးရနံ့များကြောင့်လည်း ဝန်းကျင်တစ်ခုလုံး ကျေးငှက်သာရကာများ အော်မြည်သီကျူးသံများဖြင့်အတူ မွှေးပျံ့သင်းထုံနေလေသည်။

ယင်းနတ်သရဲတောင်ကြီး၏ အောက်ခြေ၌လည်း ကြည်လင်ပြီး ဆယ့်နှစ်လရာသီ ကာလပတ်လုံး မပြတ်တမ်းစီးဆင်းနေသော စမ်းချောင်းလေးတစ်ခုတည်ရှိ၏။ ရောင်စုံကျောက်ငါးလေးများမှာလည်း လူးလာခေါက်တုံ့ ကူးခတ်နေကြသည်။

ရေမိုးအဆင်သင့် အရိပ်အာဝါသကောင်းမွန်၍လည်း သူတို့လို တောင်ခြေရွာများမှာ မြို့သို့သွားလာသူများအတွက် စခန်းထောက်နေရာလေးတစ်ခု ဖြစ်သည်။ ဦးထန်လျှန်းသည် တရွေ့ရွေ့ လှမ်းလျှောက်လာလေသည်။

သူ၏ကျောပြင်ထက်မှာ ရှည်လျားသော ပတ္တူကာရောင်းအိတ်ရှည်ကြီးအား လွယ်ပိုးထားရသော်လည်း သူ့အတွက်တော့ သိပ်ပြီးလေးလံပင်ပန်းနေသော ဟန်ပန်မရှိပါချေ။

ဒီခရီး ဒီလမ်း ဒီအလေးချိန်များလောက်ကိုတော့ ဒီတောဒီတောင်တွေမှာ ငယ်စဉ်ကတည်းက ကြီးပြင်းလာခဲ့ရသော ဦးထန်းလျှန်လို လူစားမျိုးအတွက် သိပ်ဝန်တာမကြီးပေ။

အမှန်တော့ ဦးထန်လျှန်းသည် အသက်ခြောက်ဆယ်နီးပါးခန့်မျှရှိပြီး ကိုယ်ခန္ဓာပိန်ပိန်သွယ်သွယ်ဖြင့် ရှိသူတစ်ဦးဖြစ်လေသည်။





ဦးထန်လျှန်း၏ ထံပင်များမှာ ကျောပေါ်သို့တိုင် ဖွာလန်ကျနေလေသည်။

အသားအရေမှာ ရာသီဥတုဒဏ်ကို နှစ်ပေါင်းများစွာ တွေ့ကြုံဖြတ်သန်းလာရသူဖြစ်၍ နီစပ်ညိုမောင်းနေသည့် မျက်ဝန်းများမှာမူ အလေ့အကျင့်ရထားသည့် တောမုဆိုးတစ်ဦးပီပီ သိန်းငှက်တစ်ကောင်ပမာ စူးရဲနေလေသည်။

ခြေလှမ်းကို ပုံမှန်လှမ်းလာသည်။

ရှေ့တွင် နတ်သရဲတောင်ကြီး၏ အခြေကိုပင် မြင်တွေ့နေရလေပြီ။ ရွာကနေ ထမင်းကြမ်းထုပ်နှင့် အသားခြောက်ဖုတ်ကို ယူလာခဲ့သည်။ နတ်ဝိညာဉ်တောင်ခြေမှာနားရင်း အဆာပြေ နံနက်ခင်းစားရပေမည်။

နတ်ဝိညာဉ်တောင်ကနေ မြို့ပေါ်သွားသည့် ကားလမ်းမရောက်အောင် ဆယ်တိုင်ကျော်ခန့် သွားရပေဦးမည်။ မြို့သို့ နေမစောင်းခင် ရောက်သွားပြီး ဝယ်ခြမ်းစရာရှိကဝယ်၍ နောက်တစ်နေ့မိုးလင်းမြန်ထွက်လာလျှင် ရွာသို့ မွန်းလွဲပြန်ရောက်ပေမည်။

ထဝမ်ချွာနှင့် အနီးဝန်းကျင်မှာ ကြာမုံကန်ရွာ၊ မီးဖြူတောရွာ စသော ရွာငယ်တဲစုလေးများလည်းရှိ၏။ ယင်းရွာများအားလုံး တောင်ယာလုပ်ငန်းကို ကိုင်းလုပ်ငန်း တောတက်လုပ်ငန်းများကိုသာ လုပ်ကိုင်ကြ၏။

ဘယ်ရွာကပဲလာလာ ဤနတ်ဝိညာဉ်တောင်ခြေကနေပတ်၍ မြို့သို့သွားရာလမ်းမှာ တစ်လမ်းသာ တည်ရှိလေသည်။

ဤနတ်ဝိညာဉ်တောင်ခြေမှာ ခရီးလမ်းပန်းဆုံရာအရပ် ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဦးထန်လျှန်းသည် တောင်ခြေသို့ရောက်လာ၏။ စမ်းချောင်းလေး၏ အထက်နံဘေးတွင် တောခုတ်ထင်းခွေသွားသူများ တည်ဆောက်ထားသော ဇရပ်ငယ်လေးတစ်ဆောင် တည်ရှိလေသည်။

ဦးထန်လျှန်းသည် ဇရပ်ငယ်လေးထံ ဦးတည်လျှောက်သွားလိုက်ပြီး အနီးသို့ရောက်လျှင် ကျောပိုးလွယ်သိုင်းလာသော ပတ္တူအိတ်ရှည်ကြီးအား ချုတ်လိုက်ပြီး မောကြီးပန်းကြီး ထိုင်ချလိုက်၏။

ဟူး . . . ခုမှပဲ အမောပြေတော့တယ်။

ဦးထန်လျှန်းထိုင်ပြီး အမောဖြေ၍ မိနစ်ပိုင်းမျှမကြာခင် တောလမ်းလေးအတိုင်း ဇရပ်ရှိရာသို့ လျှောက်လာနေသော လူငယ်တစ်ဦးနှင့် မိန်းမပျိုလေးတစ်ဦးအား တွေ့လိုက်ရလေသည်။

လူငယ်မှာ လွယ်အိတ်တစ်လုံးအား လွယ်ထားသဖြင့် သူကဲ့သို့ပင် မြို့သို့သွားမည့်သူများဟု ဦးထန်လျှန်း တွေးလိုက်မိ၏။

ဒီအနီးတစ်ဝိုက်ရွာများမှာ ဦးထန်လျှန်း ပစ်ခတ်ရရှိသော အသားများ လိုက်လံရောင်းချတတ်၍ မသိသောလူဟူ၍ သိပ်မရှိပေ။

အနီးသို့ရောက်လာသော် လူလုံးကွဲသွားမှ ကြာကန်ရွာမှ အောင်တင့်တို့လင်မယားမှန်း သိလိုက်၏။

"ဟော . . . ဦးလေးထန်လျှန်း မြို့တက်မလို့လားဗျ"

"အေး . . . ဟုတ်တယ်၊ မင်းတို့ရော မြို့ပဲမဟုတ်လား။ ကောင်းတာပေါ့ကွာ၊ အဖော်ရတာပေါ့၊ လာကွာ . . . တက်ကြ"

အောင်တင့်တို့လင်မယားနှစ်ယောက်စလုံး ဇရပ်ပေါ်လှမ်းတက်ပြီး ထိုင်သည်။ အောင်တင့်မှာ ကြာကန်ရွာမှ ဦးထန်လျှန်းမိတ်ဆွေ ဘခင်၏သားဖြစ်ပြီး လွန်ခဲ့သောနှစ်က အိမ်ထောင်ပြုလိုက်သည်





ဟု ကြားလိုက်ရလေသည်။

သူ့နံဘေးမှ မိန်းကလေးမှာ သူ၏ဇနီးပင် ဖြစ်ပေလိမ့်မည်။

"ဒါက မင်းရဲ့မိန်းမလေးလားကွ"

"ဟာ . . . ဟုတ်ပါတယ် ဦးကြီးထန်လျှန်း။ နာမည်က မြူမြူပါ"

"ဪ . . . မင်း အိမ်ထောင်ပြုလိုက်တယ်လို့တော့ ကြားမိသား။ ငါလည်း မရောက်ဖြစ်လိုက်ဘူး။ ဒါထက် ကလေးတွေ ဘာတွေရော ရပြီလား"

ဦးထန်လျှန်းသည် ကိုယ်ဖြင့်မဆိုင်သော်လည်း တွေသားသဖွယ် ခင်မင်ရင်းနှီးနေသဖြင့် မေးလိုက်မိသည်။

"ဟာ . . . ဘယ်ကရဦးမှာလဲ ဦးကြီးထန်ရာ၊ ယူပြီးတာပဲ တစ်နှစ်ကျော်နေပြီ၊ ကျုပ်က အရမ်းလိုချင်နေတာဗျ။ ဒါပေမဲ့ ဘာကြောင့်မှန်းမသိဘူး . . . ရကိုမရဘူး။ ခု မြို့သွားမှာလည်း အဲဒီကိစ္စပဲ"

"သားသမီးလိုချင်တာများကွာ လွယ်လွယ်လေး"

ဦးထန်လျှန်းသည် တစ်စုံတစ်ရာအား လှစ်ခနဲသတိရလိုက်ပြီး ပြောလိုက်မိလေသည်။

"ဗျာ . . . ဘယ်လို . . . ဘယ်လိုလွယ်တာလဲ ဦးကြီးထန်လျှန်းရ"

"ဒီလိုလေကွာ . . . မင်းတို့ ယုံကြည်ချင်မှလည်း ယုံမှာပေါ့ကွာ"

စကားပြောပြီး ဦးထန်လျှန်းသည် အောက်ဘက်စမ်းချောင်းလေးရှိရာဘက်သို့ တစ်ချက်လှမ်းကြည့်လိုက်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"မင်း အဲဒီစမ်းချောင်းအကြောင်း ရောက်ဖူးတယ်မို့လား"

"ဟာ ... ရောက်ဖူးသားပဲ ဦးကြီးထန်းလျှန်ရဲ့"

"အေး .. အဲဒီစမ်းချောင်းလေးအထက်နားက ဟိုအဆောက်အအုံပျက်ကြီးတွေ ရှိတဲ့နေရာ သိတယ်မို့လား"

"ဟာ ... အဲ ... အဲဒါက ဟို ကျောက်ဖြူရှင်မရုပ်တု"

"အေးလေ အဲဒီရုပ်တုကြီးမှာ သားဆုပန်ရင်ရတယ်လို့ အနီးတစ်ဝိုက်ရွာတွေက ပြောနေကြတာ မင်းတို့မကြားမိဘူးလား၊ အဲဒီမှာဆုတောင်းပြီးတာနဲ့ သားသမီးရတာနာတွန်းကားကြတာ ငါတို့ရွာမှာလက်တွေ့ပဲ၊ အဲဒီမှာသွားပြီး ဆုတောင်းကြည့်ပါလားကွ"

"ဟာ ... မဖြစ်ပါဘူး ဦးကြီးထန်းလျှန်ရေ၊ အဲဒီမြို့ဟောင်းကြီးနားမှာ နာနာဘာဝတွေ၊ ဝိညာဉ်တွေ အရမ်းခြောက်တယ်လို့ နာမည်ကြီးနေတဲ့ ဥစ္စာ"

အောင်တင့်က ကမန်းကတန်း အလျင်အမြန်ပြောသည်။ ဦးထန်းလျှန်းသည် မျက်ခုံးတွန့်သွားရင်း ...

"ဟာ ... မင်းက အဲဒါကြောက်သလားကွ၊ အလကားပါကွာ ... ကိုယ်ဖြင့် မြင်ရတာလည်းမဟုတ်ဘဲနဲ့ လူတွေ ထင်ရာမြင်ရာ ပြောဆိုနေကြတာပါ၊ ကိုယ်လိုချင် ကိုယ်လုပ်ကြည့်ပေါ့ကွ၊ လက်တွေ့သိလာရမှာပေါ့"

"ဟုတ်တယ် ကိုအောင်၊ ရွာထဲမှာလည်း ကျွန်မကို ကြီးဒေါ်ရွှေတို့ ဘွားမယ်မြတို့လည်း တိုက်တွန်းနေကြတာ သုံးလေးကြိမ်ရှိပြီ၊ တစ်နေ့ သွားကြည့်ကြရအောင်"

"ဟာ ... မြို့က သူနာပြုဆရာမနဲ့လည်း ရပါတယ်ကွာ၊





ကဲ ဦးကြီးထန်းလျှန်း ... သွားကြရအောင် တော်ကြာ နေမြင့်နေမယ်"

"အေးလေကွာ သွားကြမယ်"

ဦးထန်းလျှန်းသည် စကားဆုံးသွားသည်နှင့် သူ့ ခရုပ်ကြမ်းမြင်းပေါ် ချထားသော ပတ္တူဖျင်အိတ်ကြီးအား ပြန်လည်လွယ်ပိုးလိုက်ကာ သုံးဦးသား ခရုပ်ပေါ်ကနေ ဆင်းသက်ခဲ့ကြလေသည်။

ပြီးလျှင် မြို့ဘက်သို့သွားရာလမ်းအတိုင်း စကားတပြောပြောဖြင့် လျှောက်လှမ်းလာလေတော့သည်။

နေရောင်က တစ်စစ မြင့်တက်စပြုနေလေပြီ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## သားဆုတောင်းခြင်း

အောင်တင့်တို့ ဓနီးမောင်နှံသည် တောလမ်းလေးအတိုင်း ခြေလှမ်းကို ခပ်သွက်သွက် လှမ်းလာနေသည်။ တောလမ်းဟုဆိုသော်လည်း သစ်ခွဲလှည်းများ အဆက်မပြတ် သွားလာနေသည့်လမ်းမို့ လမ်းကြောင်းဖြစ်နေ၏။

ဘေးနှစ်ဖက်ရှိ သစ်ပင်ကြီးများ၏ အရိပ်အာဝါသကြောင့် မနက်ခင်းပင်ဖြစ်လင့်ကစား သူတို့၏ကိုယ်ပေါ်သို့ အပူရှိန်သည် ပြင်းစွာ မကျရောက်ပေ။

အောင်တင့်သည် ဓနီးသည်ဖြစ်သူအား တစ်ချက်လှည့်ကြည့်လိုက်ပြီး ...

"မောနေပြီလား မိဖြူ နားဦးမလား"





"မမောပါဘူး ကိုအောင်ရယ်၊ ဟို နတ်ဝိညာဉ်တောင်ခြေရောက်မှ နားကြတာပေါ့"

"ဟာ ... မိန်းမကလည်း၊ အဲဒီရောက်ဖို့ အတော်လိုသေးတဲ့ ဥစ္စာ၊ ရေနားကျရင် နားကြမယ်ကွာ၊ တာပေါ်ကပဲ လာခဲ့တာ အတော်ကြာနေလှပြီ၊ ရွာကို ဘယ်အချိန်ရောက်ရောက်ပေါ့ကွာ"

မိဖြူ ယောက်ျားဖြစ်သူ၏စကားကို ဘာမျှမပြောတော့ချေ။

အတန်ကြာသွားပြီးသောအခါ အရိပ်အာဝါသကောင်းသော သစ်ပင်ကြီးအောက်မှာ နားကြရန် အတူထိုင်လိုက်မိလေသည်။

အရိပ်အောက်ထိုင်မိသည်နှင့် အောင်တင့်သည် လွယ်အိတ်ကြီးထဲက ရေဘူးအား ထုတ်ယူလိုက်လေသည်။

"ရော့ မဖြူ ... အမောပြေသောက်လိုက်ဦး"

အောင်တင့်လှမ်းပေးသော ရေဘူးကို ဖြူဖြူသည် တစ်ငုံမော့သောက်လိုက်ပြီး အောင်တင့်အားပြန်ပေး၏။ အောင်တင့်လည်း အတန်ငယ်မောနေပြီဖြစ်၍ တစ်ငုံမော့လိုက်သည်။

ရေဘူးအဖုံးအားပိတ်ကာ သစ်ပင်စည်အား ကျောမှီလိုက်လေသည်။

ဒါကို မဖြူသည် ...

"ကိုအောင်တင့်"

"ဘာလဲ မဖြူ"

"ကျွန်မတို့ ဒီနေ့သွားတဲ့ကိစ္စက ကျွန်မာရေးဆရာမလေးနဲ့ သာတွေ့တယ်၊ ဘာမှလည်း ရေရေရာရာ မသိခဲ့ရဘူးရှင့်၊ ကျွန်မ သားလေးဖြစ်ဖြစ်, သမီးလေးဖြစ်ဖြစ် လိုချင်လိုက်တာတော်"



www.burmeseclassic.com

www.burmeseclassic.com



"အိုကွာ . . . အချိန်တန်တော့ ရလိမ့်မယ်ပေါ့ကွာ၊ ရတနာဆိုတာ ထိုက်မှလာတာတဲ့၊ ငါတို့မှာ ထိုက်တန်တဲ့ကံမရှိသေးလို့ ဘယ်လောက်လိုချင်ချင် သားသမီးရတနာ မရသေးတာပေါ့ကွာ၊ ဒါမျိုးက တမင်တကာ ဖန်တီးယူလို့မှ မရတဲ့ကိစ္စပဲကွာ၊ မင်း စိတ်မကောင်းဖြစ်မှန်း ငါ နားလည်ပါတယ်ကွာ"

"တစ်ခုတော့ရှိတယ်ရှင့်"

"ဘာတစ်ခုလဲ . . . ပြောစမ်းပါဦး"

"ရှင်ပြောသလို ကံကြောင့်ဆိုရင်လည်း ကျွန်မတို့ ကံကိုစမ်းသပ်ကြည့်ရအောင်"

"ဟေ . . . မင်းပြောတာ ငါနားမလည်ဘူး မဖြူ"

"အို . . . တော်ကလည်း ဟိုမှာဆိုးကြီးဦးထွန်းလျှမ်း ပြောသွားခဲ့တဲ့စကားလေ၊ ရှင်ကမေ့သွားပေမယ့် ကျွန်မက မမေ့ဘူးရှင့်"

"ဘာကိုလဲကွ . . . ရှင်းရှင်းပြောစမ်းပါကွာ"

"ဟို . . . ဟို . . . နတ်ဝိဉာဉ် ကျောက်ဖြူရှင်မဆီမှ ကျွန် . . . ကျွန်မတို့ ဆုတောင်းရင် ကောင်းမယ်ထင်တယ်"

"ဟာကွာ . . . မင်းကလည်း"

မိဖြူထံကနေ မျှော်လင့်မထားသော စကားကို ကြားလိုက်ရသဖြင့် အောင်တင့် အလျင်စလို ငြင်းဆန်သံလိုလို ထွက်သွားလေသည်။ ဖြူဖြူသည် ယောက်ျားဖြစ်သူထံ ဖျတ်ခနဲလှမ်းကြည့်ပြီး . . .

"အို . . . ဘာလဲ . . . ရှင်က မယုံဘူးပြောပလို့လား"

"ဟာ . . . မင်းကလည်း အဲဒီ နတ်ဝိဉာဉ်ကျောက်ဖြူရှင်မဆိုတာ ဒီလောက်နာမည်ကြီးနေတဲ့ဥစ္စာ၊ အဲဒီနေရာက အခြောက်





အလှူမျိုးလွန်းလို့ ရွာသားတွေတောင် ကွင်းရှောင်နေကြတာ မဟုတ်လားကွာ၊ သူ့ဘာသာသူ အချိန်တန်ရင် နွားပိန်ကန်လာမှာပေါ့ကွာ၊ ငါတော့ အားမပေးချင်ဘူး"

"အို . . . ဘာပဲဖြစ်ဖြစ် ကျွန်မတော့ အပြန်ကျရင် ဝင်ပြီးဆုတောင်းမယ်လို့ ဆုံးဖြတ်ထားပြီးပြီ၊ ကဲပေါ့ရှင်"

အောင်တင့်သည် သူ့မိန်းမအကြောင်း သိသည်။

ဖြူဖြူသည် ဆုံးဖြတ်ပြီးလျှင် ဖျက်ပြယ်ခဲသည်။ အောင်တင့် သက်ပြင်းတစ်ချက် ချလိုက်မိလေသည်။

အတန်ကြာ နားနေပြီးနောက် သူတို့ ထိုနေရာကနေ ဆက်လက်ထွက်လာခဲ့ကြသည်။ နှစ်ယောက်သား လျှောက်လာခဲ့ကြရာ သိပ်မကြာခင် နတ်ဝိဉာဉ် ကျောက်ဖြူရှင်ရှိရာ နေရာသို့ ရောက်ရှိလာကြလေသည်။

ဇရပ်အားတွင် သူတို့ ခဏထိုင်နားနေလိုက်ကြ၏။ ပြီးလျှင် ဖြူဖြူက . . .

"ကဲ . . . သွားကြရအောင် ကိုအောင်တင့် တော်ကြာ ရွာပြန်မိုးချုပ်နေဦးမယ်"

"အေးလေ . . . သွားကြတာပေါ့"

နှစ်ယောက်သား ကျောက်ဖြူရှင်မရုပ်တုရှိရာ စမ်းချောင်းလေးရှိရာသို့ ကွေ့ပတ်လျှောက်လာခဲ့လေသည်။ ထိုနေရာမှာ ကျောက်ချပ် ကျောက်တုံးများသာလျှင်ရှိသဖြင့် မတော်တဆ ခြေချော်မလဲအောင် သတိထားပြီး လျှောက်လှမ်းနေကြရသည်။

စမ်းချောင်းတစ်ခုလုံး လွှမ်းခဲ့သော လေးရက်ခန့်က အလယ်



www.burmeseclassic.com

www.burmeseclassic.com



ဘက်မှာ မိုးရွာသွန်း၍ တောင်ကျရေများ ဒလဟောစီးဆင်းနေခဲ့၏။ တောင်ကျရေအရှိန်ဖြင့် တောင်ကြောများမှာ မျောပါလာခဲ့သော သစ်ပင်များ ဝါးပင်များမှာ ကျောက်ချွန်း ကျောက်စွယ်များဖြင့်ငြိလျက် စမ်းချောင်းထဲ၌ တင်ကျန်ရစ်နေသည်။

သို့သော် စမ်းချောင်းရေကြည်ကြည်ထဲမှာမူ ကျောက်ငါးကြင်း ရောင်စုံလေးများသည် လျင်မြန်စွာ ကူးသန်းနေကြလျက်။ ကျောက်ငါးကြင်းလေးများမြင်တော့ အောင်တင့် ငါးထိုးချင်စိတ်တွေ တဖွားဖွားပေါ်လာလေ၏။

"ကျောက်ငါးကြင်းတွေကွာ၊ သုံးလေးကောင် ဖမ်းသွားရရင် ကောင်းမှာပဲ"

"အို ... ရှင်ကလည်း ဒီမှာဆုတောင်းပါဆိုမှ"

"အဟဲ ... သဘောပြောတာပါကွာ"

နှစ်ယောက်သား စမ်းချောင်းလေး၏အထက် ကုန်းလေးပေါ်သို့ လှမ်းတက်လာမိလေသည်။ ယင်းနေရာတွင် ရှေးအခုန်းကမည်သည့်နေရာမှမသိရှိသော အုတ်တိုက်အဆောက်အအုံပျက်ကြီးများဖြင့် ပကတိလှသွားအရှုယ်ခန့် ကျောက်ဖြူရှင်မဟု လူတိုင်းခေါ်ဆိုကြသည့် ရုပ်တုကြီးတစ်ခုက ရှိလေသည်။

ယင်းရုပ်တုကြီးနံဘေးမှာ ကြီးမားအုပ်ဆိုင်းနေသော ညောင်ဗုဒ္ဓဟောအပင်ကြီးနှင့် နတ်ကွန်းပျက်ကြီးတစ်ခုလည်း တည်ရှိ၏။

ထိုနေရာသို့ အောင်တင့်နှင့် မြမြတို့ ရောက်ရှိလာကြသည်။

"ဟင်"

"ဟာ"





သူတို့ အံ့သြသွားကြရလေသည်။ လွန်ခဲ့သောလေးရက်က ဆက်တိုက်ရွာသွန်းခဲ့သော မိုးကြောင့် တောင်ကျရေများသည် မည်မျှအရှိန်ပြင်းပြင်းဖြင့် ကျရောက်စီးဆင်းခဲ့သည် မသိရှိရပါသော်လည်း ယင်းနေရာရှိ သစ်ပင်ငယ်တချို့လည်း အမြစ်မှကျွတ်လဲလျက်၊ ကျောက်ဖြူရှင်မရုပ်တုကြီးမှာလည်း လဲပြိုကျတော့မယောင် ယိုင်နွဲ့နေလေသည်။

မြမြသည် ယင်းရုပ်တုပျက်ကြီးရှိရာသို့ ဦးတည်တန်းမတ်စွာ လျှောက်သွားလေသည်။ အောင်တင့်လည်း ဇနီးဖြစ်သူ၏နောက်ကနေ ကမန်းကတန်း လိုက်သွားလေသည်။ ရုပ်တုကြီးမှာ ရေညှိနွယ်များ တွယ်ကပ်ပေါက်ရောက်နေပြီး အောက်ခြေသားကွင်းသို့ မှုံဆစ်ခန့်ထိ နစ်မြုပ်နေလေ၏။ အချို့နေရာများတွင် အက်ကွဲကျိုးပဲ့နေပါသော်လည်း မျက်နှာပြင်ကမူ မည်သည့်အက်ကွဲမှုမျှ မရှိပေ။

အောင်တင့် ဒီတစ်ကြိမ်မှ ရုပ်တုကြီးအား အနီးကပ် သေချာစွာ စေ့စေ့စပ်စပ်ကြည့်ရှုလေသည်။

သို့သော် ဘာကြောင့်မှန်းတော့ မသိ။ ရုပ်တုကြီးနား မရောက်ခင် နှစ်လန်ခန့်အကွာတွင် အောင်တင့်တစ်ကိုယ်လုံး ကြက်သီးတွေ ဖြန်းခနဲထသွားမိလေသည်။

"ဟင်"

အောင်တင့်စိတ်ထဲ ထူးဆန်းသွားရသည်။ သူတာဝတစ်သက်တာမှာ ဤတောဤတောင်ထဲ ဝင်ရောက်ဖူးပါသော်လည်း ဤသို့ တစ်ကြိမ်တစ်ခါမှ မဖြစ်ဖူးခဲ့ပါ။

မြမြကမူ ယင်းရုပ်တုကြီး၏ရှေ့တွင် ကျုံ့ကျုံ့ရုံ့ရုံ့လေးထိုင်



www.burmeseclassic.com

www.burmeseclassic.com



ကာ လက်အုပ်လေးချီလျက် ပါးစပ်ကနေ ပွစိပွစိဖြင့် ဆုတောင်းနေပေပြီ။

ရုပ်တုမှာ အလွန်တရာပင် ချောမောလှပလွန်းသော အမျိုးသမီးတစ်ဦး၏ ရုပ်တုပင်ဖြစ်သည်။ ပြေပြစ်သော မဟာနဖူး၊ စိမ်းညို့ထူထဲသော မျက်ခုံးတန်းထူထူအောက်မှ မျက်ဝန်းတွေသည် စူးရှလက်မြနေလျက် အမှန်တကယ် အသက်ဝင်နေသည့်အလား။

ရွှေရင်မို့မို့မှာလည်း သူနေရာဖြင့်သူ ရှိုက်ကြီးဖို့ငယ် အသွယ်သွယ်ဖြင့် တင့်တယ်ပြေပြစ်လွန်းလှ၏။ ဝတ်ဆင်ထားပုံမှာ အောင်တင့်မြင်ဖူးသော ရှေးခေတ်က မိန်းမများ ဝတ်ဆင်ထားသည့် ဝတ်စုံမျိုးပင်။

အောင်တင့် ဤမျှအသက်ဝင်အောင် လှပသော ထိုရုပ်တုအား ဤမျှနက်ခေါင်သော တောကြီးတောင်ကြီးထဲ၌ သက်ရှိလူသားဖြင့် ထင်မှတ်မှားရအောင် ထုဆစ်သော ပန်းပုဆရာကိုလည်း စိတ်ထဲက ချီးကျူးနေမိသည်။

သို့သော် သူလုပ်ထားသည်မှာ မည်သည့်နှစ်ကာလက မည်သူလုပ်ခဲ့သည်ကိုတော့ ဤတောင်ခြေတစ်ဝိုက်ရှိ သက်ကြီးရွယ်ကြီးများပင် မသိကြပါချေ။ သို့ပေမယ့် လက်ဆင့်ကမ်း ပြောကြဆိုကြတာတွေတော့ ရှိသည်။

အောင်တင့်၏ ဖခင်ကြီးကလည်း ပြောဖူးသည်ကို အောင်တင့် မှတ်မိနေလေသည်။

"မင်း တောထဲဝင်တဲ့အခါ အဲဒီနတ်ဗိညာဉ်တောင်ခြေမှာရှိတဲ့ ကျောက်ဖြူရှင်မနေရာကိုတော့ ရှောင်ကွ၊ အဲဒီနေရာတစ်ဝိုက်က နတ်ကြမ်းတယ်လို့ တို့အဖေများလည်း ပြောခဲ့ဖူးတယ်၊ အဲဒီကျောက်





ဖြူရှင်မရုပ်တုဟာ ဘယ်တုန်းကရှိခဲ့မှန်း၊ ဘယ်သူမှမသိကြပေမယ့် အသက်ဝင်နေတယ်လို့တော့ ကြုံဖူးတဲ့လူတွေ ပြောဆိုသံကြားဖူးတယ်၊ ပြီးတော့ သူမကျောနပ်ရင် အိပ်မက်တွေ ဘာတွေလည်း ပေးတတ်လေ့ရှိတယ်"

"အဖေက ကြုံဖူးလို့လားဗျ"

"ငါတော့ မကြုံဖူးပါဘူး။ ဒါပေမဲ့ ရွာထဲမှာ ကြုံဖူးတဲ့လူတော်တော်များများရှိတယ်၊ အဲဒါကြောင့် အဲဒီနေရာ ဘယ်သူမှ တောမလည်ကြတာပေါ့ကွာ၊ ဒါတွေဟာ ဆန်းကြယ်တဲ့အဖြစ်တွေကွ"

ဖခင်ကြီးဖြစ်သူ ပြောစကားကို ကျောက်ဖြူရှင်မ ရုပ်တုအားကြည့်နေရာကနေ အောင်တင့် တွေးနေမိခြင်းဖြစ်သည်။

ဖနီးသည်၏ ပြင်းပြနေသည့် စိတ်အစွဲအလမ်း တစ်ခုကြောင့်သာ သူ ဤနေရာထိ လိုက်ပါလာခဲ့မိခြင်းဖြစ်သည်။

သို့သော် ဘာကြောင့်မှန်းရယ်လို့တော့ မသိပေ။ အောင်တင့်၏စိတ်ထဲမှာ ယင်းရုပ်တုကြီး၏ မျက်ဝန်းတွေကို အမှတ်မထင် ကြည့်မိလိုက်တိုင်း အသည်းထဲ စိမ့်ခနဲအေးသွားသလိုလို ကြက်သီးတွေ တဖြုန်းဖြုန်း တဖျင်းဖျင်း ထနေမိသလိုလို ခံစားနေရှာလေသည်။

ထိုစဉ် ဖနီးသည်မြမြက နေရာမှထရပ်လိုက်၏။

"ကိုအောင်တင့် ရှင် ဘာတွေကြည့်နေတာလဲ"

"ဩော် . . . အေး . . . ဘာရယ်မဟုတ်ပါဘူးကွာ၊ ဒီရုပ်တုက သိပ်လက်ရာမြောက်လွန်းလို့ ကြည့်နေမိတာပါ၊ မင်း ပြီးပြီလား"

"ပြီးသွားပြီတော်၊ ဒါထက် ကျွန်မ ဆုတောင်းနေတုန်း ရှင် ခြေသံတွေ ဘာတွေ မကြားရဘူးလားရှင်"



www.burmeseclassic.com

"ခြေသံ . . . ဘာခြေသံလဲ . . . ဒါ ဘာမှမကြားပါဘူး။ ဒီနား ဘယ်တောကောင်မှလည်း မလာပါဘူးကွ"

"ကဲပါရှင် . . . ဒါဆိုလည်း ပြန်ကြပါစို့"

ဖြူဖြူသည် ပြောရင်း ရှေ့ကနေ ပြန်ထွက်သွားသဖြင့် အောင်တင့်လည်း နောက်ကနေ ခပ်သွက်သွက် လိုက်သွားလေသည်။

ဖြူဖြူသည် ရှေ့ကနေသွားနေရင်းမှ စောစောက သူမရပ်တောင်းနေစဉ် သူမ၏နံဘေးကနေ သစ်ရွက်လေတိုးသံပဲလား။ တိုးညင်းသော ရယ်မောသံပေပဲလား၊ ခြေသံပေပဲလား၊ မကွဲပြားသော အသံတွေ ကြားနေခဲ့ရတာ သေချာသည်။

သို့သော် ဒါကိုတော့ ကိုအောင်တင့်ကိုမပြောပြဘဲ ဖြူဖြူတွေးကာ ခေါင်းနှုတ်ပိတ်နေလိုက်မိလေသည်။

✡ ✡ ✡



## ဆန့်ကျင်ဘက်သောအိမ်မက်

ညသည် အမှောင်တွင်းသို့ တစ်စ နစ်မြုပ်တိုးဝင်လျက်ရှိသည်။

လေတွေက တဟူးဟူး တရားရား ကြမ်းတမ်းစွာ တွေယမ်းတိုက်ခတ်နေလေသည်။ သစ်ပင်ကြီးများ၏ အကိုင်းအခက်များ ဝါးပိုင်းကြီးများပင်လျှင် ကြမ်းတမ်းသော လေပြင်းအရှိန်အောက်မှာ ကွေးညွတ်ယမ်းခါနေကြ၏။

တောတစ်ခုလုံး ဆူညံနေလေသည်။ ယင်းဆူညံနေသော တော၏ လှုပ်ရှားမှုအောက်တွင် အဝေးကနေ တဝေါဝေါ မြည်ဟည်းလာနေသော အသံကြီးကလည်း တောကြီးထဲကနေ ထွက်ပေါ်လာပြန်လေသည်။

www.burmeseclassic.com



'ဝေါ .. ဝေါ ..'

'ဝုန်း .. ဖြောင်း ..'

မိုးသီးမိုးပေါက်များသည် ကောင်းကင်ထက်ကနေ အရှိန်ပြင်းစွာ ကျရောက်လာလေတော့သည်။ မိုးကြီး သည်းထန်စွာ ရွာချလေပြီ။

တောတောက တဝေါဝေါမြင့် ဆူညံမြည်ဟည်းလာသော အသံကြီးမှာ အထက်ဘက်ရှိ တောင်တန်းကြီးများဆီကနေ ရွာနေသောမိုးကြောင့် တောင်ကျချောင်းများ အဆီးအတားမဲ့စွာ အရှိန်ပြင်းပြင်း ကျရောက်လာနေခြင်းဖြစ်သည်။

'ဂျိန်း ... ဒလိမ်း'

အမှောင်ပြင်ကောင်းကင်ထက်မှာ ခါတစ်ရံ လင်းပြက်သွားသော အလင်းစီးကြောင်းများဖြင့်အတူ ကျယ်လောင်သော မိုးကြိုးထစ်ချုန်းသံကြီးကိုပါ ကြားနေရသည်။

'ဝေါ .. ဝေါ'

'ဝုန်း'

တောင်ကျချောင်းများ အရှိန်ပြင့်စီးဆင်းနေသံ တဝေါဝေါ တဝုန်းဝုန်းကပင် တောကြီးတစ်ခုလုံးအား ပျက်စီးပြိုလဲစေတော့မတတ် တုန်လှုပ်ချောက်ချားဖွယ်ရာ ကောင်းလွန်းလှသည်။

တောင်ပေါ်မှနေ၍ သစ်ပင်သစ်တုံးကြီးများ၊ ကျောက်တုံးကျောက်ခွယ်များမှာလည်း ပြင်းထန်သော တောင်ကျရေစီးဖြင့်အတူ တစ်ဟုန်ထိုး စီးဆင်းမျောပါလာကြသည်။

ယင်းတို့ဆဲတွင် တောနေတိရစ္ဆာန်များမှာလည်း မြုပ်ချည်ပေါ်ချည် မျောပါလာကြသလို အချို့ကလည်း သေကျေနေကြလေပြီ။





တောင်ကျရေများသည် တစ်စစ မြင့်မားပြည့်မောက်လာပြီး နတ်မိညာဉ် ကျောက်ဖြူရှင်မ ချောင်းလေးတွင်းသို့ ရောက်ရှိလာလေပြီ ဖြစ်သည်။

'ဖြောင်း .. ဝုန်း'

'ဝရော .. ဝေါ'

ရေစီးအားကိုမခံနိုင်သော သစ်ပင်များမှာ အမြစ်ကနေ ဝေါခနဲ ပြိုလဲကျသွားလျက် ရေစီးနောက် တစ်ဟုန်ထိုးပါသွား၏။

ဖြူဖြူမှာ ယင်းမြင်ကွင်းအား ကျောက်ဖြူရှင်မ,တည်ရှိရာ ကုန်းမြေကျောက်စွန်းလေးထက်ကနေ အံ့ဩထိတ်လန့်စွာ ငေးကြည့်နေမိသည်။

သူမ ဤနေရာသို့ မည်သို့မည်ပုံ ရောက်ရှိနေသလဲဆိုတာ သူမကိုယ်သူမ နားမလည်။ သူမ သတိရလာသောအချိန်သည် ဤနေရာလေးသို့ ရောက်နေသော သူမ၏အဖြစ်အား သူမ မြင်တွေ့နေရခြင်းဖြစ်သည်။

သူမနှင့် မလှမ်းမကမ်းမှာ ကျောက်ဖြူရှင်မရုပ်တုကြီး ရှိလေ၏။

သူမပင် အကြည့်မှားလေသလား ဒါမှမဟုတ် ပြင်းထန်သော လေကြီးမိုးကြီးကျနေသော ညနေခင်း နေဝင်ရီတရောအချိန်မို့ပင် တောတွင်းရှိ မကောင်းဆိုးဝါး နာနာဘာဝများသည် သူမအား ခြောက်လှန့်နေသည်လား ဖြူဖြူ မဝေခွဲတတ်ပါ။

မည်သည့်အတွက်ကြောင့်ဆိုသော် ယင်း ကျောက်ဖြူရှင်မ၏



www.burmeseclassic.com

www.burmeseclassic.com



ရုပ်တုကြီးဝန်းကျင်တစ်ဝိုက်မှာ လူရိပ်သဏ္ဍာန်လိုလို တောတိရစ္ဆာန်တွေ
လိုလို အဖြူရောင် အရိပ်သဏ္ဍာန်ကြီးများသည် လှုပ်ရှားပြေးလွှားနေ
ကြရှုပင် ဖြစ်သည်။

"ဘုရား . . . ဘုရား . . . ဘာကောင်ကြီးတွေလဲ"

မိဖြူ တဖြည်းဖြည်း ကြောက်လန့်တုန်လှုပ်လာမိသည်။

ယင်းအချိန်တွင် တဝေါဝေါဖြင့် ပြင်းထန်စွာတိုက်ခတ်နေ
သည့် လေပြင်း၏ဒဏ်ကြောင့် သူမနှင့် မလှမ်းကမ်းမှာရှိသော
ကျောက်ဖြူရှင်မရုပ်တုကြီးမှာ ရုတ်တရက် လဲပြိုကျသွားလေသည်။

"ဟင်"

'ဘုန်း . . ဖရော'

ယင်းသို့ အရှိန်ပြင်းစွာ လဲပြိုကျသွားသည့် ကျောက်ဖြူရှင်
မ၏ ရုပ်တုကြီးသည် မျက်နှာပြင်ကြီးမှာ တစ်စစီ အက်ကွဲကျိုးပဲ့သွား
လေတော့သည်။

ရုပ်တုကြီး၏ဦးခေါင်းသည် သူမရှိရာဘက်သို့ တလိမ့်ခေါက်
ကွေး လွင့်စဉ်ကျလာ၏။

"အမလေး"

သူမ ထိတ်လန့်တကြား အော်ဟစ်လိုက်မိသည်။

သူမ၏ ခြေရင်းနားထိ လိမ့်လာပြီး ရပ်တန့်သွားလေသည်
ဖြူဖြူ ရုပ်တုကြီး၏ ကြောက်လန့်တကြား ကြည့်လိုက်မိ၏။

ယင်းအချိန် အံ့သြထူးဆန်းစွာပင် ရုပ်တုကြီး၏ဦးခေါင်း
မျက်လုံးနှစ်လုံးကနေ စူးရှသော အလင်းတန်းကြီးနှစ်ခုက သူမထံ
လျှပ်ပြက်သလို ဝင်ရောက်လာလေသည်။ ဖြူဖြူသည် ကြောက်လ





တကြားဖြင့် အလန့်တကြား ဟစ်အော်လိုက်မိတော့၏။

"အား . . . အမလေး"

"ဟင် . . . မိဖြူ . . . မိဖြူ . . . ဘာဖြစ်တာလဲ"

"ဟင် . . . ကို . . . ကိုအောင်တင့်"

ဖြူဖြူသည် နံဘေးကနေ သူမအားပုတ်၍နှိုးနေသော ခင်
ပွန်းသည်ကြောင့် အိပ်ရာမှ လန့်နိုးသွားလေသည်။ သူမ အိပ်မက်
မက်နေခဲ့သည်ပဲလေ။

နံဘေးမှ ခင်ပွန်းသည်ဖြစ်သူ ကိုအောင်တင့်က . . .

"မိဖြူ . . . စုန ဘာဖြစ်တာလဲ၊ မင်း အော်လိုက်တာကွာ
ငါတောင် လန့်သွားတာပဲ"

"ဟို . . . ဟို . . . ကျွန်မ အိပ်မက်မက်နေလို့ရှင့်"

"အိပ်မက် . . . ဟုတ်လား၊ ဘာအိပ်မက်လဲ"

"အိပ်မက်ကလည်း ထူးထူးဆန်းဆန်းရှင်၊ ကျွန် ကျွန်မ
ဟို ကျောက်ဖြူရှင်မ ရုပ်တုကြီးကို ရောက်သွားတယ်၊ မိုးကြီးလေကြီး
ကျနေတာ တောင်ကျရေတွေကလည်း ဒလဟော စီးနေတာရှင့်"

"မင်း စိတ်စွဲနေလို့ မက်တာနေမှာပါကွာ"

အောင်တင့် ပြောသာပြောလိုက်ရတယ်။ ယခုလည်း အပြင်
မှာ မိုးကြီးလေကြီးတို့က သည်းထန်စွာ ရွာသွန်းနေသည်။ ဒီမှာတောင်
ဤမျှ မိုးလေထန်နေလျှင် တောင်ပေါ်မှာ တောင်ကျရေတွေ မည်မျှ
အထင်းကြမ်း အစီးကြမ်းမည်လဲ မသိ။

ဖြူဖြူက အိပ်မက်ဆို၍သာ သူက ပြောလိုက်ရသည်။
အောင်တင့် သူကိုယ်တိုင်လည်း အိပ်မက်တစ်ခုအား စိတ်မစွဲလမ်းပါဘဲ



www.burmeseclassic.com

www.burmeseclassic.com



နှင့် မက်နေခဲ့လေသည်။

"နေပါဦး ... မင်းအိပ်မက်က ဘာမက်တာလဲ မဖြူ"

"ဟို ... ဟို ... တောင်ကျရေတွေ တအားစီးတော့ ဟို ကျောက်ဖြူရှင်မရုပ်တုကြီး တစ်စစီအက်ကွဲပြီး ပြိုကျသွားတယ်ရှင့်၊ အရှင်မရဲ့ ခေါင်းကြီးက ကျွန်မအနားရောက်လာတယ်"

"အဲဒါ ဘာဖြစ်လဲ"

"အို ... ဘာဖြစ်ရမှာလဲရှင်၊ အဲဒီကျောက်ဖြူရှင်မ ရုပ်တုကြီးရဲ့ မျက်ဝန်းတွေထဲက အလင်းရောင်တွေဖြာထွက်လာပြီး ကျွန် ... ကျွန်မကို လာပြီးထိုးဖောက်လို့ ကျွန်မ ကြောက်ပြီး လန့်အော်မိတာရှင့်၊ ထူးဆန်းလိုက်တာရှင်"

"ဟာ ... ထူးဆန်းတာတော့ အမှန်ပဲ မိဖြူ၊ ငါလည်း ဒီည မမက်စဖူး အိပ်မက်တစ်ခုမက်နေတာကွ၊ မင်းအိပ်မက်နဲ့ ငါ့အိပ်မက်က တူလှချည်လား"

"ဟင် ... အဟုတ် ... ရှင့်အိပ်မက်က ဘာအိပ်မက်လဲ"

မြဖြူသည် သူမ၏ယောက်ျားဖြစ်သူ မက်သည်ဆိုသော အိပ်မက်အား သိချင်လှ၍ဖြင့် မေးလိုက်မိလေသည်။ ထိုအခါ အောင်တင့်သည် သူ့အိပ်မက်အား ပြောပြလေသည်။ အောင်တင့်သည် မိဖြူပြောသကဲ့သို့ သူသည်လည်း မမျှော်လင့်ဘဲ ယင်းကျောက်ဖြူရှင်မ ရုပ်တုကြီးရှိရာသို့ ရောက်ရှိသွားလေသည်။

ထိုအခါ ကျောက်ဖြူရှင်မ၏ ရုပ်တုကြီးသည် မိုးသည်းထန်စွာ ရွာပြီး တောင်ကျရေများ ဒလဟောစီးဆင်းနေသောကြောင့် ရုပ်တုကြီးများ ပြိုလဲကျနေပြီး တစ်စစီကျိုးပဲ့နေတာ မြင်တွေ့လိုက်ရသဘည်။





"ဟာ ... ဘယ်လိုဖြစ်တာလဲ"

'ဝေါ .. ဖရော .. ဝေါ'

ပတ်ဝန်းကျင်တစ်ခုလုံးလည်း လေသံမိုးသံ လှိုင်းသံတွေ ဆူညံနေသည်။ အောင်တင့်မှာ စူးစမ်းလိုသောစိတ်ဖြင့် ရုပ်တုကြီးနား တဖြည်းဖြည်း တိုးကပ်သွားလေသည်။

ယင်းအနိုက်မှာပင် သူ့၏နားတွင်းသို့ အသံတချို့က တိုးဝင်သွားလေသည်။

"အဟင်း ဟီးဟီး"

"ဟား ဟား ဟင်း ဟင်း"

အောင်တင့် မိုးထဲရေထဲမှာပင် ကြက်သီးများ တဖြန်းဖြန်း ထသွားမိလေသည်။ သူ ကြားရှိရသောအသံများမှာ လေပြင်းများ တိုက်ခတ်သံလား၊ မိုးသံလေသံတွေပဲလား၊ လူတွေညည်းညူနေသံပဲလား မကွဲပြားလှပါချေ။

ယင်းအချိန်မှာပင် အံ့သြဖွယ်ရာ ထူးဆန်းလှစွာသော ဖြူဖွေးသဏ္ဍာန် အရိပ်ကြီးများသည် ဝန်းကျင်ရှိ သစ်ပင်ကြီးများကနေ တရွေ့ရွေ့ ထိုးထွက်လာသည်ကို သူ မြင်တွေ့လိုက်ရ၏။

"ဟာ"

အရိပ်သဏ္ဍာန်ကြီးများသည် အရွယ်အစား ပုံပန်းသဏ္ဍာန် မတူညီဘဲ သူ့ထံသို့ တရွေ့ရွေ့ တိုးရွေ့လာကြလေသည်။ တစ်စစ နီးကပ်၍လာသောအခါ အောင်တင့် ကြောက်လန့်တကြား အော်ဟစ်မိမလို ဖြစ်သွား၏။

ဖြူဖွေးအရိပ်ကြီးများမှာ ရုပ်ရည်မှာ ကြောက်မက်ဖွယ်ရာအ



www.burmeseclassic.com

www.burmeseclassic.com



ဆင်းကို ဆောင်နေကြလေသည်။ သူတို့ ဝတ်ဆင်လွှမ်းရုံထားသော ခြံထည်ကြီးများမှာ ပါးလွှာသော ပိုးသားဝတ်ရုံကြီးများဖြစ်ပြီး လက်များမှာ အောင်တင့်အား ဖမ်းချုပ်တော့မည့်ဟန် တရွေ့ရွေ့ တိုးကပ်လာကြသည်။

"အဟီး ဟင်း ဟင်း"

"အဟင်း ဟား ဟား"

ရယ်သံကြီးများကလည်း ပို၍ ပီသထင်ရှားလာလေသည်။

စောစောက သူကြားခဲ့ရသော ရယ်သံကြီးများမှာ မိုးသံလေသံများမဟုတ်ဘဲ ယင်းနာနာဘာဝ ဝိညာဉ်ကောင်ကြီးများထံကနေ မသတိမှုယ်ရာ ညည်းတွားသံကြီးများပင် ဖြစ်လေသည်။

ညည်းသံကြီးများမှာ ပို၍ ကျယ်လောင်နီးကပ်လာ၏။

အောင်တင့် ကြောက်လန့်တကြား နောက်သို့ တပြည်းပြည်း ဆုတ်နေမိသည်။ ယင်းအခိုက် ...

'ဒိန်း .. ဂျလိမ်း .. ဂိုန်း'

ကောင်းကင်မှာ တစ်ချွန်းသံကြီးဖြင့်အတူ ဝင်းခနဲ လင်းပြက်သွားပြီး ကျယ်လောင်သော မိုးကြိုးပစ်သံကြီးကို ကြားလိုက်ရလေသည်၊ အောင်တင့် ကြောက်လန့်တကြား နောက်သို့ ချာခနဲလှည့်ကာ လှည့်ပြေးလိုက်မိလေတော့သည်။

"အဟီး ဟင်း ဟင်း"

အောင်တင့် မည်မျှပင် ပြေးနေမိသည်မသိ။ နောက်ဆုံး မောဟိုက်လာ၏။ ပြေးလွှားရင်းပင် အိမ်သို့ရောက်ရှိလာစဉ် အိမ်ထဲ လှမ်းပြေးဝင်လိုက်စဉ် ဖနီးသည်မိဖြူ၏အသံအား' ကြားလိုက်ရခြင်း





ဖြစ်သည်။

"ငါ့အိပ်မက်က အဲဒါပဲကွ"

"ရှင့်အိပ်မက်ကလည်း ထူးဆန်းတယ်၊ ကျွန်မနဲ့ ရှင် တစ်ပြိုင်နက် အဲဒီကျောက်ဖြူရှင်မဆီ အိပ်မက်ထဲရောက်ခဲ့တာ သူနဲ့ ကျွန်မတို့ တစ်နည်းတစ်ဖုံ ပတ်သက်နေလို့ဖြစ်မှာပေါ့ရှင်၊ ကျွန်မဆုတောင်းတာ ပြည့်တော့မလားမသိဘူး"

"မင်းက ဘာဆုတောင်းခဲ့လို့လဲ မိဖြူ"

"အို ... ကျွန်မ သားသမီးအရမ်းလိုချင်တာ ရှင်သိသားပဲ"

"မသိမသိုင်ကွာ ... အိပ်မက်ဆိုတာ စိတ်စွဲရင် မက်တတ်တာပဲ"

အောင်တင့် ထိုမျှသာပြောပြီး တစ်ဖက်သို့ ပြန်လှည့်၍စောင်း၍ အိပ်ပျော်ရန် ကြိုးစားလိုက်သည်။ မြဖြူတော့ အိပ်ပျော်သည် မအိပ်ပျော်သည် မသိပေ။

အပြင်မှာ မိုးသံလေသံတွေက ကြားနေရဆဲပင်။

www.burmeseclassic.com

www.burmeseclassic.com



'အု ပူ ပူ အု'

'အု ပူ'

ရုတ်တရက် ရွာလမ်းမဝပ်ပေါ်ကနေ ဆွဲဆွဲငင်ငင်အူလိုက်သော ခွေးအူသံကြီးကြောင့် ဖြူဖြူ ဆတ်ခနဲ ကိုယ်လေးတုန်သွားရလေသည်။ ညက နက်စပြုနေလေပြီ။ ရွာထဲသို့သွားနေသော အောင်တင့်သည် ယခုထိ ပြန်လည်ရောက်မလာသေး။

ဖြူဖြူသည် ငယ်စဉ်ကတည်းက ခွေးအူသံကြားလျှင် ကြောက်တတ်၏။

သူမ၏မိခင်ဖြစ်သူ ပြောထားတာရှိလေသည်။ ညနေ နေဝင်ရီတရော အချိန်မှစ၍ ခွေးများသည် မမြင်အပ်သော နာနာဘာဝ





အစိဉာဏ မကောင်းဆိုးဝါးများအား မြင်တွေ့ရလေ့ရှိသည်ဟု ဆိုခဲ့ဖူးသည်။ ထို့ကြောင့်လည်း ဖြူဖြူတစ်ယောက် ငယ်စဉ်ကပင် ညဘက် ခွေးအူသံတွေ ဆူညံလာခဲ့ပြီဆိုလျှင် တစ်ညလုံး အိပ်မပျော်တော့ဘဲ ဟိုအရိပ်မြင်လန့် ဒီအရိပ်မြင်ကြောက် ဖြစ်တတ်လေသည်။

ယခုလည်း တစ်ကြိမ်တစ်ခါမျှ မအူဖူးသော ခွေးများသည် ခြိုင်းရှေ့မှာ လာရောက်အူမြည်နေကြသဖြင့် ဖြူဖြူ အမှောင်ထဲသို့ လှစ်ခနဲ လှမ်းကြည့်မိရင်း ကြက်သီးတစ်ချက် စိမ့်ခနဲ ထသွားမိလေသည်။

"ဟင်"

ရုတ်တရက် ဖြူဖြူ၏မျက်ဝန်းထဲမှာ ခြံဘက်ကနေ လှမ်းဝင်လာသည့် အရိပ်သဏ္ဌာန်တစ်ခုအား လှမ်း၍မြင်တွေ့လိုက်ရသည်။ ရွာထဲကနေ ကိုအောင်တင့် ပြန်လာပြီထင်သည်။

တဖြည်းဖြည်း နီးလာသောအခါ အရိပ်သဏ္ဌာန်ရှင်သည် သွယ်နွဲ့ကြော့ရှင်းသော ကိုယ်ဟန်ဖြင့် ကြယ်ရောင်ပျပျအောက်မှာ မြင်တွေ့နေရသော ဆံပင်ရှည်ကြီးများကြောင့် မိန်းကလေးတစ်ဦးမှန်း သိလိုက်ရလေသည်။ ဒီအချိန် ရွာထဲက ဘယ်သူလာလည်တာပါလိမ့်ဟု တွေးမိသည်။

'အု ပူ ပူ'

ခြိုင်းစပ်ကနေ ခွေးတစ်ကောင်သည် ခြံတွင်းသို့ မျက်နှာမူကာ ဆွဲဆွဲငင်ငင် အူနေဆဲပင်။ အရိပ်ဖြူဖြူလေးသည် တရွေ့ရွေ့ လှမ်းလာရာ တဲပေါက်ဝသို့ ရောက်ရှိလာလေသည်။

တဲတွင်းမှမီးရောင်ကြောင့် တဲရှေ့မှာရပ်နေသော အရိပ်



www.burmeseclassic.com

www.burmeseclassic.com



သတ္တွာန် အမျိုးသမီး၏မျက်နှာအား မလင်းတလင်း မြင်တွေ့နေရ၏။

မြမြသည် သူမ၏စိတ်ထဲ၌ ယင်းအမျိုးသမီးအား တွေ့ဖူး မြင်ဖူးနေသည့် ဇဝေဇဝါဖြစ်၍နေလေသည်။

"မြမြ ညီမလေး . . . မမနောက်လိုက်ခဲ့"

"ရှင်"

အမျိုးသမီး၏နှုတ်ကနေ အသံညြဖာပြည့်သော ချိုလွင်သာယာသည့် အသံသည် တည်ငြိမ်စွာ ထွက်ပေါ်လာလေသည်။ မြမြ၏ စိတ်တွင်း၌ ထိုအသံသည် ဆွဲငင်အားတစ်ခုပါသော သံလိုက်စက်ကွင်းတစ်ခုကဲ့သို့ ခံစားလိုက်ရပြီး ဆတ်ခနဲ နေရာမှထပြီး ဖြစ်သွားလေသည်။

ရှင်းသန့်ခန့်ငြားသော အမျိုးသမီးသည် သူမရှေ့ကနေ လှမ်းထွက်သွားသဖြင့် မြမြလည်း နောက်ကနေ ထက်ကြပ်မကွာ လိုက်သွားလေသည်။

အရှေ့က အမျိုးသမီး သွားနေသည်မှာ ရွာပြင်တောစပ်သို့ ဖြစ်သည်။ မြမြလည်း နောက်ကနေ စကားတစ်ခွန်းတစ်ပါဒမျှ မဆိုမိဘဲ လိုက်ပါသွားမိ၏။

မကြာမီ သူမတို့နှစ်ယောက်သည် နတ်ဝိဉာဉ်ကျောက်မြရှင်မ ရုပ်တုရှိရာနေရာလေးဆီသို့ ရောက်ရှိလာလေသည်။ ကျောက်မြရှင်မရုပ်တုမှာ ဟိုတလောက တောင်ကျရေများကြောင့် ပြိုလဲနေလျက် ရှိနေဆဲပင်။

အဓိပ်သတ္တွာန်ရှင် မိန်းမပျိုသည် ကျောက်မြရှင်မရုပ်တုနားတွင် ရပ်လိုက်လေသည်။ ပြီးလျှင် မြမြဘက်သို့ လှည့်ကြည့်လာခဲ့





သည်။

"ဟင်"

သည်အခါတွင်မှ မြမြ ထိန့်လန့်အံ့ဩစွာ အာမေဋိတ်သံလေး ပြုမိသွားသည်။ အဘယ်ကြောင့်ဆိုသော် ယင်းအမျိုးသမီး၏ မျက်နှာမှာ သူမရှေ့တွင် လဲကျနေသော ကျောက်မြရှင်မ၏ရုပ်တုမှ မျက်နှာဖြင့် တစ်ထေရာတည်း ချပ်ချွတ်တူနေ၍ပင် ဖြစ်သတည်း။

သူမ၏ရှေ့တွင်ရပ်နေသော မိန်းကလေးသည် မြမြအား ပြုံးစိုစိုကြည့်လိုက်လေသည်။

"အံ့ဩနေသလားကွယ်၊ တို့နာမည်က မာလာဝတီလို့ခေါ်တယ်၊ တချို့ကလည်း ကျောက်မြရှင်မတဲ့ ခေါ်ကြတာပေါ့လေ၊ မင်း ဒီနေရာလေးမှာ သားသမီးရဖို့ ဆုတောင်းခဲ့တယ်မဟုတ်လား"

"ဟုတ် . . . ဟုတ်ပါတယ်ရှင်"

"တကယ်တော့ မင်းနဲ့ တို့ဟာ သံသရာဘဝတစ်ခုမှာ ညီအစ်မတွေ တော်စပ်ခဲ့ဖူးတယ်၊ ဒီနေရာ ကျောက်မြရှင်မရဲ့ သစ္စာကျိန်စာ ဆိုးသင့်နေတဲ့ နေရာပဲ၊ ကျောက်မြရှင်မ ကိုယ်တိုင်ကလည်း နှစ်ပေါင်းများစွာ ကျိန်စာသင့်နေခဲ့တဲ့ မိန်းမသားတစ်ယောက်ပဲ၊ မင်းဟာ ဒီနေ့ကစပြီး ပဋိသန္ဓေတစ်ခု ယူရလိမ့်မယ်"

"ရှင်"

"ဟုတ်တယ်၊ မင်း ဆုတောင်းတဲ့အတိုင်း ကျောက်မြရှင်မဟာ သူ့ရဲ့ပါရမီပဋ္ဌာန်းဆက်အရ မင်းရဲ့ဝမ်းကြာတိုက်ထဲကနေ လူ့ဘုံလူ့လောကကို လာလိမ့်မယ်၊ မင်း ဘယ်လိုအခက်အခဲပဲ ကြုံတွေ့ပါစေ ကျောက်မြရှင်မကို မွေးပါ"



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် သူမတို့၏ ပတ်ဝန်းကျင်တစ်ခုလုံး မြူနှင်းမြူမှိုင်များ ချက်ချင်းလွှမ်းခြုံသွားသလို အဖြူရောင်အခိုးအငွေ့ကြီးများက ဝေ့ဝဲလွှမ်းခြုံသွားသည်။

အဖြူရောင် အခိုးအငွေ့များကြားထဲမှာ အံ့ဩဖွယ်ရာ အဖြစ်တစ်ခုအား မြူမြူ မြင်တွေ့နေရလေသည်။

ယင်းမှာ သူမ၏ရှေ့တွင်ရှိနေသော ကျောက်ဖြူရှင်မခေါ်တာရာဒေဝီဟူသော မိန်းကလေး၏ ခန္ဓာကိုယ်သည် မူလ လူသားပကာတိအရွယ်ကနေ တဖြည်းဖြည်း သေးငယ်သွားနေခြင်းကြောင့်ပင်တည်း။ မြူမြူသည် အဖြစ်ပျက်ကို ကြောင်ငေးစွာ ကြည့်နေမိသည်။

"အဟင်း ခစ် ခစ်"

နောက်ဆုံး သုံးနှစ်သမီးအရွယ်ခန့်သို့ ရောက်ရှိသွားလေသည်။ ယင်းအချိန်တွင် မိန်းကလေးသည် ရုတ်တရက် နေရာကနေ ပြေးလွှားလာပြီးလျှင် ရပ်နေသော မြူမြူ၏ဝမ်းဗိုက်ထဲသို့ လျှပ်ပြက်သလို ခုန်ဝင်လိုက်လေတော့သည်။

"အမလေး"

မြူမြူသည် ယင်းအဖြစ်ကို ကြောက်လန့်တကြား အော်ဟစ်လိုက်မိလေတော့၏။ သူမ၏ ဝမ်းဗိုက်ထဲသို့ ဖွတ်အတင်းခုန်ဝင်သွားသည့် အခြင်းအရာကြောင့်လည်း သူမသည် ကြောက်ရွံ့ထိတ်လန့်စွာ အတင်းရုန်းကန်နေမိလေတော့သည်။

"မိမြူ ... မိမြူ ..."

"ဟင်"

သူမ မည်မျှထိပင် ယောင်ရမ်းပြီး အတင်းတွန်းထိုး အော်





ဟစ်နေမိသည်မသိ။ နံဘေးမှာ အိပ်ပျော်နေသော အောင်တင့်ပင် လန့်နိုးသွားပြီး သူမအားနှိုးရာမှ မြူမြူသည် လန့်နိုးသွားလေတော့သည်။

"ဟင် ... ကို ... ကိုအောင်တင့်"

"ဟာ ... ဘယ်လိုဖြစ်နေတာလဲ မိမြူရာ၊ မင်း အော်ဟစ်ပြီး တွန်းထိုးနေလိုက်တာ ငါတောင် လန့်နိုးတယ်၊ ဘာဖြစ်ရတာလဲကွ"

"ကျွန် ... ကျွန်မ အိပ်မက်မက်လို့တော့"

"လာပြန်ပြီလား အိပ်မက်"

"အို ... ရှင်ကလည်း၊ အိပ်မက်မက်လို့ အိပ်မက်လို့ပြောတာပဲရှင်၊ ဒီတစ်ခါ အိပ်မက်ထဲမှာ ကျွန် ... ကျွန်မကို ကျောက်ဖြူရှင်မကခေါ်သွားတာ ဒီလိုရှင့်"

မြူမြူသည် အောင်တင့်ခပ်ဖေးဖေးသော့ရေကို တစ်ငုံသောက်လိုက်ပြီး မှန်အိပ်အလင်းပျပျအောက်မှာ ယောက်ျားဖြစ်သူအား အိပ်မက်ကို ပြန်လည်ပြောပြလိုက်မိလေသည်။

သူ ပြောပြသော စကားအဆုံးမှာ အောင်တင့်သည် တစ်ခုခုအား စဉ်းစားတွေးတောသလိုဖြင့် ...

"မင်းအိပ်မက်အရဆို ငါတို့ သားသမီးရတနာများ ရမလားမသိဘူးကွ"

"ဖြစ်နိုင်တာပေါ့ရှင်၊ ကျောက်ဖြူရှင်မကိုယ်တိုင် ပြောတဲ့ဥစ္စာ၊ သူသာ အမှန်တကယ် ဝင်စားမယ်ဆိုရင် မိန်းကလေးဖြစ်မှာတော့"

"အိုကွာ ... ဘာပဲဖြစ်ဖြစ် ဟုတ်ချင်လည်းဟုတ်မယ်၊ မဟုတ်ချင်လည်း၊ မဟုတ်ဘူးပေါ့ကွာ၊ မင်းမှာလည်း အဲဒီနေရာလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါသွားမိတာနဲ့ မက်လိုက်တဲ့အိပ်မက်တွေက မကြာခဏ စိတ်ထဲ သိပ်ပြီး စွဲလမ်းမနေနဲ့ပေါ့ကွာ"

"အို ... ကျုပ်က ဘာမှမစွဲလမ်းပါဘူး။ အိပ်မက်က သူ့အလို လို မက်တဲ့ဥစ္စာ"

အောင်တင့်သည် ပြောနေဆဲမှာပင် တရှူးရှူးနှင့် ပြန်လည် အိပ်ပျော်သွားချေပြီ။ မြမြမှာမူ အိပ်မပျော်သေးဘဲ စောစော က သူမ မက်ခဲ့သော အိပ်မက်သည် အမှန်တကယ်လား။ စိတ်စွဲလမ်း၍ မက်ခြင်းပဲလားဟု တွေးတောနေမိလေသည်။

## [illegible]

အိပ်မက်က တိကျစွာပင် မှန်ကန်နေခဲ့ပါသည်။

အိပ်မက်မက်ပြီးနောက် မြမြသည် မမျှော်လင့်ဘဲ သူမ အိမ်ထောင်သက်တစ်လျှောက် မျှော်လင့်နေခဲ့မိသော သားဦးကိုယ် ဝန်အား လွယ်ဖိုက်လာရလေတော့သည်။

ယင်းကိုယ်ဝန်အား စတင်လွယ်ထားချေပြီဟု သိသောနေ့မှစ ပြီး မြမြသည် အလွန်ပင် ဝမ်းမြောက်ပျော်ရွှင်နေတော့သည်။ အောင် တင့်မှာလည်း မြမြကဲ့သို့ပင် ပျော်ရွှင်နေလျက် ရှာရှိအလုပ်များကို ယခင်ကထက် ပို၍ကြိုးစားလုပ်ကိုင်လေသည်။

"ကိုတင့်"

"ဘာလဲ မြမြ"

**[illegible]**

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မမွေးရင် ဟို အိပ်မက်ထဲကလို မိန်းကလေးများဖြစ်မလား မသိဘူးနော်"

"အိုကွာ ... မိန်းကလေး၊ ယောကျ်ားလေး ဘာခွဲခြားစရာရှိလဲကွာ၊ သားသမီးပဲ ... ဘာလေးမွေးမွေး ချစ်ရမှာပဲပေါ့"

အောင်တင့်ကတော့ ဤသို့ပင် စကားကို တိုပြတ်ပြတ်ပြောလေသည်။

သို့သော် သူမ၏ကိုယ်ဝန် အနည်းငယ် လရင့်လာသောအခါ အောင်တင့်တို့၏စီးပွားရေးအခြေအနေမှာ လုပ်တိုင်းမဖြစ်၊ ကြံတိုင်းမအောင်ဖြစ်၍ စီးပွားရေးကျဆင်းလာလေသည်။

တောင်ယာကလည်း ဒီနှစ်တွင် မအောင်။ နောက်တစ်နှစ်တောင်ယာပဲနှမ်းလုပ်ဖို့ပင် အနိုင်နိုင်။ အောင်တင့်ပင် ရိုးမပေါ်တက်၍ သစ်လိုက်ဝါးလိုက် လုပ်နေရလေသည်။

ရွာထဲမှ ခြံနားနီးချင်းတွေကလည်း အောင်တင့်တို့လင်မယား စီးပွားရေးကျ၍ အလုပ်အကိုင် အဆင်မပြေဖြစ်နေကြသည်ကို အောင်တင့်မိန်းမ မိမြူ၏ဗိုက်ထဲက ကလေးကြောင့်ဟု ဆုံတိုင်းပြောဆိုကြသည်။

"ဟဲ့ မအေးလှ ... မိမြူတို့လင်မယား ဒီနှစ်ဘွေအတွင်း စီးပွားက ကျသွားလိုက်တာနော်"

"အို ... ဒေါ်ခမ်းသီကြီးကလည်း အဲဒါ မိမြူရဲ့ဗိုက်ထဲက ကလေးကြောင့် ... သိလား။ ကောင်းကျိုးမပေးတဲ့ သားသမီးဆိုတာ ပဋိသန္ဓေ စတင်ရှိကတည်းက အလိုလို စီးပွားကျတာပဲ၊ ဘာလုပ်လုပ် မဆင်မပြေတတ်ဘူး"





"အေးဟဲ့ ... အဲဒါတော့ ငါလည်းကြားပါတယ်၊ ရွာထဲမှာ တောင် ပြောနေကြတယ် ... သူတို့လင်မယား သားသမီးလိုချင်လွန်းလို့ ဒီကိုယ်ဝန်ကို နတ်ဝိညာဉ်တောင်မှာ သွားဆုတောင်းတာတဲ့"

ဒေါ်ခမ်းသီက ရွာထဲမှာ သူကြားရတာကို ပြောသည်။

မအေးလှသည် အောင်တင့်တို့၏ ခြံဝိုင်းဘက်သို့ တစ်ချက်လှမ်းကြည့်ပြီး ...

"ဟုတ်တယ် ဒေါ်ကြီးခမ်းသီရဲ့၊ စဉ်းစားကြည့်လေ ... နတ်ဝိညာဉ်စမ်းချောင်းမှာ ဟိုကျောက်မြူရှင်မရုပ်တုကြီး ရှိတဲ့ဥစ္စာ၊ ပြီးတော့ အဲဒီနေရာက ရှေးတုန်းကတည်းက ဝိညာဉ်တွေပျော်မွေ့တဲ့နေရာလို့ သတ်မှတ်ထားကြတာ၊ မိမြူက အဲဒီမှာ သားသမီးရဖို့ သွားဆုတောင်းတယ်ဆိုတော့ စဉ်းစားကြည့်လေ၊ သူ့ဗိုက်ထဲက ကလေးဟာ မကောင်းဆိုးရွားလေးပဲဖြစ်မှာပေါ့၊ ဒါကြောင့် သူတို့နိုက်နေတာရှင့်"

"အေးဟဲ့ ... ဖြစ်နိုင်တယ်"

"အို ... ဘယ့်နှယ့် ဖြစ်နိုင်တယ်ရမှာလဲ၊ ဖြစ်လို့ပဲ ဒီကလေးကို ကိုယ်ဝန်စပြီးလွယ်ကတည်းက သူတို့ စီးပွားပျက်တော့တာပေါ့၊ သူတော်ကောင်းဆိုရင် ဒီလိုဖြစ်မလား ဒေါ်ခမ်းသီရဲ့"

ဒေါ်ခမ်းသီ ခေါင်းတညိတ်ညိတ်ဖြင့် တွေးနေမိသည်။ မိမြူတို့လင်မယားသည် ယခုကလေး ကိုယ်ဝန်ရှိသည်နှင့် နိုက်သည်ဟုပဲ ဆိုဆို၊ မိဘကို အကျိုးမပေးဘူးဟုပဲပြောပြော စီးပွားရေးက သိသာစွာ ကျဆင်းလာသည်။

ဒါကို ရွာထဲမှာ ထင်ကြေးတွေ အမျိုးမျိုးပေးနေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိဖြူကိုရော အောင်တင့်ကိုရော ရင်းနှီးခင်မင်သော ခြံနီးနား ချင်းများက စကားဆုံလျှင် ပြောကြ၏၊ သတိပေးကြ၏။

"ဟဲ့ မိဖြူ"

"ရှင် ... ဘာလဲ ဒေါ်တုတ်"

"ညည်းဗိုက်ထဲက ကလေးက ရိုးမှရိုးရဲ့လားဟင်"

"ရှင် ... ဘာ ... ဘာဖြစ်လို့လဲ ဒေါ်တုတ်"

ခြံနားနီးချင်းဒေါ်တုတ်က သူမ၏ ရှုံ့နေသောဗိုက်ကိုကြည့် ကာ မဲ့ကာရွဲ့ကာပြောလိုက်၍ မိဖြူ ပြန်လည်မေးမိလိုက်သည်။

"ဟဲ့ ... ဘာဖြစ်ရမှာလဲ ... ဒီကလေး ကိုယ်ဝန်စပြီး ရှိ ကတည်းက ညည်းတို့အိမ်ကနွားနှစ်ကောင် ပိုးထိပြီးသေတယ်၊ နောက်ပြီး တောင်ယာကလည်း ဒီနှစ် သီးနှံတွေ ညည်းတို့ယာတစ် ခုတည်း ကွက်ပြီး ပိုးကျပျက်စီးတယ်၊ စဉ်းစားကြည့်ပေါ့အေ ... မမွေးခင်ကတည်းက နိမိတ်နေပြီ"

"အို ... ဒေါ်တုတ်ကလည်း နွားဆိုတာ တောထဲလွှတ်ထား ရင် ပိုးကောင်ကိုက်နိုင်တာပဲလေ၊ ဦးကြီးသာမြနွားလည်း သေတဲ့ဥစ္စာ ပြီးတော့ ယာပျက်တယ်ဆိုတာကလည်း ကျွန်မယာတစ်ခုတည်း မဟုတ်ပါဘူး၊ မိုးတာတို့, မခင်မြင့်တို့ယာလည်း ပျက်စီးတာပဲ၊ ဒါ ယာသမားတွေအတွက် ဘာဆန်းလို့လဲ၊ ကျွန်မတို့ ကံမကောင်းလို့နေ မှာပေါ့"

"အိုအေ ...ညည်းတို့စီးပွားကျတာ ကံနဲ့မဆိုင်ပါဘူး နိမိတ်တဲ့ကလေးဟာ နိမိတ်ကိုနိမိတ်တယ်အေ့၊ ကျုပ်က စေတနာနဲ့ သတိ ပေးတာပါ၊ ရွာထဲက နတ်ဝင်သည်ဒေါ်ခမ်းရွှေကိုလည်း မေးကြည့်ရင်





မေးကြည့်ဦး"

"မသိမသိုင်တာ ဒေါ်ကြီးတုတ်ရယ်"

သို့သော် မကြာခဏ ခြံနားနီးချင်းတွေကရော ရွာထဲက ရင်းနှီးသူများကပါ မကြာခဏ စေတနာလိုလို သဗ္ဗါလိုလို ပြောဆိုလာ ကြ၍ နောက်ဆုံး မိဖြူသည် စိတ်တွေယိုင်ကာ ရွာစွန်ရှိ နတ်ဝင်သည် ဒေါ်ခမ်းရွှေထံသို့ ရောက်ရှိသွားလေတော့သည်။

ဒေါ်ခမ်းရွှေသည် မိဖြူ တင်မြှောက်ပသသော ငွေကြေးဖြင့် တင်မြှောက်ပြီး ဆိုင်ရာပိုင်ရာများ ပူးကပ်ကာ ...

"အေး ... ဟုတ်တယ်၊ ညည်းရဲ့ဗိုက်ထဲမှာရှိနေတဲ့ ကလေး ဟာ ညည်းတို့ကို ကောင်းကျိုးပေးမယ့်ကလေး မဟုတ်ဘူး၊ သူက စိတ်ခက်ထန်တယ်၊ မာကျောတယ်၊ အမှန်ပြောရရင် ကျိန်စာသင့်နေတဲ့ သူပဲ၊ သူမှာသင့်နေတဲ့ ကျိန်စာရဲ့အရိပ်ကို ညည်းတို့မိသားစုကပါ လိုက်ပြီးခံနေရတာ၊ သူကြောင့် ညည်းတို့ ခုလို ဒုက္ခကြုံတွေ့နေရတာ ထက် ပိုပြီးတော့ စိတ်ဆင်းရဲ,ကိုယ်ဆင်းရဲအဖြစ်တွေ ပေါ်ပေါက် လိမ့်မယ်၊ သူဟာ ညည်းတို့ကို ကောင်းကျိုးပေးမယ့်ကလေး မဟုတ် ဘူး"

နတ်ဝင်သည်က ပြောချင်တာပြောသော်လည်း မိဖြူကလည်း မယုံကြည်ပါ။

သို့သော် ယင်းနတ်ဝင်သည် ဒေါ်ခမ်းရွှေကာတစ်ဆင့် ရွာထဲသို့ သတင်းက ပျံ့နှံ့သွားလေသည်။

တစ်နေ့ ကိုအောင်တင့်သည် သစ်ခုတ်ရန်အတွက် တောထဲ သို့ မိုးကာဓါးလှည်းကြီးဖြင့် လိုက်သွားလေသည်၊ ယခုရက်ပိုင်း အောင်



www.burmeseclassic.com

www.burmeseclassic.com



တင့်တို့ စားသောက်ရေး အတော်ခက်ခဲနေ၍ နေ့စဉ် တောတက်နေရလေသည်။ မိဖြူမှာပင် ဗိုက်ကြီးတကားကားဖြင့် အကြော်ရောင်းနေရရှာသည်။

သို့သော် နေ့လယ်ခင်းပိုင်းတွင် ဖိုးကာ၏လှည်းသည် ထင်းဝါးမပါဘဲ ရွာတွင်းသို့ အတင်းဒုန်းစိုင်းမောင်းဝင်လာလေသည်။

ရွာတွင်းရှိ ရွာသားအချို့က ...

"ဟော့ ဖိုးကာ ... မင်းတောတက်သွားတာက သစ်လည်းမပါပါလားဟေ့"

"မပါဆို အောင်တင့် ပိုးကောင်ထိလို့"

"ဟော ... ဟုတ်လား။ ဟာ ... ဒုက္ခပဲပေါ့"

အောင်တင့် နို့မပေါ်မှာ ပိုးကောင်ထိ၍ ရွာသို့ အလျင်အမြန်လှည်းဖြင့် ပြန်ခေါ်လာရသည်ဆိုသော သတင်းသည် ချက်ချင်းရွာတောင်ဖျားကနေ မြောက်ဖျားထိ ပျံ့လွင့်သွားလေတော့သည်။

"အောင်တင့် ပိုးထိလို့တဲ့"

"ဟုတ်ပ ... ညိုမည်းနေတယ်လို့ပြောတယ်"

မိဖြူမှာ သတင်းကြားကြားချင်း လှည်းကို အိမ်အရောက်ပင် မစောင့်ဆိုင်းနိုင်တော့ဘဲ ဗိုက်ကြီးတကားကားနှင့် ပြေးလေသည်။

ဖိုးကာ၏လှည်းဖြင့် သူကြီးအိမ်မှာဆုံတော့ အောင်တင့်၏ အသက်မဲ့ရုပ်ခန္ဓာက ညိုမည်းတောင့်တင်းနေပေပြီ။

"အမယ်လေး ကိုတင့်ရယ် ... အဖြစ်ဆိုးလှချည်လား"

"သစ်ခုတ်တာ သူနဲ့ ငါက တစ်နေရာစီ ခုတ်ကြတာ၊ ငါခုတ်ပြီးတော့ သူ့ကို အသံပြုတာ မကြားရလို့သွားကြည့်တာ ခုလိုအခြေ





အနေမျိုး တွေ့ရတာပဲ၊ ခေါ်လို့လည်းမရဘူး။ ဒါကြောင့် ရွာကို အမြန်ပြေးလာတာ"

"ကြည့်ရတာ တောကြီးမြွေဟောက်နဲ့ တွေ့သွားပုံပဲ"

"အေးလေ ... ရိုးမထဲမှာ ဂရုအစိုက်ရဆုံးက ဒီကောင်ပဲ၊ အောင်တင့် ကံဆိုးလိုက်တာကွာ၊ မိဖြူကလည်း ကိုယ်လေးလက်ဝန်ကြီးနဲ့"

"ကိုတင့်ရယ် ... ကျွန်မကို ဒုက္ခတွေနဲ့ ထားခဲ့ပြီလား"

မိဖြူ အော်ဟစ်ငိုယိုနေပါသော်လည်း အောင်တင့်သည် မကြားနိုင်တော့ပါ။

ရွာသူရွာသား ခြံနားနီးချင်းတွေကလည်း မိဖြူအား သနားကြင်နာ ကရုဏာသက်ရုံကလွဲလို့ မည်သို့မျှ မတတ်နိုင်ရှာပါ။

"မိဖြူဗိုက်ထဲကကလေးက နိုက်ကိုနိုက်တယ်တဲ့"

"ဟုတ်ပ မထွေးရယ်၊ ဒီကလေး ကိုယ်ဝန်စလွယ်ထဲက မိဖြူတို့မှာ စီးပွားလည်းလျော့ကျ၊ ခုတောင် ရွာထဲလှည့်ပြီး အကြော်ရောင်းနေရပြီလေ၊ ခု အောင်တင့် သေပြန်ပြီ"

"အေးဟယ် ... မိဖြူ သနားပါတယ်၊ ခု အောင်တင့်သေသွားပြီဆိုတော့ ပိုပြီးဒုက္ခရောက်တာပေါ့၊ ကလေးက လူ့လောကထဲ မရောက်သေးခင် မွေလိုက်တဲ့ဖြို့ဟ်၊ ကောင်းကျိုးကိုမပေးဘူး"

"အို ... အဲဒါ သူတို့လင်မယားမှားတာပဲအေ့၊ သားသမီးရဖို့ ဟိုး ... နတ်ဝိညာဉ်တောင်ခြေက ကျောက်ဖြူရှင်မဆီမှာ သွားတောင်းတာတဲ့တော်၊ အဲဒီနေရာတွေမှာ နာနာဘာဝတွေတွေက ပေါမှပေါ"



www.burmeseclassic.com

www.burmeseclassic.com



''ဒါဆို ကလေးက မကောင်းဆိုးဝါးလေး ဝင်စားတာနေမှာ ပေါ့''

''ဟဲ့ ... ရှူးရှူး ... အဲဒီလိုမပြောနဲ့ မိဖြူက သတ်သတ်ထိ မခံရယ်''

ကြာကန်တစ်ရွာလုံးသည် အောင်တင့် တောထဲမှာ မိုးထိခံရ ခြင်းသည် ပေါ့ဆ၍မဟုတ်ဘဲ မိဖြူဗိုက်ထဲရှိ မမွေးဖွားသေးသော ကလေးငယ်၏ မကောင်းမှုအရိပ်သည် လိုက်ပါ၍ နိုက်ခြင်းဖြစ်သည်ဟု ဝေဖန်စကားဆိုကြလေသည်။

အောင်တင့်အသုဘချပြီးနောက် မိဖြူသည် ကိုယ်ဝန်အရင့် အမာကြီးဖြင့်ပင် ရွာထဲ၌ အကြော်သည်အဖြစ် ပင်ပန်းဆင်းရဲကြီးစွာ ရှာဖွေလုပ်ကိုင်စားသောက်ရလေသည်။

တစ်ခါတစ်ရံလည်း မိဖြူသည် ရွာထဲက သူမ၏ မမွေးသေး သော ရင်သွေးငယ်အား ဝေဖန်ပြောဆိုသည့်အတိုင်း မှန်ကန်လေ သလားဟု ယောင်ရမ်းပြီးတွေးမိ၏။

''အင်း ... သူတို့ပြောသလို ငါ့ဗိုက်ထဲကသမီးလေးဟာ တကယ်ပဲ ငြိုပ်ဆိုးတွေ တစ်မွေ့တစ်ပိုက်နဲ့ နိုက်တတ်တဲ့သူများလား။ အို ... မဖြစ်နိုင်ပါဘူး။ လူတွေက သူတို့ထင်ရာ သူတို့မှန်းဆပြီး ပြောနေတာ၊ ဗိုက်ထဲက ဒီကလေးက ဘာလုပ်နိုင်မှာမှတ်လို့၊ ငါတို့ စီးပွားပျက်တာ, ကိုတင့်မိုးထိလို့သေရတာတွေဟာ သူ့ကံနဲ့သူပဲ၊ ဗိုက် ထဲက ကလေးနဲ့ ဘာဆိုင်လို့လဲ၊ လူတွေရဲ့အယူသီးမှုဟာ မမွေးသေးတဲ့ ကလေးတောင် မလွတ်ဘူး၊ ငါ မိခင်ပဲ၊ သားသမီးက ခြေပြတ် လက်ပြတ် မကောင်းတာမွေးလည်း ချစ်ရမှာပဲ၊ သူတို့ပြောတိုင်း လိုက်





လုပ်နေဖို့မလိုဘူး''

ယင်းသို့ဖြင့် မိဖြူ၏ကိုယ်ဝန်မှာ တဖြည်းဖြည်း မွေးဖွားရန် အချိန်နီးကပ်လာလေသည်။

သို့သော် မွေးဖွားခါနီးတွင် မိဖြူသည် ရွာနှင့် ရန်သူသဖွယ် ဖြစ်ရလေတော့၏။ ရွာသူရွာသားအချို့၏ အယူသီး အစွဲအလမ်းကြီး မှုမှစသော ပြဿနာပင်ဖြစ်လေသည်။

တစ်နေ့တွင် သူကြီးက မိဖြူအားခေါ်ကာ ပြောသည်။

''ဟဲ့ မိဖြူ ... နင့်ဗိုက်က မွေးဖွားတော့မှာ မဟုတ်လား''

''ဟုတ် ... ဟုတ်ပါတယ် သူကြီး''

''အေး ... အဲဒီကလေးကို ငါတို့ရွာထဲမှာ မွေးခွင့်မပြုနိုင် ဘူး။ နင့်ကလေးက ငါတို့သိရသလောက် နတ်ဗိုညာဉ်တောင်ခြေက ကျောက်ဖြူရှင်မဆီမှာ သွားရှာပန်ထားတာဆို၊ ပြီးတော့ ရွာထဲကဗေဒ နတ်ဝင်သည်ကဗေဒ ပြောနေတယ် ... ငြိုပ်မွေ့တဲ့ နိုက်တဲ့ကလေးကို ရွာထဲမှာ မမွေးကောင်းဘူးတဲ့''

''အို ... အဓိပ္ပာယ်မရှိတာရှင်''

''အဲဒါတွေ ငါမသိဘူး။ ငါက ရွာသားအများနဲ့ယှဉ်လာရင် အများဘက်က ရပ်တည်ရမှာပဲ၊ ဒီတော့ နင့်ကလေးကို ရွာပြင်က ဝမ်းဆွဲသည်ဒေါ်နန်းဆီမှာပဲမွေးပါ ... ဒါ ရွာသားအများစုဆန္ဒပဲ''

''အို ... ရက်စက်လိုက်တာရှင်''

မိဖြူမှာ မျက်ရည်စက်လက်ဖြင့် အိမ်သို့ပြန်လာခဲ့ရသည်။ ရွာသူရွာသားတွေအပေါ်လည်း သူမသည် ရွံလည်းရွံ မုန်းလည်းမုန်း သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သည့်နောက် သူမသည် ရွာပြင်ကွင်းစပ်မှာ တစ်ဦးတည်းနေသော ဒေါ်နန်းဇော်တဲသို့ မီးဖွားရန် ရွှေ့ပြောင်းလာခဲ့တော့သည်။

မကြာမီ မြူမြူသည် တစ်ညှ့် သူ့ဇော်ဝမ်းကြာတိုက်ထဲမှ ကလေးငယ်အား ပင်ပန်းကြီးစွာ မွေးဖွားခဲ့ရလေတော့သည်။ သူမ နံဘေးမှာ မည်သူမျှမရှိပေ။

"အူဝဲ အူဝဲ"

"ဟယ် … မိမြူ ရော့ … မိန်းကလေးတော့ ချစ်စရာကြီး"

မြူမြူသည် သမီးမိန်းကလေးအား မွေးဖွား၍ လူ့လောကသို့ ရောက်ရောက်ချင်းပင် ထူးဆန်းတိုက်ဆိုင်လွန်းသော အဖြစ်အပျက်သည် ညဦးသန်းခေါင်ယံအချိန်၌ ဖြစ်ပျက်ပေါ်ပေါက်ခဲ့လေသည်။

"မီးဟေ့ … မီး … မီး"

"ဟာ … မြူမြူတို့အိမ် မီးလောင်နေတယ်ဟေ့"

'ဒေါင် ဒေါင် တောက် တောက်'

ရုတ်တရက် မြူမြူတို့အိမ်ကနေ စတင်လောင်ကျွမ်းလိုက်သောမီးကြောင့် ကြာကန်တစ်ရွာလုံး လူတွေ ရုတ်ရုတ်သဲသဲ ပြေးလွှားသွားကြတော့သည်။

ညဦးနက်သန်းခေါင် လူအများအိပ်နေချိန်လည်း ဖြစ်ပြန်၊ နိုးမထက်ကနေ တိုက်ခတ်လာသည့် တောင်လေကလည်း အလာဖြင့် မီးအရှိန်မှာ တစ်စထက်တစ်စ ကြီးမားလာပြီး မည်သူမျှ မငြိမ်းသတ်နိုင်တော့ချေ။

ခဏချင်းမှာပင် ရွာထက်ဝက်နီးပါးမျှ ပြာပုံအတိတာဝ ရောက်ရှိသွားရလေပြီ။ တစ်ရွာလုံးဆူညံနေသော အော်သံဟစ်သံများဖြင့်





အုံးမောင်းများ တတုံတုံခေါက်သံများကြောင့် မီးနေခန်းထဲမှ မြူမြူသည် လေသံတိုးသဲ့စွာဖြင့် …

"ဒေါ် … ဒေါ်နန်း ဘာ ဘာဖြစ်နေတာလဲ၊ ရွာထဲကအသံတွေ မဟုတ်လား"

"အို … ဘာမှမဟုတ်ပါဘူး မြူမြူရယ်"

ဒေါ်နန်းမှာ ပြောမယုံသာပြောရသည်။ သူမကိုယ်တိုင်လည်း တုန်လှုပ်ချောက်ချားနေရသည် မဟုတ်ပါလား။ မီးမှာလည်း လေကသူမတို့တဲဘက်သို့ တိုက်နေသည့်အပြင် မီးရှိန်ကလည်း ပြင်းသည်။

ဝါးပိုးဝါးများ ပေါက်ကွဲသံကလည်း တဝုန်းဝုန်း တဖြောင်းဖြောင်း။

ယင်းသို့ ရွာတွင်းမှ လောင်ကျွမ်းနေသော မီးရောင်တွေကို ခေါင်းရင်းထရံပေါက်ကြားကနေ မြူမြူသည် အမှတ်မထင် တွေ့မြင်သွားပြီး …

"ဟင် … မီး … မီးတွေ ရွာထဲမှာ မီးလောင်နေတယ်"

"ဟင် … မြူမြူ"

"အမယ်လေး … မီးတွေ ဒီ … ဒီကိုကူးတော့မယ်၊ သမီးလေး သမီး … အဟီး … ငါ့သမီးကိုမပေးဘူး … ဟီး ဟီး"

"မိမြူ သတိထားလေ … သတိထား"

ဒေါ်နန်းလည်း နံဘေးကနေ တုန်လှုပ်ချောက်ချားနေပါသော်လည်း မြူမြူမှာ ရွာတွင်းရှိ အော်သံဟစ်သံများ မီးလောင်သံများ ရှုပ်ယှက်ကြားနေရသဖြင့် သွေးနုသားနုအချိန်မို့ သွေးလန့်သွားရှာလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဟီးဟီး ... ငါ့သမီးလေးကို မပေးဘူး ...မပေးဘူး"

"မြစ်မှုဖြစ်ရလေ ဖြူဖြူရယ်"

ဖြူဖြူ၏မျက်ဝန်းတွေသည် ကျီးကြည့်ကြောင်ကြည့်ဖြင့် ဝိုင်းစက်လည်နေလေပြီ။

အရှင်းဆုံးပြောရပါလျှင် ...

ဖြူဖြူ သွေးလန့်ကာ စိတ်ဖောက်ပြန်ရူးသွပ်သွားခဲ့ပါလေပြီတည်း။

## [illegible]

ဖြူဖြူမှာ မီးတွင်း၌ သွေးလန့်ပြီး စိတ်ဖောက်ပြန် ရူးနှမ်းသွားသဖြင့် ဝမ်းနည်းစွဲသည် ဒေါ်နန်းကပင် ကြည့်ရှုပြီး စောင့်ရှောက်ထားရလေသည်။ ဖြူဖြူ၏ အမျိုးအဆွေအချို့နှင့် အောင်တင့်၏အမျိုးများ ရွာထဲ၌ရှိကြပါသော်လည်း အောင်တင့်သေဆုံးစဉ်ကပင် ဖြူဖြူ၏မိုက်ထဲက ကလေးကြောင့်ဟု အယူရွဲလျက် အခေါ်အပြောမလုပ်ကြတော့ပေ။

ယခု ထိုကလေးမွေးလျှင်မွေးချင်း တိုက်ဆိုင်လွန်းလှစွာ ရွာတွင် မီးလောင်ကာ ရွာတစ်ရလုံး ပြာပုံအထိရောက်သွားသဖြင့် ဖြူဖြူတို့သားအမိအား ရွာတွင်းသို့ အဝင်မခံတော့ခြင်းဖြစ်၏။ ဖြူဖြူမှာမူ စိတ်ဖောက်ပြန်နေသဖြင့် ဘာဆိုဘာမျှမသိချေ။

[illegible]

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နန်းသည် ယခင်ကလည်း မြူမြူအပေါ် သားသမီးနှယ် ချစ်ခင်နေသူမို့ သူမပင် မရှိရှိတာ ရှာဖွေစောင့်ရှောက်ရလေတော့သည်။

ကလေးငယ်အားလည်း ဒေါ်နန်းပင် ချိုချိုထိန်းကျောင်းရလေ၏။

"ဝါး အီးအီး"

"အေးအေ့ သမီးလေးရယ် တိတ်ပါဆို ဖားကောက်လို့ပေး"

ဒေါ်နန်းနှင့် ကလေးငယ်အား ကြည့်ရှုမရသော ဘေးခြံနီးချင်းများက ...

"ဒေါ်နန်းကလည်းရှင် ကိုယ့်သွေးကိုယ့်သားလည်း မဟုတ်ဘဲ ဒီလောက် အပင်ပန်းခံနေတာ အံ့တယ်၊ ဒီကောင်မလေးက စုန်းကဝေမလေး ဖြူဟ်ဆိုးမလေးပဲ၊ သူမွေးတာနဲ့ ရွာမီးလောင်တာပဲ ပစ်ထားလိုက်စမ်းပါရှင်"

"အလိုတော် မဟုတ်ရယ် ... ရှင် ဘယ်လိုပြောလိုက်တာလဲ ဒီကလေးက ကျွန်မနဲ့ ပဋ္ဌာန်းဆက်ပါလို့ ကျွန်မ ထိန်းကျောင်းနေရတာပေါ့၊ ရွာမီးလောင်တာကလည်း တိုက်ဆိုင်မှုပါရှင်၊ အစွဲမကြီးစမ်းပါနဲ့"

"အို ... ကျုပ်က အစွဲကြီးတာ မဟုတ်ပါဘူး ဒေါ်နန်းရဲ့၊ ဒီကောင်မလေးက ဘယ်လောက်ဖြူဟ်ဆိုးဝင်ပြီး နိုက်တတ်လဲလို့ ပြောနေတာ၊ သူ မမွေးခင်ကတည်းက ပြဿနာတွေ ခုထိ ကြည့်ပါလား ... မအေလည်း ရူးနေပြီ"

"အို ... ဒါက တိုက်ဆိုင်မှုတွေပါရှင်၊ ကျွန်မကတော့ ချစ်ကို ချစ်တယ်၊ ရွာမှာဖြစ်နေတာ ဒီကလေးနဲ့မဆိုင်ဘူး"





ဒေါ်နန်းပင်လျှင် ကြာတော့ ရွာသားများ၏စိတ်ဓာတ်ကို အံ့သြလာမိလေသည်။ ပြဿနာတစ်ခုအား ကြောင်းကျိုးဆီလျော်အောင် မတွေးခေါ်ဘဲ ပြောချင်ရာပြောတတ်သော လူတွေ၏ စိတ်မနောကိုလည်း အံ့သြပြီးရင်း အံ့သြရသည်။

အမှန်ဆို ရွာမီးလောင်တာနှင့် ဒီကလေးဖြင့် မည်သို့မျှမသက်ဆိုင်။

မီးလောင်ခြင်းသည် မြူမြူ၏အိမ်နံဘေးမှ မဒွေးတုတ်၏အိမ်မီးကြွင်းမီးကျန်ကနေ စတင်လောင်ကျွမ်းမှန်းလည်း စုံစမ်းသိနေကြပြီးပြီ။

ယင်းသို့ဖြင့်ပင် မြူမြူ၏သမီးလေး မတာရာမှာ တဖြည်းဖြည်း ကြီးပြင်းလာပြီး ဆော့ကစားတတ်သည့်အရွယ်သို့ ရောက်ရှိလာခဲ့လေသည်။

သို့ရာတွင် မတာရာလေးမှာ သူမ၏မိခင် အရူးမမြူမြူနှင့် ဒေါ်နန်းကိုသာ သိမြင်မှုရှာသည်။ တစ်နေကုန် တစ်နေခန်း ဒေါ်နန်း၏ခြံ ဝါးရုံပင်ရိပ်မှာပင် တစ်ဦးတည်း ဆော့ကစားနေရှာလေသည်။

ယုတ်စွအဆုံး အိမ်နီးသားချင်းများက ရွယ်တူအပေါင်းများဖြင့်ပင် ကစားရ မခေါ်မပြောရပေ။ ရွာတွင်းသို့ ရောက်မှုဖို့ဆိုသည်ကား ဝေလာဝေး။ ဒေါ်နန်းကလည်း ရွာတွင်းသို့ခြေမကျူးရန် တစ်ချက်လွှတ် အမိန့်ထုတ်ထားသည်။

"တာရာ သမီးလေး"

"ရှင် ဘွားနန်း"

"ရွာထဲမှာ သွားမဆော့နဲ့နော်၊ ခြံထဲမှာပဲဆော့ ... ဟုတ်ပြီ



www.burmeseclassic.com

www.burmeseclassic.com



လား"

ဒေါ်နန်းက ရွာထဲသွားမဆော့နှင့် ပြောသော်လည်း မတာရာလေးမှာ သိတတ်နားလည်စပြုနေပြီဖြစ်၍ မေးမိသည်။

"ဘွားဘွားနန်း သမီးကို ဆောဒိပ်က မထွေးတို့ ခင်မြတို့ကလည်း မခေါ်ဘူး။ ပြီးတော့ ရွာထဲလည်း သွားမဆော့ရဘူး။ အဲဒါဘာကြောင့်လဲဟင်"

"အို ... သူတို့မခေါ်လည်း မခေါ်နဲ့အေ၊ အသားပုံသွားတာမှတ်လို့"

"ရွာက သမီးကိုမုန်းနေတာတဲ့ ခင်မြပြောတယ်"

"မုန်းမုန်း၊ မမုန်းမုန်း ဘာဂရုစိုက်နေစရာရှိလဲ၊ ကိုယ့်ထမင်းကိုယ်ရှာစားနေတာ၊ ဘယ်သူမှ လာကျွေးတာမဟုတ်ဘူး"

နောက်ဆုံး မတာရာလေးမှာ ဒေါ်နန်းအား မျက်လုံးလေးပြူးကြောင်ပိုင်းစက်စွာကြည့်ရင်း ရောင့်နူတ်ပိတ်နေရရှာလေတော့သည်။

ယင်းနောက် သူမသည် ရွာတွင်းသို့လည်းမသွား၊ မည်သူနှင့်မှလည်း အခေါ်အပြောမလုပ်ဘဲ ဒေါ်နန်း၏ ခြံဝင်းကြီးထဲမှာပင် တိတ်ဆိတ်စွာ တစ်ကိုယ်တည်း ကြီးပြင်းလာလေတော့သည်။

မကြာမီ အပျိုဖြန်းလေးအရွယ်သို့ပင် ရောက်ရှိလာလေသည်။

တာရာသည် တောရိုင်းပန်းကလေးတစ်ပွင့်ဟု ဆိုပါသော်လည်း ရွာမှာ အချောအလှစာရင်းဝင်လေသည်။ ရှည်လျားနက်မှောင်သော ဆံကေသာကြီးများကလည်း၊ တာရာ၏ ရှင်သန်နုမျစ်ပြီး ချစ်စမွယ်အလှကို ပံ့ပိုးဖြည့်ဆည်းပေးထားလေသည်။





အရွယ်ရောက်လာသောအခါ တာရာသည် ရွာတွင်းသို့ တစ်ခါတစ်ရံချေးသွားပြီး ဝယ်တတ်၏။ ထိုအခါ ရွာသူရွာသားအချို့၏ စူးစမ်းသောအကြည့်တချို့အား ရင်ဆိုင်ကြုံတွေ့ရသလို မုန်းတီးသောအကြည့်များကိုလည်း လက်ခံရယူခဲ့ရလေသည်။

သည့်နောက် တာရာသည် မည်သည့်အကြောင်းကိစ္စပင်ရှိရှိ ကြာကန်ရွာထဲသို့ လုံးဝမသွားတော့ပေ။ သို့သော်လည်း တာရာသည် တစ်ခါတစ်ရံ ရွာကနေ တစ်နေလုံး ဒါမှမဟုတ် တစ်ရက်နှစ်ရက်ခန့် ပျောက်သွားတတ်၏။

ဒေါ်နန်းမှာ တာရာသည် အပျိုရွယ်လေးသို့ ရောက်နေပြီဖြစ်၍ မတော်တဆ လူယုတ်မာ မသူတော်များနှင့် တွေ့ဆုံသွားမည်ကို စိုးရိမ်၍ တာရာအား မေးမြန်းကြည့်မိလေသည်။

"တာရာ သမီးလေး ဘယ်တွေလျှောက်သွားနေတာလဲဟင်၊ အဘွားဖြင့် တစ်နေ့ခင်းလုံး စိုးရိမ်လိုက်ရတာကွယ်"

"သမီး ကျောက်ဖြူရှင်မဆီသွားတာ"

"ဟင် ... ကျောက်ဖြူရှင်မဆီသွားတာ ... ဟုတ်လား။ အဝေးကြီးပါလား သမီးရယ် ... ဘာသွားလုပ်တာလဲ၊ လူလည်းပြတ်ပါဘိသနဲ့"

"လျှောက်လည်တာပါ ဘွားနန်းရဲ့၊ အဲဒီနေရာကို တာရာလေ အရမ်းသွားချင်တာပဲ ပြီးတော့ အိပ်မက်ထဲမှာလည်း မိန်းကလေးတစ်ယောက်က တာရာကို လာဖို့ အမြဲခေါ်တယ် အဘွားရဲ့၊ တာရာအဲဒီမှာ သွားပြီးနေတာ၊ ယုန်လေးတွေ ငါးလေးတွေနဲ့ ဆော့တာပေါ့ အဘွားနန်းရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"နောက် မသွားပါနဲ့ တာရာရယ်၊ အဲဒီနေရာက လှူပြတ်တယ် တာရာရဲ့၊ တော်ကြာ မသူတော်တွေနဲ့ တွေ့သွားရင်"

ဒေါ်နန်းသည် စိုးရိမ်မှုပန်စွာ ပြောလိုက်သည်။ ထိုအခါ တာရာ၏ မျက်ဝန်းလေးအစုံသည် ရွှန်းလဲ့တောက်ပသွားပြီး . . .

"အို . . . တာရာကို လာထိရဲထိကြည့်ပေါ့၊ လာထိတော်ကားတဲ့သူဟာ အငံသဆိုးနဲ့ သေသွားရမှာပဲ . . . မယုံရင်စမ်းကြည့်"

"အို . . . သမီးလေး၊ အဲလိုမပြောကောင်း၊ မကျိန်ကောင်းဘူးကွယ့်"

"တာရာက သဘောပြောပြတာပါ ဘွားနန်း၊ တာရာ ဘယ်သူကိုမှ မကြောက်ပါဘူး . . . ဟွန့်"

တာရာ၏မျက်ဝန်းအစုံသည် ခေါင်းမာသူပီပီ ရွှန်းရွှန်းလက်တောက်ပနေလေသည်။ ဒေါ်နန်းသည် တာရာအား ဆက်လက်မပြောဆိုတော့ပေ။

ထိုစဉ် ခြံတွင်းသို့ အဝတ်အစား ဖိုသီဖတ်သီဖြင့် တစ်ခေါင်းလုံး ပန်းတွေဝေနေအောင် ပန်ထားသော မိန်းမကြီးတစ်ယောက် လှမ်းဝင်လာသည်။

တာရာ၏မိခင်ဖြစ်သူ ဒေါ်ဖြူဖြူပင်ဖြစ်၏။

"မေမေ"

"ဟော . . . ညည်းက ငါ့သမီးလေးလား၊ မဟုတ်ပါဘူးဟယ်၊ ဟိဟိ . . . လာညာမနေပါနဲ့၊ ငါ့သမီးလေးက ဒီမှာအေ့၊ အို အေ့အေ့ . . . တိတ်ပါအေ သမီးလေးရယ်"

"မေမေရယ်"





တာရာသည် မိခင်ဖြစ်သူအားကြည့်ကာ မျက်ဝန်းမှာ မျက်ရည်တွေက အလိုအလျောက် ပြည့်ဝိုင်းလာခဲ့လေတော့သည်။ သူမငယ်စဉ်ကပင် ဘွားဒေါ်နန်းပြောပြထား၍ သူမ၏ ဘဝအဖြစ်အပျက်တချို့အား တာရာသိထားပြီးဖြစ်သည်။

ထိုအခါ တာရာသည် ရွာအပေါ် ပို၍နာကြည်းခံပြင်းမိလေသည်။ ယင်းအခါတိုင်း တာရာ၏မျက်ဝန်းအစုံတို့သည် နာကြည်းချက်ကြောင့် အရောင်များ တောက်ပလာတတ်စမြဲ၊ တာရာသည် မွေးဖွားလာစဉ်ကပင် ကံဆိုးခြင်းများတည်းဟူသော မိုးမှောင်ကြီးသည် သူမ၏ဘဝပေါ်သို့ ယနေ့ထိတိုင် ကျရောက်နေဆဲ။

တာရာသည် မွေးစကတည်းကပင် ဖခင်သေဆုံးခဲ့၍ မမြင်ခဲ့ရဖူး။ မြင်တွေ့နေရသော မိခင်ဖြစ်သူမှာလည်း သူမအား မွေးဖွားစဉ်ကပင် ရွာမီးလောင်၍ သွေးလန့်ကာ ယခုချိန်ထိ စိတ်ဖောက်ပြန်နေရဆဲပင် ဖြစ်လေသည်။

သူမ၏ဘဝသည် ကသိုဏ်က မည်မျှဆိုးရွားလိုက်ပါသနည်း။

ထို့ကြောင့်လည်း ရွာတွင်းရှိလူတွေက သူမအား မကောင်းဆိုးဝါး၊ ဂြိုဟ်ကောင်မဟူသော ပေါ်ဟာရဖြင့် ကဲ့ရဲ့သမုတ်သည်ကို တာရာ ဒီအသက်အရွယ်ထိ ခံစားလာခဲ့ရသည် မဟုတ်ပါလား။ နောက်ဆုံး တာရာသည် ခြံလေးအား ကျောခိုင်းကာ နတ်ဝိညာဉ်တောင်ခြေရှိ ကျောက်ဖြူရှင်မရုပ်တုကြီးရှိရာ စမ်းချောင်းလေးသို့ပင် ထွက်လာခဲ့ရလေတော့သည်။

ယင်းနေရာသို့ ရွာကနေ လမ်းရိုးဟောင်းအတိုင်းသွားလျှင် အတော်ကြာအောင်ပင် သွားရလေတော့၏။ သို့သော် တာရာသွား



www.burmeseclassic.com

www.burmeseclassic.com



သောလမ်းသည် တောလမ်းဖြစ်သည်။

ယင်းတောလမ်းကနေသွားလျှင် နတ်ဝိညာဉ်တောင်ခြေ စမ်းချောင်းလေးရှိရာသို့ အချိန်တိုအတွင်း ရောက်ရှိသွားသည်။

ဒီလမ်းအား တာရာကို အိပ်မက်ထဲ၌ မကြာခဏလာရောက်ခေါ်ဆောင်သော အမျိုးသမီးတစ်ဦးက ခေါ်ဆောင်သွားမိ၍ တာရာသိရှိနေခြင်းဖြစ်သည်။ တာရာသည် ယင်းတောလမ်းလေးအတိုင်း တစ်ယောက်တည်းသွားနေမိသည်။

သည်လမ်းလေးမှာ တာရာငယ်စဉ်ကပင် သွားလာနေကျဖြစ်၍ လမ်းမှားစရာမရှိပေ။ ပြီးတော့ ဒီဘက်ကို မုဆိုးများ ထင်းခုတ်ဝါးခုတ်သူများ သိပ်မလာကြမှန်း တာရာသိထားလေသည်။

ဤနတ်ဝိညာဉ် ကျောက်မြူရှင်မနေရာသည် လူတိုင်းကြောက်ရွံ့၍ မလာရောက်နိုင်ကြသည့် နေရာမှန်း တာရာ ငယ်စဉ်ပင် သိထားခဲ့သည်။

တာရာသည် သူးရစ်ချုံ နဘူးချုံများအား ဖွဲ့ဖယ်ရင်း တောလမ်းလေးအတိုင်း သွက်လက်စွာပင် လျှောက်လာခဲ့လေသည်။

သူမ၏စိတ်ထဲမှာ ကျောက်မြူရှင်မရုပ်တုကြီးဆီသို့ အလျင်အမြန် ရောက်ချင်နေပြီဖြစ်သည်။

❁ ❁ ❁

## တောင်ခုံဆည်ပါကြွင်း

ဆဝမ်ခေါင် သူ၏မျက်လုံးများကို အသေအချာ စူးစိုက်ကြည့်နေလေသည်။ ပြီးလျှင် တောကို လှုပ်ရှားသံမကြားအောင် ညင်သာစွာ တိုးလေ၏။ မုဆိုးသည် ခြေသံလုံနိုင်သမျှ လုံရပေမည်။ ဆဝမ်ခေါင် မနက်အလင်းရောင် ပေါ်ထွက်လာကတည်းကပင် တောထဲရောက်လာခြင်းဖြစ်သည်။ ယခုအချိန်ထိ သူ ဟင်းကောင်၏ ခြေရာကို မတွေ့ရသေးပေ။

အခြားသားကောင်များအား တွေ့ပါသော်လည်း သူသည် ယခုတလော သူတို့၏ရွာများအား ဝင်ရောက်ဒုက္ခပေးနေသော ဟင်းကောင်ကိုသာ ပစ်ခတ်ချင်၍ မပစ်ခဲ့ပေ။

နေက အတော်မြင့်လာပြီဖြစ်၍ ဆဝမ်ခေါင်ပင် အတော်ပင်



www.burmeseclassic.com

www.burmeseclassic.com



ပန်းနေပေပြီ။ ဆဝမ်ခေါင်က ကုန်းမြင့်လေးတစ်ခုပေါ်ရှိ အင်ကြင်းပင်ကြီးအောက်တွင် ခဏအပန်းဖြေရန် ထိုင်ချလိုက်မိသည်။

လက်ဆွဲတော်ဒူးလေးကို နံဘေးချလိုက်ပြီး ခါးမှာချိတ်ဆွဲထားသည့် ရေဘူးခြောက်အားဖြုတ်ကာ တစ်ငုံမော့သောက်လိုက်၏။

အေးစိမ့်သောရေသည် သူ၏ရင်အား အေးမြလန်းဆန်းသွားစေသည်။

ယခု သူရောက်ရှိနေသောနေရာသည် နတ်ပိညာဉ် ကျောက်ဖြူရှင်မ တောကြီး၏ ပိုင်နက်ထဲမှာဖြစ်လေသည်။

ထိုစဉ် ...

'ဖျောက်'

ရုတ်တရက် ဆဝမ်ခေါင်၏နားထဲမှာ တိုးညင်းသော အသံတစ်သံအား ကြားယောင်လိုက်မိသဖြင့် မျက်ဝန်းအစုံက ဖျတ်ခနဲ လက်သွားလေသည်။

တစ်ဆက်တည်း သူ၏ညာလက်က နံဘေးမှာချထားသော လက်စွဲတော်ဒူးလေးထံသို့ ရောက်ရှိသွားလေသည်။

ဆဝမ်ခေါင်၏ သိန်းငှက်တစ်ကောင်ပမာ စူးရှသော မျက်ဝန်းအစုံက ရှေ့တူရူရှိ တောလမ်းထဲသို့ မမှိတ်မသုန် ငေးကြည့်နေမိလေသည်။

မုဆိုးကောင်းတို့မည်သည် သတိ ကိုယ်ဖြင့် မကင်းကွာစကောင်းဟု ဖခင်ဖြစ်သူရော အဘိုးဖြစ်သူ မုဆိုးကြီးဦးထန်လျှန်းကလည်း အမြဲသင်ကြားနေခဲ့သည် မဟုတ်ပါလား။

တောတိုးသံက တဖြည်းဖြည်း ကျယ်လောင်လာသည်။





ဆဝမ်ခေါင်သည် ယင်းတောလမ်းစပ်သို့ စူးစိုက်ကာကြည့်လျက် ဒူးလေးအား ချိန်ရွယ်လိုက်မိသည်။ ဖျတ်ခနဲ ချုံတောထဲမှ ထွက်လာသော အရိပ်တစ်ခု။

"ဟင်"

ဆဝမ်ခေါင် တအံ့တသြ ထိတ်လန့်သွားမိသည်။

အဘယ်ကြောင့်ဆိုသော် ချုံရိုင်းများအကွယ်ကနေ တိုးထွက်လာသည်မှာ သူထင်ထားသလို တောကောင်တစ်ကောင်မဟုတ်ပေ။ သူ၏အထင်နှင့်အမြင် မှားသွားလေသည်။

လှပသော မိန်းကလေးတစ်ယောက် ဖြစ်နေလေသည်။ မိန်းကလေး၏ ဆံနွယ်ရှိုင်းကြီးများမှာ ကျောလယ်တွင် ဝဲပျံ့လွင့်နေလေသည်။

ဆဝမ်ခေါင် အံ့လည်းအံ့သြ၊ ထိတ်လည်း ထိတ်လန့်သွားမိသည်။ ဘာကြောင့်ဆိုသော် ဆဝမ်ခေါင်၏ မုဆိုးသက်တမ်းတစ်လျှောက် ဤမျှနက်ခေါင်သော တောထဲတောင်ထဲ၌ မိန်းမသားဟူ၍ တစ်ကြိမ်တစ်ခါမျှ မမြင်တွေ့ခဲ့ဖူးပါ။ ယခု ဒါသည် ပထမဦးဆုံးအကြိမ်ပင် ဖြစ်သည်။

ထင်းခုတ်ဝါးခုတ်သမားများကိုပင် ရံဖန်ရံခါ တွေ့ကြုံရသည်။

တောလမ်းကလေးအတွင်းကနေ သူရှိရာဘက်သို့ ကသုတ်ကယက်ကလေး လှမ်းလာနေသော လှပလွန်းသည့် မိန်းကလေးကို ဆဝမ်ခေါင် သေချာစူးစိုက်ကြည့်နေမိသည်။ မိန်းမချောလေးမှာ သူ့အား လုံးဝမြင်တွေ့ပုံမပေါ်ပေ။

သူမ လျှောက်လာနေသောလမ်းမှာ နတ်ပိညာဉ်ချောင်ကျောက်



www.burmeseclassic.com

www.burmeseclassic.com



သို့ သွားရာလမ်းဖြစ်သည်။ မိန်းမချောလေးမှာ ဆဝမ်ခေါင်ရှိနေရာ နေရာသို့ တရွေ့ရွေ့နီးကပ်လာခဲ့လေပြီ။ ဆဝမ်ခေါင်စိတ်ထဲ တွေးနေမိသည်။

ဤမိန်းကလေးမှာ လူအစစ်လား၊ တောတောင်အတွင်းရှိ ဝိညာဉ် ပရလောကသားတစ်ဦးပေပဲလား။ နောက်ပြီး ဤကျောက်ပြ ရှင်မနယ်မြေသည် နတ်ကြီးသည်၊ အခြောက်အလှန့်ထူပြောသည်ဟု သတင်းကြီးသောနေရာပင် ဖြစ်လေသည်။

ဆဝမ်ခေါင်ကမူ မြင်ရသော ကျားရဲတိရစ္ဆာန် ဟင်းကောင်များ၏ အန္တရာယ်ထက် မမြင်ရသော လောကသားများအား ယခင်က တည်းကပင် သိပ်ပြီးအကြောက်အလန့် မရှိခဲ့ပါချေ။

မိန်းမပျိုလေးမှာ သူ၏အနီးအနားသို့ ရောက်လာသည်နှင့်

"ဟိတ်"

"အမလေး"

ဆဝမ်ခေါင်၏ ခုန်အုပ်ဖမ်းဆီးလိုက်ခြင်းကြောင့် မိန်းမပျို လေးရော သူပါ မြက်ရိုင်းတောထဲ လုံးထွေးကျသွားလေသည်။ ဆဝမ် ခေါင်မှာ နူးညံ့အိစက်သော အထိအတွေ့ကြောင့် မိန်းမပျိုလေးမှာ သူ ခန့်မှန်းထားသလို နာနာဘာဝ မရုပ်လောကသားမဟုတ်ဘဲ သွေးသားစစ်စစ်တစ်ဦးမှန်း သိလိုက်ရသည်။

မိန်းမပျိုလေးမှာ ရုတ်တရက် အံ့သြပိုင်းစက်သော မျက်ဝန်း ကြီးများဖြင့် ဆဝမ်ခေါင်၏ ဖမ်းချုပ်ထားခြင်းမှ လွတ်အောင်ရုန်းကန် နေရင်းမှ ...

"အို ... ရှင် ... ရှင်ဘယ်သူလဲ ... လွှတ် ... လွှတ်ပါ"





"မင်းက ဘယ်သူလဲ၊ ဘယ်ရွာကလဲ"

"ရှင် ကျွန်မကိုလွှတ် ... ဖြေမယ်"

ဆဝမ်ခေါင်သည် သူမပွေ့ဖက်ဖမ်းချုပ်ထားသည့် မိန်းမပျို လေးအား ချုပ်ထားရာကနေ ဖြည်လွှတ်လိုက်လေသည်။ သို့သော် ဆဝမ်ခေါင်၏စိတ်တွေက လှုပ်ရှားနေမိသဲ။

သူမ၏မျက်နှာသည် နီမြန်းရဲရွေးလျက် ရှက်သွေးများပြာနေ ခြင်းကပင် ချစ်ဖွယ်ရာကောင်းနေ၏။ အမှန်တော့ ဆဝမ်ခေါင်မှာ လူလား, နာနာဘာဝလား ခွဲခြားသိရအောင် ဖမ်းချုပ်လိုက်မိခြင်းဖြစ် သည်။

သူလက်ကနေ လွတ်သွားသည်နှင့် မိန်းမပျိုကလေးသည် လုံးလဲထလိုက်ပြီး ဆဝမ်ခေါင်အား စူးရဲစွာကြည့်ရင်း ...

"ရှင်က ဘယ်သူလဲ ... မုဆိုးလား"

"အေး ... ဟုတ်တယ်၊ ငါ့နာမည် ဆဝမ်ခေါင်တဲ့ ... မုဆိုး ပဲ၊ ကံကောင်းတယ် ... မင်းကို ငါ တောကောင်မှတ်ပြီး ပစ်ခတ်မိ တော့မလို့၊ မင်း တောထဲ ဘာလာလုပ်တာလဲ"

"အို ... ကျွန်မက အမြဲလာနေကျပဲ၊ ရှင့်ကိုသာ ခုမှတွေ့ဖူး တာ"

တောထဲအမြဲလာနေကျဆိုသော မိန်းမပျိုလေးအား ဆဝမ် ခေါင်သည် အာကမိန်းကလေးပါလားဟူသောအကြည့်ဖြင့် အံ့သြစွာ ကြည့်နေမိရင်း ...

"မင်း အမြဲလာတယ် ... ဟုတ်လား၊ မကြောက်ဘူးလား"

"ကြောက်စရာ ... တာရာက ဘာကိုကြောက်ရမှာလဲ၊ ဒီ



www.burmeseclassic.com

www.burmeseclassic.com



နေရာက တာရာ ယယ်ယဲကတည်းက အမြဲလာနေကျနေရာပဲညွှာ"

"မင်းနာမည် တာရာလား"

"ဟုတ်တယ် . . . ကျွန်မက ကြာကန်ရွာမှာနေတယ်"

"ငါက ထဝမ်ချွာက"

"ထဝမ်ချွာ . . . အဲဒီရွာက ဘယ်နားမှာလဲ . . . အဝေးကြီးလား"

"ထဝမ်ချွာကို မင်း မသိဘူးလား"

"ဟင့်အင်း . . . ကျွန်မ ကြာကန်ရွာထဲတောင် မရောက်ဖူးဘူး"

ဆဝမ်ခေါင် အံ့အားသင့်သွားမိရလေသည်။ ကြာကန်ရွာမှာ လည်းနေသေး၊ ထဝမ်ချွာကိုလည်း မကြားဖူးဘူးဟူသော မိန်းမချော လေးအား လူထူးလူဆန်းတစ်ဦးနှယ် ဆဝမ်ခေါင် ကြည့်နေမိလိုက်၏။

ထဝမ်ချွာနှင့် ကြာကန်ရွာမှာ ခြေကျင်သွားမည်ဆိုတာ တောင် သုံးနာရီခန့်မျှသာ ကွာဝေးလေသည်။ ဤနတ်ဝိညာဉ်တောင် ကြီး၏ တောင်နှင့်မြောက်မှာကဲ့သို့ ကြိုးပုံစံတည်ရှိနေလေသည်။ ဒါကို ဤမိန်းမပျိုလေးက မသိဘူးဆိုနေလေပြီ။

သို့သော်လည်း မိန်းမပျိုလေးမှာ လိမ်ညာစကားဆိုနေခြင်း မဟုတ်ကြောင်း သူ၏ရိုးသားရှင်းသန့်နေသော မျက်ဝန်းတွေကနေ ဖော်ပြနေလေသည်။

"နေပါဦး . . . အခု မင်းက ဒီတောထဲလာတယ်၊ ဘယ်သွားမလို့ လဲ"

"ကျွန်မ ကျောက်ဖြူရှင်မ ရုပ်တုကြီးဆီသွားမလို့"





"ကျောက်ဖြူရှင်မရုပ်တုဆိုတာ ဟို နတ်ဝိညာဉ်စမ်းချောင်း လေးရဲ့ အထက်မှာရှိတဲ့ ရုပ်တုကြီးကိုပြောတာလား။ ဟို နတ်ကွန်း လိုလို နန်းတော်ကြီးလိုလို အဆောက်အအုံပျက်ကြီးရှိတဲ့ နေရာလေ"

"ဟုတ်တယ် . . . အဲဒီနေရာပဲ၊ ရှင်က သိလို့လား"

"မသိဘဲ နေပါ့မလားကွာ၊ ကျောက်ဖြူရှင်မရုပ်တုရှိတဲ့နေရာ နားက နတ်ကြီးတယ် နာနာဘာဝ, ဝိညာဉ်လောကသားတွေ အ ခြောက်အလှန့်ထူပြောတယ်လို့ သတင်းကြီးနေတဲ့နေရာပဲ၊ မင်းရော အဲဒီကိုသွားတာ မကြောက်ဘူးလား။ ဘယ်သူမှတောင် မသွားဝံ့တဲ့ နေရာပဲ"

"မကြောက်ပါဘူး။ ကျွန်မ ပြောပြီးပြီပဲ၊ ကျွန်မ အိမ်မှာစိတ် ညစ်ရင် ဒီနေရာမှာ လာလာပြီးထိုင်နေကျပဲ"

"ဪ"

ဆဝမ်ခေါင် သူမအား အံ့သြစွာ ကြည့်လိုက်မိသည်။ သူမ၏ မျက်ဝန်းတွေထဲမှာ အရာရာကို မကြောက်မရွံ့ ရင်ဆိုင်ရဲသော အင် အားအရိပ်တွေ တွေ့မြင်နေရသည်။

လှစ်ခနဲ သူမ၏မျက်ဝန်းတွေက ဆဝမ်ခေါင်၏လက်တွင်းရှိ ဒူးလေးကြီးဆီသို့ အကြည့်ရောက်သွားပြီး . . .

"ရှင် အမဲပစ်ရဦးမှာမို့လား ကျွန်မ သွားတော့မယ်"

"ဟုတ်တယ်၊ ငါ တစ်မနက်လုံး ဘာသားကောင်မှ မရသေး ဘူး။ ခုတလော တောကျွံလာတဲ့ ဟင်းကောင်ကြီးတစ်ကောင်နောက် ကို လိုက်နေတာ၊ ခုထိ အရိပ်အခြည် မတွေ့ရသေးဘူး"

"ကဲ . . . ဒါဆိုလည်း ရှင် လုပ်စရာရှိတာ ဆက်လုပ်ပေ့"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မလည်း သွားတော့မယ်''

''ဟိတ် ... နေဦးလေ''

ဆဝမ်ခေါင်၏တားမြစ်သံက သူမ၏ အပြေးကလေးလှမ်းထွက်သွားသော ခြေလှမ်းတွေနောက်မှာ ကျန်ရစ်ခဲ့လေပြီ။ မိန်းမပျိုလေးမှာ ဆဝမ်ခေါင်၏ မျက်စိရှေ့မှောက်မှာပင် သစ်ပင်များ ချုံတောများကြားထဲ တိုးဝင်ပျောက်ကွယ်သွားလေပြီ။

ဆဝမ်ခေါင် သူမ၏အရိပ်ကလေး ပျောက်ကွယ်သွားရာနေရာသို့ကြည့်ရင်း နေရာတွင် တွေဝေစွာ ရပ်ကျန်ရစ်ခဲ့လေသည်။

အတန်ကြာမှပင် သူ၏ခြေလှမ်းတို့အား ရှေ့ဘက်ကမ်းပါးလျှိုကြီးအတွင်းသို့ ဦးတည်လှမ်းလိုက်မိလေတော့သည်။

ဟင်းကောင်ကြီးအား သူ ရှာဖွေရပေဦးမည်။

❁ ❁ ❁

## အိပ်မက်နေရာ

ဝန်းကျင်တစ်ခုလုံးမှာ တောသဇင်ပန်းများ သစ်ခွပန်းများ တောပန်းတောင်ပန်းတို့၏ မွှေးပျံ့သင်းထုံနေသည့် ရနံ့များက ပျံ့လွင့်နေလေသည်။

အပွင့်လိုက်အခိုင်လိုက် ပွင့်ခဲ့နေသော တောပန်းတောင်ပန်းရောင်စုံတို့၏အပေါ်တွင် ရောင်စုံလိပ်ပြာလေးများသည် လူးလာခေါက်တုံ့ ပျံသန်းနေကြလေသည်။

ချစ်စဖွယ် အမွေးဖြူဖြူ ယုန်စုတ်ဖွားလေးများကလည်း ချုံပင်တောစပ်၌ အပူအပင်ကင်းမဲ့စွာ ခုန်ဆွခုန်ဆွ ပြေးလွှားနေလေသည်။

နေရောင်ခြည်အလင်းတို့သည် အနောက်ဘက်တောင်တန်း



www.burmeseclassic.com

www.burmeseclassic.com



ကြီးများ နောက်ကွယ်သို့ စွေစောင်းကျစပြုနေပြီဖြစ်၍ အမြီးရှည်ရှည် ဝါနီနက်ပြောက်ကျား ကျေးငှက်သာရကာမျိုးစုံတို့ကလည်း သူတို့၏ ဘာသာဘာဝ ကြည်နူးစွာ တစ်ပင်မှတစ်ပင်သို့ ကူးလူးခုန်ပျံလျက် ကျိကျာကျာအော်မြည်သံများဖြင့် မြူးတူးပျံ့သန်းလျက်ရှိနေကြသည်မှာ သဘာဝသံစဉ်တေးသွားလေးများလားပင်၊ ချမ်းမြေ့ခံစားနေကြရလေသည်။

သူမသည် စမ်းချောင်းလေး၏အထက်ဘက်ရှိ ညီညာပြန့်ပြူးသော ကျောက်ဖျာချပ်ကြီးတစ်ခုထက်၌ ငြိမ်သက်စွာ ထိုင်နေမိသည်။ သည်နေရာကလေးသည် သူမငယ်စဉ်ကပင် ယခုချိန်ထိ မကြာခဏ လာရောက်ပြီး တစ်ကိုယ်တည်း ပျော်ပါးဆော့ကစားရာ အိပ်စက်ရာ နေရာတစ်ခုပင် ဖြစ်လေသည်။

ကျောက်ဖျာကြီး၏ နံဘေးဝန်းကျင်၌ ထူထပ်သော ချုံနွယ်ပိတ်ပေါင်းများနှင့် ပြိုပျက်နေသော အဆောက်အအုံကြီးတို့က ပိတ်ဆို့ကာရံထားသဖြင့် လုံခြုံသလိုရှိလေသည်။

ယင်းအပြင် သူမ ရှိနေသော ကျောက်ဖျာကြီးပေါ်ကနေ လှမ်း၍ကြည့်လိုက်လျှင် မလှမ်းမကမ်း၌ ကြီးမားသော နတ်ကွန်း အဆောက်အအုံကြီးနှင့် ကျောက်ဖြူရှင်မရုပ်တုအား လှမ်းမြင်နေရသည်။

သူမသည် ယင်းအရုပ်ကြီးအား အတန်ကြာ ငေးကြည့်နေမိလေသည်။

မည်သည့်အတွက်ကြောင့်မှန်းတော့ မသိ၊ သူမသည် သည်နေရာဝန်းကျင်သို့ ရောက်ရှိလာပါလျှင် သူမ၏နှလုံးသည်းပွတ်ထဲ၌





ဆွတ်ကျင်စွာ ခံစားနေရသကဲ့သို့ လွမ်းမောဆွေးမြည့်နေမိသည်မှာ အမှန်ပင်။

တစ်ရံတစ်ခါ၌လည်း သူမသည် ချမ်းမြေ့သာယာစွာ ငှက်ကလေးတွေ၏ တေးဆိုသံ စမ်းချောင်းလေး၏ ဂီတသံတို့အား ကြည်နူးစွာ နားဆင်နေရသလို။

ရံဖန်ရံခါတွင်မူ သူမ၏နှလုံးသားသည် ဤနေရာဝန်းကျင်နှင့် မစိမ်းသက်သလို၊

အများတကာက ကြောက်ရွံ့ထိတ်လန့်ကြသော ကျောက်ဖြူရှင်မရုပ်တုကြီးအားလည်း ရင်းနှီးကျွမ်းဝင်နေသလို ခံစားနေရပြန်လေသည်။

ပြီးတော့ အိပ်မက်။

သူမသည် ဒီနေရာလေးသို့ရောက်လျှင် အမြဲတစေ အိပ်စက်ပြီး သူမစိတ်တွေ လွတ်လပ်ပေါ့ပါးသမျှ သူမ နေထိုင်တတ်လေ့ရှိသည်။

ထိုအခါတိုင်း သူမသည် ရွာသို့လည်း သတိမရ၊ အဘွားဒေါ်နန်းရော မိခင်ဖြစ်သူကိုပါ သတိမရတတ်သည်မှာ ထူးဆန်းလှပေသည်။

ပြီးလျှင် သူမ အိပ်မက်တစ်ခုအား အမြဲတစေ မက်လေသည်။

အိပ်မက်မက်ပြီးတော့ သူမသည် အထိတ်တလန့် ဇောချွေးများသီးခို့လျက် နိုးထလာမိသောအခါ သူမ၏ရင်သည် လှိုက်ဖိုတုန်ခါနေတတ်စမြဲ။

ပြီးလျှင် သူမ၏မသိစိတ်တွင်း၌ မက်ခဲ့သောအိပ်မက်သည်



www.burmeseclassic.com

www.burmeseclassic.com



တကယ်လေလား ထင်ယောင်ထိုးတဝါး အဖြစ်တွေပဲလားမှာ ပြန်လည်တွေးတောနေမိစဉ်မှာပင် ဖြစ်လေသည်။

ယင်းအိပ်မက်သည် သူမ၏နှလုံးသားထဲမှာ အမြဲတစေ ပူးနှစ်စွာ ခိုတွယ်နေသော အရာပင်ဖြစ်သည်။ မည်သည့်အချိန်တွေးတွေး သူမ၏အာရုံပြင်ရိပ်မှာ ပုံရိပ်များသည် ပြန်လည်ထင်ဟပ်ပေါ်လွင်လာတတ်လေသည်။

ပတ်ဝန်းကျင်တစ်ခွင်လုံး အမှောင်ရိပ်တို့သည် လွှမ်းခြုံ၍လာပေပြီ။

ဆောဆော က ဘာသာဘာဝ အိပ်တန်းတက်ခါနီး အော်မြည်ဟစ်ကြွေးနေကြသော ကျေးငှက်သာရကာလေးများ၏ အသံဗလံတို့ပင် တိတ်ဆိတ်ငြိမ်သက်သွားကြပြီ ဖြစ်သည်။

အမှောင်ရိပ်လွှမ်းလာသည်နှင့်အမျှ ညဉ့်ငှက်ပိုးမွှားများ၏ တစီစီအော်မြည်သံ၊ အဝေးရိုးမပေါ်မှ မျောက်လေမွေများ၊ အုပ်စုလိုက် အော်ဟစ်သံ၊ ကျားတစ်သံများအား လေပြည်နှင့်အတူ မတိုးမကျယ် ကြားလာရလေပြီ။

သူမရင်မှာ ကြောက်ရွံ့ထိတ်လန့်ခြင်း မဖြစ်မိပါ။

ကောင်းကင်မှာလည်း ကြယ်ပွင့်စိန်စတို့ မျောက်တိမျောက်ကြား ထွက်ပြူလာကြပြီ။

လပြည့်ဝန်းကြီးကမူ စကားတစ်ခွန်းအား အအေးဓာတ်ပေးရန် ညဉ့်အတော်နက်မှသာလျှင် ထွက်ပေါ်လာပေလိမ့်မည်။

သူမသည် ကျောက်ဖျာကြီးထက်သို့ ညင်သာစွာ လှဲလျောင်းလိုက်လေသည်။

ရုပ်ရှင်ဘောင်ဗင်ဗေ



မျက်ဝန်းအိမ်တံခါးဝသို့ ကြယ်စကြယ်ပွင့်တွေ ပြေးဝင်လာသည်။

မျက်တောင်များတွေ တပြည်းပြည်း ဝိုက်အိပ်ရှိုဆင်းလာလေသည်။

❁ ❁ ❁

www.burmeseclassic.com

## သံသရာဝင်ရိုးတစ်ပတ်လည်ခြင်း

တောင်စဉ်တောင်တန်းကြီးများသည် မိုးသို့ထိလုခမန်း ညို့မှိုင်းစွာ တည်ရှိနေလေသည်။

တောကြီးမှာလည်း သစ်ပင်ကြီးများမှာ ကောင်းကင်ထက်ကို အသူရိန်နေမင်းပင်လျှင် ထိုးဖောက်ဖြာကျပြီး နေပျောက်မထိုးရလောက်အောင် နက်မှိုင်းထူထပ်လွန်းလှသည်။

တောင်တန်းတွေပေါ်မှာ ရွာစုရွာငယ်လေးတွေ တည်ရှိကြလေသည်။ လျှိုမြောင်စိမ့်စမ်းအိုင်များကလည်း တောင်စဉ်အသွယ်သွယ် အထပ်ထပ်တို့ကြားမှာ သာယာလှပစွာ တည်ရှိနေကြ၏။

နတ်ရောက်တောင်ကြားတစ်နေရာတွင် တောင်ယာတဲငယ်လေး တစ်လုံးက တည်ရှိနေသည်။





လျှိုမြောင်လေး၏ထိပ် ကုန်းမြေပြင်လေးထက်မှာ တည်ရှိနေသလို စမ်းချောင်းလေးကလည်း အရှေ့ဘက်၌ ညင်သာစွာ စီးဆင်းနေလေသည်။

တဲလေးမှာ တောင်ကြားများကြားထဲ၌ တစ်ခုတည်း သီးခြားတည်ရှိနေသဖြင့် ထူးခြားဆန်းကြယ်လှသည်ကတော့ အမှန်ပင်ဖြစ်သည်။

တဲငယ်လေး၏ အရှေ့မြောက်ဘက် ခင်တန်းကြောလေးဆီကနေ လူကြီးတစ်ယောက် ယုန်သေလေးများအား ဝါးမြင့်လျှိုထမ်းကာ ထိုးထွက်လာလေသည်။

သူ၏ခြေလှမ်းတို့သည် လျင်မြန်သွက်လက်စွာပင် ကုန်းမြင့်လေးထက်ရှိ တဲရှိရာသို့ မြက်ရိုင်းတောတွေထဲကနေ လှမ်းလျှောက်လာ၏။

တဲအိမ်လေးရှေ့မှာ ဆော့ကစားနေကြသော ကလေးငယ်သုံးယောက်အနက်မှ အသက်ဆယ့်ငါးနှစ်အရွယ်ခန့်ရှိ မိန်းမငယ်သည် တဲသို့လှမ်းလာနေသော လူကြီးအား ဦးစွာလှမ်းမြင်သွားပြီး ...

"ဟော ... ဟိုမှာ အဖေပြန်လာပြီဟေ့ ... အဖေလာပြီ"

"ဟေး ... ဟုတ်တယ်ဟေ့"

"ဟာ ... သားကောင်လည်း ပါလာတယ်တော့"

ကလေးငယ်သုံးယောက်စလုံး ကစားနေကြရာကနေ အလျှင်အမြန် ပြေးသွားကြလေသည်။

လူကြီးထံသို့ ရောက်သော် ...

"ပေး အဖေ ... သမီးကိုပေး"



www.burmeseclassic.com

www.burmeseclassic.com

"သားကိုပေး အဖေ … သူမပေးနဲ့"

လူကြီးသည် သူ၏ဝါးလုံးထမ်းပိုးထက်မှ ယုန်နှစ်ကောင်အား သမီးကြွ ပက်သို့လှမ်းပေးလိုက်၏။

သမီးဖြစ်သူ ဖေထေနးသည် ယုန်များအားယူပြီး တဲဆီသို့ ခုန်ပေါက်၍ လတော့သည်။

ကျန်နှစ်ယောက်လည်း အပြေးတစ်ပိုင်း လိုက်သွားကြရာ ထန်ခွန်နော်က နောက်ဘက်ကနေ ပြုံးပြီးကြည့်ကာ အေးဆေးစွာ လိုက်ပါလာခဲ့သည်။

မနက်ထဲက ထန်ခွန်နော် တောထဲသို့ဝင်ကာ ယုန်ထောင်ချောက်များ ဆင်ခဲ့ခြင်းပင်ဖြစ်သည်။

ထန်ခွန်နော်ဆင်ထားခဲ့သော ဆူးချုံထောင်ချောက်ထဲမှ ယုန်နှစ်ကောင်မိနေတာတွေ့၍ သူ ဝမ်းသာအားရ ဖမ်းယူလာခဲ့ခြင်း ဖြစ်သည်။

ယုန်ဖမ်းရန် ဆူးချုံထောင်ချောက်လုပ်ရတာ လွယ်ကူလှသည်။

တောတွင်း၌ အလိုအလျောက်ပေါက်နေသော ဆူးချုံဆူးခက်များအား ဦးစွာပထမ စုဆောင်းရှာဖွေရလေသည်။

ပြီးလျှင် ယုန်သွားလမ်းခြေရာကိုကြည့်၍ ယင်းသွားလာတတ်ရာ လမ်းတစ်လျှောက် တစ်နေရာတွင် စုဆောင်းထားသော ဆူးခက်ဆူးချုံများအား တစ်ထွာသာသာခန့် မမြင်ရအောင် ဝန်းရံပတ်လျက် ကာထားလိုက်၏။

ယုန်များမှာ သူတို့ မူလအစရှာဖွေရာ လမ်းကြောင်းအတိုင်း





အစာရှာဖွေထွက်လာပြီးလျှင် တဖြည်းဖြည်း ပတ်ချာလည်ကာရံထားသည့် ဆူးခက်ချုံစက်ဝိုင်းထဲသို့ ရောက်ရှိလာကြသည်။

ယုန်ဟူသည်မှာ အသည်းငယ်တတ်သော သတ္တဝါတစ်မျိုးပင် ဖြစ်သည်။ ပတ်ပတ်လည် ကာရံထားသည့် ဆူးခက်ချုံများအလယ်သို့ ရောက်သောအခါ သူတို့ ပြန်မထွက်တတ်ကြတော့ပေ။ ဆူးခက်များမှာ တစ်ထွာခန့်မျှပင် ရှိပါသော်လည်း ခုန်ပျံကျော်လွှားပြီး သူတို့ပြန်မထွက်တတ်ကြတော့ချေ။

ဆူးခက်စည်းထဲမှာ တဝဲလည်လည်ဖြင့် ငြိမ်သက်စွာ မျက်လုံးလေးများပြူးလျက် ရှိနေတော့၏။

ထိုအခါ ယုန်ထောင်သူက ဆူးခက်ထဲဝင်၍ ယင်းယုန်များကို ဖမ်းဆီးပေတော့၏။

ယင်းဆူးခက်ထောင်ချောက်မှာ အလွယ်ကူဆုံးထောင်ချောက်ပင် ဖြစ်လေတော့သည်။

ထန်ခွန်နော် တဲအတွင်းသို့ လှမ်းဝင်လိုက်လေတော့၏။

တဲတွင်းမှာ ဇနီးဖြစ်သူလွယ်ဝါနှင့် သမီးနှစ်ယောက် သားတစ်ယောက်တို့ စောစောကယူသွားသော ယုန်သေအား ချက်ပြုတ်ရန် ပြင်ဆင်နေသည်။

ထန်ခွန်နော်သည် တဲထောင့်တိုင်ကိုမှီ၍ ထိုင်လိုက်လေသည်။

လွယ်ဝါက …

"ထန်ခွန် နင်ဆာနေပြီလား"

"ဟောအေး … မဆာသေးပါဘူး။ နင့်ဘာသာ ချက်ပြုတ်



www.burmeseclassic.com

www.burmeseclassic.com



စရာရှိတာ ချက်ပြုတ်ပါ၊ ငါ အနာအတွက် ဆေးမြစ်သွားတူးရင်း စမ်းချောင်းထဲ ရေသွားချိုးချည်ဦးမယ်''

''အဖေ ရေသွားချိုးရင် သားတို့လည်းလိုက်မယ်''

''အေး ... လိုက်ခဲ့ကြ''

''ထန်ခွန် ... နင့်ဒဏ်ရာတွေက မသက်သာဘူးလား''

''အေးဟ ... ပိုပြီးယားလာသလို ပိုပြီးလည်း အဖုတွေ ထပ်ထွက်လာသလိုပဲ၊ ငါတော့ ဘဝဆုံးပါပြီ လွယ်ဝါရယ်''

''အို ... ဒီလိုလည်း စိတ်မလျှော့ပါနဲ့ ထန်ခွန်ရယ်၊ တောထဲမှာ အစွမ်းထက်တဲ့ ဆေးမြစ်ဆေးဥတွေ အများကြီးရှိနေတဲ့ဥစ္စာ ဆေးကောင်းဝါးကောင်းတွေ့ရင် ပျောက်သွားမှာပါ၊ ဘာလို့ စိုးရိမ်ပူပန်သောကရောက်နေမှာလဲ''

''ငါတော့ လက်လျှော့ချင်နေပြီ လွယ်ဝါ၊ ငါ့ကုသိုလ်နဲ့ ငါ ပေါ့လေ''

ထန်ခွန်နော်သည် လေသံပျော့ပျော့လေးဖြင့်ပြောပြီး စိတ်လက်မသက်မသာဟန် မျက်နှာဖြင့် စမ်းချောင်းရှိရာသို့ ဆင်းလာခဲ့သည်။

သူတို့ ရွာပြန်မရောက်တာပင် တစ်နှစ်ခန့်ရှိနေလေပြီ။

ရွာသို့ရောက်ပါလျှင်လည်း ရွာကလူများသည် ထန်ခွန်နော်အား ရွံရှာသလိုလို အဖက်မတန် စကားမပြောချင်သလို အမူအရာများပြသသလို လမ်းတွင် ထန်ခွန်နော်လာလျှင်တောင် သူတို့အား ရောဂါကူးစက်မည်စိုးဟန်ဖြင့် ရှောင်ကွင်းတိမ်းဖယ်သွားသဖြင့် ထန်ခွန်နော် ရွာကလူများအား စိတ်နာမိရလေသည်။





ဒီရောဂါဆိုးကြီးသည်လည်း ထန်ခွန်နော်ထံသို့ မဖိတ်မခေါ်ဘဲ မည်သို့သော် ကြိုဟ်ဆိုး ကြမ္မာဆိုးဖြင့် မျက်စိလည် လမ်းမှားလာသည် မသိချေ။

လွန်ခဲ့သော တစ်နှစ်ခန့်အချိန်မှစ၍ ထန်ခွန်နော်၏ လက်များ ခြေများတွင် အနာလေးများ စတင်ပေါက်လာလေသည်။

ယင်းသို့ အနာများ စတင်ပေါက်လာစဉ် ထန်ခွန်နော်သည် သိပ်ဂရုမစိုက်မိတဲ့ တောတွင်းမှရရာ လွယ်ကူရာ ဆေးမြစ်ဆေးဥများဖြင့် လိမ်းကျံလေသည်။

သို့သော်လည်း သက်သာပျောက်ကင်းသွားသည်မဟုတ်ဘဲ ပို၍ပင် ပွားများလာတော့၏။

ထိုအဖြစ်ကြောင့် ထန်ခွန်နော် ရွာတွင်းသို့ပင် ထွက်ပြုသွားလာလည်ပတ်ခြင်း မပြုတော့ဘဲ အခန်းတွင်း၌သာ အောင်းနေမိသည်။ ကြာတော့ ထန်ခွန်နော် ရောဂါဖြစ်ပွားနေတာကို ရွာတွင်းကလူများ သိရှိသွားကြပြီး ထန်ခွန်နော်တို့မိသားစုအား အရေပြားရောဂါသည် နူနာစွဲကပ်နေသူဟု ပြောဆိုကြကာ ဆက်ဆံခေါ်ပြောခြင်း မပြုလုပ်ကြတော့ပေ။

ထန်ခွန်နော်သည် ရိုးသားဖြူစင်သူဖြစ်သည်။

သို့သော် ဤကပ်ရောဂါဆိုးကြီးသည် သူထံသို့ မည်သို့မည်ပုံ ဆိုက်ရောက်စွဲကပ်လာသည်မှန်း ထန်ခွန်နော် စဉ်းစားတွေးကြည့်ပါသော်လည်း မည်သို့မျှ စဉ်းစား၍မရချေ။

နောက်ဆုံး၌မူ ရွာတွင်းရှိလူများသည် သူတို့မိသားစုအား ကျဉ်ဖယ်ထားကြပြီဖြစ်၍ ထန်ခွန်နော်တို့မိသားစုသည် ရွာမှာ မနေနိုင်



www.burmeseclassic.com

www.burmeseclassic.com



ကြတော့ဘဲ ဤတောင်မြင့်ကြီးများအကြားရှိ စမ်းချောင်းလေးဖြင့် မနီးမဝေးတွင် လာရောက်နေထိုင်ကြလေတော့သည်။

ဤနေရာလေးမှာ တောတွင်း၌ အသီးအနှံ အရွက်များ နှုးသွတ်၍လည်းကောင်း။ ဖွတ်ရှာ,ယုန်ထောင်၍လည်းကောင်း။ စမ်းချောင်းထဲရှိ ကျောက်ငါးလေးများအား ဖမ်းဆီး၍လည်းကောင်း မိသားစု ချမ်းမြေ့ပျော်ရွှင်စွာ နေထိုင်လာခဲ့သည်မှာ ယခုချိန်ထိပင်ဖြစ်၏။

ထန်ခွန်နော်သည် ရွာသို့မသွားသော်လည်း သူတို့နေသော တောင်ကြားသည် ရွာမြင့်သိပ်မဝေးလှသဖြင့် ရွာတွင်းရှိ မုဆိုးအချို့နှင့် တောတက်ထင်းခွေသူ တချို့တလေသည် တစ်ခါတစ်ရံ စမ်းချောင်းလေးအနီးသို့ ရောက်ရှိလာတတ်ကြ၏။

သို့သော် ထန်ခွန်နော်တို့ရှိရာသို့ မလာဘဲ ကွင်းရှောင်သွားကြလေသည်။

ထန်ခွန်နော်ကလည်း သူတို့မိသားစုအား နူနာရောဂါသည်၊ အရေပြားရောဂါသည်ဟု ပက်ပက်စက်စက် နှိမ့်ချဖွယ်ခွဲပြီး ရွာကနေ မောင်းထုတ်ခဲ့ကြသော ရွာသူရွာသားများအား စိတ်နာကြည်းထားလေသည်။

ဒီနေရာဝန်းကျင်လေးသည် သူတို့မိသားစုငါးယောက်အဖို့ ချမ်းအေးသာယာသော သုခရိပ်မြုံလေးပင်တည်း။

စမ်းချောင်းထဲ၌ ရေချိုးပြီးသော ထန်ခွန်နော်သည် သူ့မိသားများ၏ လက်ကိုဆွဲကာ ပျော်ရွှင်စွာ တဲလေးရှိရာသို့ ပြန်လာခဲ့ကြ၏။

တောပတ်ဝန်းကျင်တစ်ဝိုက် အမှောင်များ စတင်ဖြန့်ကျက်





ရောက်ရှိနေလေပြီ။

တဲသို့ပြန်ရောက်လျှင် လွယ်ဝါချက်ပြုတ်ထားသည့် ယုန်သားဟင်းဖြင့် မိသားစုငါးယောက် ခေါင်းချင်းဆိုင်၍ ပျော်ရွှင်စွာ စားသောက်ကြလေသည်။

မရှိဆင်းရဲ နွမ်းပါးလှပါသော်လည်း သူတို့မိသားစုဘဝသည် ချမ်းမြေ့ပျော်ရွှင်ဖွယ်ရာပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com

**ဆုံးရှုံးသောအတော်ဒေး**

နေက၏ ချစ်ချစ်တောက်အောင်ပင် ပူပြင်းလွန်းလှသည်။

ပူပြင်းနေသောအပူရှိန်ကြောင့် တောင်တန်းတွေပေါ်ရှိ ရွက်ကြွေရိုးပြတ်ခြောက်များနှင့် အရွက်ကင်းသော ရိုးတံကျဲကျဲရှိနေသော သစ်ပင်များသည် နေ့ရောညပါ တောမီးများ တထိန်ထိန်လောင်ကျွမ်းနေကြ၏။ ညဘက်ဆိုလျှင် တောင်တန်းမီးတွေက မီးစောင်းတန်းမီးပြာသာဒ်အလား။

ဤမျှဆိုးရွားလွန်းသော ရာသီဥတု ဖောက်ပြန်ခြင်းဒဏ်ကို တောင်ပေါ်ရွာလေးများသည် လွန်ခဲ့သောငါးနှစ်ခန့်က တစ်ကြိမ်မှ်ကြုံတွေ့ခဲ့ဖူးသည်။ ယခုနှစ်တွင်ကြုံရသော ရာသီဥတုဒဏ်မှာ ဟိုးတုန်းကထက် ပိုဆိုးရွားလွန်းလှပေသည်။





မိုးကလည်း နှစ်နှစ်ဆက်တိုက် ခေါင်သလို တောင်တန်းပေါ်မှာလည်း တောမီးများ မကြာခဏ လောင်ကျွမ်းနေသဖြင့် မည်သည့်သားကောင် ငှက်မျှ မိုးအား ရှားပါးသွားလေ၏။

ပိတ္တူရွာကလေးသည်လည်း ယင်းတို့ရွာတစ်ဝိုက် ဖုန်းဆိုးတလင်းပြင်ဖြစ်ကာ လွင်တီးခေါင်ပြင်ပင် ဖြစ်လေတော့သည်။ ရွာဝန်းကျင်ရှိ စမ်းချောင်းရေအိုင်များသည်ပင် ရေတစ်စက်မျှ မရှိတော့ပေ။ ရေများခန်းခြောက်သွားကြလေပြီ။

တောင်ယာများမှာလည်း တောမီးကြောင့် နေ့ပူမရ။ မြေကြီးများ ခြောက်သွေ့အက်ကွဲနေသည်။ ထိုအခါ ပိတ္တူရွာသားများသည် အသက်ရှင်ရပ်တည်နိုင်ရေးအတွက် အနည်းငယ်စိမ်းစိုသော တောင်တန်းပေါ်သို့တက်ကာ အမဲသားငါး ရှာဖွေပစ်ခတ်ကြရတော့သည်။

ယင်းသို့အချိန်တွင် ထူးခြားဆန်းကြယ်မှုတစ်ရပ်က ပိတ္တူရွာလေးမှာ ဖြစ်ပေါ်လာခဲ့သည်။

"မောင်ကံရေ ကြားပြီးပြီလားဟေ့"

"ဘာလဲ ဘာအိုက်သံ . . . ဟိုတစ်နေ့က ရိုးပေါ်တက်သွားတဲ့ ငွေးတစ်ယောက် ပျောက်နေတယ်ဆိုတာလား"

"အေးလေကွာ အဲဒါ ထူးဆန်းနေတာပေါ့ အရင်က ဒီတောဒီတောင်တွေထဲမှာ တို့ရွာသားတွေ အမြဲတစေ သွားလာနေကြတာပဲ ဘာအန္တရာယ်နဲ့ ကြုံဖူးလို့လဲ၊ ခု ငွေးပျောက်နေတာ သုံးရက်ရှိပြီ ရွာသားအချို့လည်း တောနင်းရှာတာ ဘယ်မှာမှ မတွေ့ဘူးတဲ့ ငွေးနဲ့ဆိုရင် ရွာကပျောက်သွားတာ သုံးဦးရှိနေပြီကွ။ ပထမ နာထန်ဒုတိယ မောင်ဒိုး၊ ခု ငွေး အုံ့ညြဖရာပဲ"

www.burmeseclassic.com



"ဒီကောင်တွေက မိုးထိတောင်ကြားဘက်ထိ သွားကြတယ် ပြောတာပဲ၊ အဲဒီဘက်က လျှို့မြောင်ထူထပ်သလို သားရဲကောင်ကြီးတွေလည်း ကျက်စားတတ်တာပဲ"

"မိုးထိတောင်ဆိုတာ ဟို ငါတို့ရွာကနေ ကြည့်ထားတဲ့ ထန်ခွန်နော်တို့နေတဲ့နေရာ မဟုတ်လား"

"အင်း . . . ဟုတ်တယ်လေ၊ ရွာကမုဆိုးတွေတောင် တစ်ခါတစ်ရံ ထန်ခွန်နော်တို့နဲ့ အမှတ်မထင် ဆုံကြတယ်တဲ့၊ ဒါပေမဲ့ ထန်ခွန်နော်က သူတို့ကိုကြည့်တဲ့ မျက်ဝန်းတွေက စိမ်းတောက်နေတာပဲတဲ့၊ ရွံရှာမုန်းတီးတဲ့အကြည့်တဲ့"

"အေးလေကွာ . . . ထန်ခွန်နော်က ရွာကနေနှင်ထုတ်လိုက်လို့ ရွာနဲ့ရွာသားတွေအပေါ် နာကြည်းပြီး မုန်းတီးနေမှာပေါ့ကွ"

"ကျုပ် တစ်ခုတွေးမိတယ် ဘအိုက်လုံ"

"ဟေ . . . ဘာတွေးမိလို့လဲ"

မောင်ကံ၏ အရင်းမရှိအဖျားမရှိစကားကြောင့် ဦးအိုက်လုံ ကွမ်းမြုံရင်းက မေးလိုက်၏။

"ဟို . . . ဟိုလေ ကျုပ်တို့ရွာ ရွာသားတွေ ပျောက် . . . ပျောက်နေတာ ထန်ခွန်နော်ရဲ့ပယောဂ ကင်းရဲ့လားမသိဘူး၊ သူက ရွာကိုနာကြည်းနေတာမဟုတ်လား။ ပြီးတော့ ရွာသားတွေကလည်း မိုးထိတောင်တက်သွားသူတွေချည်းပဲ ပျောက်ပျောက်နေတတ်တာ"

"ဟာ . . . မောင်ကံရာ အဲလိုတော့ တပ်အပ်ပြောလို့ ဘယ်ရမလဲ၊ တခြားအန္တရာယ်တွေ့ဘာတွေလည်း တွေ့ကြုံချင် တွေ့ကြုံမှာပဲ၊ ပြီးတော့ တောကနက်တော့ ဟင်းမျိုးတွေ ဘာတွေနဲ့လည်း တွေ့နိုင်





တာပဲ"

ဦးအိုက်လုံသည် စကားကို တွေးတွေးဆဆ ဆင်ခြင်စွာပြောသည်။ ပြောမယ့်သာပြောရသည်။ ထန်ခွန်နော်အား ရွာသားတွေက ရောဂါကူးစက်မှာစိုး၍ ရွာနေဝိုင်းဝိုင်း၍ နှင်ထုတ်ခဲ့စဉ်က တစ်ရွာလုံးအား မီးတောက်လုမတတ် မျက်ဝန်းတွေနှင့်ကြည့်ကာ နာကြည်းခံပြင်းစွာ ထန်ခွန်နော် ပြောခဲ့သည့်စကားကို ဦးအိုက်လုံ ပြန်ကြားယောင်လာသည်။

"ကျုပ်ဟာ ခုချိန်ထိ ရှိုးသားဖြူစင်တယ်၊ ကျုပ်ရောဂါက ကျုပ် လော်လီဖောက်ပြားလို့ဖြစ်တာ မဟုတ်ဘူး။ ကျုပ်အနာနဲ့ ဆေးမြစ်ဥတွေနဲ့မတည့်လို့ ဖြစ်ရတာမှန်း၊ ကျုပ်နားလည်တယ်"

"ကျုပ် ခင်ဗျားတို့ ရွာသူရွာသားတွေကို ခုလို ကျုပ်ကို ခွေးလိုတိရစ္ဆာန်လို ဝိုင်းကြည်ဖယ်ပြီး ရွာကနေနှင်ထုတ်တဲ့အတွက် ကျုပ် ဒီတစ်သက် ကြေမှာမဟုတ်ဘူး"

လူ့ဖြောင့်စိတ်တိုသမား ထန်ခွန်နော်သည် ရွာသားတွေရှေ့မှောက်မှာပင် ဤသို့ကြိမ်းဝါးပြီးနောက် မိသားစုဖြင့်အတူ ရွာကနေ ထွက်သွားခဲ့လေတော့သည်။

မောင်ကံပြောသလိုများ ဖြစ်နေမလား။

မောင်ကံသည် အတန်ကြာ တိတ်ဆိတ်နေပြီးမှ . . .

"ဘအိုက်လုံပြောသလို တောထဲ မျက်စိလည်ပြီး ဟင်းကောင်နဲ့ ကံဆိုးပြီးတိုးတယ်ပဲ ထားပါဦး၊ လိုက်ရှာတာ အလောင်းတော့ တွေ့ရမှာပေါ့၊ ခုဥစ္စာက ပျောက်ချင်းမလှ ပျောက်နေကြတဲ့အဖြစ်၊ ခု ရွာမှာ မိုးခေါင်ယာပျက်လို့ ဒုက္ခဘေးဆိုးနဲ့ ကြုံနေတာတောင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှ တောထဲမသွားဝံ့ကြတော့ဘူး''

''အင်း . . . ငါတို့ရွာတွေလည်း ဒီနှစ်မှ ဘယ်လိုဖြစ်ပြီး ဒီသောင်းဆိုး,ကပ်ဆိုး ကြုံရသလဲမသိပါဘူးကွာ။ ဘယ်သူတွေ သွားဝံ့,မသွားဝံ့ ငါတော့ နောက်နေ့ တောထဲသွားမှာကွ၊ အငတ်တော့မခံနိုင်ဘူး''

''ဘအိုက်လုံလည်း တောထဲသွားရင် သတိဝီရိယနဲ့သွားပေါ့ဗျာ၊ အဲ . . . ယောင်မှားပြီးလို့တော့ မိုးထိတောင်ခြောက် မသွားမိစေနဲ့ဗျို့၊ တော်ကြာ မောင်ဒိုးတို့ ငထွေးတို့လို ပြန်လမ်းမရှိဖြစ်နေဦးမယ်''

''ဟာ . . . ဟောကောင် . . . နိမိတ်မရှိ နမာမရှိကွာ''

ဦးအိုက်လုံ ထိတ်လန့်တကြား မောင်ကံအား ဟန့်ပြောပြောလိုက်လေသည်။ သူ့တွင်လည်း ရိက္ခာက ပြတ်လပ်နေလေပြီ။ ကြာလျှင် စားရေးသောက်ရေး အခက်တွေ့ရတော့မည်မှာ သေချာ၍ တောတွင်းသို့တက်ရန် စိတ်ကူးခြင်းဖြစ်လေသည်။

ရွာတွင်းမှာလည်း အချို့ ငတ်ပြတ်နေကြလေပြီ။

BURMESE CLASSIC .com

## ရှုတောက်စေတဲ့ မသောင်းဆိုးပါးကောင်

ထန်ခွန်နော်သည် ကမ်းပါးပြတ်ကြီးအတိုင်း တရွေ့ရွေ့လျှောက်လာနေသည်။ သူ၏ခြေလှမ်းတွေမှာ လေးလံပင်ပန်းနေသလိုလှုမှာလည်း မောဟိုက်နွမ်းနယ်နေပြီ ဖြစ်လေသည်။ သို့သော် သူနားရှုံမဖြစ်သေးပါ။

သူ လျှို့ကုန်းနှစ်ခုအား ဖြတ်ကျော်လာခဲ့လေပြီ။ နေလယ်ခင်းနေ၏ အပူဒဏ်ကလည်း ပတ်ကြားအက်နေသည့် မြေလွှာခယောင်းများကြားမှာ မိုးတံကျိုးတိုးကျဲတဲမျှသာရှိသော တောကြောင့်ပို၍ ပူလောင်ကြွပ်ရှနေလေသည်။

မနက်ခင်းကစပြီး တဲကနေထွက်လာသော်လည်း ယခုချိန်ထိ စားသောက်စရာ သစ်သီးသစ်ဥများကို ရှာမတွေ့။ ယခင်က ဤနေရာ



www.burmeseclassic.com

www.burmeseclassic.com

လေးမှာ ရွှေငှက်ပျောတောကြီးက စိမ်းညို့ဟီးထနေအောင် ပေါက်ရောက်နေတ၏။

ယခုမူ ချုံခြောက် ထူးရစ်နွယ်ခြောက် ခရောင်းတောသာ မိုးခေါင်နေသည်မှာ နှစ်လကျော်ခန့်ရှိပြီမို့ စမ်းချောင်းများပင် ယခင်က ရေခြေကျွင်းထက်ခန့် မပြတ်တမ်းရှိနေသော်လည်း ယခု နေမင်း၏ အပူဒဏ်ကြောင့် ခန်းခြောက်နေခဲ့ပြီ။

ကျောက်တုံးများအောက်မှ အတော်နက်အောင်တူးမှသာ သဲကျင်းဖြစ်၍ ရေအနည်းငယ်သာရရှိသည်။ လက်တံရှည်အရိုးတပ်သစ်ခွက်ကလေးဖြင့် စိတ်ရှည်စွာ ခပ်ယူနေရသောဘဝ။ မိုးခေါင်လွန်းမက ခေါင်ရသည့်ကြားထဲ တောမီးများကလည်း မကြာခဏ လောင်နေတတ်၍ တောကောင်ငယ်များဖြစ်ကြသော ယုန်၊ ဖွတ်၊ ဖအိပ်မှစ၍ သမင်ဒရယ်များပင် ရေကြည်ရာ,မြက်နုရာတောင်ကြောများဆီသို့ တောပြောင်းသွားကြလေပြီ။

ထန်ခွန်နော် ကုန်းကြောလေးတစ်ခုပေါ်မှာ ခြေပစ်လက်ပစ်ထိုင်ချလိုက်မိသည်။ ပြီးလျှင် ခါးကြားမှာ ချိတ်ဆွဲထားသည့် သစ်ခြောက်ဘူးလေးထဲကရေအား တစ်ငုံမော့သောက်လိုက်မိသည်။

ခန္ဓာကိုယ်မှာ ချွေးများ တဒီးဒီးကျဆင်းနေသဖြင့် ထန်ခွန်နော်၏ တစ်ကိုယ်လုံးရှိ အနာပြည်ဖုကြီးများမှာ ပိုမိုပြည်တွေရွဲကာ ယားယံလိုလာလေသည်။

ဒါကလည်း ထန်ခွန်နော်၏ ဆိုးရွားလှသော ဘဝဝဋ်ကြွေးတစ်ခုပင်။

မိုးစတင်ခေါင်သည့် ကာလမှစ၍ သူ၏ရောဂါများမှာလည်း





ပိုမိုပင် ယခင်ကထက် ဆိုးရွားလာလေသည်။ လွှယ်ဝါကမူ သူ့အား တဲ၌ နားနားနေနေနေကာ သူ့ပင်လျှင် စားသောက်စရာ သီးနှံသစ်သီးသစ်ဥများ တောထဲလိုက်လံရှာဖွေမည် ပြောသည်။

ဒါပေမဲ့ လွှယ်ဝါသည် တောကို သူ့လောက်ကျွမ်းကျင်သူ မဟုတ်။

တောတွင်း၌ သူတို့လိုလူသားများကဲ့သို့ပင် မိုးခေါင်သောဒဏ်ကြောင့် တောတိရစ္ဆာန်ငယ်များ မရှိတော့သဖြင့် အစာရေစာပြတ်လပ်နေသော တောကောင်ကြီးအချို့၏ အန္တရာယ်ကလည်း ရှိပေသေးသည်။

လွန်ခဲ့သော ငါးရက်ခန့်လောက်က လျှိုစောက်ကြီးတစ်ခုအတွင်းမှာ တောဘုရင်ဟင်းကောင်ကြီး စားထားသော လူသေအလောင်းတစ်ခုအား ထန်ခွန်နော် တွေ့မြင်ခဲ့ရသေး၏။

ပုပ်ပွပြီး လူရုပ်ပင် မပီတော့၍ မည်သူမည်ဝါမှန်း မသိရသော်လည်း သူတို့ရွာက ရွာသားတစ်ယောက်ကလွဲ၍ မည်သူမျှမဖြစ်နိုင်။

တောထဲ သစ်သီးသစ်ဥ လာရောက်တူးဆွရှာဖွေရင်း ဟင်းကောင်ဖြင့်တိုးကာ ကံဆိုးသွားပုံရလေသည်။

ယခင်က ဤနေရာဝန်းကျင်များမှာ ဟင်းကောင်အား မတွေ့မမြင်ရသလောက် ရှိပါသော်လည်း မိုးခေါင်ပြီးသိပ်မကြာခင် ဟင်းကောင်ကြီး၏ ခြေရာအချို့အား တွေ့လာခဲ့ရသဖြင့် . . .

တောများလာသည့် ဟင်းကောင်ကြီးပေပဲလား။

နယ်မြေစားကျက်အသစ် ရှာဖွေသော ဟင်းကောင်ကြီးပေပဲ


www.burmeseclassic.com

www.burmeseclassic.com



လာ၊ ထန်ခွန်နော် မတွေးတတ်ပါချေ။

ဒီရက်များအတွင်း အရှေ့ဘက်ကြောထဲမှ တစ်ခါတစ်ရံ ဟင်းကောင်ကြီးဟိန်းသံအား ကြားနေရလေ့ရှိသည်။

ဒါကြောင့်လည်း ဖန်းသည့်လွယ်ဝါရော သမီးကြီးနှင့် သား ငယ် သမီးငယ်လေးကိုပါ တဲဝန်းကျင်ကနေ ဘယ်မှမသွားနိုင်းဘဲ စားသောက်စရာများကို သူသာ ရောဂါသည်းနေလျက်က တောတွင်းမှာ လိုက်လံရှာဖွေနေရခြင်းဖြစ်သည်။

ထန်ခွန်နော် နေရာကနေ လှမ်းထွက်ခဲ့ကာ လျှိုတစ်ခုထဲ ဆင်းလာခဲ့သည်။ လျှိုမှာ အတော်အတန် ကျယ်ပြန့်လေသည်။

ကျောက်တုံးကျောက်ခွယ်များထက် ကူးသန်းလှမ်းလျှောက် လာရာမှ ...

"ဟင်"

ထန်ခွန်နော် ဝမ်းသာသွားရလေသည်။ မည်သည့်အတွက် ကြောင့်ဆိုသော် သူ၏ရှေ့တစ်ကမ်း လျှိုနံဘေးမှာပေါက်နေသော တောငှက်ပျောတစ်ပင်နှင့် ငှက်ပျောနိုင်အား တွေ့မြင်လိုက်ရခြင်းကြောင့် ပင်တည်း။

ထန်ခွန်နော် ဝမ်းသာအားရ အမြန်လှမ်းကာ ပါလာသော တောလိုက်ဓားမြှောင်ဖြင့် ကြီးမားလှသော ငှက်ပျောနိုင်ကြီးအား ခုတ် ယူလိုက်လေသည်။ ဒီငှက်ပျောနိုင်သည် သူတို့မိသားစု နှစ်ရက်စာခန့် ဝမ်းရေးဖူလုံသွားစေပြီ။

ထန်ခွန်နော် ငှက်ပျောနိုင်ထမ်းကာ လျှိုပေါ်သို့ပြန်တက်ပြီး အပြန်လမ်းဆီသို့ ခြေလှမ်းတွေ ဦးတည်လိုက်လေတော့သည်။





ထန်ခွန်နော်သည် ငှက်ပျောနိုင်ကြီးအားထမ်းလျက် ချုံနွယ် မြက်ခြောက်တောများကြားကနေ တဲရှိရာသို့ လျှောက်လာနေလေ သည်။

"ဟင်"

ယင်းသို့ လျှောက်လှမ်းလာရာကနေ ရှေ့ဘက် မြေကုန်းစပ် ပေါ်မှာ လဲကျနေသော အရာဝတ္ထုတစ်ခုအား မြင်တွေ့လိုက်ရသဖြင့် ရုတ်တရက် အံ့ဩသွားရလေသည်။

မနီးမဝေးမို့ ကြည့်ရတာ လူတစ်ယောက်ဖြစ်ပုံ ပေါ်လေ သည်။ ထန်ခွန်နော် ယင်းအရာဝတ္ထုရာရှိသို့ သွက်လက်စွာပင် လှမ်း လျှောက်သွားလိုက်၏။ အနီးသို့ရောက်သော် ...

"ဟာ"

ထန်ခွန်နော် သွေးပျက်မတတ် ထိတ်လန့်သွားလေ၏။ ယင်း လူမှာ ဝမ်းဗိုက်တစ်ခုလုံးပွင့်နေပြီး အသက်သေသေးဟန်မတူပေ။

ကြည့်ရတာ ဟင်းကောင်ဖြင့်တွေ့ကြုံသွားရပြီး ဟင်းကောင် ၏အဝိုက်အနိုက်ခံထိ ခံလိုက်ရသော ရွာသားတစ်ဦးပင် ဖြစ်ပေလိမ့် မည်။

"ဟင် ... ဦးအိုက်လုံ"

ထန်ခွန်နော် ငှက်ပျောနိုင်အား ပုန်းခနဲပစ်ချလိုက်ပြီး ဦးအိုက် လုံအား အမြန်ပွေ့ချီလိုက်သည်။ ဦးအိုက်လုံမှာ အသက်မသေသေး ချေ။ မပီမသဖြင့် ...

"ဟင်း ... ဟင်းကောင်"

"ဦးအိုက်လုံ"



www.burmeseclassic.com

www.burmeseclassic.com



ဒါပဲပြောပြီး ဦးအိုက်လုံ ငြိမ်သက်သွားလေတော့သည်။ ထန်ခွန်နော်သည် ဦးအိုက်လုံ ယခုကဲ့သို့ ဟင်းကောင်ကြီးဖြင့်တိုးကာ မချိမဆံ့ အသေဆိုးဖြင့်သေဆုံးသွားရခြင်းအတွက် များစွာစိတ်မကောင်းဖြစ်မိလေသည်။

သူ၏ကိုယ်မှာလည်း ဦးအိုက်လုံအား စိုးရိမ်တကြီး ပွေ့ဖက်ထားမိသဖြင့် သွေးများ စွန်းထင်းပေကျံသွားတော့၏။

ထန်ခွန်နော် ဦးအိုက်လုံ၏ ပွင့်နေသောဝမ်းဗိုက်ထဲကနေ ထွက်ကျနေသော အူကြီးအား ကောက်ယူကာ ဝမ်းဗိုက်ထဲ ပြန်လည်ထည့်ပေးလိုက်၏။

"ဟင်"

ရုတ်တရက်တွေ့မြင်လိုက်ရသော မြင်ကွင်းကြောင့် မောင်တိုးသည် သွေးပျက်ထိတ်လန့်သွားရလေသည်။

သူတို့နှစ်ယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိကြသည်။ သူတို့မြင်တွေ့လိုက်ရသော မြင်ကွင်းမှာ အံ့သြသွေးပျက်ပြီး ကြောက်လန့်စရာ။

တစ်ချိန်က သူတို့ရွာမှာနေခဲ့ဖူးသော ရွာကနေ နှင်ထုတ်ခံရသည့် ထန်ခွန်နော်အား သွေးများစက်လက်ပေကျံလျက် ဦးအိုက်လုံကြီး၏ အလောင်းနားမှာ အူကြီးကိုင်လျက် တွေ့မြင်လိုက်ရခြင်းကြောင့်ပင်တည်း။

ထိုမြင်ကွင်းသည် သူတို့အား သွေးပျက်ထိတ်လန့်သွားစေခဲ့သည်။

"ဒီ ... ဒီကောင် ထန်ခွန်နော်"

ဖုံရှင်အောင်ဇေယ



"ပြေး ... ပြေးကြစို့ မောင်တိုး"

အဖော်ဖြစ်သူ ဆန်ဖျားသည်လည်း မေးရိုက်သံဖြင့်ပြောဆိုလိုက်ကာ နှစ်ယောက်သား ချက်ချင်းလိုလို ပုန်းကွယ်နေသော ချုံကွယ်ကနေ တစ်ချိုးတည်း တန်းပြေးလေတော့သတည်း။

နောက်ကြောင်းအား တစ်ချက်ကလေးမျှပင် လှည့်မကြည့်ကြတော့။

ဒီအဖြစ်ကိုတော့ ထန်ခွန်နော်သည် မမြင်မသိလိုက်ပါချေ။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

မလှလျှင်ရှုန်းမှာချို

မောင်တိုးနှင့် ဆန်ဖျားပြောသော စကားများအား နားထောင်ရင်း ရွာသူကြီးသည် မျက်မှောင်တွန့်ကျုံ့လျက် မျက်လုံးပြူးဝိုင်းသွားသည်။ တစ်ဆက်တည်း မေးလိုက်၏။

"မင်းတို့မြင်တာ သေချာရဲ့လား ဆန်ဖျား"

"ဟာ ... ဦးဇော်လွှမ်းကလည်းဗျာ ကျုပ်တို့က သေချာမမြင်ဘဲနဲ့ ရမ်းသန်းပြီးပြောပါ့မလားဗျ။ မျက်စိနဲ့ တပ်အပ်ကို သေချာမြင်ခဲ့တာ၊ ဦးအိုက်လုံရဲ့နံဘေးမှာ ထန်ခွန်နော်မှ ထန်ခွန်နော်အစစ်"

"သွေးတွေကလည်း တစ်ကိုယ်လုံးပေလို့၊ အူကြီးတိုတောင်ကိုင်ကြည့်နေတာဗျ။ မယုံရင် ငတိုးကိုမေးကြည့်ဗျာ ... ကဲ"

ဆန်ဖျားသည် သူ့စကားကို အဖော်ပါလာသူ မောင်တိုးအား





သက်သေထူလိုက်၏။ မောင်တိုးကလည်း ဦးဇော်လွှမ်းအား မရဲတရဲကြည့်ကာ ကတုန်ကယင်ဖြင့် ...

"ဟုတ် ... ဟုတ်တယ်ဗျ ဦးကြီးဇော်လွှမ်း၊ ကျုပ်တို့သုံးယောက်က မနက်ကတည်းက သစ်သီးသစ်ဥရှာဖို့ တောထဲထွက်သွားတာ၊ အဲဒါ နေ့လယ်လောက်မှာ လူချင်းကွဲသွားကြတာ၊ ဦးအိုက်လုံပျောက်နေတာ အော်သံပေးလည်းမရလို့ လိုက်ရှာကြရင်း သွားတွေ့တာပဲ၊ ကျုပ်တို့တွေ့တော့ ထန်ခွန်က ဦးအိုက်လုံကို စားတော့မလို့ဗျ ... သိလား၊ သွေးတွေသံတွေနဲ့ အဟီး ... ကြောက်လိုက်တာဗျာ"

မောင်တိုးသည် တစ်ဖန်ဆက်၍ ...

"သူကြီးရာ ကျုပ် ... ကျုပ်တို့ သံသယရှိတဲ့အတိုင်းပဲ သေချာနေပြီဗျ၊ ထန်ခွန်နော်က သူ့ကို ရွာကနေနှင်ထုတ်လိုက်လို့ အခဲမကြေဖြစ်နေတာ၊ ရွာသားတွေ ပျောက်ပျောက်နေတာ ဒီ ... ဒီကောင်ခုလိုပဲ သတ်ဖြတ်ပြီး စားသောက်နေတာဖြစ်မယ်"

"ဟုတ်တယ် သူကြီး၊ ဒီကောင့်ကို အပြတ်မရှင်းရင် ကြာရင် ကျုပ်တို့တစ်ရွာလုံး ပြုတ်ပြုတ်ပြုန်းသွားလိမ့်မယ်၊ အမြန်ရှင်းပစ်မှ ကွအေးမှာ၊ ရွာထဲကလည်း သိကုန်ကြပြီ"

"မင်းတို့က ဘယ်လိုလုပ်ချင်လို့လဲ"

"ဟာ ... ဘာလုပ်ရမလဲဗျာ၊ ခုနပြောသလို ကျုပ်တို့က သူ့ကိုမရှင်းရင် သူက ခုလိုမျိုးပဲ ရွာကို အမည်းခြေခြေနေမှာပေါ့၊ ကျုပ်တို့ထက်စာရင် ဒီကောင်က တောကျွမ်းတယ်ဗျ၊ အချိန်ဆိုင်းလို့မဖြစ်ဘူး"

"ဟုတ်တယ် ဦးကြီးဇော်လွှမ်း ... အမြန်ဆုံး ဆုံးဖြတ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဆန်းဖျားခါစကားကြောင့် ရွာလူကြီးဦးဖော်လွှမ်တစ်ယောက် ခေါင်းထဲ နောက်ကျိုရှုပ်ထွေးသွားမိလေတော့သည်။ ယမန်နေ့က ရွာက အိုက်လုံနှင့် ဒီကောင်တွေနှစ်ယောက် တောထဲသို့ သစ်သီးသစ်ဥများ ရှာဖွေရန်သွားကြပြီး မနေ့ညကနေက ဆန်းဖျားရော မောင်တိုးပါ ထိတ်လန့်ချောက်ချားစွာ ပြန်ပြေးလာကြပြီး ယခု သူအား ဦးအိုက်လုံ သေဆုံးသွားကြောင်း၊ ထန်ခွန်နော်သည် သွေးသံရဲရဲဖြင့် ဦးအိုက်လုံဝမ်းဗိုက်ကိုဖောက်ကာ အူများစားသောက်ရန် ပြင်ဆင်နေကြောင်း လာရောက်အသိပေးခြင်းဖြစ်သည်။ ဟုတ်,မဟုတ်တော့ ဦးဖော်လွှမ် လက်တွေ့မမြင်ရသေး မသိ။

သူတို့၏စိတ်တွင်း၌ ထိတ်လန့်ချောက်ချားနေကြသလို မျက်နှာပြင်ပေါ်မှာလည်း ဒေါသရိပ်များ လွှမ်းခြုံနေလေသည်။

ဘာပဲဖြစ်ဖြစ် မိမိသည် ဒီပီတူးရွာလေး၏ ရွာလူကြီးဖြစ်သည်။ ရွာသူရွာသားများ၏ ကျန်းမာရေး ချမ်းသာရေးမှစ၍ အရာအားလုံးသည် ရွာလူကြီးတစ်ယောက်၏ ဆုံးဖြတ်ချက်ပေါ် မူတည်နေလေ၏။

နောက်ဆုံး ...

"ကဲ ... ဒါဆိုလည်း လူစုချည်ကွာ၊ ငါတို့ မိုးထိတောင်ခြေကို သွားကြရအောင်"

"ခုချက်ချင်းစုလိုက်မယ် ဦးကြီးဖော်လွှမ်"

ဆန်းဖျားတို့နှစ်ယောက် ချက်ချင်းပြေးထွက်သွားကြသည်။

ခဏကြာတော့ ရွာထဲက အားကောင်းမောင်းသန် လူငယ်လူရွယ်များနှင့်အတူ သူတို့သည် မိုးထိတောင်ရှိရာဘက်သို့ သွားနေကြ





လေပြီ။

ယင်းလူစုထဲမှာ ယခုသေဆုံးသူ ဦးအိုက်လုံ၏ သားနှစ်ယောက်ဖြစ်သော အိုက်ပိနှင့် စိုင်းကျောက်တို့လည်း ပါလေသည်။ ယင်းတို့နှစ်ယောက်မှာ သူ၏ဖခင်ဖြစ်သူ ဦးအိုက်လုံအကြောင်း ဆန်းဖျားတို့နှစ်ယောက် ပြောပြထား၍ ဒေါသအမျက် ခြောင်းခြောင်းထွက်နေကြလေသည်။

တစ်လမ်းလုံး အံတကြိတ်ကြိတ် တက်တခေါက်ခေါက်။ စိုင်းကျောက်ထက်စာလျှင် အိုက်ပိသည် ပို၍ဒေါသပြင်းထန်လေသည်။ စိတ်ဓာတ်လည်း ပို၍ခက်ထန်လေသည်။

"တောက် ... ငါ့အဖေ အသေဆိုးနဲ့သေသလို သင်းလည်းသေစေရမယ် ... ကဲကွာ ... ကဲ"

'ဒုတ်'

အိုက်ပိ၏လက်တွင်းရှိ ဆောင်ဓားရှည်သည် အနီးရှိ လက်မောင်းလုံးခန့်ရှိ သစ်ပင်အား တိခနဲ ပြတ်ကျသွားစေ၏။ ဦးဖော်လွှမ်သည် အိုက်ပိ၏ စိတ်ခက်ထန်မှုအား သိထားသူပီပီ ...

"ဟော့ကောင်အိုက်ပိ ... ခြေလွန်လက်လွန် ဘာမှမဖြစ်စေနဲ့နော်"

"စိတ်ချပါဗျာ ... ဘာမှမဖြစ်စေရပါဘူး"

အိုက်ပိသည် ပါးစပ်ကသာပြောသော်လည်း မျက်ဝန်းတွေကမူ ဒေါသကြောင့် သွေးငယ်ကျဉ်းမြောင်းလျက်ရှိသည်။ မိုးထိတောင်ခြေသို့ မှန်းမတည့်ခင် သူတို့လူစု ရောက်သွားကြလေသည်။

ဆန်းဖျားတို့နှစ်ယောက် မြင်တွေ့ခဲ့သောနေရာသို့ အရောက်



www.burmeseclassic.com

www.burmeseclassic.com



တွင် ဦးအိုက်လုံ၏အလောင်းအား မတွေ့ရတော့ပေ။ ထိုနေရာတွင် ခြောက်သွေ့ပြေနေသော သွေးကွက်ကြီးကိုသာ အားလုံးမြင်တွေ့ကြရလေသည်။

"အလောင်းကြီး မရှိတော့ဘူးကွ"

"အေး ... ဟုတ်တယ် ... ဒီကောင်ယူသွားပြီထင်တယ်"

'တောက်'

အိုက်ပိသည် ခံပြင်းလွန်းလှစွာ အံကြိတ်တက်ခေါက်ပြီး မည်သူမျှ မတားမြစ်နိုင်ခင်မှာပဲ တောလမ်းအတိုင်း ဆောင်ဓားကိုင်ကာ အပြေးလှမ်းထွက်သွားလေတော့သည်။

"အိုက်ပိ ... အိုက်ပိ"

အိုက်ပိ၊ ထန်ခွန်နော်၏ တဲရှိရာသို့သွားမည်ကို သိသွားကြသဖြင့် ရွာသားများ နောက်ကနေ ပြေးလိုက်သွားကြလေတော့သည်။ သူတို့တစ်တွေလည်း ဒေါသထွက်နေကြသည်။ အိုက်ပိသည် စမ်းချောင်းလေးနံဘေးရှိ ထန်ခွန်နော်တို့မိသားစုနေထိုင်ရာ တဲလေးသို့ ရောက်ရှိသွားသည်။

ယင်းအချိန် ထန်ခွန်နော်မှာ သူ၏အနာရောဂါဝေဒနာ ဆိုးရွားနေချိန်ဖြစ်လေသည်။ အိုက်ပိသည် တဲတွင်းသို့ အပြေးလှမ်းဝင်လိုက်၏။

"ငါ့အဖေကိုသတ်ပြီး အသွေးစားတဲ့ နာနာဘာဝကောင် သေပေတော့ ... ကဲကွာ"

"ဟုတ်"

"အား"





"အမလေး ... ကိုထန်ခွန်သေပါပြီရှင်"

"အေး ... ထန်ခွန်တင်မဟုတ်ဘူး မကောင်းဆိုးဝါး နာနာဘာဝတွေ ပူးကပ်နေတဲ့ နင့်ကိုရော နင်တို့တစ်မိသားစုလုံးကိုပါ ကျူပင်ခုတ် ကျူငုတ်မကျန်ရစ်အောင် ရှင်းပစ်ရမယ် ကဲကွာ ... ကဲ ... သေစမ်း"

'ဒုတ်'

အိုက်ပိမှာ သရဲသဘက်စီးနေသူပမာ ကြောက်လန့်တကြား ထွက်ပြေးမည်ပြင်နေသော လွယ်ဝါကိုပါ ဓားဖြင့်ပိုင်းလိုက်၏။ လွယ်ဝါ အသံပင်မထွက်နိုင်ရှာဘဲ သွေးအိုင်ထဲ လဲကျသွားလေသည်။

ယင်းအချိန်တွင် တဲအပြင်ဘက်မှ ရွာသားများသည် ...

"ဟော့ ... ဘယ်မှာလဲ ထန်ခွန်နော်"

"သတ်ပစ် ... သတ်ပစ်၊ ရွာကို အငြိုးနဲ့ ဒုက္ခပေးတာ"

ခဏအကြာတွင် ထန်ခွန်နော်၏တဲလေးမှာ ကြီးမားသောမီးတောက်ကြီးအဖြစ် ပြောင်းလဲသွားလေသည်

"ဘုရား ... ဘုရား ... ရက်စက်လိုက်ကြတာရှင်၊ အ ... အဖေတို့ သေပြီ"

ယင်းအဖြစ်အပျက်အား တောတွင်းကနေ သစ်သီးသစ်ဥများ ရှာဖွေကာ ဝမ်းသာအားရပြန်လာခဲ့သော ထန်ခွန်နော်၏သမီးကြီးဖြစ်သူမှာ အစအဆုံး မြင်တွေ့နေရလေသည်။ သူမ၏မျက်စိရှေ့မှောက်မှာပင် သူမ၏ဖခင်ဖြစ်သူ မိခင်ဖြစ်သူနှင့်တကွ မောင်ငယ်ရော ညီမငယ်ကိုပါ ရက်စက်စွာ သတ်ဖြတ်နေသော ရွာသားများအားကြည့်ကာ မေဓာမှာ ကြောက်လန့်တကြား တခဝတ်ခဝတ်တုန်လျက် ချုံကွယ်



www.burmeseclassic.com

www.burmeseclassic.com



၌ ငြိမ်သက်နေမိရှာသည်။ အသံမထွက်ရဲ။

သူမ၏နှုတ်ခမ်းလေးကိုလည်း မအော်ဟစ်မိလေအောင် လက်ဖြင့်အတင်းပိတ်ထားမိလေသည်။ သူမကိုပါ တွေ့မြင်သွားလျှင် ရွာသားများသည် သတ်ဖြတ်လိမ့်မည်။

"ငါ့ . . . ငါ့ကိုပါတွေ့သွားရင် သူတို့သတ်မှာသေချာတယ် အဖေရော မောင်လေးရော အားလုံးသေကုန်ပြီ ရက်စက်လိုက်တာ သူတို့ကို ငါမကြေဘူး"

"နောက် . . . နောက်ပြီး ငါ ဒီနေရာကနေ လွတ်အောင် ပြေးမှ ဖြစ်မယ်၊ ပြေးမှ ငါ . . . ငါကြောက်လိုက်တာ"

ရွာသားများပျောက်ကွယ်သွားသည်နှင့် သူမသည် ပြာပုံအတိ ဖြစ်နေသော သူမတို့မိသားစု ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်ခဲ့သော နေရာလေးအားကြည့်လိုက်ပြီး တောတွင်းသို့ အပြေးလှမ်းဝင်ခဲ့မိလေတော့သည်။

သူမ ဤနေရာဖြင့်ဝေးအောင်ပြေးမှ လွတ်မြောက်ပေမည်။

ဘိုးသူတော်ကြီးနှင့်တွေ့ဆုံခြင်း

အမှောင်ရိပ်တို့သည် ပတ်ဝန်းကျင်တစ်ခုလုံး ပိန်းပိတ်နေအောင် လွှမ်းခြုံထားသည်။ တော၏အော်သံကို တရှိန်ရှိန်ကြားနေရသဖြင့် သူမ၏စိတ်ထဲမှာ ထိတ်လန့်ချောက်ချားလာခဲ့မိတာ အမှန်ပင်ဖြစ်သည်။

သူမ ရောက်နေသော ကျောက်ဂူကြီးထဲကနေ အပြင်ဘက် အမှောင်လွှင်ပြင်ကြီးထဲမှ အရောင်တလက်လက် အရာလေးများအား ကြည့်ကာ ကြောက်ရွံ့နေမိသည်။ တောကောင်ကြီးတွေလား သူမ ကြောက်သည့် မြွေတွေရဲ့ မျက်လုံးတွေပဲလား သူမ မတွေးတတ်ပါချေ။

သူမ၏အသက်ကို သတ်ဖြတ်မည်ကို စိုးရိမ်ထိတ်လန့်ကာ အကြောက်တရားတစ်ခုနှင့် တောနက်ကြီးအတွင်းသို့ ချုံနွယ်ပိတ်



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းများအား တိုးဝှေ့ဖြတ်သန်းလာခဲ့ရာ နောက်ဆုံး ဤကျောက်ဂူကြီးဆီသို့ ရောက်လာခဲ့၏။ နေမဝင်မီကပင် ဖြစ်သည်။

ဒီကျောက်ဂူကြီးသည် သူမအတွက် လုံခြုံစိတ်ချရမည်ဟု စဉ်းစားဆုံးဖြတ်လိုက်ပြီး မေဇာသည် ဤကျောက်ဂူထဲမှာပင် အိပ်စက်နားနေမည်ဟု ပြင်ဆင်လိုက်သည်။ နေမဝင်မီကပင် ကျောက်ဂူရှေ့ရှိ သစ်ရွက်ခြောက်များ၊ သစ်ကိုင်းများသယ်ရွှေ့ကာ မီးဖိုရန်ပြင်ဆင်သည်။ မီးခတ်ကျောက်တော့ မရှိ။

သို့သော် ဂူထဲမှာ မီးခတ်ကျောက်တွေရှိသည်။

မေဇာသည် ရွက်ခြောက်များ ကိုင်းခြောက်များ စုပုံထားရာတွင် ကျောက်နှစ်ခုအားထိခတ်ကာ မီးရအောင်လုပ်လိုက်၏။ ချက်ချင်းပင် သစ်ခြောက်များအား မီးစွဲလောင်ကာ ကျောက်ဂူထဲ မီးရောင်လဲ့လဲ့လင်းထိန်လာ၏။ မီးရောင်တွေ့လျှင် တောကောင်ကြီးများ ကြောက်ရွံ့တတ်သည်ဟု ဖခင်ဖြစ်သူ ထန်ခွန်နော် ပြောထားဖူးသည်။

ယခုတော့ ဖခင်ရော မိခင်ရောတင်မက လူမမယ် မောင်လေးရော ညီမလေးပါ သူမ၏မျက်စိရှေ့မှောက်မှာပင် ရှာသားတွေက ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ကြသည်။ သူမပင်လျှင် အပြေးကောင်း၍ လွတ်မြောက်ခဲ့သည် မဟုတ်ပါလား။

မီးဖိုနံဘေးမှာထိုင်နေရင်း သူမဝမ်းပန်းတနည်း ငိုကြွေးနေမိသည်။ ယခုတော့ သူမ၏ဘဝသည် တစ်ကောင်ကြွက်ဖြစ်သွားခဲ့လေပြီ။ ရှေ့ဆက်၍ ဤမှုန်ကုန်သော တောကြီးအလယ်မှာ သူမဘာသာ ရှာဖွေစားသောက်၍ အသက်ရှင်ရပ်တည်နေရပေတော့မည်။

မိဘနှစ်ပါးနှင့် မောင်နှမတွေကို သတိရမိတော့ သူမ အံ





ကြိတ်ထားမိသည်။ ပိတုန်းရှာနှင့် ရှာသားတွေအပေါ်လည်း သူမ ဤတစ်သက် ခွင့်မလွှတ်နိုင်လောက်အောင် မုန်းတီးနာကြည်းနေမိလေသည်။

ရုတ်တရက် ဝမ်းဗိုက်ကာ ဆာလောင်မွတ်သိပ်လာသည်။

ခုနထဲက ကျောက်ဂူရှေ့နားမှာတွေ့၍ ခူးဆွတ်ထားသော ပြောင်းဖူးများအား မီးဖုတ်ကာ အားရပါးရ စားမိလေတော့၏။ ဒီကျောက်ဂူနားတစ်ဝိုက်မှာ သစ်သီးများပေါမည့်ပုံ ပေါ်လေသည်။

သူမ စားသောက်ပြီးချိန်လောက်တွင် ...

'ဝေါင်း'

"အမလေး"

ကျောက်ဂူအပြင်ဘက် တောနက်တွင်းမှ ကျယ်လောင်သော ကျားကောင်ဟိန်းသံကြီးကြောင့် မေဇာ၏ကိုယ်လေး ဆတ်ခနဲတုန်လှုပ်သွားရ၏။

"ဘုရား ... ဘုရား ... ကျောက်ဂူကြီးထဲ ဝင်လာရင်တော့ ဒုက္ခပါပဲ"

သူမသည် ဂူအပြင်ဘက် အမှောင်ရိပ်ထဲသို့ မျှော်မှန်းကြည့်ရင်း မီးပုံတွင်းသို့ ထင်းချောင်းများအား ထပ်မံထိုးထည့်နေမိလေတော့သည်။

မီးအလင်းရောင်ကြောင့် ဟင်းကောင်ကြီးများ လာဝံ့ကြမှာ မဟုတ်ချေ။ သို့သော်လည်း သူမအိပ်မပျော်ခင်အချိန်ထိ တောနက်တွင်းမှ တဝေါဝေါလေတိုးသံများ၊ ညည့်ငှက်ပိုးမွှားများ အော်မြည်သံများ၊ ဟင်းကောင်ကြီး၏ မတိုးမကျယ် ဟိန်းဟောက်သံများအား ကြားယောင်နေရဆဲပါပင်တည်း။



www.burmeseclassic.com

www.burmeseclassic.com



သည့်နောက် သူမသည် ပင်ပန်းမော်ပန်းဟိုက်ရှာပင် အိပ်ပျော်သွားလေတော့သည်။

သူမ အိပ်ပျော်နေချိန်တွင် အိပ်မက်တစ်ခုမက်လေသည်။

"သမီးလေးမေဇာ"

"ဟင်"

ရုတ်တရက် သူမ လန့်နိုးသလို ခံစားလိုက်ရရင်း ကြည့်လိုက်မိတော့ ဂူတွင်းရှိ အလင်းရောင်အောက်၌ သူမနံဘေးတွင်ရပ်နေသော သဏ္ဍာန်တစ်ခုအား မြင်တွေ့လိုက်ရ၏။

ရုတ်တရက်သော် သူမ ထိတ်ခနဲဖြစ်သွားမိသည်။

သို့သော်လည်း နံဘေး၌ မတ်တတ်ရပ်နေသည့် အရိပ်သဏ္ဍာန်ကြီးထံကနေ ပီသကြည်လင်သောစကားသံ ပေါ်ထွက်လာလေ၏။

"ဘသူတော်ကိုတွေ့လိုက်ရလို့ ကြောက်သွားသလား သမီးမေဇာ၊ မကြောက်ပါနဲ့ ဘသူတော်က သမီးကို အန္တရာယ်ပြုမယ့်သူ မဟုတ်ပါဘူး။ သမီးကို အန္တရာယ်တွေကနေ ကာကွယ်ပေးမယ့်သူပဲ။ စောစောက တစ်ချိန်လုံး ဒီကျောက်ဂူပေါက်နားမှာ ချောင်းမြောင်းနေတဲ့ ကျားကောင်ဆိုးကြီးကိုလည်း ဘသူတော် အဝေးမောင်းထုတ်လိုက်ပါပြီ"

"ဟင်"

ယခုမှပင် သူမ တစ်ချိန်လုံးကြားနေရသော ဟင်းဖိုကောင်ကြီးဟိန်းသံမှာသူမအား ချောင်းမြောင်းနေမှန်း သူမ သိလိုက်ရလေတော့သည်။ သူမသည် သူမရှေ့တွင် မီးရောင်လဲ့လဲ့အောက် မြင်နေရ





သော အဖြူရောင်ဝတ်စုံရှင်လူကြီးအား ကျေးဇူးတင်သောမျက်ဝန်းများဖြင့် လှမ်းကြည့်မိလိုက်၏။

"ကျေး ... ကျေးဇူးတင်ပါတယ် အဘိုး။ သ ... သမီး အရမ်းကြောက်နေတာ"

"ဒီနယ်မြေ၊ ဒီဧရိယာဟာ ဘိုးဘိုးတို့ပိုင်နက်နယ်မြေပဲကွယ့်၊ ဘာမှကြောက်လန့်စရာမလိုဘူး။ သမီးအပေါ်ကို မည်သည့်အန္တရာယ်မှ မကျရောက်စေရဘူးလို့ အဘိုး အာမခံပါတယ်။ ဒါပေမဲ့ ဒီကျောက်ဂူကြီးဟာ ဟိုးယခင်က သားရဲတွင်းအဟောင်းကြီးပဲကွယ့်၊ သမီး ဒီမှာနေဖို့ မသင့်တော် မလုံခြုံပေဘူး။ ဒါပေမဲ့ သမီးမေဇာ မနက်မိုးလင်းရင် ဒီကျောက်ဂူဟောင်းကြီးကို စွန့်ခွာချင်တဲ့စိတ်တွေ ဖြစ်ပေါ်လာလိမ့်မယ်၊ အဲဒီအခါ သမီးဟာ ဒီနေရာကနေ အရှေ့မြောက်ဘူးရှူးအရပ်ကို လာခဲ့လိမ့်မယ်"

"အဲဒီအရပ်မှာ သမီးမေဇာရဲ့ဘဝမှာ ထူးဆန်းအံ့ဩဖွယ်ရာတွေ တွေ့ကြုံလာရလိမ့်မယ်"

"အ ... အဘိုးက ဘယ်သူလဲဟင်၊ ဒီတောကြီးထဲမှာ နေတာလား"

သူတော်စင်အဘိုးအိုပြောသော စကားတွေကို ရေလည်စွာ သူမ နားမလည်ပါသော်လည်း သူမ အသိချင်ဆုံးမေးခွန်းကို မေးလိုက်သည်။

"အိမ်း ... သမီးထင်သလိုပဲ ဆိုပါတော့ကွယ်၊ ဒီတောင်တန်းတွေမှာ အဘိုးတို့ မသွားမလာ မရောက်ဖူးတဲ့နေရာ မရှိသလောက်ပါပဲ၊ ဒါကြောင့်လည်း သမီးလေးမေဇာရဲ့မိသားစု ဖြစ်ပျက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာလည်း အဘိုးသူတော်သိတာပါပဲကွယ်၊ တကယ်တော့ ရှာသားတွေဟာ အဝိဇ္ဇာဆိုတဲ့ ဒေါသ, မောဟ, အမိုက်မှောင်တွေ ဖုံးလွှမ်းပြီး ရှာသားတွေပျောက်ဆုံးနေတာ သမီးရဲ့ဖခင် သတ်ဖြတ်စားသောက်တာလို့ အထင် အမြင်မှားခဲ့ကြတာပါပဲ"

"တကယ်တော့ ရှာသားတွေဟာ တောကျုံလာတဲ့ ဟင်းကောင်ကြီးလက်ချက်ကြောင့် သေဆုံးခဲ့ကြရတာပါ"

"ဟင် . . . ဒါဆို သမီးရဲ့အဖေ အမေနဲ့ မောင်နှမတွေဟာ အထင်လွဲပြီး ရှာသားတွေသတ်တာ ခံလိုက်ရတာပေါ့"

"အဲဒါလည်းတစ်ကြောင်း၊ အတိတ်သံသရာက မြူခဲ့ဖူးတဲ့ ဝဋ်ကြွေးကံကြွေးမို့ ပြန်လည်ပေးဆပ်ရတာလည်း တစ်ကြောင်းပေါ့ကွယ်၊ ဘယ်သူမဆို သတ္တဝါမှန်ရင် ဝဋ်ကြွေးကိုရှောင်လို့မရဘူး သမီးတော်၊ အတိတ်ဘဝက ကုသိုလ်ကံအားကြီးလို့ သေတွင်းကနေ လက်မတင်လေး လွတ်မြောက်လာခဲ့ရတာပဲကွယ့်၊ ဒါတွေကို သမီး မေဇာ ရင့်ကျက်လာတဲ့အခါ နားလည်လာပါလိမ့်မယ်၊ အကြွေးရှိရင် ပေးဆပ်ရစမြဲပဲ"

"ကဲ . . . ဘသူတော် သွားတော့မယ်၊ မနက်ကျရင် မြောက်အရပ်မှာ စောင့်နေမယ်"

"ဟင်"

စကားဆုံးသောအခါ သူမ၏နံဘေးကနေ ဘသူတော်ကြီးသည် ဖြည်းညင်းစွာ ဝှအဝသို့ လှမ်းထွက်သွားလေသည်။ သူမ ကြောင်ငေးပြီး ကြည့်နေမိသည်။

ဘသူတော်ကြီး၏အရိပ်သည် ဝှဝတွင် ဖျတ်ခနဲ ပျောက်ကွယ်





သွားလေတော့၏။

သူမသည် ဤမျှနက်ရှိုင်းသော တောတောင်ကြီးထဲ၌ တစ်ယောက်တည်းဟု ကိုယ့်ကိုယ်ကိုယ် အားငယ်နေမိရာက မမျှော်လင့်ဘဲ သူတော်စင်အဘိုးအိုဖြင့် ကြုံတွေ့လိုက်ရသဖြင့် အားတက်ပျော်ရွှင်သွားမိတာ အမှန်ပင်ဖြစ်ပါသည်။

သူမ လှစ်ခနဲ ပြုံးလိုက်မိပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

**မြသားမကိုင်နောင်ဘုဏ်**

သူမ,နိုးလာသောအခါ အရုဏ်ဦးအလင်းရောင်တို့က သစ်ပင်
မြင့်ကြီးတွေကြားကနေ ပျို့အန်စီးဖိတ်ကျနေလေပြီ။

အိပ်တန်းမှ နိုးထလာကြဟန်တူသော ကျေးငှက်သာရကာတို့
၏ သာယာနာပျော်ဖွယ် မြည်ကြွေးသံတွေက တောလုံးအနှံ့ လွှင့်စည်
နေကြ၏။

သစ်တောက်ငှက်များ၊ ကြက်တူရွေးခေါင်းနီများ၏ အသံက
ပို၍ ထင်ရှားနေလေသည်။

ပြာမသေးသေးသည့် မီးပုံနံဘေးမှာ ညကကျန်ရစ်သော ပြောင်
ဖူးသုံးလေးဖူးအား တွေ့နေရ၏။ သူမ ကျောက်ဂူကြီးအပြင်သို့ လှမ်း
ထွက်လာခဲ့သည်။





ဂူအပြင်ဘက်မှာ အဝေးကလှမ်းမြင်နေရသော မှိုင်းညို့
တောင်ထန်းကြီးကို ငေးကြည့်မိရင်း ညတုန်းက အိပ်မက်ထဲမှာ ဘသူ
တော်၏စကားသံတွေကို နားမှာ ပြန်ကြားယောင်လာသည်။

ယခုချိန်ထိ သူမ မည်သည့်နေရာသို့ ရောက်ရှိနေမှန်း မသိပါ
ချေ။ အမှန်တော့ သူမသည် သူမတို့မိသားစုနေထိုင်ရာ တဲဝန်းကျင်မှ
လွဲ၍ နက်ရှိုင်းသောတောကြီးထဲသို့ တစ်ကြိမ်မျှ မဝင်ရောက်ခဲ့ဖူးပါ။

ယခုတော့ သူမ၏ဘဝသည် တစ်ဆစ်ချိုး ပြောင်းလဲချိုးကွေ့
သွားခဲ့လေပြီ။

သူမသည် ညတုန်းက အိပ်မက်ထဲမှာ တွေ့ဆုံခဲ့ရသော
သူတော်စင်အဘိုးအိုအား ယုံကြည်မိသည်။ သူတော်စင်ကြီး၏မျက်နှာ
သည် မေတ္တာရည်ပြည့်လျှမ်းနေသည်ဟု သူမ ထင်မိ၏။

သည့်နောက် သူမ၏ခြေလှမ်းတွေ ဦးတည်ရာသည် မြောက်
ဖူးရုအရပ်ဆီသို့။

သူမသည် မြင့်မားသော သစ်ပင်ကြီးများအောက်ကနေ ဆူး
ရစ်နွယ်များ နဘူးချုံများ မြက်ရိုင်းတောများကို တိုးဝှေ့ကာ လျှောက်
လှမ်းလာခဲ့ရသဖြင့် သူမ၏တစ်ကိုယ်လုံး အခြစ်ရာအစင်းရာများဖြင့်
ပြည့်နေလေပြီ။

အရမ်းလည်း မောပန်းနွမ်းနယ်နေပေပြီ။

သူမ တစ်နက်ကောင်းသည်မှာ ဖြတ်သန်းလာခဲ့ရာ ခရီးတစ်
လျှောက်မှာ မြင့်မားမတ်စောက်သည့် လျှိုမြောင်ကမ်းပါးများ မတွေ့ခဲ့
ခြင်းပင်ဖြစ်သည်။

သူမသည် တရွေ့ရွေ့ တောကိုတိုးနေရာမှ ဝါးတောကြီးထဲသို့



www.burmeseclassic.com

www.burmeseclassic.com



အလွန်တွင် ရုတ်တရက် သူမ၏ခြေလှမ်းအစုံ တုံ့ခနဲရပ်တန့်သွား၏။

ပါးစပ်မှလည်း အာမေဋိတ်သံတစ်ခု လွင့်စဉ်ခုန်ထွက်ကျသွားမိသည်။

"ဟင်"

သူမ မြင်တွေ့လိုက်ရသည်မှာ ကြီးမားလှသော သစ်ပင်ကြီးများအကြား ချုံနွယ်ပိတ်ပေါင်းများဖြင့် ဝါးတောစိမ်းညို့ညို့တွေကြားမှာ တစ်စွန်းတစ်စ ထွက်ပေါ်နေသော မြို့ရိုးပျက်ကြီးတစ်ခုပမာ အဆောက်အအုံကြီးငယ် အပျက်များပင်တည်း။

ဟိုနေရာတစ်စ ဒီနေရာတစ်ခုဖြင့် ခွေးမြည်းပြိုပျက်နေပြီဖြစ်သော နေရာဝန်းကျယ်ကြီးတစ်ခုပင်ဖြစ်သည်။ သူမစိတ်ထဲ ထူးဆန်းစွာ အံ့ဩလွန်းလှစွာ အဆောက်အအုံပျက်ကြီးတွေထံ တစ်လှမ်းချင်းတိုးသွားနေမိသည်။

"ဟင် ... ဘာတွေလဲ"

ရုတ်တရက် သူမမျက်ဝန်းရှေ့တည့်တည့်တွင်ရှိသော အဆောက်အအုံပျက်ကြီးများအကြား ခိုပ်ခနဲရိပ်ခနဲ ဖြတ်သန်းသွားကြသည့် အရိပ်သဏ္ဌာန်တချို့အား မြင်လိုက်မိသလိုရှိ၍ ခြေအစုံက တုံ့ခနဲ ရပ်ဆိုင်းသွားမိ၏။

သူမ အမှန်တကယ် မြင်တွေ့လိုက်ရသည်လား။ ဒါမှမဟုတ် လူသူကင်းမဲ့သောနေရာမှာ တစ်ယောက်တည်းဖြစ်၍ သူမ၏စိတ်တွေကပဲ ချောက်ချားပြီး သစ်ရွက်များ လှုပ်ရှားယိမ်းထိုးသွားတာကို ထင်မိယောင်မှား မြင်တွေ့လိုက်ရလေသည်လား။

ဒါမှမဟုတ်လျှင် သူမအား တောခြောက်လေသည်လား။





သူမ၏ဖခင်ဖြစ်သူ ထန်ခွန်နော်က ပြောဖူးသည်။

"သမီးမေဇာ တောဆိုတာ မာယာများတယ်ကွယ့် လူတွေမှာ လူစည်းကမ်း လူကျင့်ဝတ်ဆိုတာရှိသလို တောဆိုတာမှာလည်း လူတွေမသိတဲ့ တောစည်းကမ်း တောကျင့်ဝတ်ဆိုတာရှိတယ် သမီး။ တောဆိုတဲ့အတိုင်း အာရုံအမြင် မျက်စိအမြင်တွေလည်း ရိုးမှန်မှောက်မှားတတ်တယ်၊ တောဆိုတာ မြင်အပ်,မမြင်အပ်တဲ့ ပုဂ္ဂိုလ်သတ္တဝါတွေ ရှိကြတယ်၊ တောကြီးရင် နတ်ကြီးတာပဲ၊ တချို့တောတွေလည်း ရန်ရှင်းကြမ်းတမ်းစွာ ပြောဆိုတာ မကြိုက်ဘူး။ အချို့တောက မဟုတ်မရာ စည်းကမ်းမဲ့ပြုတာ လက်မခံဘူး။ တောတောင်မှန်ရင် ပိုင်ရာဆိုင်ရာ မမြင်ရတဲ့ ပရလောကသားတွေ အစောင့်အရှောက်တွေ ရှိပြီးသားပဲ၊ သူတို့ကို မရိုမသေ မလေးအစားပြုမှုရင် တောကျွမ်းတဲ့မုဆိုးပင်ဖြစ်လင့်ကစား တောမှောက်,တောခြောက်တာတွေ ရှိတတ်တယ် သမီးမေဇာ၊ ဘေးဆိုးအန္တရာယ် ကျရောက်တတ်တယ်"

ဖခင်ဖြစ်သူ ပြောခဲ့ဖူးသလို သူမသည် တောခြောက်ခြင်းခံနေရပြီလားဟု တွေးမိသည်။ သို့ပါသော်လည်း တောခြောက်ရအောင်ကလည်း တောသည် တိတ်ဆိတ်ငြိမ်သက်နေဆဲ။

'တစ် .. တစ် .. တစ် ..'

'ဖျောက်'

အနောက်ဘက်မှ ခြေတစ်သံဖြင့်အတူ လှုပ်ရှားသံသဲ့သဲ့အားကြားလိုက်ရသဖြင့် သူမ ချာခနဲ လျင်မြန်စွာ လှည့်ကြည့်မိလိုက်လေသည်။

ချေကိုတော့ မတွေ့ရ၊ သူမ တွေ့မြင်လိုက်ရသည်မှာကား



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ..."

ကြီးမားသော ဝါးရုံကြီးကြားကနေ သူမရှိရာသို့ လှမ်းထွက်လာသော သူတော်စင်အဘိုးအိုကြီး ဘသူတော်။

"လုံမလေး မေဇာ ... သိင်္ဂါနဒီမြို့ကြီးဆီ နောက်ဆုံးတော့ တကယ်ရောက်ရှိလာခဲ့ပြီကိုး။ အင်းလေ ... ဒါဟာလည်း အမှန်တကယ်တော့ သိပ်ပြီးထူးဆန်းလှတဲ့ အကြောင်းခြင်းရာတော့ မဟုတ်ပေဘူး။ လူဆိုတာ အချိန်အခါ ကြိုဟ်တာရာနက္ခတ်တွေရဲ့ စိုးမိုးကြီးစိုးမှုအောက်မှာ ဖြစ်တည်နေတဲ့ ရုပ်ခြုပ်အစုအဝေးကြီးပဲ၊ ရောက်သင့်တဲ့နေရာကို ရောက်သင့်တဲ့အချိန်မှာ ရောက်သင့်တဲ့သူတွေ ရောက်လာကြရတာ မှန်ကန်တဲ့ လောကဓမ္မပေပဲ"

ဘသူတော်ကြီး၏လေသံဖြင့် ဟန်ပန်မှာ အေးချမ်းတည်ငြိမ်လေးနက်လွန်းလှသည်။ ဘသူတော်ကြီးသည် ညာဘက်လက်၌ ရှည်လျားသော အရင်းပိုင်းတွင် နဂါးတစ်ကောင်၏အမောက်နှယ် ပုံသဏ္ဌာန်ပေါ်နေသည့် အစိမ်းရောင်ဝါးတောင်ဝှေးကြီးအား ကိုင်ဆောင်ထားလေ၏။

သူမသည် ယမန်နေ့က အိပ်မက်လိုလို အမှန်တကယ်လိုလို ကြုံတွေ့ရခဲ့သော ဘသူတော်ကြီးအား ဤနေရာ၌ အမှန်တကယ်တွေ့ဆုံလိုက်ရသဖြင့် အံ့သြဝမ်းသာသွားမိတာ အမှန်ပင်ဖြစ်လေသည်။

ဘသူတော်ကြီးသည် သူ၏ စိမ်းပြာစူးလက်နေသော မျက်ဝန်းအစုံဖြင့် သူမအားကြည့်ကာ ခေါင်းတစ်ချက်ညိတ်ပြလိုက်ပြီး ...

"ကဲသာ လုံမလေး၊ သိင်္ဂါနဒီမြို့ဟောင်းကြီးထဲ သွားကြရအောင်"





ဘသူတော်ကြီးသည် ဝါးတောင်ဝှေးကြီးအား တဒေါက်ဒေါက်ထောက်ကာ မလှမ်းမကမ်းရှိ ပျက်စီးယိုယွင်းနေပြီဖြစ်သော အဆောက်အအုံပျက်ကြီးများထဲသို့ ဦးတည်၍ လှမ်းလျှောက်သွားလေသည်။

သူမမှာလည်း တစ်စုံတစ်ရာသော ညှို့ငင်ဆွဲဆောင်မှုထဲ အာစေးမိနေသူပမာ သူတော်စင်အဘိုးအို၏ နောက်ကနေ ထက်ကြပ်မကွာ လိုက်သွားမိလေသည်။

အဆောက်အအုံပျက်များမှာ မည်သည့်ခေတ်ကာလတွင် တည်ဆောက်ခဲ့ကြမှန်း မသိရပါသော်လည်း သူမအဖို့တော့ ထူးဆန်းနေရလေ၏။ မြို့ရိုးပုံစံ အဆောက်အအုံပျက်ကြီးများမှာ အတွင်းပိုင်းသို့ ရောက်ရှိလာသည်။

အဆောက်အအုံများမှာ တစ်တောင်ခန့်မကသော ဂဝံတုံးကြီးများဖြင့် တည်ဆောက်ထားပြီး အချို့မှာ နွယ်ပင်များ၊ ချုံရိုင်းများ ရစ်ပတ်လွှမ်းခြုံလျက် အချို့မှာ ကျင်းချိုင့်ကြီးများပင်ဖြစ်၍ မြေတွင်းသို့ နစ်မြုပ်ပြိုပျက်နေလေသည်။

အစောပိုင်းက မေဇာတွေ့မြင်လိုက်ရသော အရိပ်သဏ္ဌာန်များအား လုံးဝမမြင်မတွေ့ရတော့ပေ။ သူမ ပျက်စီးနေသည့် အဆောက်အအုံများအား ငေးနေမိရင်းမှ ...

ရုတ်တရက် ...

"အမလေး"

သူမ ထိတ်လန့်တကြား အော်လိုက်မိသည်။ ရှေ့ခနဲ သူမ၏ရှေ့ တစ်လံခန့်အကွာမှ မြက်ရိုင်းပုတ်တွေကြားကနေ ထွက်လာသည့်



www.burmeseclassic.com

www.burmeseclassic.com



မြွေနီနီကြီး။

ယင်းနောက် ထိုအုတ်ကျိုးကြား ဒီမြက်ရိုင်းကြားမှ ထွက်ပေါ်လာသည့် မြွေ မြွေတွေ။ သူမ၏ အလန့်တကြားအော်သံကြောင့် ဘသူတော်ကြီးသည် နောက်သို့ စောင်းငဲ့ကြည့်လိုက်ပြီး ...

"မကြောက်ပါနဲ့ လုံမလေး။ သမီးကို သူတို့တစ်တွေက ကြိုဆိုကြတဲ့သဘောပါ။ သမီးနဲ့ သူတို့က သံသရာမှာ ပဋ္ဌာန်းကြိုးဆက်တွေ ရှိခဲ့ကြတယ်ကွယ့်၊ ဘာမှအန္တရာယ်မပြုပါဘူး။ ကဲ ကဲ ... တွေ့ပြီးကြရင်လည်း သွားကြတော့၊ ကိုယ့်နေရာ ကိုယ်ပြန်ကြ"

"ဟင်"

အံ့သြစရာ ကောင်းလွန်းလှသည်။ ဘသူတော်ကြီး၏နှုတ်က နေ လူလိုပြောလိုက်သည်ကို နားလည်ကြဟန်ဖြင့် မြွေနီကြီးများသည် ချက်ချင်းပင် မြက်ရိုင်းတောကြီးတွေကြားထဲ ရှောခနဲ ပြန်လည်တိုးဝင်ပျောက်ကွယ်သွားကြလေပြီ။

ဘသူတော်ကြီးက ...

"အင်း ... သံသရာဆိုတာ ရှည်လျားလွန်းတဲ့ ခရီးကြီးတစ်ခုပဲ၊ သတ္တဝါမှန်သမျှ အားလုံးဟာ သံသရာခုံမှတ်တစ်ခုမှာ ကျေးဇူးတဲ့လှည့် ရှိခဲ့ကြသူတွေ၊ ဆွေမျိုးညာတိ တော်စပ်ဖူးခဲ့ကြသူတွေပဲ၊ ဒီနယ်မြေ ဒိဝန်းကျင်ဟာလည်း တစ်ချိန်က လုံမလေးတို့ ညီအစ်မနှစ်ယောက် နေထိုင်ကျင်လည်ခဲ့ဖူးကြတဲ့ မြို့ပြကြီးပေါ့၊ ခုတော့လည်း ဒါတွေက ဟိုးအတိတ်ဘဝမှာ မြူနှင်းတွေလို ဝေဝေဝါးဝါး ကျန်ရစ်ခဲ့ပြီပဲလေ၊ နှစ်တွေ ရာထောင်ချီကြာခဲ့ပြီကိုး"

ညီအစ်မနှစ်ယောက်ဟူသော ဘသူတော်ကြီး၏စကား





ကြောင့် သူမ၏တစ်ကိုယ်လုံး စိမ့်ခနဲ ကြက်သီးဖြန်းခနဲ ထသွားမိလေသည်။

"ဘ ... ဘသူတော် ဒီနေရာက သမီးကျင်လည်ခဲ့တဲ့နေရာ"

"အိမ်း ... ဟုတ်ပ၊ ဒါတွေ နောက်တော့ လုံမလေးသဘောပေါက်လာမှာပါ၊ ကဲ ... လာ လုံမလေးနဲ့ ဘသူတော်တို့အောက်ဆင်းကြရအောင်၊ ရော့ ... ဒီဆေးလုံးသောက်လိုက်"

ဘသူတော်သည် ဖျတ်ခနဲ လက်ထဲရောက်ရှိလာသော ရွှေရောင်ဆေးလုံးငယ်လေးအား လှမ်းပေးလိုက်သဖြင့် သူမ ချက်ချင်းသောက်မျိုလိုက်၏။

ရင်ထဲသို့ အေးမြစွာ ကျဆင်းသွားလေသည်။

"အဲဒီဆေးက သိဒ္ဓိဝင် ဂမုန်းရာဇာတွေနဲ့ စီရင်ထားတဲ့ အမြင်ပေါက်ဆေးတော်ကြီးပဲကွယ့်၊ ဘသူတော်တို့ ခုသွားမယ့်နေရာက အချို့လျှို့ဝှက်အပ်တဲ့ အရာတွေကို လုံမလေးမြင်တွေ့ရအောင် သိဒ္ဓိအကူပေးလိုက်တာပဲ ကဲလာ"

ဘသူတော်သည် အနီးရှိ နံရံလေးဘက်ကာ အုတ်တိုက်ငယ်လေးအတွင်းသို့ ဝင်လိုက်လေသည်။ အတွင်းသို့ရောက်သော် မြက်ရိုင်းပင်တွေ ဖုံးလွှမ်းနေသည့်နေရာရှိ လူတစ်ရပ်စာမကခန့်ရှိသည့် ကျောက်ပြားကြီးအား အသာအယာ မရွှေ့လိုက်သည်။

ကျောက်ပြားကြီးမှာ ထုတစ်တောင်ခန့်ရှိပြီး တော်ရုံလူ မည်သို့မျှ မရွှေ့နိုင်ပေ။ ဒါကို ဘသူတော်ကြီးက ဖက်ရွက်လေးပမာ မတွန်းရွှေ့လိုက်ခြင်းပင် ဖြစ်သည်။

ကျောက်ပြားချပ်ကြီး ဖယ်ရွှေ့သွားသောအခါ မြေအောက်



www.burmeseclassic.com

www.burmeseclassic.com



လှေကားထစ်များ ပေါ်လာလေသည်။ အတွင်း၌ မည်သည့်အလင်းရောင် ရှိနေသည် မသိရသော်လည်း လှေကားထစ်များကိုမူ မြင်တွေ့နေရသည်။

ဘသူတော်ကြီးသည် ရှေ့ကနေဦးဆောင်ပြီး ဆင်းသွားသဖြင့် သူမလည်း ထက်ကြပ်မကွာ လိုက်လံဆင်းသွားမိလေတော့သည်။ ထူးဆန်းလွန်းသည်မှာ မြေအောက်လှေကားထစ်များပင် ဖြစ်ပါသော်လည်း အလင်းပျပျလေး လင်းနေခြင်းပင်ဖြစ်၏။

အတန်ကြာဆင်းသက်မိသောအခါ ကျောက်လှေကားထစ်များအဆုံး၌ လူသုံးယောက်သွားသာရုံ စင်္ကြံလမ်းရှည်တစ်ခုသို့ ရောက်ရှိသွားကြသည်။

"ဒီနေရာဟာ ဟိုးလွန်ခဲ့သော အချိန်တစ်ချိန်က သိင်္ဂါနဒီမြို့ပြကြီး စည်ကားကောင်းစားခဲ့စဉ်က မြို့တော်ရဲ့ အဓိက လျှို့ဝှက်နေရာဌာနတစ်ခုဖြစ်ခဲ့တယ်၊ ယခုထက်တိုင်ထိလည်း ဒီနေရာဟာ လျှို့ဝှက်နေရာတစ်ခုပဲ လုံမလေး။ ပဋ္ဌာန်းဆက်နီးသူတွေ ဒီသိင်္ဂါနဒီမြို့တော်ကြီးနဲ့ ပတ်သက်ဆက်နွယ်သူတွေသာ ခြေချခွင့်ရှိတဲ့နေရာပဲ ဖြစ်တယ်၊ မစစ်မှန်တဲ့ မတော်လောဘသမားတွေဖြစ်ခဲ့ရင် အပေါ်မှာ လုံမလေး တွေ့ကြုံခဲ့ရတဲ့ အဆစ်ကြွေမြွေနီခိုးသုံးကောင်ရဲ့ လက်ချက်နဲ့ မရဏခရီး သွားကြရတာပဲ"

"ဟင် ... ဒါ ... ဒါဆို အဲဒီမြွေကြီးတွေက"

"ပြောရမယ်ဆိုရင် သူတို့ဟာ ဒီသိင်္ဂါနဒီမြို့တော်ကြီး ကမ္ဘာမြေပေါ်က ပျောက်ဆုံးမသွားအောင် စောင့်ရှောက်နေရတဲ့ အစောင့်အရှောက်ပိုင်း ဆိုင်ရာတွေပဲပေါ့၊ ဒီမြို့တော်ကြီးကို တော်တန်ရုံလူတွေ





မြင်တွေ့ခွင့်မရှိသလို ရောက်ခွင့်ဆိုတာကတော့ ဝေလာဝေးပဲကွယ်"

ဘသူတော်စကားသည် လိုဏ်သံပါနေသော်လည်း ကြည်မြစွာ သူမကြားနေပါသည်။ စင်္ကြံလမ်းတစ်လျှောက် ကျောက်နံရံတွေမှာ ကျောက်ဆီမီးတိုင်များ ထွန်းညှိထားတာ တွေ့ရလေသည်။

သူမ တွေးနေမိသည်။

ဤကျောက်မီးတိုင်များ မီးထွန်းညှိထားလျှင် ဤမြေအောက်မှာ လူတွေနေထိုင်ကြခြင်း ဖြစ်ပေမည်။ သို့သော် ယခုချိန်အထိတော့ တစ်ဦးတစ်ယောက်မျှ မတွေ့ရသေးပါ။ ဘသူတော်ကြီးသည် သူမ၏ စိတ်မနောတွင်းမှ အတွေးသံကို ကြားသိဟန်ဖြင့် ...

"မဟုတ်တာမတွေးနဲ့ လုံမလေး၊ ဒီနယ်မြေ ဒီနေရာဟာ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ မစင်ကြယ်သူတွေ လုံးဝလာလို့မရတဲ့နေရာပဲ၊ ဒီမှာရှိတဲ့သူတွေဟာ မိမိတို့ရဲ့ အကျင့်စခန်းတွေ အောင်မြင်ပြီးတဲ့ သူတော်စင်တွေပဲ နေခွင့်ရှိတယ်၊ ဒီမြို့တော်ကြီးကိုလည်း သူတော်စင်တွေ၊ ပုဂ္ဂိုလ်ထူးတွေက စောင့်ရှောက်နေကြရတယ် လုံမလေး"

ဘသူတော်ကြီး၏စကားအဆုံး အခန်းကျယ်ကြီးတစ်ခုရှေ့သို့ ရောက်လာကြသည်။ အခန်းကျယ်ကြီးအတွင်းသို့ လှမ်းဝင်လိုက်ကြ၏။

"ဟင်"

မေဇာ မျက်လုံးလေး ဝိုင်းစက်သွားရ၏။ အခန်းကျယ်ကြီးမှာ ကြီးမားလှပြီး ယင်းအခန်းအလယ်၌ ကျောက်ပလ္လင်ထက်ဝယ် ကိန်းဝပ်နေသော မြသားရုပ်ပွားတော်တစ်ဆူအား ဖူးတွေ့လိုက်ရသလို ယင်း၏ရှေ့မှောက်တွင် ငြိမ်သက်စွာ တရားရှုမှတ်နေကြသော ရသေ့



www.burmeseclassic.com

www.burmeseclassic.com



ကြီးတစ်ပါးနှင့် ဝတ်မြှုစင်ကြယ်ဝတ် ပုဂ္ဂိုလ်ကြီးသုံးဦးအားလည်း တွေ့မြင်လိုက်ရပေသည်။ ရုပ်ပွားတော်မှာ မြရောင်တွေ ဖိတ်လျှံနေသကဲ့သို့။

ရုပ်ပွားတော်ရှေ့၌ သစ်သီးဝလံများ အလှူပယ် ပူဇော်ထား၏။ မေဓာသည် ကြည်ညိုသပ္ပာယ်စွာ ဖူးတွေ့နေရသော ဉာဏ်တော်တစ်တောင်ခန့်ရှိ မြသားဆင်းတုတော်အား ဦးခိုက်ကန်တော့လိုက်မိသည်။ အခန်းတစ်ခုလုံး မွှေးပျံ့နေလေသည်။

"အဲဒါ တစ်ချိန်သောအခါက သိဂ်ိနဒီမြို့တော်ကြီး မပျက်စီးခင် ကျောက်ဖြူရှင်မလို့ အခုလူတွေခေါ်ဝေါ်နေကြတဲ့ အရှင်မမာလာဝတီကိုယ်တိုင် ကိုးကွယ်ပူဇော်ခဲ့ရာတဲ့ တန်ခိုးကြီးမြသားမဟာကိုဋ် ရုပ်ပွားတော်ပဲ၊ တန်ခိုးပေါ်ဆောင်မှန်းလပြည့်ည ကြယ်တာရာနက္ခတ်တွေ စုံညီတဲ့ လမွန်းတည့် ရာမနက္ခတ်မိချိန်နဲ့ကိုက်ပြီး အစီအရင်တစ်ထောင်နဲ့ စီရင်ပြီးမြောက်ခဲ့တဲ့ မြသားမဟာကိုဋ်ဘုရားဆိုရင်လည်း မမှားဘူး။ သိဒ္ဓိအရမ်းကြီးတယ်၊ ဟိုမှာကြည့်ပါဦး"

"ဟင်"

ဘသူတော်ညွှန်ပြရာ အခန်းငယ်တစ်ခုထဲသို့ လှမ်းကြည့်လိုက်မိရာ မြောက်မြားလှစွာသော ရတနာစိန်ကျောက်မျိုးစုံက ပုံသဏ္ဍာန် အဆင်တန်ဆာ အမျိုးမျိုးတို့ဖြင့် ပြိုးပြက်လက်ပနေလေသည်။ အခန်းတစ်ခုလုံး ရတနာမျိုးစုံ၏ အရောင်အဝါဖြင့် လင်းနေသည်။

သူမ ခေတ္တမျှ မိန်းမောငေးနေမိသွား၏။

"အဲဒီ ရတနာကျောက်သံတွေက အရှင်မမာလာဝတီနဲ့ လုံမ





တာရာဒေဝီတို့ပိုင်ဆိုင်တဲ့ ရတနာတွေပဲဖြစ်တယ်၊ အားလုံးကို အရိမေတ္တေယျ မြတ်စွာဘုရားရှင်ကို ရည်မှန်းလှူဒါန်းထားပြီးဖြစ်တယ်"

ဘသူတော်ကြီး၏အသံသည် တိုးညင်းစွာ ထွက်ပေါ်နေလျက်ရှိသည်။

ဘသူတော်ကြီး ပြောဆိုနေပါသော်လည်း မြသားမဟာကိုဋ် ရုပ်ပွားတော်ရှေ့မှာ တရားရှုမှတ်နေသည့် ရသေ့ကြီးနှင့် သူတော်စင်ပုဂ္ဂိုလ်ကြီးတွေကမူ တုတ်တုတ်မျှမလှုပ်။

"ဘရသေ့ကို သမာဓိတရား ပျက်ပြားမှာစိုးလို့လား။ စိတ်မပူပါနဲ့လုံမလေး။ ဘရသေ့တို့က ဒီမှာမရှိကြပါဘူး"

"ရှင် ... ဘယ် ... ဘယ်လို အဘိုး"

"ကဲ ကဲ ... ပြန်ကြရအောင်"

ဘသူတော်သည် စကားဆုံးသည်နှင့် မြစိမ်းတောင်ဆေးကြီးထောက်ကာ အခန်းတွင်းမှ လှမ်းထွက်သွားလေတော့သဖြင့် သူမလည်း ပြန်လိုက်ပါခဲ့ရ၏။

အတန်ကြာသော် သူမတို့ အပေါ်ပြန်ရောက်လာကြသည်။

အပေါ်သို့ရောက်လျှင် ဘသူတော်ကြီးသည် ခုနက သူမတို့ဝင်ခဲ့ကြသော ကျောက်လှေကားထိပ်တွင် ရပ်တန့်ကာ နှုတ်ကနေ မန္တာန်လိုလို ဂါထာလိုလိုအား ဖြည်းညင်းစွာ ရွတ်ဖတ်နေစဉ် ကျောက်ဖျာကြီးသည် သူ့အလိုအလျောက် ပြန်လည်ပိတ်သွား၏။

သူမ အံ့သြပြီးရင်း အံ့သြနေရသည်။

"ကဲလာ လုံမလေး ... ဘသူတော်နောက် လိုက်ခဲ့"

ဘသူတော်ကြီးသည်ပြောပြီး ရှေ့ကနေ လှမ်းထွက်သွားပြန်



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ သူမသည် နောက်ကနေ ထက်ကြပ်မကွာ လိုက်သွားမိသည်။ မကြာမီ ပျက်စီးယိုယွင်းနေသော ဂူပုံသဏ္ဍာန် အုတ်တိုက်အဆောက်အအုံတစ်ခုသို့ ရောက်ရှိလာကြသည်။

အုတ်တိုက်လေးမှာ မြင့်မားသော ကျောက်တောင်နံရံကြီးတစ်ခုအား ကျောမှီကာ ဆောက်လုပ်ထားပြီး ပတ်ဝန်းကျင်မှာ အရွက်ဖားဖားရှည်ရှည်ဖြင့် လွန်စွာလှပသော သစ်ပင်တွေ ပေါက်ရောက်နေလေသည်။

နံဘေးဝန်းကျင်မှာလည်း ကျိုးပဲ့နေသော မြို့တံတိုင်းလိုအဆောက်အအုံအချို့ တွေ့ရ၏။ သူမ မမြင်မတွေ့ဖူးသော ရောင်စုံတောပန်းတောင်ပန်းတွေလည်း ဖူးပွင့်ဝေဆာလျက် ဝန်းကျင်တစ်ခုလုံးအား မွှေးပျံ့ကြိုင်သင်းနေလေသည်။

"အဲဒီဂူတိုက်က ဂန္ဓာရီသူတော်စင်ကြီး သိဒ္ဓိဗလ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ထောင်ကျော်က လောကီသိဒ္ဓိပညာစခန်းတွေ ကျင့်ကြံအားထုတ်အောင်မြင်သွားတဲ့ ဂူပဲ၊ သူဟာ လုံမလေးရဲ့ညီအစ်မရဲ့ အဘိုးတော်စပ်တယ်၊ ယခု လှုသွားတဲ့ တိဗက်တောင်တန်းတွေထဲမှာ အကျင့်စခန်းတွေ ဆက်လက်တက်လှမ်းနေတုန်းပဲ၊ ဒီဂူတိုက်ကြီးထဲမှာ လုံမလေးရယ် ကျောက်ဖြူရှင်မလို့ အများသိနေကြတဲ့ မာလာဝတီရယ်၊ အကျင့်စခန်းတွေကို ဆက်လက်ကျင့်ကြံတာ မအောင်မြင်ခဲ့ဘူး။ အဖျက်အဆီးတချို့ကြောင့် လုံမလေးတို့ ညီအစ်မနှစ်ယောက်စလုံးဟာ ဒီသိင်္ဂါနဒီမြို့တော်ကြီးထဲမှာပဲ မသမာသူတွေကြောင့် ကံတော်ကုန် နာမ်ရုပ်ဓာတ်သိမ်းခဲ့ကြတယ်၊ ဒါတွေကို သိပ်မကြာခင် လုံမလေး သိခွင့်ရလာပါလိမ့်မယ်"





"ဒါ . . . ဒါဆို မေတာနဲ့ ကျောက်ဖြူရှင်မတို့က . . ."

"လုံမလေးတို့က အမွှာညီအစ်မရင်းကွ၊ ဒီ သိင်္ဂါနဒီမြို့တော်ကြီးကို တောင်တည်ထောင်ခဲ့တဲ့ မြို့စားကြီးမင်းရဲ့ဒိဗ္ဗရဲ့ သွေးဆက်နွယ်တွေပဲ၊ မာလာဝတီက အကြီး လုံမလေးက အငယ်ပါ၊ ဒီနေရာဝန်းကျင်ဟာ လုံမလေးအတွက် လုံခြုံစိတ်ချရတဲ့နေရာဖြစ်လို့ ဒီမှာပဲနေထိုင်ပါ၊ တာရေးသောက်ရေးက သူ့အလိုလိုဖြစ်လာပါလိမ့်မယ်၊ ကဲ သူတော်ကို ခွင့်ပြုဦး"

ပြောချင်သော စကားရှည်ကြီးအား မရပ်မနား ပြောသွားပြီး ဘသူတော်ကြီးသည် သူမ၏ထံပါးကနေ လှမ်းထွက်သွားလေသည်။

သူမတစ်ယောက်တည်း၊ ဂူလိုလို တိုက်လိုလို အဆောက်အအုံထဲ ကျန်ရစ်ခဲ့သည်။ ဂူတိုက်ကြီးထဲ သူမ မျက်လုံးဝေ့ကြည့်လိုက်တော့ ထောင့်တစ်နေရာတွင် ကျောက်ခုတင်လို ကျောက်ဖျာကြီးတစ်ခုအား တွေ့ရလေသည်။

သူမသည် အုတ်တိုက်ဂူလေးထဲကနေ လှမ်းထွက်လာမိသည်။ အုတ်တိုက်ဂူလေး၏ အရှေ့တည့်တည့်လမ်းသေးအတိုင်း လျှောက်လာမိလေသည်။ ဘယ်နေရာကိုကြည့်ကြည့် ပြိုပျက်နေသော သစ်ပင်ချုံနွယ်များ၊ ရေညှိပင်များ တွယ်ကပ်ပေါက်ရောက်နေသော အဆောက်အအုံအပျက်ကြီးများကိုသာ တွေ့မြင်နေရသည်။

"ဟင်"

တစ်နေရာတွင် သူမ၏ခြေအစုံက တုံ့သွားရ၏။ မြေပြင်ကုန်းပြောင်လေးတစ်ခုတွင် ရပ်နေသော မိန်းကလေးတစ်ယောက်။

ထိုသော် သူမ သေချာစွာ ကြည့်ရှုမိသောအခါမှ ယင်းရုပ်ပုံ



www.burmeseclassic.com

www.burmeseclassic.com



သူမှာ သက်ရှိထင်ရှား မိန်းကလေးတစ်ဦးမဟုတ်ဘဲ ကျောက်ရုပ်တု တစ်ခုဖြစ်နေသလို သူမ၏ နှင်းဆီပွင့်ဖတ် နှုတ်ခမ်းတွေဆီမှလည်း အသံတစ်စု တုန်ယင်စွာ ထွက်ကြသွားလေသည်။

"ကျောက် . . . ကျောက်ဖြူရှင်မ"

သူမသည် တုန်လှုပ်စွာဖြင့် ကျောက်ဖြူရှင်မရုပ်တုအား ကြည့်နေမိသော်လည်း ခြေလှမ်းတွေသည် တရွေ့ရွေ့ ရုပ်တုကြီးထံ လှမ်းသွားနေပါသည်။ ကျောက်ဖြူရှင်မရုပ်တုကြီးသည် လက်ရာမြောက် အသက်ဝင်လှသည်။

မျက်ဝန်းလေးတွေက ကြည်စင်ရွှန်းလက်နေသလိုလို။

ကြော့ရှင်းသော ဖော့ဖယောင်းသွယ် လည်တိုင်လေးမှာလည်း အကြောစိမ်းလေးတွေပင် ယှက်ဖြာနေသည်သို့ ထင်မှတ်ရလေသည်။ နှုတ်ခမ်းလေးတွေမှာလည်း တစ်စုံတစ်ရာအား ပွင့်ဟပြောဆိုတော့မယောင် ပွင့်ဟလှုပ်ခတ်နေသကဲ့သို့။ အထူးဆန်းဆုံးမှာ ရုပ်တု၏နောက်ကျော၌ ပြန့်ဝဲနေသည့် ဆံနွယ်များသည် သူမတို့လို လူသားပကတိ၏ နက်မှောင်ရှည်လျားသော ဆံကေသာများပင် ဖြစ်လေသတည်း။

အံ့ဩဆန်းကြယ်ဖွယ်ရာ အဖြစ်မှာ ကျောက်ဖြူရှင်မ၏ရုပ်တုမှာ သူမ၏မျက်နှာဖြင့် တစ်ထေရာတည်း တူနေခြင်းပင်ဖြစ်သည်။ မျက်တောင်ရှည်ကြီးတွေကလည်း လှုပ်ကဲ့သို့ပင်။ ရုပ်တု၏မျက်ဝန်းထဲသို့ ကြည့်လိုက်မိသောအခါ မျက်ဝန်းအိမ်မှာ သူမစိတ်ထဲ လှုပ်သွားသယောင် ထင်မိလေသည်။ မျက်တောင်များပင် ခတ်လိုက်လေသလား။





သူမတစ်ကိုယ်လုံး စိမ့်ခနဲ ကြက်သီးမွေးညင်းများ ထသွားမိသည်။

"ဘုရား . . . ဘုရား . . . မ . . . မဖြစ်နိုင်ပါဘူး"

ထပ်မံသေချာအောင် နောက်တစ်ကြိမ် သူမ သေချာစွာ ကြည့်ရှုသောအခါ ရုပ်တု၏မျက်ဝန်းသည် ပကတိ ကျောက်ဖြူသား မျက်ဝန်းအဝါ။

"ငါ . . . ငါ အမြင်မှားတာပဲဖြစ်မယ်၊ ကျောက်ရုပ်ဆိုတာ အသက်ဝိညာဉ်မှမရှိတဲ့ဥစ္စာ၊ ငါကလည်း . . . ဟင်း ဟင်း"

"ညီမတော်"

"အမယ်လေး"

ဒီတစ်ကြိမ်တော့ ကျောက်ဖြူရှင်မရုပ်တု၏ နှင်းဆီနှုတ်ခမ်းပွင့်ဖတ်လေးတွေ လှုပ်ခတ်သွားပြီး ညှို့ညှို့သောခေါ်သံအား သူမ သေချာစွာ ကြားလိုက်ရသည်။ ထိတ်လန့်တကြား အော်ဟစ်လိုက်ပြီး သူမ ခြေလှမ်းတွေ နောက်သို့ဆုတ်သွားမိ၏။

ယင်းနောက် . . .

သူမသည် ယင်းနေရာမှ အထိတ်ထိတ်တလန့်လန့် ပြေးထွက်လာမိသည်။ သူမ၏အကြားအာရုံထဲမှာ ညီမတော်ဟူသော တာအိဟူသော ခေါ်သံတွေလား လေတိုးသံလေလား မကွဲပြားသော အသံတွေ ဆူညံနေခဲ့လေသည်။

သူမ ဗွတ်ရွတ်ပြေးလာခဲ့ရာ ခုနှ အုတ်တိုက်ဂူလေးရှိရာ ထွက်တော့။

အကြောက်တရားတစ်ခုက သူမအား ဖိစီးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် သူမသည် သစ်ငုတ်တစ်ခုအား ခလုတ်တိုက်မိ
ပြီး ရှေ့သို့ ဟပ်ထိုး တလိမ့်ခေါက်ကွေး လဲပြိုကျသွား၏။

"အမေ့"

"အမလေး လေး"

လျှိုကမ်းပါးတစ်ခုကနေ သစ်ရွက်ကြွေခြောက်များဖြင့်အတူ
သူမ၏ကိုယ်ခန္ဓာလေးသည် အောက်ဘက်သို့ အရှိန်ဖြင့် တလိမ့်ခေါက်
ကွေး လွင့်စဉ်ကျသွားလေတော့သည်။ သူမ၏နလုံးသားတစ်ခုလုံး
အေးခနဲ အေးခဲ၏။

"အား"

❁ ❁ ❁

## အိပ်မက်ထဲက သင်္ချိုင်းတစ်ခု

ဖျတ်ခနဲ အလန့်တကြား ငုတ်တုတ်ထထိုင်လိုက်မိသည်။

သူမ၏ရင်အစုံနှင့် တစ်ကိုယ်လုံး ကြောက်စိတ်ကြောင့် ယခု
ထက်တိုင် တုန်ယင်အေးစက်နေဆဲပင်။

တာရာသည် ကျောက်မျက်ကြီးထက်ကနေ ဘေးဘီသို့ လှမ်း
ကြည့်မိလိုက်၏။ ပတ်ဝန်းကျင်တစ်ခုလုံးသည် အမှောင်ထုတ်ရုံကြီး
လွှမ်းခြုံထားဆဲပင်ရှိသေးသည်။ သို့သော်လည်း၊ အရှေ့ဘက် သစ်
တောအုပ်များထဲကနေ အရုဏ်ဦးအလင်း သွေးရည်စက်တို့က ကွက်တိ
ကွက်ကျား ဖျိုးအန်နေတာ တွေ့ရ၏။ မကြာမီ အလင်းရောင် ရောက်
လာလေတော့မည်။

တာရာ မနေ့ညကစပြီး တစ်ညလုံး ဤနတ်ဗိမာန်ဝတော်

နိုင်ငံအောင်မင်း

www.burmeseclassic.com



ကြားထဲရှိ ကျောက်ဖျာကြီးပေါ်တွင် နှစ်မြှုပ်စွာ အိပ်ပျော်သွားခြင်း
ဖြစ်သည်။ သူမအတွက်တော့ အဆန်းတကြယ်ဖြစ်ရပ် မဟုတ်တော့ပါ

ယင်းသို့ အိပ်စက်မိတိုင်းလည်း တာရာသည် ခုနမက်ခဲ့သော
တောနက်ကြီးတစ်ခုတွင်းမှ မြို့ဟောင်းကြီးနှင့် မိသားစုဘဝတစ်ခုလုံး
အား ပြန်လည်၍ မက်လေ့ရှိစမြဲ။ ထိုအခါတိုင်း တာရာသည် မြို့ပျက်
ကြီးတစ်ခုထဲမှ ကျောက်ဖြူရှင်မရုပ်တုကြီးအား တွေ့မြင်ရစမြဲ။

သူမ နားမလည်နိုင်တာ ရှိနေသည်။ ယခု သူမ အိပ်စက်နေ
သော ကျောက်ဖျာကြီး၏တစ်ဖက်ကုန်းမြင့်လေးထက်မှာလည်း သူမတို့
တစ်နယ်လုံးက ကျောက်ဖြူရှင်မဟု ခေါ်ဝေါ်ကြသော ရုပ်တုကြီးတစ်ခု
လည်း ရှိနေသည်။

ယင်းကျောက်ဖြူရှင်မရုပ်တုနှင့် အိပ်မက်ထဲမှာတွေ့ခဲ့ရသော
ကျောက်ဖြူရှင်မသည် တစ်ဦးတည်းလား။ ရုပ်တုသည် တစ်ခုတည်း
ပေလား။

တာရာ ဉာဏ်မမီသဖြင့် မကွဲပြားပါချေ။ ဒါပေမဲ့ ဒီအိပ်
မက်ကိုမက်မိတိုင်း တာရာ၏တစ်ကိုယ်လုံး နာကြည်းခြင်းသွေးတို့
ပြည့်လျှမ်းလာရစမြဲ။

အိပ်မက်ပုံရိပ်တွေအတိုင်း အိပ်မက်တစ်ခုမှာ ပျော်ရွှင်စရာ
မိသားစုဘဝလေးဖြင့် သူမ နေခဲ့ရလိမ့်မည်ထင်သည်။

မျက်မှောက်ပစ္စုပ္ပန်ဘဝမှာတော့ သူမသည် ရှုသွပ်နေသော
မိခင်၊ ဘွားဒေါ်နန်းတို့ဖြင့်သာ သူမ၏ဘဝနေ့ရက်များမှာ အကျည်း
တန် ခြောက်သွေ့ရော်နေရစမြဲ။

ဒါကြောင့်လည်း တာရာ ရွာကနေ ဘွားဒေါ်နန်းမသိအောင်





မကြာခဏ ဤနေရာဝန်းကျင်သို့ လာရောက်ကာ ပျော်ရွှင်သလောက်
တစ်ကိုယ်တည်း လွတ်လပ်စွာ နေထိုင်နေခြင်းဖြစ်၏။ ဤနေရာဝန်း
ကျင်သည် သူမအဖို့ လုံခြုံမှုရှိသည်ဟု စိတ်တွင်းက တစ်ထစ်ချ ယုံ
ကြည်နေမိသည်။

ဤတော ဤဝန်းကျင်သို့ ငယ်စဉ်ကတည်းက သူမသည်
မကြာခဏ လာရောက်ဆော့ကစား ပျော်ပါးနေကြမို့ တောတိရစ္ဆာန်
ငယ်လေးများဖြင့် သူမ ရင်းနှီးနေပြီဖြစ်သည်။ ဒါပေမဲ့ တာရာမသိ
သည်မှာ တစ်ခုရှိသည်။

သူမ ဤကျောက်ဖျာလေးထက်သို့ ရောက်ရှိလာပြီး အိပ်
စက်ပျော်သွားပါက သူမ နိုးထလာသောအခါ သူမနံဘေး ကျောက်
ဖျာထက်၌ မည်သူ လာရောက်ပို့ဆောင်သွားသည် မသိရသည့် သစ်
သီးဝလံတို့သည် ရှန်းစုံမှည့်အိစွာ တွေ့ရှိနေတတ်စမြဲဖြစ်သည်။

သည့်အတွက်လည်း တာရာသည် စားသောက်စရာကို မှု
ပင်သောကကြီးစွာ ပင်ပန်းတကြီး ရှာဖွေစရာ မလိုအပ်ပါချေ။

အလင်းရောင်သည် သစ်ပင်ကိုင်းခက်တွေကြားမှ တစ်စစ
ထိုးဖောက်ကြဲကျလာလေပြီ။ တောတစ်ခွင်လုံး ကျေးငှက်သာရကာမျိုး
စုံတို့၏ မနက်ခင်း အိပ်တန်းဆင်း အော်မြည်သီကျူးသံသည် နားဝင်
ပီယံ ကောင်းလှသည်။

တာရာ ကျောက်ဖျာကြီးထက်ကနေ ဆင်းလိုက်ပြီး စမ်းချောင်း
လေးရှိရာသို့ ဆင်းသက်လာခဲ့သည်။ လမ်းမှာတွေ့ရသော တောပန်း
တချို့အား ခူးဆွတ်ပြီး နက်မှောင်နေသည့် ဆံမြကေသာထက်သို့
ပန်ဆင်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



စမ်းချောင်းအိုင်လေးတွင် မျက်နှာသစ် ကိုယ်လက်သုတ်သင် ရပေမည်။

ဒီနေ့ မလှမ်းမကမ်း တောထဲမှာ သူမနှစ်သက်သော တောသစ်ခွများအား လိုက်လံခူးဆွတ်မည်ဟု တာရာ စိတ်ကူးထားလေသည်။

တောတရင်ခွင်သည် သူမအတွက် အေးချမ်းသည်။ လုံခြုံသည်။

ကြာကန်ရွာလေးသည် သူမငယ်စဉ်ကပင် သိပ်ပတ်သက်သွားလာခြင်း မရှိသောကြောင့် သူမ မခင်တွယ် သံယောဇဉ်မရှိပေ။

သူမ၏အပေါ်လည်း အမြင်တစ်မျိုးဖြင့် တစ်သက်လုံးပြောဆိုလာသဖြင့် တာရာသည် ရွာသူရွာသားများကို ရှုမုန်းစက်ဆုပ်လှသည်။

သူမအား ရွာမိုက်သည် ရွာနာသည် ကြိုဟ်ဆိုးမ မကောင်းဆိုးဝါးတစ်ကောင်ပမာ ကလေးရွယ်ကတည်းက ပြောခဲ့ဆိုခဲ့ကြသော အကြည့်များ စကားသံများကို တာရာ ယခုချိန်ထိ မမေ့ပျောက်သေးပါချေ။ ထိုအခါတိုင်း သူမသည် အံကြိတ်လျက် မျက်ရည်ဝဲ နာကျင်ကြေကွဲစွာ ခံစားခဲ့ရလေသည်။

သည့်နောက် သူမသည် ဤနေရာလေးသို့ ရောက်လာတတ်လေသည်။ ဒီနေရာသည် သူမအား ပျော်ရွှင်ကြည်နူးခြင်း၊ ချမ်းမြေ့သာယာခြင်းကို ပေးစွမ်းနိုင်သောနေရာလေးအဖြစ် တာရာ မှိတ်မသုန် ယုံကြည်ထားမိလေတော့သည်။

✿ ✿ ✿

## ကျေးဇူးရှင်မြစ်နှင့်ဥယျာဉ်လား

ဆဝမ်ခေါင် ဦးခေါင်းထက်ရှိနေကို မော့ကြည့်လိုက်မိသည်။ နေသည် မြင့်မားလှသော ကျွန်းပင် ကညင်ပင်ကြီးများ၏ ထိပ်တွင် ရောက်ရှိနေပေပြီ။

ဆဝမ်ခေါင် မနက်အလင်းရောင်ပေါ်စကတည်းက တောထဲသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ သို့သော် ယခုအချိန်အထိ သူ လိုက်လံရှာဖွေနေသော အမဲကောင်ကြီး၏ ခြေရာလက်ရာကိုမျှ မတွေ့။ တောများပြောင်းသွားပြီလားဟု သူ တွေးတောမိသည်။

ဆဝမ်ခေါင် သူလိုချင်သော အမဲကောင်ကြီးနောက်သို့ လိုက်လံချောင်းမြောင်းရင်း နတ်ပိဉ္စာဥ်တောင်ကြောပေါ် ရောက်လာသည်။ ဒီတစ်မနက်လုံး ဆဝမ်ခေါင် တောင်နှစ်ကြော ကျော်ခဲ့ပြီးပြီ။

ရှုရှင်ဘောင်မလေး

www.burmeseclassic.com

www.burmeseclassic.com



ဆဝမ်ခေါင် အနီးရှိ ထိန်ပင်ကြီးအောက်ရှိ မြေပြန့်လေးထက် ခြေပစ်လက်ပစ် ထိုင်ချလိုက်ပြီး ခါးကြားမှာချိတ်ဆွဲထားသော သစ် ခြောက်ဘူးကိုဖြုတ်ယူကာ ရေအား တစ်ငုံမော့သောက်လိုက်၏။ တစ် မနက်လုံး အမဲကောင်ဖောဖြင့် တောတိုးခဲ့သဖြင့် သူ့တစ်ကိုယ်လုံး လည်း ကြက်သီးဆူးသီးများ ကပ်ညိလျက် စုတ်ပြွားပြွား အသွင် သဏ္ဌာန် ပေါ်နေလေသည်။

သစ်ပင်ရင်းမြစ်ဆုံအားမှီကာ တအောင့်တစ်ခဏ အမောဖြေ နေမိ၏။

အမောဖြေနေရင်းမှ လပ်ဟာလာသော ဝမ်းဗိုက်ကို သတိရ လိုက်မိကာ ကိုယ်မှာလွယ်ထားသည့် ပလိုင်းအတွင်းမှ ရှာကနေ ထုတ်ယူလာခဲ့သည့် ထမင်းထုပ်အား ယူလိုက်၏။ သူ၏အဘိုးဖြစ်သူ ဦးထန်လျှန်းလုပ်ပေးလိုက်သော ထမင်းထုပ်ဖြစ်သည်။

ဆဝမ်ခေါင် မည်သည့်ဟင်းရံမျှမပါသော ငါးပိဖုတ်နှင့် ထမင်းအား အားရပါးရမစားခင် သတိရသွားပြီး . . .

"ဤနတ်ဝိညာဉ်တောကြီးတွင်းမှာ ရှိကြသော တောပိုင် တောင်ပိုင် ပုဂ္ဂိုလ်ကြီးတို့ခင်ဗျား . . . ကျွန်ုပ် ဆဝမ်ခေါင် ဤထမင်းဦး ပေါင်းအား စားဦးစားဖျားများ တင်မြှောက်ပသပါတယ်၊ သုံးဆောင် တော်မူကြပါ၊ ကျွန်ုပ်အားလည်း ဤနေ့အဖို့ ဟင်းစားအလို့ငှာ တော ကောင်တစ်ကောင်ပေးပါ၊ ကူညီစောင့်ရှောက်တော်မူကြပါ"

သူ၏ထမင်းထုပ်အား အရင်ဦးစွာ တောပိုင်တောင်ပိုင်များ အား တင်မြှောက်ပသပြီးကာမှ ဆဝမ်ခေါင် အားရပါးရ စားလေတော့ သည်။





ဤသို့ တင်မြှောက်ပသခြင်းသည် တောတောင်ဖြင့်မကင်းကြ သော ထင်းခုတ်ဝါးခုတ်သမားများမှစ၍ မုဆိုးများထိ အစဉ်အလာမပျက် ဆောင်ရွက်ကြသည့် ဓလေ့ဖြစ်လေသည်။

ရိုးရာအစဉ်အလာတစ်ခုပင် ဖြစ်သော်လည်း တောတောင် ဖြင့်မကင်းသူတိုင်း ယုံကြည်ကြ၏။ ယုံကြည်ရအောင်လည်း မရိုမသေ မလေးမစားပြုပါက တောပိုင်တောင်ပိုင်များသည် စိတ်ဆိုး၍ တော ခြောက်ခြင်း၊ တောမှောက်ခြင်းမှစကာ မမျှော်မှန်းနိုင်သော အသက် အန္တရာယ်ဘေးရန်တို့ဖြင့် ကြုံတွေ့ရလေ့ရှိသည်။ တောစည်းကမ်းကို မုဆိုးတိုင်း အလေးဂရုပြုကြ၏။

အခန့်မသင့်က အသက်ပင် ဆုံးရှုံးရတတ်သည်။

ဤနတ်ဝိညာဉ်တောကြီးသည် မကြာခဏ တောခြောက်၊ တောမှောက်တတ်လွန်း၍ တောကြမ်းသည်၊ နတ်ကြီးသည်ဟုလည်း ပြောစမှတ်ရှိကြလေသည်။ ရှောင်ရှားကြသည်။ ဆဝမ်ခေါင်၏ အဘိုး ဖြစ်သူ ထန်လျှန်းပင်လျှင် တစ်ကြိမ်ကြုံခဲ့ဖူးသည်ဟု ဆိုလေသည်။ အဘိုးထန်လျှန်း ပြောပြဖူးသော ဤနတ်ဝိညာဉ်တောကြီးအတွင်း ကြုံခဲ့ရသောအဖြစ်အား ဆဝမ်ခေါင် ပြန်လည်သတိရမိလေ၏။

အဘိုးထန်လျှန်း ကြုံတွေ့ခဲ့သည်မှာ . . .

ထန်လျှန်းသည် နတ်ဝိညာဉ်တောင်ကြောသို့ ရောက်ရှိနေ သည်။ ဒီနေ့မနက် သူသည် မရောက်ဖြစ်တာ ကြာပြီဖြစ်သော နတ် ဝိညာဉ်တောင်ဘက်သို့ ဦးတည်ထွက်လာခြင်းဖြစ်သည်။ နေက ထန်း တစ်ဖျားမက မြင့်နေပေပြီ။

ယင်းနတ်ဝိညာဉ်တောသည် သားကောင်တွေ ပေါများလှ



www.burmeseclassic.com

www.burmeseclassic.com



သည်။ တောင်ကြောနှင့် တောင်ခြေတစ်ဝိုက်ရှိ မုဆိုးများ ယင်းနတ်ဝိညာဉ်တောကြီးအတွင်းသို့ သွားလာခဲ့သဖြင့် တောတိရစ္ဆာန်တွေအဖို့ ဘေးမဲ့တောကြီးပမာ လွတ်လပ်စွာ ပြေးလွှားပျော်မြူးနေကြလေသည်။

ယခုရာသီဆိုလျှင် ချေကောင်များ တောတွင်းသတ္တဝါများ ဆားကျင်းလျက်တတ်သော အချိန်ဖြစ်လေသည်။ ရာသီက အလွန်ပူပြင်းသောရာသီဖြစ်၍ တောတစ်ခုလုံးမှာလည်း ရွက်ကြွေရွက်ခြောက်များ တဖျောဖျောကြွေနေချိန်ဖြစ်သည်။

ထန်လျှန်းသည် သစ်ရွက်ကြွေများအပေါ် ဖွဖွနင်းကာ နတ်ဝိညာဉ်တောင်ကြားရှိ ကျောက်မြူရှင်မအရုပ်ကြီး ရှိရာဘက်သို့ ဦးတည်လာခဲ့သည်။

ယင်းအနားတွင် စမ်းချောင်းလေးတစ်ခုရှိသည်။

နေ့လယ်နေ့ပူချိန်မှာ ယင်းစမ်းချောင်းစပ်သို့ သားကောင်များ ဆားကျင်းလာလျက်ကြပေမည်။

ဆားကျင်းလျက်သည်ဆိုသည်မှာ တောတွင်းရှိ တောတိရစ္ဆာန်ငယ်များသည် နွေရာသီအလွန်ပူပြင်းသည့်အခါ စမ်းအိုင်များ စမ်းချောင်းစပ်များသို့ ရေသောက်ဆင်းတတ်ကြ၏။ ထိုသို့ ရေသောက်ဆင်းသည့်အခါ စမ်းအိုင်နံဘေးမှာ အငန်ဓာတ်ရှိသော ဆားဓာတ်ပါသောမြေအား လျက်တတ်ကြ၏။

ယင်းသို့ လျက်နေရာကနေ ကွင်းချိုင့်ဝှမ်းလေးဖြစ်နေသောနေရာအား မုဆိုးများက ဆားကျင်းဟုခေါ်ကြသည်။ ယင်းဆားကျင်းရှိလျှင် သားကောင်များ မလွဲမသွေ ရေသောက်ဆင်းကြရပေမည်။

အချို့သော မုဆိုးများသည် သားကောင်အား ခြေရာခံလိုက်





မနေတော့ဘဲ ဆားကျင်းရှိရာနေရာတွင် သားကောင်အား အပိုင်စောင့်ကာ ပစ်ခတ်ကြလေ့ရှိသည်။

ယခုလည်း ထန်လျှန်းမှာ ယင်းအကြံအစည်ဖြင့် ဖြစ်လေသည်။ သို့သော် သူလာသောတောမှာ နာမည်ကြီးပြီး ထင်းခုတ်ပါး ခုတ်သမားများမှစ၍ မုဆိုးများပင် ရှောင်ရှားကြသော နတ်ဝိညာဉ်တောင်သို့ဖြစ်သည်။

မကြာမီ ထန်လျှန်းသည် နတ်ဝိညာဉ်တောင်ရှိ ကျောက်မြူရှင်မဟု လူတွေခေါ်ဝေါ်နေကြသော ရုပ်တုကြီးနှင့် အဲဆောက်အအုံပျက်ကြီးတည်ရှိရာသို့ ရောက်ရှိလာ၏။ ထန်လျှန်းသည် ခြေလှမ်းခေတ္တရပ်တန့်သွားမိသည်။

လူပြောသူပြောများနေသော ကျောက်မြူရှင်မရုပ်တုအားအဝေးကနေ လှမ်းမြင်နေရသော်လည်း ထန်လျှန်း တစ်ကြိမ်တစ်ခါမှုအနီးကပ်မတွေ့ဖူးသေးချေ။ သိပ်လည်းစိတ်မဝင်စားမိတာ အမှန်ပင်။ ထန်လျှန်း၏အယူဝါဒမှာ လက်တွေ့သမားဖြစ်သည်။

သို့သော်လည်း ထန်လျှန်း တောစည်းကမ်း၊ တောင်စည်းကမ်းကိုတော့ မချိုးဖောက်ပေ။

ထန်လျှန်း စမ်းချောင်းလေးဆီသို့ သစ်အယ်ပင်ကြီးကြားကနေပြတ်ကာ ဆင်းခဲ့၏။ စမ်းချောင်းနံဘေးတွင် ဆားကျင်းရှိရာ လိုက်လံရှာဖွေရာ ဆားကျင်းအားတွေ့ရသလို ရှုပ်ယှက်ခတ်နေသည့် သားကောင်ခြေရာများကိုလည်း တွေ့ရသည်။

ထန်လျှန်း၊ တစ်ချက်ပြုံးလိုက်မိ၏။

သေချာသည်။ သားကောင်တွေ ရေသောက်ဆင်းမှာရင်း



www.burmeseclassic.com

www.burmeseclassic.com



ဆားကျင်းလျက်ကြပေလိမ့်မည်။ တစ်နေရာကပစ်ခတ်ရန် အသင့်စောင့်ဆိုင်းနေရုံပင်။

ထန်လျှန်းသည် အရိပ်အကွယ်ကောင်းရာ နေရာသို့သွားကာ သားကောင်စောင့်ဆိုင်းရင်း ပါလာသော ထမင်းထုပ်အား ဖြည်စား၏။ ထန်လျှန်း အရမ်းဆာနေပြီဖြစ်သည်။

ထမင်းကုန်တော့မှ ထန်လျှန်း သူမေ့နေသောအရာအား သတိရသွား၏။

"ဟာ . . . ငါ ဆားလွန်းလို့စားလိုက်တာ၊ ကျောက်မြူရှင်မကိုတောင် တင်မြှောက်ဖို့မေ့သွားတယ်၊ အို . . . ကိစ္စမရှိပါဘူးလေ"

နေရာသည် ကျောက်မြူရှင်မ ပိုင်ဆိုင်သော နယ်မြေဟု ရွာတွေက အသိအမှတ်ပြုထား၏။

ထန်လျှန်း ထမင်းစားပြီး အရိပ်ကွယ်ကနေ အေးအေးဆေးဆေးရှာပင် ဒူးလေးအား အသင့်ပြင်လျက် ရေသောက်ဆင်းလာမည့် သားကောင်အား စောင်းမြှောင်းနေမိလေတော့သည်။ ထမင်းဆိပ်ကြောင့် ထန်လျှန်း မှေးခနဲ ငိုက်သလိုဖြစ်သွား၏။

'ဖျတ် ဖျတ် ဖျောက်'

"ဟင်"

ထန်လျှန်း ဖျတ်ခနဲ မျက်လုံးပွင့်သွားပြီး လှုပ်ရှားသံကြားရာ လှမ်းကြည့်မိလိုက်၏။ ထန်လျှန်း ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

ခြေသံလှုပ်ရှားသံများ သူထင်ထားသလို သားကောင်မဟုတ်ပေ။





နက်မှောင်ရှည်လျားသော ဆံပင်နွယ်ကြီးများ လေထဲမှာ တလွင့်လွင့် လွင့်နေသော အလွန်လှပချောမွေ့သည့် မိန်းမပျိုလေးတစ်ယောက်ပင်တည်း။

မိန်းကလေးသည် ထန်လျှန်းရှိရာနေရာသို့ မှုန်ရီရီမျက်ဝန်းများဖြင့် သေချာစိုက်ကြည့်နေလေသည်။ ထန်လျှန်း အံ့ဩထိတ်လန့်သွားရ၏။

ဤမျှနက်ခေါင်သော တောကြီးထဲသို့ မည်သည့်အရပ်က မိန်းကလေးသည် ရောက်ရှိလာရပါသလဲ။ ပြီးနောက် သူ့စိတ်တွင်းမှာ မိန်းမချောလေးအား မြင်တွေ့ဖူးသလိုလို ထင်နေမိသည်။

ထန်လျှန်း ဖျတ်ခနဲ တစ်စုံတစ်ရာအား သတိရလိုက်၏။

သူ . . . သူ တောခြောက်ခံရလေပြီလား။

ထန်လျှန်း ဖျတ်ခနဲ ဒူးလေးအား ယင်းမိန်းမချောထံသို့ လှမ်းချိန်ရွယ်လိုက်စဉ် . . .

"ဟာ"

သူ့မျက်စိရှေ့မှောက်မှာ မိန်းမချောလေးမရှိတော့။ ဝါးရုံပင်ခြေမှာ သူ့ထက်သို့ လှည့်ကြည့်နေသော အစွယ်ကြီးများ ကော့ညွှတ်နေသော တောဝက်ကြီးတစ်ကောင်။

သေချာသွားပြီ။ ထန်လျှန်းအား တောမှောက်လေပြီ။

တောဝက်ကြီးသည် နောက်ခြေနှစ်ဖက် မြေသို့ယက်ကာ ရန်စောင်နေလိုက်၊ ဖျတ်ခနဲ ဆံပင်ရှည်ကြီးတွေ လွင့်မျောနေသော မိန်းမချောလေးဖြစ်လိုက်။

ထန်လျှန်း ညို့ထိန်းခလုတ်အား လျှင်မြန်စွာ ဖြုတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



'ဒေါင်'

'ဝုစ်'

ဒူးလေးတံသည် ပစ်မှတ်အား အရှိန်ပြင်းစွာ ထိမှန်သွားလေ၏။ ထန်လျှန်း နောက်မြားတံတစ်ချောင်း မတပ်ရသေးခင် ပစ်ပြီးပြီးချင်၊ လှစ်ခနဲလျှင်မြန်စွာ သူနံဘေးရှိ သစ်အယ်ပင်ကြီး၏ အနောက်ဘက်သို့ ဖျတ်ဆို ပုန်းကွယ်လိုက်၏။

'အူး'

'ဒုံး'

သူတွေးဆထားသလိုပင် မြားတံရှိရာ ဝက်ခေါင်းတိုး ပြေးဝင်လာသော တောဝက်ကြီးသည် လူအမှတ်ဖြင့် သစ်အယ်ပင်ကြီးအား ပြင်းထန်စွာ တိုးပက်ကော်ဆောင့်လိုက်သည်။

ကြီးမားသော သစ်အယ်ပင်ကြီးပင် အနည်းငယ် တုန်ခါသွားသယောင် ထန်လျှန်းထင်လိုက်မိ၏။ ဖျတ်ခနဲ ထန်လျှန်း သစ်ပင်ဘေးထွက်လိုက်ပြီး နောက်ထပ်မြားတံတစ်ချောင်း ပစ်လွှတ်လိုက်သည်။

အနီးကပ် တစ်ထွေ့ခုန်မြားဖြစ်သဖြင့် ဝက်ခေါင်းကြီးမှာ ပင်စည်ရင်းမှာ အစွယ်စိုက်လျက် အီခနဲ ပုံလဲကျသွားလေသည်။ ဒီတော့မှပဲ ထန်လျှန်း နဖူးစပ်ထိကချွေးစအားသုတ်ကာ သက်ပြင်းချလိုက်မိလေသည်။

သူ ဆုံးဖြတ်ချက် မှန်ကန်သွားသည် မဟုတ်ပါလား။ နို့မို့ သစ်အယ်ပင်ကြီး၏နေရာတွင် ယခုလောက်ဆို ထန်လျှန်း ဗိုက်ပွင့်ပြီး အူထွက်နေလောက်ပေပြီ။

"အဲဒီတုန်းက ကံကောင်းလို့အူမပွင့်တာ ဆဝမ်ခေါင်ရဲ့ အဲဒီ





နတ်ဝိညာဉ်တောဟာ နတ်ကြီးမှန်း အဘိုးလက်ခံလိုက်ရတယ်၊ အဘိုးအမြင်မှာ သိပ်လှတဲ့မိန်းမချောလေးကွ၊ အဘိုးသာ သတိလက်လွှတ်ဖြစ်ခဲ့ရင် သေနေပြီ၊ အဘိုးထင်တာတော့ အဲဒီမိန်းမချောလေးဟာ ကျောက်ဖြူရှင်မဝိညာဉ်ပဲ ဖြစ်မယ်ထင်တယ်ကွ၊ အဲ ...ဒါပေမဲ့ အဲဒီနေ့က ဝက်ပက်ပြီးအပြန် အမိုးတန်တဲ့ ဝက်မာန်စွယ်ပါ ရခဲ့တာပေါ့ကွာ၊ အဲဒီ နတ်ဝိညာဉ်တောရောက်ရင် သတိထား ဆဝမ်၊

အဲဒီဘက် တောလည်သွားတဲ့ မုဆိုးတိုင်း သိပ်ချောသိပ်လှတဲ့ မိန်းကလေးတစ်ယောက်နဲ့ မကြာခဏ ဆုံစည်းရလေ့ရှိတယ်လို့ ပြောကြတယ်၊ ကျောက်ဖြူရှင်မဝိညာဉ်ပဲ နေမှာပေါ့ကွာ"

ဟု အဘိုးထန်လျှန်းက သူတွေ့ကြုံခဲ့ရတာကို ပြောပြခဲ့ဖူးသည်။

ဆဝမ်ခေါင်လည်း မုဆိုးတချို့ပြောတာ ကြားဖူးပါသည်။ ဤကျောက်ဖြူရှင်မရုပ်တုရှိရာ အဆောက်အအုံပျက်ကြီးတွေအနားမှာ ခါတစ်ရံ ဆံပင်ရှည်ကြီးများ လွင့်ဝဲနေသော မိန်းကလေးတစ်ဦး၏ အရိပ်အား ရိပ်ခနဲရိပ်ခနဲ မြင်တွေ့ရလေ့ရှိသည်ဟု ဆိုကြ၏။

ထိုစဉ် ဆဝမ်ခေါင် ဖျတ်ခနဲ တစ်စုံတစ်ခုအား သတိရလိုက်မိသည်။ မုဆိုးများပြောသလို လွန်ခဲ့သောရက်များက ဒီကျောက်ဖြူရှင်မနယ်မြေထဲမှာ သူလည်း မိန်းမချောလေးတစ်ဦးဖြင့် ဆုံတွေ့ခဲ့ရဖူးသည်။

ဒါပေမဲ့ မုဆိုးများ သစ်ခုတ်ဝါးခုတ်သူများ ပြောကြသလို ကျောက်ဖြူရှင်မဝိညာဉ်တော့ မဟုတ်ပေ။ တကယ့်လူသားစင်စစ် မိန်းမချောလေးတစ်ဦးဖြစ်သည်။ သူမ၏နာမည်သည် တာရှယ်ဟား



www.burmeseclassic.com

www.burmeseclassic.com



ဘာလား၊ ဆဝမ်ခေါင် သိပ်မမှတ်မိတော့ပြီ။

ဆဝမ်ခေါင် လှစ်ခနဲ တစ်ချက်ပြုံးလိုက်မိရင်း သူ့လုပ်ငန်းရှိရာ လုပ်ရန် ထိုင်နေရာမှ ထလိုက်၏။

ယင်းအခိုက်အတန့်လေးမှာပင် ...

"အား"

"ဟင်"

စူးရှသော အော်သံတစ်ခု။

တစ်ယံတစ်ရာ အန္တရာယ်အား ကြုံတွေ့လိုက်ရသဖြင့် ထိတ်လန့်တကြား အော်ဟစ်လိုက်သည့်အသံ။

ဆဝမ်ခေါင် ခြေလှမ်းတွေ အော်သံထွက်ပေါ်လာရာ အရပ်ဆီသို့ အလျင်အမြန် တောတိုးသွားလေတော့သည်။

မကြာမီ ပြိုပျက်နေသော အဆောက်အအုံတစ်ခုအနီး ဝါးရုံတောစပ်အပြင်ဘက်မှာ တုန်ယင်စွာ ကြောက်လန့်ထိတ်လန့်ဟန် မျက်ဝန်းတွေဖြင့် ရပ်နေသည့် မိန်းကလေးတစ်ယောက်။

ဆဝမ်ခေါင် အခြေအနေအား ချက်ချင်းသိလိုက်၏။

အဘယ်အတွက်ကြောင့်ဆိုသော် မျက်ဝန်းအစုံ ဝိုင်းစက်လျက် ရပ်နေသော သူမ၏ရှေ့ သုံးလေးလံခန့်အကွာမှာ ပေါင်လုံးတမျှကြီးမားလှသော စပါးကြီးမြွေတစ်ကောင်အား တွေ့လိုက်ရလေသည်။

မိန်းမချောလေးမှာ မလှုပ်မယှက် ရပ်တန့်နေလျက်။

ဆဝမ်ခေါင် သိလိုက်ပါ၏။

သူမသည် ကြီးမားလှသော စပါးကြီးမြွေကြီး ညို့ချက်တွင်းသို့ သက်ဆင်းမိနေလေပြီ။ မြွေကြီးမှာ ခန္ဓာကိုယ်ကြီးအား ဟိုဒီယိမ်း





နွဲ့လှုပ်ရှားလျက် အစာဖြစ်သော သူမလေးထံသို့ တရွေ့ရွေ့ ရွေ့လျားတိုးကပ်လာလေပြီ။

ဆဝမ်ခေါင် အချိန်မဆိုင်းတော့ပါ။

အသင့်ချိန်ရွယ်ထားသည့် တစ်ဇွေ့ခုန်အဆိပ်လူးမြှား တပ်ဆင်ထားသည့် အူလေးညို့ခလုတ်အား မြွေကြီး၏ဦးခေါင်းဆီသို့ တည့်မတ်စွာ ပစ်လွှတ်လိုက်လေတော့သည်။

'ဒေါင်'

'ဝှစ်'

'ဝုန်း ဖရော ဖျော'

ချက်ကောင်းကို ထိမှန်သွားသဖြင့် မြွေကြီးမှာ တွန့်ခနဲဖြစ်သွားပြီး အသက်မထွက်ခင် ကြီးမားသော သူ၏အမြီးဖြင့် ပတ်ဝန်းကျင်ရှိ သစ်ပင်ငယ် ချုံနွယ်တို့အား တွန့်လိမ်ရိုက်ပုတ်နေသဖြင့် သစ်ပင်ငယ်တချို့နှင့် ချုံများ အပိုင်းပိုင်းပြတ် လွင့်စဉ်သွားကြတုန်၏။

ခဏအကြာ ငြိမ်သက်သွားလေတော့သည်။

ဆဝမ်ခေါင် ယခုအိုန်ထိ ငေးကြောင်နေဆဲ မိန်းမချောလေးအား ပခုံးကို အသာပုတ်လိုက်ပြီး ခေါ်လိုက်သည်။

"ဟိတ် ဒီမှာ"

"နှင် ... အ ... အမယ်လေး ... မြွေကြီး ... ကြောက် ... ကြောက်တယ်"

ရုတ်တရက် အသိစိတ်ဝင်လာသူလို မိန်းမချောလေးသည် အလန့်တကြားအော်ရင်း ဆဝမ်ခေါင်အား တင်းကျပ်စွာဖက်လိုက်သဖြင့် ဆဝမ်ခေါင်တစ်ကိုယ်လုံး သွေးတို့ လှုပ်ရှားရှိန်းဖိုသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆဝမ်ခေါင် သူမ ထိတ်လန့်ကြောက်ရွံ့မှု မပြေသေးမှန်းသိ၍ . . .

"မြွေကြီးက သေသွားပါပြီ၊ မင်း ကံကောင်းတယ် . . . ငါ အချိန်မီရောက်လာလို့၊ နို့မို့ မင်း ခုလောက်ဆို သူ့ဗိုက်ထဲမှာ ရောက်နေလောက်ပြီ"

"မြွေ . . . မြွေကြီး သေပြီ"

"ဟုတ်တယ်၊ ဒါထက် နေပါဦး . . . မင်းကို ငါ ဒီတောထဲမှာ တွေ့တာ နှစ်ခါရှိပြီ၊ မင်း တောထဲ တစ်ယောက်တည်း မကြောက်မရွံ့ ဘာလာလုပ်တာလဲ၊ မင်း ဒီတောထဲမှာ နေတာလား"

တာရာသည် ယခုမှပင် သူမ ကြောက်အားလန့်အားဖြင့် ဖက်တွယ်ထားမိသော ဆဝမ်ခေါင်၏ ရင်ခွင်ထဲကနေ ရှက်ကိုးရှက်ကန်းဖြင့် ရုန်းထွက်လိုက်ရင်း . . .

"ရှင် . . . ရှင် . . . ဆဝမ်ခေါင်မဟုတ်လား"

"ဟုတ်တယ် . . . မင်းကို ကျူပ်မေးနေတာ မင်း၊ ဒီတောထဲမှာ နေတာလား"

"ဟုတ်တယ် . . . ကျွန်မ ဒီတောထဲမှာ နေတာပဲ"

သူမ၏နှုတ်မှကနေ ပေါ်ထွက်လာသောစကားကြောင့် ဆဝမ်ခေါင် မျက်နှာကြီးတွေ တွန့်ရှုံ့သွားမိသည်။ သူမသည် ဒီနတ်ဝိညာဉ်တောတွင်းမှာ နေတာဆိုပါလား။

ဒီစကားကပင် ဆဝမ်ခေါင်အား မယုံနိုင်လောက်အောင် အံ့ဩတုန်းဆန်းနေလေသည်။ ဆဝမ်ခေါင် ထင်မှတ်ထားသည်က သူမသည် ထင်းခွေထင်းခုတ်လာသူ တစ်ယောက်ဟုပင်။ သို့သော် သူမ





လက်ထဲမှာ လက်နက်ဆို၍ သစ်ကိုင်းခြောက်တစ်ခုပင် မတွေ့ရ။

ဆဝမ်ခေါင် သူမအား စူးစိုက်စွာကြည့်လိုက်၏။

"ဒါထက် တစ်ခါက မင်း ငါ့ကိုပြောဖူးတာ ကြာကန်ရွာမှာ နေတယ်ဆိုတာပဲ၊ မင်း ငါ့ကို လိမ်နေတာလား"

"ကျွန်မ ရှင့်ကိုလိမ်လို့ ဘာအကျိုးရှိမှာလဲ၊ ဒီအဖြစ်တွေက ပြောပြရရင် အရှည်ကြီးရှင့်၊ ရှင် တာရာ့ကို ဒီတောထဲမှာတွေ့တော့ ဒီတောထဲမှာနေတယ်ပဲ သိထားပေါ့ရှင်"

"မင်းကိုတော့ ငါအံ့ဩမိတာ အမှန်ပဲ၊ ထူးလည်းထူးဆန်းနေတယ်"

ဆဝမ်ခေါင်က မျက်မှောင်ကြုတ်လျက် ပြောသည်။

"ဘာကိုထူးဆန်းတာလဲရှင့်"

"ဒီနေရာဟာ ကျောက်ပြူရှင်မရုပ်တုရှိတဲ့ နေရာပဲ ဒီနယ်မြေထဲကို ထင်းခုတ်ဝါးခုတ်ရွာသားတွေ မပြောနဲ့ . . . အချို့မုဆိုးတွေတောင် ခြောက်တတ်တယ်, လန့်တတ်တယ်ဆိုပြီး မလာဝံ့ကြတဲ့နေရာ၊ မင်းက နေရဲတယ်ဆိုတော့"

"နေပါဦး . . . တခြားမုဆိုးတွေမလာရဲတာ ရှင်ကျတော့ ဘာကြောင့်လာသလဲ ဆဝမ်ခေါင်"

"ငါက သူတို့နဲ့မတူဘူးလေ"

"ဘာမတူတာလဲ၊ ရှင်လည်းမုဆိုး, သူတို့လည်း မုဆိုးပဲ"

ဆဝမ်ခေါင် သူ့ရှေ့ရှိ မိန်းမချောလေးအား ကြည့်လိုက်၏။

"အခြားမုဆိုးတွေက တောတောင်ထဲမှာ မမြင်ရတဲ့ တစ္ဆေသရဲ ဝိညာဉ်တွေ နာနာဘာဝတွေကို ကြောက်တယ်၊ ငါက မကြောက်



www.burmeseclassic.com

www.burmeseclassic.com



တတ်ဘူး၊ မုဆိုးချင်းတူပေမယ့် အသက်ရှူတာချင်းကွာတယ်"

"ခစ် ခစ်"

"မင်းက ဘာရယ်တာလဲ"

သူမထံမှ သဘောကျဟန် ရယ်သံလေး ထွက်ပေါ်လာသဖြင့် ဆဝမ်ခေါင် မေးလိုက်သည်။

"ရှင်ပြောတာ သဘောကျလို့ပါ၊ ခစ် . . . ရှင်က ကျောက်မြူရှင်မကို မကြောက်ဘူးလား။ ဒီနေရာက သူပိုင်နက်နယ်မြေပဲ"

"မကြောက်ပါဘူး။ ငါက လူ၊ သူက ဝိညာဉ်လောကသားပဲ ပြီးတော့ ပြောမယ့်သာ ပြောနေကြတာ . . . ကျောက်မြူရှင်မကို ဘယ်သူကမှ တွေ့ဖူးကြတာမဟုတ်ဘူး"

"ကျွန်မက ကျောက်မြူရှင်မဆိုရင်ကော"

"မဖြစ်နိုင်ဘူး၊ မင်းက လူအစစ်ပဲ၊ မင်းရဲ့အသားစိုင်လေးတွေက နွေးအိနေသလို ကိုယ်နံ့လေးကလည်း မွှေးတယ်၊ ငါက လူသားအစစ်နဲ့ နာနာဘာဝကို ခွဲခြားတတ်ပါတယ်"

"အို"

တာရာ၏ ဝင်းဝါနုညက်သော အလှမျက်နှာလေးသည် ဆဝမ်ခေါင်၏ ရိုးသားစွာ တည့်တိုးပြောလိုက်ခြင်းကြောင့် နီမြန်းသွားလေသည်။

ရက်သွေးတွေ တဖြန်းဖြန်းထကာ တာရာသည် ဆဝမ်ခေါင်၏မျက်နှာကိုပင် မကြည့်ရဲတော့ဘဲ ချာခနဲ လှည့်ထွက်ပြေးမည်အပြု ဆဝမ်ခေါင်သည် သူမ၏ သွယ်လျသောလက်ကလေးအား ဖမ်းဆုပ်လိုက်၏။

ရှုရှင်အောင်ဇာလ



"ဟိတ် . . . နေဦး"

"အို . . . လွှတ် . . . လွှတ်ပါ"

"မင်း ငါသိချင်တာတွေပြောမှ ငါလွှတ်ပေးမယ်"

ဆဝမ်ခေါင်၏နှုတ်ခမ်းကနေ အကျပ်ကိုင်စကားကြောင့် တာရာ၏ မျက်လုံးကြီးများ ဝိုင်းစက်သွားရလေသည်။

"ရှင် . . . ရှင်က ဘာသိချင်လို့လဲ"

"မင်းရဲ့အကြောင်း။ ပြီးတော့ ငါထင်တာမမှားဘူးဆိုရင် မင်းဟာ ဒီကျောက်မြူရှင်မရုပ်တုနဲ့ရော ဒီနေရာနဲ့ရော တစ်နည်းတစ်ဖုံ ပတ်သက်ဆက်နွယ်နေသူလို့ ထင်တယ်၊ မင်း ပြောပြမလား"

"တာရာပြောပြရင် ရှင် ဘယ်သူ့ကိုမှ ပြန်မပြောပါဘူးလို့ ကတိပေးနိုင်မလား"

"ပေးတယ်၊ ငါက ယောကျ်ားကောင်းတစ်ယောက်ပါ"

တာရာသည် ဆဝမ်ခေါင်ပြောသောစကားကြောင့် သက်ပြင်းလေးတစ်ချက် ချလိုက်မိပါတော့၏။ ဆဝမ်ခေါင်သည် သူမ၏ မျက်ဝန်းတွေထဲ စူးစိုက်ကြည့်ကာ သူမ၏လက်ကို ဖမ်းဆုပ်ထားရာမှ ဖြည်လိုက်၏။

တာရာသည် သူမ၏ဘဝအကြောင်း ဖြစ်ရပ်တွေကို သူစိမ်းယောကျ်ားပျိုတစ်ယောက်အား ပြောပြသင့်၊ မပြောပြသင့် စဉ်းစားနေမိပါသည်။ နောက်ဆုံး သူမ ပြောပြရန် ဆုံးဖြတ်လိုက်မိတော့၏။ ဆဝမ်ခေါင်အား သူမ ယုံကြည်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## လွင့်မျောခြင်းအတိတ်လွင်ပြင်

အစ်မတော်မာလာဝတီ၏ လှပကျော့ရှင်းသည့်မျက်နှာသည် လေးနက်တည်ငြိမ်ခြင်းအပြည့်ဖြင့် တည်ကြည်နေလေသည်။ သို့သော် ဝိုင်းစက်ရွှန်းစိုသော မျက်ဝန်းအစုံကမူ ယခင်အခါများကဲ့သို့ ရွှင်မြူးဟန်တွေ ပျောက်ဆုံးကာ အေးစက်စူးရဲနေလေသည်။

သူမ၏နံဘေးတွင်တော့ တာရာဒေဝီသည် ငြိမ်သက်အေးချမ်းစွာ ထိုင်နေသလို သူမရှေ့မှောက်တွင် သက်တော်ရှည်အမတ်ဝန်များဖြစ်ကြသော ဘိုးထန်ပြလ၊ ဦးရိုးလအော်ဝှန်နှင့် စစ်သူကြီးဗျူရာဇတို့ ရှိနေကြသည်။

အစ်မတော်အရှင်မ၏ နီတွေးသော နှုတ်ခမ်းလွှာများကြားမှ စကားသံထွက်ပေါ်လာသည်။





"တင်လျှောက်စရာရှိတာ တင်လျှောက်ပါ ဘိုးထန်"

"ကျွန်တော်မျိုး မနေ့ညကပဲ နယ်ခြားဒေသကနေ ပြန်ရောက်လာခဲ့တယ် အရှင်မ၊ အရှင်မရဲ့ခမည်းတော် ကျွန်တော်မျိုးတို့ သိဂ်ိနဒီမြို့တော်ကြီးရဲ့ အကြီးအကဲမင်းမြတ် မင်းရဲဒိဗ္ဗနတ်ရွာစံလို့ အရှင်မက ထီးညွှန့်နန်းလျာဆက်ခံတာကို သဘောမကျတဲ့သတင်းတွေ ထွက်ပေါ်နေတာ ကြားခဲ့ရပါတယ် အရှင်မ"

အစ်မတော်အရှင်မ၏ မျက်နှာတော်သည် ဆတ်ခနဲတင်းမာသွားသည်။

သက်တော်ရှည် ဘိုးထန်ပြလသည် မဝံ့မရဲဟန်ဖြင့် ...

"ကျွန်တော်မျိုး ဆက်တင်လျှောက်ပါရစေ အိုအရှင်မ"

"ဘိုးထန်ကို မာလာ ဘာမှတားမြစ်မထားပါဘူး။ နယ်ခြားဒေသက ကြားသိခဲ့ရသမျှ အကုန်အစင်တင်လျှောက်ပါ"

"ကျွန်တော်မျိုးတို့ရဲ့ သိဂ်ိနဒီ နယ်မြေအကျယ်အဝန်းဟာ မောနန်းတောင်တန်းတွေထဲ သက်ဆိုင်ပါတယ်၊ ဒါပေမဲ့ မောနန်းဟာ တောင်တန်းလွင်ပြင်ရဲ့ တစ်ဖက်မှာ မောနန်းမြို့တော် တည်ရှိနေသလို မောနန်းတို့ရဲ့အကြီးအကဲ ထုံမော်လွှန်ဟာလည်း အလွန်နိုင်းစိုင်းကောက်ကျစ်တဲ့ အကြီးအကဲတစ်ဦးပါ ...။

ကျွန်တော်မျိုးတို့ရဲ့ နယ်ခြားဒေသမှာရှိတဲ့ ရွာငယ်နယ်ပယ်လေးငါးခုဟာလည်း မောနန်းနဲ့နီးကပ်နေတော့ မောနန်းရဲ့သြဇာရိပ်အောက် ရောက်နေတယ်လို့ သိရပါတယ် အရှင်မ"

"ဒါတွေ မာလာ ဖခင်ရဲ့ထီးညွှန့် လက်မခံခင်ကတည်းက ကြားပြီးသားပါ ဘိုးထန်၊ မာလာနဲ့ တာရာဟာ မိန်းမသားတွေဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



သင်းတို့က အထင်သေးချင်တယ်ထင်ပ ဘိုးထန်"

မာလာဝတီ၏ အေးစက်စက်လေသံဖြင့် စကားအဆုံး ဦးရိုး လအော်ပွန်က ...

"သိဂါနဒီကို မိန်းမသားတွေ အုပ်ချုပ်တယ်ဆိုတာကို သင်၊ တို့ အဦးအစကတည်းက သိပ်ကျေနပ်တာမဟုတ်ဘူး အရှင်၊ သိဂါနဒီကို ထိပါးစော်ကားဖို့ လှည့်စားအကောက်ကြံနေမှာ သေချာတယ်"

"အဲဒါဆိုလည်း သင်းတို့ သိဂါနဒီရဲ့စည်းရိုးထဲ သတ္တိရှိရဲ ဝင်လာခဲ့ပါစေလေ၊ သွေးချင်းရဲ့မရဲ ပြိုင်စမ်းကြည့်ကြတာပေါ့"

စစ်သူကြီး ဗျူဟရာဇကလည်း ...

"အဝီကကတော့ ကျွန်တော်မျိုးတို့ရဲ့ နယ်ခြားဒေသကို လျှို့ဝှက်အထောက်တော်တွေ ပို့လွှတ်ထားရရင် သင့်မယ်ထင်ပါတယ် အရှင်မ"

"စစ်သူကြီး စီစဉ်လိုက်ပါ"

စစ်သူကြီးဗျူဟရာဇက ခေါင်းညိတ်သည်။

မာလာဝတီ၏ ညာဘက်နံဘေး သလွန်တော်ထက်မှာ ထိုင်လျက်ရှိသော တာရာဒေဝီကမူ ယခုပြောပြနေသော တိုင်းရေးပြည်ရာ အကြောင်းခြင်းရာတွေသည် သူမဖြင့် လားလားမျှ မသက်ဆိုင်သကဲ့သို့ နှုတ်ဆိတ်လျက်ရှိသည်။

အမှန်လည်း ဤသိဂါနဒီဖြင့်ပတ်သက်လျှင် စိတ်ဓာတ်ခက်ထန်ထက်မြက်သည့် အစ်မတော်မာလာဝတီ၏ နှုတ်ထွက်စကားတစ်ခွန်းသည်သာ အမိန့်ဖြစ်သည်။ တာရာဒေဝီဆိုတာက နဂိုထဲက ပျော့ပြောင်းအေးဆေးသူမို့ မာလာဝတီ၏ အရိပ်ကိုယ်ပွားမျှသာ။





အတန်ကြာသော် သက်တော်ရှည်ဘိုးထန်ပြလ အပါအဝင် အားလုံးသည် အရှင်မ မာလာဝတီနှင့် တာရာဒေဝီတို့အား အရိုအသေပြုကာ အတွင်းဆောင်ခန်းထဲကနေ ထွက်ခွာသွားကြလေ၏။ ထိုအခါ မာလာဝတီသည် သလွန်တော်ထက်ကနေ ထရပ်လိုက်ကာ အပြင်ဘက် လသာဆောင်ခန်းဆီသို့ လှမ်းလျှောက်သွားလေသည်။

မာလာဝတီ၏ ပိုးသားဝတ်ရုံရှည်မှာ ရှောတိုက်လျက် ထက်ကြပ်မကွာ ပါသွားလေသည်။

တာရာဒေဝီသည်လည်း အစ်မတော်ဖြစ်သူ လှမ်းထွက်သွားရာ လသာဆောင်နန်းဆီသို့ နောက်ကနေ ငြိမ်သက်စွာပင် လိုက်ပါသွားခဲ့သည်။

လသာဆောင်နန်းမှာ ကျယ်ပြန့်ပြီး ဟင်းလင်းပြင်ဖြစ်၍ နူးညံ့စွာ တိုက်ခတ်လာသော လေပြည်လေညင်းတွေက သူမတို့၏ ရှည်လျားနက်မှောင်လွန်းသော ဆံကေသာများကိုသာမက နူးညံ့ပျော့အိသော ပိုးသားဝတ်ရုံအနားစတွေကိုပါ တဖျပ်ဖျပ် လွင့်ပါးနေစေ၏။

ညနေခင်း၏ ဝင်လုဆဲဆဲ လိမ္မော်ရောင် ကောင်းကင်အောက်မှာ အဝေးဆီက မြူနှင်းတွေဆိုင်းဝေသီနေသော အနောက်ဘက်ရှိ မောနန်းတောင်တန်းကြီးတွေအား အရှင်မမာလာဝတီသည် ငြိမ်သက်စွာ လှမ်းငေးကြည့်နေသည်။

သိဂါနဒီ၏ ပိုင်နက်နယ်မြေ အကျယ်အဝန်းသည် ယင်းမိုးထိ မြင့်မားလှမတတ် မောနန်းတောင်တန်းတွေ၏ သည်မှာဘက်ထိပင် တည်ရှိလေသည်။

သိဂါနဒီ မြို့တော်ကနေဆိုလျှင် မှိုင်ပေါင်းများစွာ ဝေးကွာ



www.burmeseclassic.com

www.burmeseclassic.com



လှမ်းသောအရပ်ဖြစ်သည်။ ယင်းနယ်ခြားဒေသရှိ လူမျိုးအချို့သည် သိဂိန္ဒီမြို့တော်သားများကဲ့သို့ ယဉ်ကျေးလိမ္မာမှုသိပ်မရှိဘဲ ခက်ထန်ကြမ်းကြုတ်သော စရိုက်သဘာဝရှိ၏။

မောနန်းသားတို့ဖြင့် အသွင်တူသည်ဟု ဆိုသော်ရလေသည်။ တာရာဒေဝီသည် တိုင်းရေးပြည်ရွာကြောင့် မရွှင်ပျနိုင်သော အစ်မတော် မာလာဝတီအား ကြင်နာသနားစွာဖြင့် . . .

"အစ်မတော် စိတ်တွေသိပ်ပင်ပန်းနေပြီလား"

"အင်း . . . ပင်ပန်းတယ်လို့တော့ ဘယ်ဟုတ်မလဲ တာရာ၊ ခေါင်းဆောင်ဆိုတာ အရာရာအတွက် ကြိုတင်ပြင်ဆင် အကွက်ချစီမံတတ်ရမယ် မဟုတ်လား။ အစ်မတော်တို့ လေ့လာလိုက်စားနေတဲ့ လောကီတက်လမ်း ပညာစခန်းတွေမှာလည်း အစ်မတော်တို့အတွက် ဘိုးရသေ့တို့ အပင်ပန်းအဆင်းရဲခံရသလိုပဲပေါ့လေ၊ ဒါတွေဟာ တွေ့ကြုံလာတတ်မြဲဖြစ်တဲ့ အတိုက်အခိုက်တွေပါပဲ တာရာ"

"ပညာစခန်းဆိုလို့ ဒီနေ့ အဖိတ်နေ့ညနေ အစ်မတော်၊ အဘိုးတို့နေထိုင်တဲ့ ရာမသိဒ္ဓိဂူတော်ကို သွားကြဦးမယ်မို့လား"

တာရာဒေဝီ၏ သတိပေးစကားကြောင့် မာလာဝတီသည် တည်ငြိမ်စွာ ဖျတ်ခနဲ ခေါင်းညိတ်ပြလိုက်ပြီးလျှင် ပင့်သက်ရှိုက်သွင်းလိုက်ကာ . . .

"တာရာရယ် . . . မမှာ သိဂိန္ဒီမြို့တော်အရေးတွေ ဘယ်လောက်ရှုပ်ထွေးနေပါစေ၊ ဟိုငယ်စဉ်ကတည်းကစလို့ အဘိုးတို့ထံကို မရောက်ဖြစ်, မခစားဖြစ်တဲ့ရက် ရှိခဲ့မှုလို့လား။ အစ်မတော်ဟာ မျိုးဆက်တာဝန်အရသာ ဒီသိဂိန္ဒီမြို့တော်ကြီးကို ကာကွယ်စောင့်ရှောက်



နေခဲ့ရတာ၊ အစ်မတော် ဘာကိုမက်မောသလဲဆိုတာ တာရာ ခုချိန်ထိ မရိပ်စားမိသေးဘူးလား"

"တာရာ ရိပ်စားမိပါတယ် အစ်မတော်၊ တစ်ညတလေ စိတ်ပင်ပန်းနွမ်းနယ်နေရင် အနားယူချင် ယူလို့ရအောင်လို့ တာရာက ပြောတာပါ"

"သိဂိန္ဒီရဲ့အရေးက ဘယ်အချိန်တွေးတွေး ရတယ်ကွယ့်၊ ဟိုး ဟိမဝန္တာတောင်တန်းတွေဆီကနေ တကူးတက ပညာစခန်းအကျင့်လမ်းတွေအတွက် ကြွလာခဲ့တဲ့ အဘိုးတို့က တွေ့ချိန်တန်မှ တွေ့ခွင့်ရတာကွယ့်၊ အစ်မတော်အတွက် ပညာစခန်းက အရေးကြီးတယ်၊ ခဏနေရင် တာရာ အားလုံးပြင်ဆင်ထားချည်လေ၊ အစ်မတော် တပ်မှူးတွေကို မြင်းရထားစီစဉ်နိုင်းလိုက်တော့မယ်"

တာရာဒေဝီသည် အစ်မတော် မာလာဝတီ၏အမိန့်အား တရိုတသေ ခေါင်းညိတ်ပြလိုက်ပြီး အတွင်းဆောင်ထဲသို့ ပြန်လည်လျှောက်လှမ်းလာခဲ့သည်။

အစ်မတော် မာလာဝတီ မိန့်မှာလိုက်သကဲ့သို့ ယူဆောင်စရာရှိတာတွေ ယူဆောင်သွားရအောင် ပေကျမ်း ပေရွက်များ ကညစ်တံများကအစ ပြင်ဆင်ရပေဦးမည်။

www.burmeseclassic.com

www.burmeseclassic.com

## ရာမသိဒ္ဓိဂူတော်နှင့် ဘိုးရသေ့ကြီး

ရာမသိဒ္ဓိဂူတော်ကြီးသည် ကညင်ဆီမီးတိုင်၏အလင်းရောင်ကြောင့် ထိန်ဖြာလင်းနေ၏။

မာလာဝတီနှင့် တာရာဒေဝီတို့နှစ်ဦးသာ ဂူကြီးတွင်းသို့ တစ်လှမ်းချင်း၊ လှမ်းဝင်လာလေသည်။ ရာမသိဒ္ဓိဂူတော်ကြီးမှာ သိင်္ဂါနဒီမြို့တော်၏ အစွန်အဖျား ကျောက်ဆောင်ကြီးတစ်ခုအနားတွင် တည်ရှိသည်။

မာလာဝတီတို့သည် မြင်းရထားအား တောအုပ်၏အစပ် ကြာကန်ကြီးအနားတွင် ရပ်ထားခိုင်းခဲ့ပြီး သူမတို့သိသော လျှို့ဝှက်လမ်းကနေ ရာမသိဒ္ဓိဂူတော်ကြီးထံသို့ လာခဲ့ကြခြင်းဖြစ်လေသည်။

ဂူတော်ကြီးမှာ အမှတ်မဲ့ကြည့်လျှင် ကျောက်ဆောင်ကျောက်





ချွန်းတွေ၏ အကြားတွင် နစ်မြုပ်ပျောက်ကွယ်နေ၏။ မည်သူမှလည်း ဤနေရာဝန်းကျင်သို့ မလာရောက်ကြပေ။

မည်သည့်အတွက်ကြောင့်ဆိုသော် ဤနေရာတစ်ဝိုက်သည် တောင်တန်းကြီးတွေဖြင့် ဆက်စပ်တည်ရှိနေ၍ ကျားရဲကောင်ကြီးများ ပေါများကြ၏။

သို့သော် မာလာဝတီတို့ ညီအစ်မနှစ်ဖော်အတွက်မူ ယင်းကျားရဲပာင်းကောင်ကြီးများဖြင့် ပက်ပင်း ရင်ဆိုင်တွေ့ရပါသော်လည်း အန္တရာယ် တစ်ကြိမ်တစ်ခါမျှ မတွေ့ကြုံရဖူးချေ။

ဒီနေရာသည် သူမတို့ငယ်စဉ် ဆယ်နှစ်သမီးခန့်ကစပြီး တစ်လလျှင် နှစ်ကြိမ်ခန့် အမြဲမပြတ် လာရောက်နေရာလမ်း။ ယင်းအပြင် သူမတို့မှာ အဘိုးရသေ့ကြီး ချီးမြှင့်ထားသော ကျားနိုင်မန္တန်ရှိသည်။

ယင်းမန္တန်၏အစွမ်းမှာ လူကို အန္တရာယ်ပြုနိုင်သော မည်မျှဆိုးသွမ်းသောင်းကျန်းသည့် ကျားရဲများမဆို ရင်ဆိုင်ပက်ပင်းတွေ့ကြုံလျှင် ဤမန္တန်အား အချိန်အနည်းငယ်မျှ ရွတ်ဖတ်လိုက်သည်နှင့် အန္တရာယ်ပြုမည့် ကျားရဲကြီးများမှာ လိမ္မာယဉ်ကျေးသော အိမ်မွေးတိရစ္ဆာန်ကြောင်များပမာ အပါးကနေ လှည့်ထွက်သွားတတ်ကြပေသည်။

ယင်းတို့အပြင် တောဆင်ရိုင်းအမျိုးမျိုးတို့အား နိုင်နင်းသောဆင်နိုင်မန္တန် ...

မြွေဆိုးအမျိုးမျိုးအား အဆိပ်ပြေလျော့ကျ ရှောင်ကွင်းသွားစေသော မြွေနိုင်မန္တန်၊ တောတွင်းရှိ တိရစ္ဆာန်ဆိုးကြီးများ ရင်ဆိုင်တွေ့ကြုံလာပါလျှင် ကာကွယ်တားဆီးနိုင်သော ဂါထာမန္တန်အမျိုးမျိုးအား

ရှုရှင်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တတ်မြောက်ထားကြလေသည်။

ထို့ပြင် ဓားလှံလက်နက်မျိုးစုံတို့ဖြင့် မထိနိုက် အသက်မဆုံးနိုင်သော ကာယမန္တန်ကိုလည်း ဘိုးရသေ့ကြီးက သင်ကြားပေးထားလေသည်။

သို့ကြောင့်လည်း မာလာဝတီတို့မှာ လက်နက်ဆို၍ ပညာစခန်း သိဒ္ဓိစခန်းကျင့်စဉ်တော်အချို့အား ရေးမှတ်ရန် ကညစ်တံမှလွဲလို့ မည်သည့်အရာမျှမပါချေ။

ဂူကြီးမှာ အဝတွင် သိပ်မကျယ်ဝန်းလှသော်လည်း၊ အတွင်းမှာမူ အလွန်ကျယ်ဝန်းပြီး သပ်ရပ်သန့်စင်စွာ တည်ရှိလေသည်။ ဂူအမိုးများတွင်လည်းကောင်း၊ ဂူနံရံနှင့် အောက်ခြေ၌လည်းကောင်း၊ ကျောက်စက်မိုးမျှော်များ၊ ကျောက်စက်ပန်းဆွဲ၊ ကျောက်ဓား၊ ကျောက်လှံများမှအစ တည်ရှိနေလေသည်။

အလွန်တရာရှားပါးပြီး အဖိုးတန်သော ကျောက်ကမ္ပန်းများနှင့် ကျောက်သွေးများသည်လည်း တစ်စက်စက် စီးကျပေါက်ရောက်လျက်ရှိ၏။

ဂူတွင်းသို့ ဖြတ်စီးနေသော စိမ့်စမ်းလေးကြောင့်လည်း ရေမိုးအတွက် ပူပန်စရာမရှိပါချေ။

ဒါကြောင့်လည်း ဘိုးရသေ့ကြီးတို့သည် ဤဂူတော်အား အကျင့်စခန်းပညာလမ်းအတွက် ရွေးချယ်ခဲ့ခြင်းဖြစ်ပေသည်။

ဂူထဲ အတန်ကြာ လှမ်းလာခဲ့ပြီးနောက် အခန်းကျယ်ကြီး တစ်ခုအတွင်းသို့ မာလာဝတီနှင့် တာရာဒေဝီတို့ လှမ်းဝင်လိုက်ကြ၏။ ဂူအခန်းကြီးမှာ ပြန့်ကျယ်ပြီး သန့်ရှင်းသပ်ရပ်စွာ မွေးရနံ့များ ထုံသင်း





ပျံ့လွင့်နေ၏။

အခန်းကျယ်ကြီး၏အလယ်တွင် ကျောက်သားပလ္လင်ကြီးတစ်ခု တည်ရှိပြီး ယင်းပလ္လင်ထက်၌ မြသားရောင်များ ဖိတ်လျှံနေသည့် ဉာဏ်တော်တစ်တောင်ခန့်ရှိ မြသားစစ်စစ်ဖြင့် ထုလုပ်ပူဇော်ထားသည့် ရုပ်ပွားတော်တစ်ဆူ ကိန်းဝပ်နေလေသည်။

ရုပ်ပွားတော်၏ရှေ့မှောက်၌ သခွော်၊ သြဇာ၊ မာလကာ အစရှိသော သစ်သီးတော်များ ဆပ်ကပ်ထားသကဲ့သို့ ကျောက်ဖယောင်းတိုင်ကြီးတစ်တိုင်နှင့် အမွှေးနံ့သာတိုင်များ ထွန်းညှိပူဇော်ထား၏။ ကျောက်သားပလ္လင်ကြီး၏အောက်ဝယ် တည်ငြိမ်သော သမာဓိများနှင့် တရားရှုမှတ်နေကြသော ရသေ့ကြီးတစ်ပါး၊ ဝတ်ဖြူစင်ကြယ်ဝတ် သူတော်စင်ကြီးနှစ်ပါးနှင့် ယင်းတို့၏နောက်ပါး၌ ဦးသူတော်ကြီးတစ်ပါးတို့ ရှိသည်။

မာလာဝတီရော တာရာဒေဝီပါ ရုပ်ပွားတော်နှင့်တကွ ဘိုးရသေ့ကြီးတို့ကိုပါ ဦးချဝတ်ပြုလိုက်လေသည်။

သူမတို့ဝတ်ပြုပြီးသည်နှင့် ရှေ့မှာရှိနေသော ဘိုးရသေ့ကြီးထံကနေ အေးချမ်းတည်ငြိမ်သောအသံက ထွက်ပေါ်လာလေသည်။

"သမီးမာလာဝတီတို့ ရောက်လာကြပြီလား"

"မှန်လှပါ အဘိုး"

"အိမ်း အချိန်အခါက နဝင်းချိန်ပဲ၊ ကိုးမောင်ခန့်ရှိနေပြီ ဒီအချိန်အခါက ပညာစခန်းဝဉ်တက်လှမ်းဖို့ အကောင်းဆုံးအချိန်ပဲကွယ့် ကိုးဆိုတဲ့ နဝင်းအချိန်အခါက ကြေဝဋ္ဌာအတွက် အကြီးမားဆုံးသော အင်အားကြီးတစ်ခုပဲကွယ့်"



www.burmeseclassic.com

www.burmeseclassic.com



ဘိုးရသေ့ကြီးသည် သူမတို့ရှိရာဘက် မျက်နှာလှည့်လာ၏။ ဘိုးရသေ့ကြီးသိဒ္ဓိဗလ၏ သေးငယ်ကျဉ်းမြောင်းလွန်းသော မျက်ဝန်းအစုံသည် တည်ငြိမ်အေးစက်နေလေသည်။ ဘိုးရသေ့ကြီးသည် သက်တော် မည်ရွေ့မည်မျှ ကြီးရင့်နေပြီမှန်း မာလာဝတီတို့ မသိရှိ၊ မမေးမြန်းမိပါသော်လည်း ကြည်လင်အေးချမ်းသော မျက်နှာသွင်ပြင်မှာ သက်တော်ခုနှစ်ဆယ်ခန့်မျှသာဟု ထင်မြင်ရလေသည်။

သို့သော် မာလာဝတီနှင့် တာရာဒေဝီတို့ ဘိုးရသေ့ကြီးဖြင့် စတင်ဆုံဆည်းခဲ့စဉ် ငယ်နုသောအရွယ်မှစ၍ ယနေ့အချိန်ထိ ဘိုးရသေ့ကြီး၏ ရုပ်ရည်သွင်ပြင်လက္ခဏာမှာ ဤရုပ်ရည်ပင်ဖြစ်၏။ ချို့ယွင်းပြောင်းလဲ အိုမင်းလာသည်ကို မတွေ့ရ။

ဘိုးရသေ့ကြီး သိဒ္ဓိဗလကဲ့သို့ပင် အခြားဆရာသခင်များဖြစ်ကြသည့် ဘိုးအောင်ပြည့်စုံနှင့် ဘိုးတုလွှတ်တို့မှာလည်း ယင်းကဲ့သို့ပင် ဇရာအား ဟန့်တားထိန်းချုပ်နိုင်သော စွမ်းအားများရှိကြသည်။

ဘိုးတုလွှတ်တို့လည်း တရားဖြုတ်လိုက်ပြီး ဂူခန်းကြီးထဲ စကြံလျှောက်နေကြလေသည်။ သူတို့၏နှုတ်များမှ မန္တန် မန္တရားရွတ်ဆိုနေသံက တိုးတိုးလေး ထွက်ပေါ်နေကြလေသည်။

ဘိုးရသေ့ကြီးသိဒ္ဓိဗလတို့လည်း အနောက်မဖြူဒေသရှိ ဟိမဝန္တာတောင်တန်း ကျောက်လိုဏ်ဂူတွေ့ဒ်သာ အနေများပြီး လစဉ်လပြည့်နေ့တိုင်း သိင်္ဂါနဒီမြို့တော်၏ ဤရာမသိဒ္ဓိဂူသို့ ကြွရောက်လာတတ်ကြပေသည်။

သူတို့လာရောက်တိုင်းလည်း မာလာဝတီတို့ ညီအစ်မနှစ်ဦးအား လောကီထွက်လမ်း ဝိဇ္ဇာဓရ ဂမ္ဘီရပညာကျင့်စဉ်တို့အား လေ့ကျင့်





သင်ကြားပေးလေသည်။ မာလာဝတီရော တာရာဒေဝီပါ ငယ်စဉ်ကပင် လျှို့ဝှက်ဆန်းကြယ်စွာ တည်ရှိနေသော လောကီပညာရပ်တို့အား စိတ်ဝင်စား ဝါသနာထုံခဲ့သည်ဟု ဆိုရပေမည်။

တာရာဒေဝီထက်စာလျှင် မာလာဝတီက ပို၍ဝါသနာထုံ လေ့လာအားထုတ်မှု ကြီးမားလေ၏။

ဘိုးရသေ့ကြီးသိဒ္ဓိဗလသည် လောကီမဟာဂန္ဓာရီ ကျင့်စဉ်ထွက်လမ်းဖြစ်သော ဝိဇ္ဇာဓရပညာရပ်တို့အား အောင်မြင်ပေါက်ရောက်ပြီးသူဟု ဘိုးတုလွှတ်တို့က အမှတ်မထင်ဆိုဖူးသည်။

သာသနာစောင့်နတ်မင်းကြီးများ ရက္ခစိုးနတ်မငကြီးများပင် သက်တမ်းရာထောင်ချီ၍ ရှည်လျားနေထိုင်ကြသည်ဟုလည်း ဆိုသည်။

ဘိုးရသေ့ကြီးသိဒ္ဓိဗလသည် ...

"သမီး မာလာနဲ့ တာရာ"

"ရှင် အဘိုး အမိန့်ရှိပါ"

"သမီးတို့နှစ်ယောက် ဘိုးရသေ့ဆီမှာ မဟာဂန္ဓာရီလောကီပညာထွက်လမ်း ကျင့်စဉ်စရဏတွေ အစီအရင် အစီအမံပညာစခန်းတွေ လေ့လာသင်ယူနေတာ ဘယ်လောက်မျှကြာခဲ့ပြီလဲ"

ဘိုးရသေ့ကြီးသည် မသိ၍ မေးခြင်းမဟုတ်မှန်း မာလာဝတီတို့ သိရှိလေသည်။

"မာလာနဲ့ရော ဆယ်နှစ်သမီးအရွယ်ကတည်းကဆိုတော့ ဆယ်နှစ်တင်းတင်း ပြည့်မြောက်ခဲ့ပါပြီ အဘိုး"

"အိမ်း ... အဲဒီဆယ်နှစ်က ပညာလမ်းမှာ အဘိုးအနေနဲ့



www.burmeseclassic.com

www.burmeseclassic.com



သမီးတို့ရဲ့ ထူးချွန်ထက်မြက်တဲ့ ပါရမီအရသာ ပညာသင်ကြားပေးခဲ့တယ်၊ တကယ်တော့ မဟာဂန္ဓာရီပညာလမ်းဆိုတာ ရှည်လျားတဲ့ လမ်းတစ်ခုပဲဖြစ်တယ်၊ ပညာစခန်း အကျင့်လမ်းကို အဆင့်ဆင့်သာ တက်လှမ်းကြရတယ်၊ စိတ်ဆန္ဒဇောအားကြီးလို့ မရဘူး။ အဓိကက ရတနာသုံးပါးကို ဦးညွှတ်ရိုသေနေရမယ်၊ ရတနာသုံးပါးနဲ့ ဆက်နွယ်တဲ့ ပရိတ်တော်၊ ဓမ္မစက်တော်တွေကိုလည်း ထုံမွှမ်းနေရမယ်၊ ရတနာသုံးပါးကို ယုံရင် အရာအားလုံးလုံတယ် သမီး၊ ဒီဘဝမှာ အရိယမဂ္ဂသစ္စာလေးပါးလမ်းစဉ်ကို မျက်မှောက်ပြုဖို့ဆိုတာ သံသရာဒွန္ဒယာကြီးထဲမှာ ကိုယ်ပြုခဲ့တဲ့ အကုသိုလ်ကံ၊ ကုသိုလ်ကံရဲ့ အရိပ်တွေကို ထက်ကြပ်မကွာ လိုက်ပါလာတတ်စမြဲပဲ . . .။

အဲဒီမှာမှ ဆုတောင်းပန္နက်၊ သစ္စာပန္နက်တွေအတိုင်း ပါရမီဆိုတာ ဖြစ်ပေါ်ပေါ်ပေါက်လာခဲ့ရတာပဲ၊ ပါရမီရှင်ပဲဖြစ်စေဦး အကျင့်မှန်မှ လမ်းမှန်တယ်၊ အကျင့်ချော်ရင် လမ်းလျှော်သွားရမှာ အမှန်ပဲ။

သမီးတို့ဟာ ဘဝ ဘဝတွေက အဘိုးရသေ့တို့ရဲ့ ပဋ္ဌာန်းဆက်သွေးသားတွေ ဖြစ်ခဲ့လို့ ငယ်စဉ်ကနေ ဒီအချိန်ထိ စောင့်ရှောက်ပြီး ပညာစခန်းတွေ တက်လှမ်းပေးခဲ့နေရတာပဲ သမီးမာလာ၊ ဒါပေမဲ့ . . .''

နက်ရှိုင်းလေးနက်သော ဘိုးရသေ့ကြီး၏ စကားသံက ဂူအခန်းကျယ်ကြီးထဲ လွှမ်းခြုံနေလေသည်။ အခန်းကျယ်ကြီးထဲမှာ ဘိုးပြည့်စုံနှင့် ဘိုးတုလွှတ်တို့ မရှိကြတော့ပါချေ။

ဘိုးရသေ့သည် ဒီညမှာမှ ထူးခြားမှုယ်ရာ စကားအရှည်ကြီးများ မိန့်ဆိုနေလေသည်။ ယခင်အခါများက ဤမျှလောက် ရှည်ရှည်





လျားလျား မိန့်ကြားတတ်လေ့မရှိပေ။ ဘိုးရသေ့သည် တစ်ပိုင်းတစ်စ ရပ်တန့်ထားသော စကားကိုဆက်လေ၏။

''ဒါပေမဲ့ သတ္တဝါတိုင်းဟာ အတိတ်ကာလ ယန္တရားတစ်ခုမှာ ကိုယ်ပြုခဲ့မှုတဲ့ အရိုက်သဏ္ဌာန်ဟာ ကိုယ့်နောက်လိုက်ပါလာတတ်စမြဲပဲ၊ သာဓကကတော့ ဘုရားရှင်အပေါင်း ရဟန္တာအပေါင်းတော်မှ ဝဋ်ကြွေးကြမ္မာကို လွတ်အောင် မရှောင်ပုန်းနိုင်ကြဘူး၊ အကြွေးရှိရင် ပေးဆပ်ရမှာ ဓမ္မတာပဲ''

''ဒီစကားတွေကို သမီးတို့ကို မိန့်မှာနေတာ အကြောင်းထူးရှိလို့လား အဘိုး''

မာလာဝတီ၏ အမေးစကားကို ဘိုးရသေ့သိဒ္ဓိဗလက တည်ငြိမ်လေးနက်စွာဖြင့် . . .

''ဒီနေ့ မိန့်တဲ့စကားတွေကို နောင်အခါ သမီးတို့ လက်ခံလာကြရလိမ့်မယ်၊ ကဲ ဒီည အဘိုး သမီးတို့နှစ်ယောက်ကို ရှေးက ကျင့်စဉ်စခန်းပြီးမြောက်သွားကြတဲ့ ဆရာတော်ကြီးတွေ သူတော်စင်ကြီးတွေ ကျင့်သုံးသွားတဲ့ မဟာဂန္ဓာရီ အတုလပညာ အထတ်ပညာ အကြောင်း သင်ပြမယ်၊ လိုက်လံရေးမှတ်ပေတော့''

''မှန်လှပါ အဘိုး''

မာလာဝတီရော တာရာဒေဝီပါ ပေရွက်များပေါ် ကညစ်တံလေး ဆင်လိုက်လေသည်။ ယနေ့ညအဖို့ သူမတို့သည် ပညာစခန်းတစ်ဆင့်တက်လှမ်းလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



"အရှင်မအနေနဲ့ ဒီဖိတ်ခေါ်မှုကို ငြင်းပယ်သင့်ပါတယ် အရှင်မ"

တိတ်ဆိတ်ငြိမ်သက်နေသော ခန်းမဆောင်ထဲမှာ သက်တော်ရှည် ဘိုးထန်ပြူ၏အသံက မပိန်းသော်လည်း တည်ငြိမ်မှုမဲ့နေသလို အတန်ငယ် လှုပ်ရှားလျက်ရှိသည်။

"ဘယ်သို့သောအကြောင်းခြင်းရာကြောင့်လဲ ဘိုးထန်"

"ဒါဟာ ရိုးသားမှုတစ်ခု မဖြစ်နိုင်ဘူးထင်လို့ပါ အရှင်မ"

"လှည့်စားကောက်ကျစ်မှုကို အရေခြုံပြီး ဟန်ဆောင်ဖိတ်ကြားလာတဲ့ မဟာမိတ်ပြုခြင်း လှည့်ကွက်တစ်ခုလို့ ဆိုလိုတာလား"

"ဖြစ်နိုင်ပါတယ် အရှင်မ၊ ဒီ မောနန်းတွေဟာ ..."

ရှုရှင်အောင်ဇာလေ



အရှင်မ မာလာဝတီ၏ လက်ပြပြန်နှုတ်ဆက်လိုက်မှုကြောင့် ဘိုးထန်ပြူလ၏စကားသည် တစ်ပိုင်းတစ်စဖြင့် ငုံလင့်ပြတ်တောက်သွားလေသည်။

မာလာဝတီ၏ ကြည်လင်ရွှန်းမြသော မျက်ဝန်းအစုံက အေးစက်စူးရှနေသယောင် ထင်မိသည်။ ခန်းမဆောင်ထဲမှာ ဘိုးထန်ပြူလနှင့် အမတ်ချုပ်လအော်ငွန်တို့သာ ရှိကြလေသည်။ တာရာဒေဝီသည် အဂ္ဂမိုတ်ဆောင်တွင်းသို့ ဝင်နေချိန်ဖြစ်သည်။

"သူတို့က မောနန်းပဲဖြစ်ဖြစ် ထဝမ်ပဲဖြစ်ဖြစ်၊ တမန်တွေနဲ့အတူ ရောက်ရှိလာတဲ့ဖိတ်ကြားချက်က သိဂ်ါနဒီမြို့တော်ကြီးရဲ့ နောင်ရေးနဲ့ပတ်သက်နေသလို လက်ရှိအုပ်ချုပ်နေတဲ့ မာလာဝတီ၊ တာရာဒေဝီ မင်းသမီးနှစ်ပါးရဲ့ သူရသတ္တိရှိခြင်းမရှိခြင်းနဲ့လည်း များစွာသက်ဆိုင်နေတယ် ဘိုးထန်ပြူလ၊ သိဂ်ါနဒီမြို့တော် အရှင်မဟာ နယ်ခြားမြို့စားတွေရဲ့ သစ္စာရေသောက်ပွဲ ဖိတ်ကြားချက်ကို မလိုက်ဝံ့ဘူးလို့ ငြင်းပယ်ရလောက်အောင် သရဲဘောကြောင်သူအဖြစ် သမိုင်းမှာ တွင်ရစ်မကျန်စေချင်ဘူး"

"ကျွန်တော်မျိုးဆိုလိုတာက ရဲရွမ်းသတ္တိဆိုတာ အချည်းနှီးစွန့်စားရင်းနှီးရာ ရောက်မှာစိုးသလို တစ်လျှောက်လုံး အမှန်တရားနဲ့မျက်နှာမူပြီး မနေဘူးခဲ့တဲ့ မောနန်းနွယ်တွေရဲ့ ယုတ်မာလှည့်စားတတ်တဲ့ မနောကို သုံးသပ်ပြတာပါ အရှင်မ၊ စိတ်ဆိုးရင်လည်း ခွင့်လွှတ်ပါ"

"အဲသဟာဆိုရင် ဒီသိဂ်ါနဒီမြို့တော်ရဲ့ ပိုင်နက်ဖြစ်တဲ့ ရာမထဲတောင်များက ကျေးလက်မြို့ငယ်တွေကို လက်လွှတ်ဆုံးရှုံးခဲ့

ရှုရှင်အောင်ဇာလေ

www.burmeseclassic.com

www.burmeseclassic.com



ပြီး သိင်္ဂါနဒီမြို့တော်အရှင်မတစ်ဦးရဲ့ သူ့ရဲဘောကြောင်ခြင်းကို ပြသရမှာပေါ့ . . . ဟုတ်လား ဘိုးထန်"

ဘိုးထန်ပြလနှင့် အမတ်ချုပ် လအောင်ခွန်တို့သည် အရှင်မ၏ ခက်ထန်တင်းမာနေသော မျက်နှာသွင်ပြင်အားကြည့်ကာ သက်ပြင်းကိုယ်စီ ချလိုက်မိလေတော့သည်။

မာလာဝတီက . . .

"အမတ်ချုပ်ကြီး ယခုလာရောက်တဲ့ တမန်အဖွဲ့ကို မာလာဝတီမင်းသမီး မောနန်းဒေသကို လိုက်ပါလိမ့်မယ်လို့ အကြောင်းကြားလိုက်"

"အရှင်မ"

ဘိုးထန်ပြလသည် တအံ့တသြ မော့ကြည့်လိုက်မိသည်။

မာလာဝတီအရှင်မသည် နောက်သို့ တစ်ချက်မျှငဲ့မကြည့်ဘဲ အတွင်းဆောင်တွင်းသို့ ဝင်သွားခဲ့လေပြီ။

## သားရဲတွင်းဆီသို့

သုံးရက်တာအချိန်ကာလတစ်ခုကို မရပ်မနား ဖြတ်ကျော်ပြီးသောအခါ သိင်္ဂါနဒီမြို့တော်အရှင်မ မာလာဝတီနှင့်အဖွဲ့သည် ပကွပေတ မြို့ငယ်လေးသို့ ရောက်ရှိလာကြလေသည်။ ဤမြို့ငယ်လေး၏ မြို့စားမှာ လူလတ်ပိုင်းမျှသာရှိသေးသော ထရုံဇန် ဖြစ်လေသည်။

မြို့ငယ်လေးမှာ ထရုံဇန်သည် မာလာဝတီနှင့် တာရာဒေဝီကိုရော သက်တော်ရှည် ဘိုးထန်ပြလနှင့် စစ်သူကြီး ဗျူရာဇဦးစီးသော ကိုယ်ရံတော်အစောင့်အဖွဲ့များကိုပါ လိုလေသေးမရှိ ပြည့်စုံအောင်ထားလေ၏။

ဤမြို့ငယ်လေးမှာပင် သစ္စာခံမြို့ငယ်လေးမြို့နှင့် မြို့စားငယ်များသည် သစ္စာပြု မဟာမိတ်ခံကြမည်ဖြစ်သည်။

ဖုရှင်ဘောင်ဇာဝ

www.burmeseclassic.com

www.burmeseclassic.com



"နမတော် မာလာဝတီ … အေးချမ်းပြည့်စုံပါတယ်နော်"

"သင် ကျွန်ုပ်ကို ဘယ်လိုခေါ်ဝေါ်လိုက်တယ် မြို့စားထရုံဖန်၊ ကျွန်ုပ်ဟာ သင့်ရဲ့လက်အောက်ခံမဟုတ်ဘူး။ သိင်္ဂါနဒီမြို့တော်ကြီးရဲ့ အရှင်မ မာလာဝတီပဲဖြစ်တယ်"

မြို့စားထရုံဖန်၏ ထိမထင်သလို ခေါ်ဝေါ်မှုကြောင့် သူမ မျက်နှာ တင်းမာနေရလေသည်။ သူမထံမှ မာဆတ်ခက်ထန်သော လေသံကြောင့် ထရုံဖန်က …

"ဩော် … ဟုတ်သားပဲ၊ ကျွန်တော်မျိုး အမှတ်မထင် မေ့လျော့သွားတဲ့ မိုက်မဲမှုပါ အရှင်မ၊ ဟင်း ဟင်း … ဒါပေမဲ့ အရှင်မတို့တစ်တွေက ကျွန်ုပ်ထက် များစွာငယ်ရွယ်လှလို့ နမတော်လို့ ခေါ်ဆိုသုံးစွဲလိုက်မိတာပါ"

"ကျွန်ုပ်ဟာ သိင်္ဂါနဒီအရှင်မဆိုတာ သင်မမေ့ပါနဲ့ ထရုံဖန်"

ထရုံဖန် မဲ့ပြုံးပြုံးလိုက်မိလေသည်။

သူသည် အသက်များစွာငယ်သော နို့နံ့ပင်မစင်သေးသော သူမအား ကြီးမြတ်သော ကေရာဇ်ဘုရင်မအဖြစ် ခေါ်ဝေါ်ဆက်ဆံရသည်မှာ ထရုံဖန်အဖို့ အောင့်သီးအောင့်သက် ခံစားရတာအမှန်။

ဒါပေမဲ့ ယင်းစိတ်အတွေးတို့ မျက်နှာပေါ် မပေါ်လွင်စေပါ။ သူ ထရုံဖန်ကဲ့သို့ပင် သိင်္ဂါနဒီမြို့တော်၏ ပိုင်နက်နယ်မြေထဲ ပါဝင်နေကြသော နယ်ခြားမြို့ငယ်လေးများမှ မြို့စားရွာစားများမှာလည်း သူကဲ့သို့ပင်။ ငယ်နုသော အုပ်ချုပ်ရေးပညာနည်းပါးသော မာလာဝတီနှင့် တာရာဒေဝီတို့၏ လက်အောက်ခံအဖြစ် နေထိုင်ဦးညွတ်ရန် မဝံ့မရဲဖြစ်နေကြလေသည်။





ဒါကြောင့်လည်း ဤတွေ့ဆုံပွဲအကြံအစည်ကို ဖြစ်မြောက်အောင် ကြံဆောင်ကြခြင်းဖြစ်လေသည်။ မနက်ဖြန်ဆိုလျှင် သစ္စာပြုမဟာမိတ်ပွဲ ကျင်းပကြလေမည်။

မာလာဝတီသည် သူမတို့အားပေးထားသော အိမ်တော်တွင်းသို့ လှမ်းဝင်လာခဲ့လေသည်။ စောစောက မကျေနပ်မှုကြောင့် သူမ၏ မျက်နှာသည် တင်းမာရိပ်တို့ မလွင့်ပြယ်သေးချေ။ အိမ်တော်အတွင်းဆောင်ထဲတွင်း ဘိုးထန်ခြွလဖြင့် သွားဆုံသည်။

ဘိုးထန်ခြွလသည် အရှင်မ၏အရိပ်အကဲကို ယေဘုယျကပင်သိထားသူပီပီ …

"မြို့စားထရုံဖန်နဲ့ ဘာများစိတ်တော်အလိုမကျ ဖြစ်လာသလဲ အရှင်မ"

"ဘာရယ်မဟုတ်ပါဘူး ဘိုးထန်၊ ပထီလေးစားဆက်ဆံတာ ခံပြင်းလာမိလို့ပါ၊ ထရုံဖန်ကိုကြည့်ရတာ မာလာ့ကို အထင်သေးနေကြပုံပေါ်တယ်"

မာလာဝတီ၏စကားကြောင့် ဘိုးထန်ခြွလ သက်ပြင်းရှိုက်လိုက်မိသည်။

အရှင်မသည် သူသုံးသပ်ခဲ့သော စကားများကို ခြင်းပယ်ခဲ့၍ ယခု စိတ်ငြိုငြင်သောကရောက်နေရရှာလေပြီ။ မထီလေးစားပြုမူခြင်း ခံရလေပြီ။

မနက်ဖြန်ဆိုလျှင် မဟာမိတ်သစ္စာခံယူပွဲ ကျင်းပတော့မည်။

တတ်နိုင်ပါက ဘိုးထန်ခြွလကိုယ်တိုင်ပင် ဤမြို့ငယ်လေးကနေ အလျင်အမြန် ထွက်ခွာပြန်သွားချင်လှပြီ။



www.burmeseclassic.com

မြို့စားထန်ဒုံနိုက်၏ အကြည့်တွေသည် လှည့်စားကောက်ကျစ် ခြင်းတွေ ရွှန်းပေနေသည်ဟု စိတ်တွင်းမှ အလိုလို သိနားလည်နေ လေသည်။ မြို့တော်ကနေ ထွက်ခွာလာခဲ့စဉ်မှာ စစ်သူကြီး ဗျူမရာဇ ဦးဆောင်သည့် ကိုယ်ရံတော်တပ်ဖွဲ့တစ်ဖွဲ့မျှသာ ပါရှိလာလေသည်။

အရှင်မ၏အမိန့်ကြောင့် လုံလောက်အောင် မခေါ်ဆောင်ခဲ့ ရပါ။

ဘာဖြစ်ဖြစ် သူရော ဗျူမရာဇပါ အရှင်မအား မတော်တဆ အသက်အန္တရာယ်အား ကြုံတွေ့လာလျှင် နောက်ဆုံးချိန်ထိ အသက် စွန့်ကာကွယ်ရပေမည်။

ဘိုးထန်မှာပြုလသည် အရှင်မအား ကြင်နာသနားစွာကြည့်ရင်း

"အရှင်မ အနားယူတော့မလား"

"တာရာရော ဘိုးထန်၊ တာရာကို မတွေ့ပါလား"

"ရှိမှာပါ အရှင်မ၊ အစောပိုင်းကတော့ အင်းနက္ခတ်တွေ ရေးဆွဲကစားနေတာ တွေ့ရပါသေးတယ်၊ အိပ်ခန်းဆောင်ထဲဝင်သွား ပြီ ထင်ပါတယ်၊ အရှင်မလည်း အနားယူပါ၊ မနက်မိုးသောက် အရုဏ် ကျင်းရင် မဟာမိတ်သစ္စာခံယူပွဲ ကျင်းပရဦးမှာဆိုတော့ အိပ်ရေးပျက် ခံလို့မဖြစ်ပါဘူး၊ ပင်ပန်းနေမယ်"

"အခြားမြို့စားတွေ ရောက်လာပြီလား ဘိုးထန်"

"ရောတမြို့စားတော့ ရောက်နေပြီ၊ ကျွန်တော်မျိုးတို့ လုံ ခြုံရေးကိုတော့ တင်းကျပ်စွာစီစဉ်ထားမှ ဖြစ်ပါလိမ့်မယ် အရှင်မ"

"ဟင် ... ဘာ ... ဘာဖြစ်လို့လဲ ဘိုးထန်"

"ကျွန်တော်မျိုးစိတ်နှလုံးထဲမှာ ဒီမဟာမိတ်ခံယူပွဲဟာ ဟန်





ဆောင်ပွဲလို့ သံသယဖြစ်ပြီး စိတ်တွေထင့်လေးနေပါတယ် အရှင်မ"

ဘိုးထန်မှာပြုလ နောက်ဆုံးစကားကို ဆိုလိုက်မိပါလေတော့ သတည်း။

အရှင်မ၏မျက်နှာသည် ကွက်ခနဲ ပျက်ယွင်းသွားလေတော့ ၏။

www.burmeseclassic.com



တာရာသည် သူမ၏စကားကိုရပ်ကာ အဝေးရှိ ညို့မှိုင်းနေသော တောင်တန်းကြီးတွေထံသို့ လှမ်းမျှော်ငေးကြည့်နေမိလေသည်။ ထိုအကြောင်းများကို ပြန်လည်တွေးတောမိတိုင်း တာရာ၏ရင်အစုံသည် လှိုက်ဖိုကြေကွဲမိရစမြဲ ... နာကျင်ခံပြင်းရစမြဲ။

ဆဝမ်ခေါင်သည် အလွန်ထူးဆန်းစိတ်ဝင်စားဖွယ်ရာကောင်းသော ဇာတ်လမ်းအား နားထောင်နေမိရာက တာရာ့ထံကနေ မည်သည့်အသံမျှ ဆက်လက်မထွက်ပေါ်လာတော့သဖြင့် ...

"ဟိတ် ... မင်းပြောနေတဲ့ ဘဝဇာတ်လမ်းက ပြီးသွားပြီလား၊ ကွ၊ ဒီမှာ စိတ်ဝင်တစားနဲ့ နားထောင်နေတာ"

"ကျွန်မ ဆက်မပြောချင်တော့ဘူး"





"ဟာ ... ဘယ်လိုဖြစ်ရတာလဲ၊ ငါ မင်းပြောတာကို အရမ်းစိတ်ဝင်စားနေတာကွ၊ ဒါထက် နေစမ်းပါဦး ... အဲဒါက မင်းရဲ့ဘဝဇာတ်ကြောင်းဆိုတော့ ဒီထဲက မာလာဝတီအရှင်မဆိုတာနဲ့ တာရာဒေဝီ ညီအစ်မနှစ်ယောက်ထဲမှာ မင်းက ဘယ်သူလဲ"

"ကျွန်မက တာရာဒေဝီ"

ဆဝမ်ခေါင်သည် မျက်နှာလေးညှိုးငယ်လျက် တိုးဖွဖွလေး ပြောလိုက်သော သူ့ရှေ့ရှိ ကျောက်တုံးကြီးထက်၌ ထိုင်နေသည့် မိန်းမချောလေးအား လှမ်းကြည့်နေမိသည်။

သူမ၏ ရှည်လျားနက်မှောင်သော ဆံနွယ်ကြီးတွေသည် ရေစပ်သို့ထိတိုင် ထိခတ်နေ၏။ သူမ၏ရင်ထဲမှာ ပြောနေလက်စစကားကို ရပ်တန့်လိုက်မိအောင်ပင် တစ်စုံတစ်ခုသော ကြေကွဲခြင်းဝေဒနာကို ခံစားနေရမည်မှာ သေချာသည်။

ပြီးတော့ သူမသည် အတိတ်ကို ပြန်လည်သိနိုင်စွမ်းသော အတော်ထူးဆန်းသည့် အမျိုးသမီးလေးတစ်ဦးပင် ဖြစ်သည်။

ဤဖြစ်ရပ်များအား စောင်မပြောပြခင်ကတည်းက သူမသည် ယင်းအကြောင်းအရာများအား စိတ်မစွဲလမ်းပါဘဲနှင့် အိပ်မက်တွေကနေ တစ်ဆင့် သိခဲ့ရတာဟုဆိုလေသည်။

ဆဝမ်ခေါင်ကတော့ အိပ်မက်ဆိုတာ မက်လေ့မက်ထ သိပ်မရှိသူမို့ အိပ်မက်အကြောင်းတွေကို သိပ်နားမလည်ပါချေ။ ထို့ကြောင့်လည်း ထိုပုံပြင်လိုလို ဒဏ္ဍာရီလိုလို အဖြစ်အပျက်အား ပြောပြနေသော တာရာဆိုသည့် မိန်းမချောလေး၏ အိပ်မက်တို့သည် မယုံရတစ်ဝက် ယုံရတစ်ဝက်ပင်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဆဝမ်ခေါင်နားမလည်သော အကြောင်းခြင်းရာများနှင့် အင်းအိုင်ခါးလှည့် လက်ဖွဲ့များလည်း ပါသည်။ ရသေ့ကြီးတွေ သူတော်စင်ကြီးတွေလည်း ပါဝင်သည်။ ဤမျှလောက်တော့ ဆဝမ်ခေါင် ဉာဏ်မမီပါချေ။

သိပ်လည်း နားမလည်မိပါလေ။

"ဒါထက် အဲဒီအိပ်မက်တွေကို မင်းဆက်မမက်တော့ဘူးလား ကွ"

"မက်တယ်၊ ခုချိန်ထိ မက်နေတုန်းပဲ၊ ကျွန်မ စွဲလမ်းနေတာ မဟုတ်ဘူး။ ဒီအိပ်မက်တွေက ကျွန်မငယ်စဉ်ကတည်းက စပြီးမက်တာ၊ ပြီးတော့ ဒီနေရာဝန်းကျင်ကိုရောက်ရင် ကျွန်မ ပိုပြီးထင်ထင်ရှားရှား မက်တယ်၊ နောက် ကျွန်မရဲ့စိတ်ထဲမှာ ဒီနေရာဝန်းကျင်ဟာ သိပ်ပြီး ရင်းနှီးကျွမ်းဝင်နေသလိုပဲ ခံစားရတယ်၊ ဒါကြောင့်လည်း ကျွန်မ ရွာမှာထက် ဟောဒီ ကျောက်ဖြူရှင်မရုပ်တုရှိတဲ့ နေရာလေးကို အမြဲ တမ်းလာနေမိတာပေါ့ ဆဝမ်ခေါင်"

သူမသည် အိပ်မက်အကြောင်းကို ရှည်လျားစွာ ရှင်းပြနေလေသည်။

ဆဝမ်ခေါင်က ...

"မင်းနဲ့ငါ ဒီနေရာမှာကြုံတာ နှစ်ကြိမ်ရှိသွားပြီနော်"

"အဲဒီနှစ်ကြိမ်မှာ ခုတစ်ကြိမ်က ရှင် ကျွန်မကိုကယ်လိုက်တဲ့အတွက် ကျေးဇူးအရမ်းတင်ပါတယ်ရှင်၊ နို့မို့ဆို ကျွန်မ ခုလောက်ဆိုရင် မြွေကြီးရဲ့ဗိုက်ထဲ ရောက်နေပြီ"

"တာရာ"





"ရှင် ... ဆဝမ်ခေါင်"

"ငါ မင်းကို နောက်တွေ့ချင်ရင် ဘယ်နေရာမှာရှာရမှာလဲ တာရာ၊ ငါ ဒီတောထဲကို အမဲလိုက်ရင် အမြဲရောက်တတ်ပါတယ်"

"ကျွန်မ မနက်ဖြန် ရွာကိုပြန်မှာ ဆဝမ်ခေါင်"

"ဒါဆို ငါ မင်းရဲ့ရွာကိုလာခဲ့မယ်၊ ကဲ ... ငါသွားမယ်"

ဆဝမ်ခေါင်သည် စကားဆုံးသည်နှင့် သူမ၏အပါးကနေ ချာခနဲ တောထဲသို့ ထွက်ခွာပျောက်ကွယ်သွားသည်။ တာရာသည် ကျောက်ဖြူရှင်မရုပ်တုကြီးရှိရာသို့ လှမ်းကြည့်မိလိုက်၏။ သူမ၏နှုတ်ခမ်းလှုပ်သွားသည် နှင့်ဆိုလိုက်မောနေသလိုလို။

www.burmeseclassic.com

www.burmeseclassic.com

## သိဂါနိဒ်ညှဲသည့်

ဆဝမ်ခေါင် ရွာသို့ပြန်ရောက်တော့ တောင်တန်းတွေအပေါ်မှာ အမှောင်က စတင်ကျရောက်စ ပြုနေလေပြီ။ ရွာထိပ်ဝင်ဝင်ချင်း ရွာထဲမှာ ဘိုးအိုက်နှင့် သွားဆုံသည်။

ဘိုးအိုက်သည် ဆဝမ်ခေါင်၏ပခုံးပေါ်မှ ထမ်းလာသော ချေပေါက်အား လှမ်းကြည့်ကာ ...

"ဟာ ... ဆဝမ်ခေါင် ... ချေပါလား။ မင်းကတော့ တောထဲတစ်နေ့ဝင် အမဲတစ်ကောင်ပဲ၊ တောထဲမှာ သားကောင်တွေ တဖြည်းဖြည်း ရှားပါးသွားတာ မင်းလက်ချက်ကြောင့်ထင်တယ် ... ဟား ဟား"

"မှဆိုးပဲကွာ ... အမဲရမှ အစိုတာ၊ အမဲပစ်မထွက်ရင် ငါနဲ့ဘထန်လျှန်းကို ဘယ်သူ အစားအသောက် လာကျွေးမှာလဲကွ"





"အဟား ... ငါက နောက်တာပါကွာ၊ မင်းအိမ်ရောက်လို့ အမဲဖျက်ရင် ငါ့အတွက် မီးတောက်နဲ့မြည်းဖို့ ချေဝမ်းတွင်းသားချန်ထားကွာ၊ ငါ အပြန်ဝင်ယူမယ်၊ ဪ ... ဒါထက် မင်းတို့အိမ်မှာ မြို့က ညွှန့်သည့်တစ်စုရောက်နေတာ တွေ့ခဲ့တယ် ဆဝမ်"

"ညွှန့်သည့် ... ဟုတ်လား"

ဘိုးအိုက်၏ စကားကြောင့် ဆဝမ်ခေါင် အံ့အားသင့်သွားရသလို မျက်မှောင်လည်း ကြုတ်သွားမိရလေသည်။ အိမ်မှာ မြို့ကညွှန့်သည်တွေ ရောက်နေသည်ဆိုတော့ ဘယ်ကညွှန့်သည်တွေပါလိမ့်။ မြို့ဆိုသော တိမ်ပြာမြို့လေးသည် သူတို့ရွာနှင့် နေ့တစ်ဝက်ခရီးသာ ရှိပေ၏။

အဘိုးထန်လျှန်း၏ ညွှန့်သည့်တွေပင် ဖြစ်ပေလိမ့်မည်။

အဘိုးထန်လျှန်း မုဆိုးဘဝမှာ ကျင်လည်နေတုန်းက တိမ်ပြာမြို့ကလေးက လူတွေသည် အဘိုးထံသို့ မကြာခဏလာရောက်ကာ သူတို့လိုချင်သော သားကောင်များ၊ အရေများ လာရောက်မှာကြားတတ်ကြသည်။ ငွေများ တင်ကြိုပေးသွားတတ်ကြသည်ဟု ဆိုသည်။

အုံများအားဖြင့် အဘိုးသည် ဟင်းကောင်နှင့် သမင်ဖိုများအား ပစ်ခတ်ပေးရလေသည်။ ယခု အဘိုးပင် မုဆိုးအလုပ်မှနားကာ ခြံထဲမှာ သီးပင်စားပင်စိုက်ဖြင့် နေလာခဲ့တာ သူ၏ဖခင်ဖြစ်သူ တောထဲမှာ ဝံကောင်ဖြင့်တိုးကာ သေဆုံးပြီးကတည်းကပင်။

အဘိုးနှင့် ဖခင်ဖြစ်သူ၏အမွေအား ယခု ဆဝမ်ခေါင် ဆက်လက် ထမ်းဆောင်နေရခြင်းဖြစ်သည်။

ဘိုးအိုက်နှင့် လမ်းခွဲပြီး လျှောက်လာခဲ့ရာ အမှောင်ရိပ်ပျိုးစ



www.burmeseclassic.com

www.burmeseclassic.com



မှာပင် ခြံဝသို့ ရောက်လာသည်။

'ဝေါင်း ဝေါင်း'

"မိုးလုံးကြီး"

သူ့အရိပ်အားမြင်လိုက်သဖြင့် မိုးလုံးကြီးသည် တဝုန်းဝုန်း တဝေါင်းဝေါင်း အသံပြုကာ သူ့ထံ လွှားခနဲရောက်ရှိလာသည်။ မိုးလုံးကြီးသည် ဆဝမ်ခေါင်အချစ်ဆုံးခွေး။ ခြံထဲလှမ်းဝင်လာရာ ခြေတံရှည်တဲအိမ်အောက်ထပ်ရှိ မီးအိမ်အလင်းအောက်မှာ အဘိုးဖြင့်အတူထိုင်နေကြသော လူသုံးလေးဦးမကာ တွေ့ရလေသည်။

ဘိုးအိုက် တင်ကြိုပြောပြခဲ့သော မြို့ကလာသော ဧည့်သည်များပင် ဖြစ်နိုင်မည်။ ဆဝမ်ခေါင် အမဲကောင်ထမ်းလျက် အိမ်အောက်လှမ်းဝင်လိုက်စဉ် ကွပ်ပျစ်ဆင့်ပေါ် ထိုင်နေကြသည့်လူတွေက လှမ်းကြည့်သည်။

အဘိုးထန်လျှန်းက ...

"ဆဝမ်ရေ လာပါဦးကွ၊ ဒီမှာ ဧည့်သည်တွေနဲ့ မိတ်ဆက်ပေးရအောင်"

"ခဏနေဦး အဘိုး၊ ဒီမှာ ကျွန်တော် အမဲထားလိုက်ဦးမယ်"

ပြောရင်း ဆဝမ်ခေါင် တဲနောက်သို့လှမ်းဝင်ကာ ချေသေကောင်အား ကျပ်ခိုးစင်ပေါ် လှမ်းတင်လိုက်၏။ ခဏနေမှပင် ဖျက်ရပေတော့မည်။

ဆဝမ်ခေါင် ကွပ်ပျစ်ရှိရာ ပြန်လျှောက်လာပြီး ဘိုးထန်လျှန်း၏နံဘေးတွင် ဖွေ့ခနဲဝင်ထိုင်လိုက်မိသည်။ အဘိုးထန်လျှန်းက ...

"ဒါ ကျုပ်ရဲ့မြေး ဆဝမ်ခေါင်တဲ့၊ မုဆိုးပေါက်စတစ်ယောက်





ပေါ့၊ သူလည်း တောကျွမ်းတယ်၊ ခင်ဗျားတို့ပြောတဲ့ကိစ္စကို ဆဝမ်ခေါင် ကူညီနိုင်မှာပါ"

"ဆဝမ် ... သူတို့က မြို့က အဘိုးရဲ့ တစ်ချိန်က မိတ်ဆွေတွေပဲ၊ ဒီကမိတ်ဆွေကြီးက ဦးဖော်ထန်း၊ သူက သီဟနိုင်၊ ဒီက မိတ်ဆွေကြီးက ဦးဖော်ထန်းရဲ့မိတ်ဆွေ နာမည်ဘယ်သူ အဲ ..."

"ဆရာကြီးနာမည်က ထိပ်တင်နောင်တဲ့၊ ဂန္ဓာရီပညာရှင် တစ်ဦးပါ"

ဆဝမ်ခေါင်သည် ဦးထိပ်တင်နောင်ဟူသော အသားဖြူဖြူ ရုပ်ရည်သန့်သန့်ဖြင့် တိုက်ပုံနက်ကြီးဝတ်ဆင်ထားပြီး ဆံပင်ရှည်ကြီးအား သျှောင်ထုံးထားသော ထူးဆန်းသောလူကြီးကို ကြည့်လိုက်မိသည်။

လူကြီး၏မျက်ဝန်းအစုံဖြင့် အကြည့်ချင်းဆုံသွားနိုက် အေးစိမ့်သောခံစားမှုတစ်မျိုးသည် ဆဝမ်ခေါင်၏ရင်တွင်းသို့ ရောက်ရှိလာသည်။ ဆဝမ်ခေါင်အကြည့်အား ကမန်းကတန်း ပြန်လွှဲလိုက်မိ၏။

ယင်းလူကြီး၏ မျက်ဝန်းအိမ်နောက်ကွယ်မှာ လျှို့ဝှက်သော အရိပ်အရောင်များ တောက်လက်နေသည်ဟု ဆဝမ်ခေါင် ထင်နေမိသည်။

ဦးဖော်ထန်းနှင့် သီဟနိုင်အပြင် အခြားတစ်ယောက်လည်း ပါသေးသည်။

အနောက်ဘက်မှာ တစ်ယောက်တည်းထိုင်နေပြီး စကားဝိုင်းကို မမိုတ်မသုန်လှမ်းကြည့်သော ကျွဲပေါက်မည်းကြီးပမာ အသက် လေးဆယ်ဝန်းကျင်ရှိ လူကြီး၏မျက်နှာက ခွေးဘီလူးကြီးတစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com



ကဲ့သို့ ရက်စက်ကြမ်းကြုတ်မှုတွေ အပြည့်။

သီဟနိုင်မှာမူ ဆဝမ်ခေါင်နှင့် သက်ရွယ်တူနီးပါးမျှပင် ရှိပေမည်။ တစ်ခုရှိတာက သူတို့ဖြင့်အတူ ခေါင်းရင်းကျူထရံဖြာထောင့်မှာ ထောင်ထားသည့် အိတ်များနှင့် တူးမီးသေနတ်တစ်လက်၊ နောက် ဆဝမ်ခေါင်မခေါ်တတ်သော ပြောင်းရှည်သေနတ်ကြီးတစ်လက်ကြောင့် အမဲသားကောင်ပစ်ခတ်ကြမည်မှန်း ဆဝမ်ခေါင် ရိပ်စားမိလိုက်၏။

"သူတို့က အမဲပစ်ကြမလို့လား ဘိုးထန်လျှန်း"

ဆဝမ်ခေါင် အဘိုးဖြစ်သူအား လှည့်မေးလိုက်၏။

"အေးလေကွယ် ဆဝမ်၊ သူတို့က အမဲလိုက်ကြမလို့ အဘိုးဆီကို လာခဲ့ကြတာ၊ အဲဒါ ဆဝမ်ကိုလည်း လမ်းပြအဖြစ် ငှားချင်တယ်တဲ့၊ အမဲလည်းပစ် လမ်းလည်းပြပေါ့ကွာ"

"ကျုပ် လိုက်ပြပါ့မယ် အဘိုး"

"သူတို့က ဒီဘက်တောတွေထက် နတ်ဝိညာဉ်တောင်ကြီးဘက် သွားချင်တာလို့ပြောတယ်၊ အဲဒီဘက်က တောပိုနက်သလို တောလည်းပိုကြမ်းတယ်ဆိုတာ သူတို့ကိုပြောပြလိုက်ဦး"

ဆဝမ်ခေါင် ယနေ့ပင် နတ်ဝိညာဉ်တောကြီးထဲက ပြန်လာခဲ့သည်ကို အဘိုးဖြစ်သူမသိချေ။ နတ်ဝိညာဉ်တောကြီးတွင်းသို့ သွားလာချင်သည်ဟူသော လူစုအား ဆဝမ်ခေါင်ကြည့်လိုက်၏။

"ဦးကြီးတို့က နတ်ဝိညာဉ်တောကလွဲလို့ တခြားတောကို မလည်တော့ဘူးလား။ သားကောင်တွေက ဘယ်တောပဲဖြစ်ဖြစ် ရှိတာပဲ"

"တို့က နတ်ဝိညာဉ်တောင်က နာမည်ကြီးလွန်းလို့ သွားချင်





နေတာ"

"ပြီးရောလေ နတ်ဝိညာဉ်တောင်က တောကြီးတယ် နက်တယ်၊ တောလည်းကြမ်းတယ်၊ သွားချင်ရင်တော့ အသင့်ပြင်ထားပေါ့၊ မနက်ကျ ခရီးထွက်ကြတာပေါ့"

ဆဝမ်ခေါင် ဤမျှသာပြောပြီး ကွပ်ပျစ်ပေါ်ကဆင်းကာ ချေဘားဖျက်ရန် တဲနောက်ဘက်ခြမ်းသို့ လှမ်းဝင်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

နတ်ဝိညာဉ်တောင်ခိုး

'အောက် အီ အီ အွတ်'

ရွာတွင်းရှိ သစ်ပင်များ ဝါးရုံပင်များထက်၌ အိပ်တန်းတက်နေသော လင်းကြက်များ၏တွန်သံက ဆူညံလာသည်။ ဆဝမ်ခေါင်သည် ခပ်စောစော ရောင်နီပျို့ခါစကပင် နိုးနေခြင်းဖြစ်သည်။ မနေ့က မြို့ကလာကြသော ဧည့်သည်များလည်း နိုးလေပြီလားမသိ။

ဒီမနက် တောထဲဝင်ကြမည်ဖြစ်၍ အလင်းရောင်ပေါ်စလောက် ရွာကထွက်မှသာလျှင် လမ်းတွင်နေမပူမှာဖြစ်သည်။

နတ်ဝိညာဉ်တောကြီးမှာ ရွာ၏အနောက်မြောက်ဘက်ခန့်တွင် ရှိပြီး အချိန်အတော်ကြာသွားရသော ခရီးဖြစ်သည်။

လမ်းတွင် တောင်နှစ်လုံး ကျော်ရသေး၏။





ဆဝမ်ခေါင် အိမ်အပေါ်ထပ် ဧည့်သည်များအိပ်ရာကနိုးကာ ဆင်းလာသည်ထိစောင့်ရင်း မျက်နှာသစ် ကိုယ်လက်သုတ်သင်လိုက်သည်။

တောထဲယူဆောင်သွားမည့် လက်နက်ပစ္စည်း ကိရိယာများအား စုလင်စွာ ညထဲက သူ၏ပလိုင်းထဲ ထည့်ထားပြီးပြီ။ ဒီတစ်ကြိမ်တောင်ပေါ်ဘက်မှာ ရက်ကြာလောက်သည်။ ညက ထမင်းစားသောက်ပြီး ဆက်၍ စကားစမြည်ပြောတော့မှ ယင်းလူစုသည် တောတွင်းမှာ ပစ္စည်းတစ်ခုရှာဖွေရန် လာခဲ့ခြင်းဖြစ်၍ ရက်အတန်ကြာ တောလည်မှာဖြစ်ကြောင်း သိလိုက်ရ၏။

တော်ပေသေးသည်။

ဆဝမ်ခေါင်မှာ ရိက္ခာများပိုလျှံနေ၍ အရှုံသင့်ဖြစ်သွား၏။ နို့မို့ ရိက္ခာတစ်ရက်စုရမည်။ ဆဝမ်ခေါင် ဒူးလေးမောင်းကို ကြည့်နေစဉ်မှာပင် လှေကားရည်ကနေ ဆင်းလာသော အဘိုးဖြင့်အတူ ချောင်တုံးကြီးဖြင့်လူကြီးရော သူ့လူများကိုပါ လှမ်းမြင်လိုက်ရသည်။

"လူလေး ဆဝမ်"

ဆဝမ်ခေါင် မြားဘူးအားစစ်ရင်းမှ ဘိုးထန်လျှန်အား လှမ်းကြည့်လိုက်သည်။ အဘိုးဖြစ်သူသည်လည်း ဘောင်းဘီပွပွဖြင့် တောစီးအဝတ်ပိနှပ်စီးထား၍ ဆဝမ်ခေါင် အံ့အားသင့်သွားမိရလေသည်။

"ဟင် . . . အဘိုးပါ တောထဲလိုက်မလို့လား"

"ဟုတ်တယ် မောင်ဆဝမ်ခေါင်၊ ဆရာကြီးထိပ်တင်နောင်ရော ဦးကြီးပါ ညတုန်းကပြောလို့ အားနာတာနဲ့ မင်းအဘိုးပါ အမဲပစ်လိုက်ဖို့ဖြစ်သွားတာ၊ ဦးကြီးတို့အတွက်ပါ ပိုပြီးအဆင်ပြေသွားတာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ကွာ''

ဦးဇော်ထန်းဟူသောလူကြီးက ဆဝမ်ခေါင်အား ရှင်းပြသည်။

ဆဝမ်ခေါင် ဘာမျှမပြောပါ။ သို့သော် အဘိုးလိုက်ပါမည်ဆိုတော့ သူက လူပိုဖြစ်နေသည်။

''ကျုပ်က အဘိုးမလိုက်ဘူးဆိုလို့ ဦးကြီးတို့ကို လိုက်ပို့တာ၊ အဘိုးလိုက်မယ်ဆိုတော့ ကျုပ်က လူပိုဖြစ်နေပြီပေါ့''

''ဟာ . . . မဖြစ်ပါဘူး မောင်ဆဝမ်ခေါင်၊ ဦးထန်လျှန်းက နတ်ဝိညာဉ်တောကို မောင်ဆဝမ်ခေါင်က ပိုကျွမ်းတယ်ပြောတယ်၊ ဦးထန်လျှန်းက အဖော်အဖြစ် လိုက်ခဲ့တာပါ''

ဦးဇော်ထန်းသည် ဆဝမ်ခေါင်နေခဲ့မည်စိုး၍ အလျှင်အမြန် ရှင်းပြလေသည်။ အဘိုးဖြစ်သူကလည်း ဝင်ပြီး . . .

''အေးလေကွာ ဆဝမ်၊ အဘိုးလည်း အမဲမပစ်တာ ကြာပြီ မို့လား။ ဇော်ထန်းတို့ ဆရာကြီးတို့နဲ့ အဖော်ကောင်းတုန်း လိုက်ခဲ့တာ ပါကွ၊ ကဲ . . . သွားကြရအောင်၊ တော်ကြာ နေပူလာရင် ပိုပြီးပင်ပန်း မယ်''

စကားဆုံးသည်နှင့် အဘိုးသည် ရှေ့ဆုံးကနေ ဦးဇော်ထန်း နှင့်အတူ သူ့အမြဲကိုင်ဆောင်နေကျ ဒူးလေးကြီးအားကိုင်ကာ ခြေလှမ်း ကျဲကြီးများဖြင့် လှမ်းထွက်သွားလေတော့သည်။

သူတို့လူစု ရွာထိပ်ကနေ တောခရီးကိုစတော့ နေက ထွက် ပြူစ ပြုလာလေပြီ။

ရွာကနေဆိုလျှင် နတ်ဝိညာဉ်တောင်သို့ရောက်အောင် အ တော်လျှောက်ရပေဦးမည်။ လမ်းမှာ ဆင်တောင်နှင့် မိုးထိုတောင်နှစ်ခု





၏ နံဘေးမှဖြတ်ကာ လျှိုမြောင်အချို့နှင့် တောင်ပူစာငယ်လေးများ အား ဖြတ်ကျော်ရပေဦးမည်။ ဆွမ်းခံဝင်အိုန်လောက်မှ ရောက်မည်။ တောကောင်များတော့ ပေါသည်။

တောထဲစတင်ဝင်သည်နှင့် အဘိုးထန်လျှန်းသည် သူ၏ခြေ လှမ်းတို့အား တောလည်ရှိ ကြီးမားလှသော သစ်အိုပင်ကြီးသုံးပင် ကြိုက်ပုံပေါက်ရောက်နေသည့် နေရာသို့ လျှောက်လှမ်းသွားလေသည်။

ဆဝမ်ခေါင် သိလိုက်လေသည်။

အဘိုးသည် တောတောင်အား တောစည်းကမ်း တောင်စည်း ကမ်းအရ တောမြှောက်လေတော့မည်။ သို့သော် ဤကဲ့သို့ တော မြှောက်ခြင်းသည် တောတွင်း၌ သားကောင်ကြီးများ ပစ်ခတ်ရန် အရေးကြီးသည့်နေရာများသို့ သွားသည့်အခါမှသာလျှင် ပြုလုပ်ကြ လေ့ရှိသည်။

ရိုးရိုးတောဝင်ခြင်း အမဲပစ်ခြင်းတို့အတွက်မူ လုပ်လေ့လုပ်ထ သိပ်မရှိပါ။ အဘိုးသည် အလယ်သစ်အိုပင်စည်ကြီးရှေ့တွင် ရပ်လိုက် ၏။ !

''ကျုပ်တို့ တောရဲ့ ပိုင်ရာဆိုင်ရာတွေကို တင်မြှောက်ပြီးမှ တောထဲဝင်ကြတာပေါ့၊ ကဲ ကိုဇော်ထန်း . . . ခင်ဗျားတို့ဆီက ပါလာ တဲ့ အရက်နဲ့ ဒေသနတ်တွေပေးဗျာ''

''ရော့ . . . ဦးထန်လျှန်း''

ဦးဇော်ထန်းနှင့် ယက္ခကြီးဆိုသူသည် သူတို့၏လက်နက်တွေ ကို လှမ်းပေးသည်။ ဆဝမ်ခေါင်လည်း သူ၏ဒူးလေးကြီးအား ပင်စည် တွင် သွားထောင်လိုက်၏။ ဦးထန်လျှန်းသည် အရက်ပုလင်းနှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



လက်နက်များကို ပင်စည်တွင် ထောင်ထားလိုက်သည်။

ပြီးလျှင် ...

"ဤတောဤတောင်ကို စောင့်ရှောက်နေကုန်ကြသော တောပိုင်တောင်ပိုင်များခင်ဗျား ... ကျွန်ုပ်တို့လူစု အမဲသားကောင်များ ပစ်ရန် ဤပါလာသောအရက်ဖြင့် တင်မြှောက်ပသပါတယ်၊ အမဲသား ကောင်များရရှိပြီး သွားလမ်းလာလမ်း ဖြောင့်မည်ဆိုပါက ထူးခြားမှု အား ပြသပါ၊ မဖြောင့်ဘူးဆိုက ..."

အားလုံးသည် ဦးထန်လျှန်း လုပ်ကိုင်ဆောင်ရွက်နေသည်ကို အာရုံစိုက်ကာ လှမ်းကြည့်နေကြသည်။ ပင်စည်မှာ မှီထောင်ထားသော လက်နက်များအနက်က သေနတ်နှစ်လက်သည် ဖုတ်ခနဲ လဲပြိုကျ သွား၏။

"ဟာ"

အားလုံး၏နှုတ်များကနေ အာမေဍိတ်သံများ ထွက်ကျသွား သည်။ ဦးထန်လျှန်း၏မျက်နှာသည် ကွက်ခနဲ ပျက်ယွင်းသွား၏။

ယင်းအချိန် ယက္ခကြီးသည် မျက်ထောင့်နီကြီးဖြင့် ရှေ့သို့ ရုတ်တရက် လှမ်းထွက်လိုက်ပြီး ပင်စည်ခြေရင်း၌ လဲကျသွားသည့် သူ၏သေနတ်အား ကြမ်းတမ်းစွာဆွဲယူလိုက်ပြီး ...

"အဓိပ္ပာယ်မရှိတာတွေ၊ ကျုပ် အဲလို ရှုးကြောင်ကြောင်အ လုပ်တွေ ဝါသနာမပါဘူး ယုံလည်းမယုံဘူး"

"ဟာ ... ယက္ခကြီး"

ဦးဇော်ထန်းက တားမြစ်လိုက်သော်လည်း ယက္ခကြီးဆိုသူ သည် ဦးထန်လျှန်းအား စူးရဲစွာတစ်ချက်ကြည့်လိုက်ပြီး ရှေ့ကနေ





ခြေလှမ်းကျဲကြီးများဖြင့် လှမ်းထွက်သွားလေသည်။

ဆဝမ်ခေါင်သည် စိတ်လေးလံစွာဖြင့် သူ၏ဒူးလေးအား ကောက်ယူလိုက်၏။

ဦးဇော်ထန်းသည် ဦးထန်လျှန်းအား အားတုံ့အားနာမျက်နှာ ဖြင့် ...

"ဟာ ... ယက္ခကြီးအတွက် ကျုပ် တောင်းပန်ပါတယ် ဦးထန်လျှန်း။ ဒီကောင်က အဲသလိုပဲ ရိုင်းပျတတ်တယ်"

"အင်း ... သူယုံတာ,မယုံတာ ကျုပ်မသိဘူး။ ကျုပ်တို့က တော့ ရိုးရာဓလေ့ဆိုတော့ ယုံတယ်၊ အင်း ... ကျုပ်တို့ခရီးက နည်းနည်းတော့ အခက်တွေ့နိုင်တယ်ထင်တယ်"

ထိုစဉ် သီဟာနိုင်၏နံဘေးမှာ တစ်ချိန်လုံး ရှာကနေ ထွက်လာ ကတည်းက စကားတစ်ခွန်းမှမပြောသော ထိပ်တင်နောင်ဆိုသည့် လူကြီးက ...

"ဘာမှမပူပါနဲ့ဗျာ၊ ရှေ့မှာ ရင်ဆိုင်တွေ့လာရမယ့် အခက်အခဲ မှန်သမျှ ကျုပ် ထိပ်တင်နောင်က ရှင်းသွားပါမယ်၊ အဓိက ကျုပ်တို့ နတ်ဝိညာဉ်တောင်ကို ရောက်ဖို့ပဲ လိုအပ်တယ်"

အေးစက်စက်လေသံဖြင့် ပထမဆုံးပြောလိုက်သော စကား ပင် ဖြစ်လေ့တော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com

ကြာကန်ရှုမှ အိမ်မက်ည

ဘိုးထန်ပြလ၏စကားသည် သွေးထွက်အောင်ပင် မှန်ပါလေသတည်း။ မာလာဝတီသည် သူမ၏ရှေ့မှောက်မှာ မဒိုးမခန့်အပြုံးဖြင့် လက်ပိုက်ရပ်နေသော မြို့စားယုတ် ထရုံဖန်အား ရွံရှာစက်ဆုပ်သော အကြည့်စူးစူးတွေဖြင့် ကြည့်လိုက်၏။

"ထွီ ... ဆန်ကောလောက်မှ ဇောက်မနက်တဲ့ သင့်အကြံဒါ အကုန်ပဲလား ထရုံဖန်၊ သင့်ကို ကျွန်ုပ်သတ်မယ်"

"အဟင်းဟင်း ... မာလာဝတီဆိုတဲ့ သိင်္ဂါနဒီမြို့တော်ရဲ့ အရှင် မရယ်၊ သင်ပြောနေတဲ့စကားတွေဟာ လေထဲက ပန်းပွင့်လို့ တိမ်တွေလိုပါပဲ၊ သင်က ယခု ကျွန်ုပ်ရဲ့လက်ခုပ်ထဲကရေဘဝ ရောက်နေပြီလေ၊ သင့်ကိုရော, သင့်ညီမတော်နဲ့ သင့်လူတွေအားလုံး ခုဆို





ကျုပ်ရဲ့အချုပ်ထောင်ထဲမှာ ရောက်နေကြလောက်ပြီ ... ဟား ဟား"

"ထွီ ... မြို့စားယုတ် ... သင် ကျွန်ုပ်ညီမကို မထိနဲ့"

"အဟားဟား ... သင်က သင့်ညီမတာရာဒေဝီကို ဤမျှလောက် ချစ်မြတ်နိုးလေသလား မာလာဝတီ၊ လက်ဖျားနဲ့ ကျွန်ုပ်က မထိပါဘူး၊ တစ်ကိုယ်လုံးပဲ သိမ်းပိုက်မှာပါ၊ သင့်ကိုရော တာရာဒေဝီကိုရောပေါ့၊ ကျုပ် သစ္စာခံတွေက သဘောတူကြတယ်လေ"

"ထွီ"

မာလာဝတီသည် ဝက်တစ်ကောင်နှယ် ဝအိုင့်လျက် ရွံရှာစဖွယ် ထရုံဖန်အားကြည့်ရင်း ထွီခနဲ တံတွေးဖြင့်ထွေးလိုက်၏။

တကယ်တော့ သူမသည် ထရုံဖန်အား အထင်သေး လျှော့တွက်လိုက်မိခြင်းသာ။ သူမတို့ စတင်ရောက်ရှိလာသည့် နေ့ရက်က၍ ပြည့်စုံစွာ အလျှံပယ် ကျွေးမွေးပြုစုနေသော ထရုံဖန်၏မျက်နှာပေါ်က ဟန်ဆောင်မျက်နှာဖုံးအား ယုံခဲ့လေသည်။

သူ၏ ကောက်ကျစ်တုရင်မတစ်ဦးပမာ ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ကျွေးမွေးသော အစားအသောက်များကို မစစ်ဆေးမိခဲ့။

ယခုနေ့နံနက် မဟာမိတ်သစ္စာခံခြင်းအစီအစဉ် မစခင်မှာပင် နံ့စာန်းရည်သောက်အပြီး သူမ သတိရလာသော် ထရုံဖန်၏အကျဉ်းသားဘဝ ရောက်နေလေပြီ။

သူမတို့ အငိုက်မိသွားကြခြင်း ဖြစ်ပါ၏။

"သင် ကျွန်ုပ်ရဲ့အမတ်ချုပ်ကြီးနဲ့ ရဲမက်တွေကိုရော သတ်ဖြတ်လိုက်ပြီလား ထရုံဖန်"

"အမတ်မင်းဘိုးထန်ပြလနဲ့ တာရာဒေဝီကိုတော့ အချုပ်



www.burmeseclassic.com

ထောင်တစ်ခုထဲ ချုပ်ထားတယ်၊ သင့်ရဲ့စစ်သူကြီး ဖူရှရာဇကိုတော့ သတိရလာလာချင်း ခုခံမယ်ပြင်လို့ ကျွန်ုပ်ရဲ့လူယုံတွေက ခေါင်းနဲ့ကိုယ် အိုးစားကွဲပေးလိုက်ပြီ''

''သင်ဟာ လူယုတ်မာပဲ''

''အင်းလေ . . . သင် ဘယ်အချိန်ထိ ပြောနိုင်ဦးမလဲ ကြည့်သေးတာပေါ့၊ ကဲ . . . ကျွန်ုပ် ရှာသားတွေနဲ့ တိုင်ပင်စရာရှိလို့ သင် အေးအေးဆေးဆေး အနားယူပါဦး၊ ဟင်း ဟင်း . . . ညမှောင်မှ ပြန်ဆုံကြတာပေါ့''

အခန်းဆောင်တွင်းကနေ ထွက်ခွာနှင့်သည် ခြေလှမ်းကဲ့ကြီးတွေဖြင့် ပြန်လည်လှမ်းထွက်သွားလေပြီ။ မာလာဝတီသည် ခံပြင်းလွန်းလှစွာ တက်တစ်ချက် ခေါက်လိုက်မိသည်။

'တောက်'

အခန်းရှေ့စကြံမှ ခြေသံသည် တဖြည်းဖြည်း ဝေးစွာတိုးဖျော့သွားလေသည်။ အချိန်တွေက တဖြည်းဖြည်း ကုန်ဆုံးလာခဲ့လေပြီ။

မာလာဝတီသည် သူမအား ချုပ်နှောင်ထားသည့်ကြိုးများအား ကြိုးစားဖြုတ်တောက်ကြည့်ပါသော်လည်း အချည်းနှီးသာပင်။

မာလာဝတီသည် စိတ်ဓာတ်ကြံ့ခိုင်ပြတ်သားသူ ဖြစ်ပါသော်လည်း ကြာတော့ မျက်ရည်များ လိမ့်ဆင်းကြွေကြလာလေသည်။

ညီမတော်တာရာဒေဝီသည် လူယုတ်မာမြို့စား၏လက်တွင်းမှာ မည်သို့သော အခြေအနေသို့ ဆိုက်ရောက်နေပါပြီလဲ။

သူမ၏ တစ်ဖွတ်ထိုးမာန်မာနကြောင့် အေးဆေးတည်ငြိမ်





သော ပန်းပွင့်လေးတစ်ပွင့်ပမာ နူးညံ့အေးချမ်းသော ညီမတော်တာရာဒေဝီပါ ဒုက္ခရောက်ခဲ့ရလေပြီတည်း။

ထိုအခိုက် သူမအား ဝိတ်လှောင်ထားသည့် အခန်းကျယ်ကြီးအတွင်းရှိ တံခါးချပ်ကြီးမှာ ဖျတ်ခနဲ ပွင့်သွားလေသည်။

''ဟင် . . . ညီမတော် တာရာဒေဝီ''

အခန်းတွင်းသို့ မြို့စားယုတ်၏ လူယုံတချို့သည် တာရာဒေဝီအား အခန်းတွင်းသို့ ပို့ဆောင်လိုက်ပြီးလျှင် အခန်းတံခါးအား ပြန်လည်၍ ပိတ်ခတ်သွားပါချေပြီတည်း။

တာရာဒေဝီကိုတော့ ကြိုးများဖြင့် နှောင်တည်းမထားပါချေ။

''အစ်မတော် အရှင်မ''

တာရာဒေဝီသည် သူမထံသို့ ယိုင်ပြိုလဲကျမတတ် ပြေးလွှားလာပြီး သူမ၏ကိုယ်ပေါ်ရှိ နှောင်တည်းထားသည့် ကြိုးများအား ဖြည်ပေးလိုက်၏။

မာလာဝတီသည် အနှောင်အတည်းများကနေ လွတ်မြောက်သွားချင်းချင်း . . .

''ညီမတော် တာရာ''

''အစ်မတော်အရှင်မ''

တာရာဒေဝီ၏ လေသံသည် ဆို့နင့်ကြေကွဲလှိုက်ခါသွားလေသည်။ မာလာဝတီသည် တာရာဒေဝီ၏ ပြေလျော့စုတ်ပြဲနေသော ရင်စည်းစအား ရုတ်တရက်မြင်တွေ့သွားပြီး မျက်လုံးတွေ ပြာမှိုက်မှောင်သွားရ၏။ နှလုံးသွေးများက တဒိတ်ဒိတ်။

အာထိတ်တလန့်ဖြင့် . . .

www.burmeseclassic.com



"တာ ... တာရာ ... ညီမတော် ... ဟို ... ဟို ... မြို့စားယုတ် ထရုံဖန်"

"အို ... အဟင့်ဟင့် ... အစ် ... အစ်မတော် ... တာရာ ဘဝ ကြွေလွင့်သွားခဲ့ရပါပြီ၊ သူ ... သူက ညီမတော်ကို စိတ်ကြွ ယစ်မူးစေတဲ့ အဖျော်ယမကာတွေ တိုက် ... တိုက်ပြီး အဖွ ...."

"ဘာ"

"အဟင့်ဟင့်"

"တောက် ... ယုတ်မာပက်စက်လိုက်လေ ထရုံဖန်ရယ်၊ သင့်ကို ငါ ဒီတစ်သက် မကြေတော့ဘူးမှတ်"

တာရာဒေဝီသည် သူမ၏ရင်ခွင်မှာ မျက်နှာအပ်လျက် ငို ကြွေးမဆုံးရှိနေဆဲ။ မာလာဝတီ၏ မျက်ဝန်းအစုံသည် အေးစက်စူးရဲ လျက်။ အချိန်တွေသည် တစ်စစ ကုန်ဆုံးသွားခဲ့ပြီ။ အမှောင်သည် ကျရောက်လာခဲ့ပြီ။

ထရုံဖန်နှင့်အတူ ရဲမက်များသည် ကညင်ဆီမီးတိုင်များ ကိုင် ဆွဲလျက် အခန်းဆောင်တွင်းသို့ လှမ်းဝင်လာခဲ့ကြသည်။ မြို့စား ထုံလွမ်လည်း လိုက်ပါလာသည်။ မာလာဝတီသည် ခံပြင်းဒေါသတွေ ဖြင့် ထရုံဖန်၏ပါးပြင်အား လှမ်းရိုက်လိုက်၏။ သို့သော်လည်း သူမ၏ လက်ဖယောင်းသွယ်သည် လူယုတ်မာထရုံဖန်၏ သန်မာသောလက် ကြားမှာ မလူးသာမလွန့်သာ။

"ခွေးမျိုး ... လူယုတ်မာ"

"သင်ဟာ ကျွန်ုပ်ရဲ့လက်ချုပ်တွင်းက ရေဘဝရောက်နေပြီ ဆိုတာ အမှတ်ရပါဦး မာလာဝတီ၊ ဒီည သင့်ကို ကျွန်ုပ် ပိုင်ဆိုင်စေ





ရမယ်"

"ကျွန်ုပ်အဖို့ရော ရောင်းရင်း"

"သင့်အတွက်တော့ တာရာဒေဝီပေါ့ ရောင်းရင်းရယ်၊ သူတို့ နှစ်ယောက်ကိုပိုင်ရင် သင်နှင့်ကျွန်ုပ်လည်း သိင်္ဂနဒီမြို့တော်ကြီးကို ပိုင်ပြီပေါ့၊ ဟား ဟား ... ကျွန်ုပ်တို့ စားသောက်ပွဲ အရင်ပြုလုပ်ကြစို့"

လိုက်ပါလာသော မြို့စားသည်လည်း တာရာဒေဝီအား ရမ္မက်လျှံသောအကြည့်ဖြင့် ကြည့်လိုက်လေသည်။

ယင်းနောက် ဖန်ခွက်ချင်း ထိခတ်သံများ။

ရယ်မောဟားတိုက်သံများ။

သည့်နောက် သူမတို့၏လည်ချောင်းတွင်းသို့ စီးမျောဝင်သွား သော ပူလောင်းပြင်းရှသော ဆေးရည်များ ...

ကာမတီလူး၏ ရယ်မောသံများ ...၊ ရက်စက်ယုတ်မာခြင်း။

နာကျင်မှု ... မူးယစ်ရီဝေခြင်း ... ခံပြင်းဒေါသများဖြင့် မျက်ရည်စများ ...

အလုံးညီးညီး တောက်လောင်နေသော မီးတောက်မီးလျှံများ။

တာရာဒေဝီသည် ရူးရူးနှိုက်နှိုက်ရှာ အော်ဟစ်လိုက်မိလေတော့ သည်။

"အာ အ အား"

"ဟား ဟား ဟီး ဟီး"

www.burmeseclassic.com

www.burmeseclassic.com

## စွဲလမ်းခြင်းနှောင်ကြိုးများ

"အား"

တာရာ၏ ထိတ်လန့်တကြား အော်ဟစ်သံသည် ညည့်နံရံတွေအား ထိခတ်လွင့်စဉ်သွားသည်။ သူမသည် ဆတ်ခနဲ အိပ်ရာပေါ်မှ အလန့်တကြား ထထိုင်လိုက်မိ၏။ သူမ၏နှလုံးသွေးတို့သည် တဒိတ်ဒိတ် ပြင်းထန်စွာ လှုပ်ရှားနေရသဲ။

အိပ်မက် . . . ကြောက်လန့်သွေးပျက်ဖွယ်ရာ အိပ်မက်ဆိုးကြီး။

သူမ အိပ်မက်ဆိုးကြီးအတွင်းက ရုန်းထွက်လွတ်မြောက်လာခြင်းဖြစ်သည်။ အိပ်မက်ဟုသာ ဆိုရပါသော်လည်း သူမ၏ဦးနှောက်ထဲတွင် ပြတ်ပြတ်ထင်ထင် ထင်ရှားစွာ စွဲနှစ်နေသော ပုံရိပ်





များပင်ဖြစ်လေသည်။

ယခုရက်ပိုင်းအတွင်း ယင်းအိပ်မက်ဆိုး၏ပုံရိပ်များသည် သူမအား ပို၍ပင် ခြောက်လှန့်လာခဲ့လေသည်။

ထိုအခါတိုင်း သူမ၏စိတ်အာရုံပြင်တစ်ခုလုံးသည် တောနက်ကြီးအတွင်းရှိ ကျောက်ဖြူရှင်မရုပ်တုရှိရာ နေရာဝန်းကျင်သို့ လွင့်မျောရောက်ရှိသွားတတ်စမြဲ။ ယခုတာရာ ယင်းနေရာသို့ မသွားရောက်မိသည်မှာ ကြာနေပေပြီ။

သူမ၏ဘဝကံသည် ဆိုးရွားနံ့ချာလွန်းလှသည်ဟု တာရာ နေ့စဉ်ပင် ကိုယ့်ကိုယ်ကိုယ် တွေးတောနေမိလေသည်။ သူမမိခင်ဖြစ်သူ စိတ်ဝေဒနာရှင်ဒေါ်ဖြူသည် တာရာ ကျောက်ဖြူရှင်မရုပ်တုရှိရာသို့ ရောက်ရှိနေချိန် ရွာကနေ ပျောက်ဆုံးသွားသည်ဟု သိရသည်။

တာရာသည် ရွာသို့ပြန်ရောက်ရောက်ချင်း မိခင်ဒေါ်ဖြူ၏ သတင်းအား ဘွားဒေါ်နန်းဖြင့်အတူ ရွာထဲလိုက်လံစုံစမ်းပါသော်လည်း လုံးဝမသိရှိရတော့ပေ။

ဘွားဒေါ်နန်းသည် တာရာ နတ်ဝိညာဉ်တောင်သို့ သွားနေမှန်း မရိပ်စားမိပါသော်လည်း မကြာခဏ တစ်ပတ်ဆယ်ရက် ပျောက်၍သွားတတ်ခြင်းအတွက် သိပ်ငြင်ကျေနပ်ပုံမပေါ်။

ပြန်ရောက်သည့်နေ့ကလည်း ရှုစမ်းသည့်မျက်ဝန်းတွေဖြင့် တာရာ့တစ်ကိုယ်လုံးကိုကြည့်ရှုကာ မေးသည်။ ဘွားဒေါ်နန်းသည် သူမအား အလွန်တွယ်တာမှန်း တာရာသိပါသည်။

"ညည်း ဘယ်ကပြန်လာတာလဲ တာရာ"

"တောထဲက"



www.burmeseclassic.com

"တောထဲ . . . ဟုတ်လား၊ တောထဲကို ညည်း ဘာသွားလုပ်တာလဲ၊ တစ်ကိုယ်တည်း အဖော်သဟဲလည်း မပါ, လက်နက်ဆောင်တာလည်း မပါ၊ မတော်တဆ တောထဲမှာ မသူတော်နဲ့တိုးရင်, တောကောင်ကြီးတွေနဲ့တိုးရင် မခက်ပါလား"

"တာရာ တောထဲသွားတာ ဘာအန္တရာယ်မှမရှိပါဘူး ဘွားနန်းရဲ့၊ ငယ်ငယ်ကတည်းက တာရာသွားနေကျဉ္စွာ၊ ခုထိ ဘာအန္တရာယ်ကြုံဖူးလို့လဲ"

"တာရာရယ် ငယ်ငယ်ကဆိုတာ ကလေးအရွယ်ပဲရှိသေးတာ၊ ခု ညည်းလေးက အရွယ်ရောက် အပျိုဖော်ဝင်နေပြီ၊ ရွာထဲမှာလည်း ညည်းလောက် ရုပ်ရည်လှပတဲ့သူမရှိဘူး။ အလှဆိုတာ မိန်းကလေး တွေအတွက် အကြီးမားဆုံးအန္တရာယ်တစ်ခုပဲ၊ တောထဲမသွားပါနဲ့ လားကွယ်"

ဘွားဒေါ်နန်းသည် တာရာအား သူမ၏မျက်ကွယ်၌ တစ်ပုံတစ်ခုသော အန္တရာယ်ကျရောက်မည်စိုးသဖြင့် လေပြေလေးဖြင့် သိမ်းသွင်းပြောရှာသည်။

တာရာသည် ခေါင်းတွင်တွင်ခါယမ်းလျက်က . . .

"တာရာ ရွာမှာမနေချင်ဘူး ဘွားဒေါ်နန်း၊ ဒါကြောင့် တောထဲမှာပဲ သွားသွားနေတာ၊ တောထဲရောက်ရင် တာရာပျော်တယ်"

"ရွာက ဘာဖြစ်လို့လဲ တာရာရယ်၊ တာရာ့ကို ဘာတွေစော်ကားမော်ကား ပြောနေလို့လဲ၊ ဘွားနန်းကို ပြော . . . ဘွားနန်းသွားရန်တွေ့လိုက်မယ် . . . ဟွန်း"

ဘွားဒေါ်နန်း၏ တာရာ့အပေါ်ထားသည့် မေတ္တာတရားကို





တာရာယုံပါသည်။ ဘွားဒေါ်နန်းကိုယ်တိုင် တာရာ့ကို မိခင်၏ဝမ်းကြာတိုက်ထဲကနေ ခက်ခဲစွာမွေးထုတ်ခဲ့ရပြီး တာရာငယ်စဉ်ကလေးရွယ်ကစလို့ ရွာကလူများ သူမကို အမျိုးမျိုးအဖုံဖုံ စွပ်စွဲကျဉ်ဖယ်ခဲ့ကြသည်ကို ဒေါ်နန်းသည်လည်း မကျေနပ်ချေ။

တာရာ ကလေးရွယ်ထဲက တာရာအား တစ်ခုခုစွပ်စွဲပြောဆိုလျှင် ဒေါ်နန်းသည် မခံမရပ်နိုင်စွာ ရွာသားများဖြင့် ဖက်ပြိုင်ရန်တွေ့တတ်၏၊ ရွာကပင် ကြက်တူရွေးကတော်တော် မယ်သော်ကကဲကဲဟူ၍ ဒေါ်နန်းကိုပါ ဝိုင်း၍မျက်မုန်းကျိုးကြ၏။

သို့သော် ဒေါ်နန်းကမူ တာရာ၏ရှေ့ကနေ မားမားမတ်ရပ်တည်ခဲ့သည်။ တာရာသည် ကြေကွဲမှုန်းကျပ်နေသေ သက်ပြင်းတစ်ခု ချလိုက်ပြီး . . .

"ဘွားနန်းရယ် ရွာက ခုချိန်ထိ တာရာ့အပေါ် မကောင်းဆိုးရွားမတစ်ယောက်ဆိုတဲ့ အမြင်တွေနဲ့ ဆက်ဆံနေကြတုန်း၊ ဒါကို တာရာက ဘယ်လိုနှလုံးသားနဲ့ ခံနိုင်ရည်နဲ့ ရင်ဆိုင်ရပါ့မလဲ၊ အဲဒါကြောင့် တာရာ ကျောက်ဖြူရှင်မရှိတဲ့နေရာပဲ သွားသွားနေတာပေါ့"

"ဟင် . . . ဘု . . . ဘုရားရေ ကျောက်ဖြူရှင်မ . . . ဟုတ်လား၊ ဒါဆို ညည်း ပျောက်ပျောက်သွားတာ အဲဒီနတ်ဝိညာဉ်တောင်ကြီးဘက် သွားနေတာပေါ့"

"အင်း"

တာရာသည် ခေါင်းလေးညိတ်ပြလိုက်လေသည်။

ဒေါ်နန်းသည် တာရာမမွေးဖွားခင်က တာရာ၏မိခင်ဖြစ်သူနှင့် မိခင်သည် မြို့ကာအပြန် ကျောက်ဖြူရှင်မရုပ်တုကြီးထံသို့ဝင်၍ ထား



www.burmeseclassic.com

www.burmeseclassic.com



သမီးဆုတောင်းခဲ့ကြောင်း ကြားသိခဲ့ရဖူးသည်။

ထို့ကြောင့်လည်း ကြာကန်ရွာသားတွေသည် တာရာအား အခြောက်အလှန့်ကြီးသော ကျောက်ဖြူရှင်မနယ်မြေကနေ ကျောက်ဖြူရှင်မ ဝင်စားသူဟူ၍ ယိုးစွပ်ကြပြီး ထိုအတွေးအမြင်သည် ယနေ့ချိန်ထိ ရှင်သန်အမြစ်တွယ်နေဆဲပင်။

တာရာ နားကြည်းခံပြင်းပြီး ရှက်ရွံ့မည်ဆိုပါလျှင်လည်း ဒေါ်နန်း ဘာမျှမပြောသာ။ ဒေါ်နန်းသည် တာရာ၏ တည်ငြိမ်နေသော မျက်နှာလေးအားကြည့်ကာ ...

"တာရာ ...သမီးရယ် ...ညည်းမို့လို့ မကြောက်မရွံ့ အဲဒီနတ်ဝိညာဉ်တောင်ကြားက ကျောက်ဖြူရှင်မအရုပ်ကြီးထိ သွားတယ်၊ ညည်းကို နာနာဘာဝဝိညာဉ်တွေက မခြောက်ဘူးလား"

"ဟင့်အင်း ...တာရာ တစ်ခါမှ အခြောက်မခံရပါဘူး။ အဲဒါ ရွာသားတွေ မဟုတ်တမ်းတရား လျှောက်ပြောနေကြတဲ့ စကားတွေပါ ဘွားနန်းရဲ့"

"ညည်း စားသောက်တော့ရော ဘယ်လိုရှာစားလဲ"

ဒေါ်နန်းသည် တောကြီးမျက်မည်းထဲ တာရာ ဘယ်လိုစားသောက်နေသလဲ သိချင်စိတ်ဖြင့် မေးလိုက်၏။ တာရာသည် ပြုံးကာ

"တာရာက အဲဒီမှာ တောသဖင်တွေ၊ သစ်ဥတွေ၊ တောပန်းတွေ လျှောက်ခူးတယ်၊ လိပ်ပြာကလေးတွေနဲ့ ဆော့တယ်၊ ငှက်ကလေးတွေ ငါးကလေးတွေနဲ့ စကားပြောတယ်၊ မောလာရင် ကျောက်ဖြူရှင်မရဲ့ ရုပ်တုအနီးမှာရှိတဲ့ ကျောက်ဖျာကြီးပေါ် အိပ်လိုက်တာပဲ၊ မနက်ကျရင် သစ်သီးဝလံတွေက သူ့အလိုလို တာရာ့နံဘေးကို ရောက်





နေရော၊ တာရာ ရှာဖွေခူးဆွတ်စရာမလိုဘူး"

"အလိုလေး ... အံ့ဩစရာကောင်းလိုက်တာတော်"

ယင်းနောက် ဒေါ်နန်းသည် တာရာ့အား မည်သည့်စကားမျှ ထပ်မမေးတော့ပါချေ။ တာရာသည် သူမ လုပ်မြဲတိုင်း လုပ်ကိုင်စရာရှိသည်များကို လုပ်ကိုင်ဆောင်ရွက်သည်။

ဒေါ်နန်း ရွာတွင်းသို့လှည့်လည်ကာ ခြံထွက်သီးနှံများ ရောင်းချနေစဉ် တာရာသည် တဲ၌ထင်းခွဲသည်။ ရေငင်သည်။

သူမ၏ စုတ်ချာသောအကျီလေးများအား လှမြင်ကောင်းအောင် ဖာထေးချုပ်လုပ်၏။

ရွာမှာသာ တာရာနေထိုင်ပါသော်လည်း သူမ၏စိတ်ဝိညာဉ်မနေသည် နတ်ဝိညာဉ်တောင်ကြားရှိ စမ်းချောင်းကလေးနှင့် ကျောက်ဖြူရှင်မရုပ်တုကြီးဆီသို့သာ အစဉ်အမြဲ လွင့်မျောရောက်ရှိနေတတ်သည်။

တစ်ညတွင် တာရာသည် အိပ်မက်မက်သည်။

အိပ်မက်ထဲမှာ ဘသူတော်ကြီးသည် သူမထံသို့ ရောက်ရှိလာပြီးလျှင် ...

"သမီး တာရာ"

"ရှင် ... ဘသူတော်"

"သမီး ကျောက်ဖြူရှင်မဆီကို ဘာလို့မလာတော့တာလဲ၊ သမီးရဲ့နေရာအမှန်က ဒီနေရာမဟုတ်ဘူးကွယ့်၊ ကျောက်ဖြူရှင်မရုပ်တုရှိတဲ့ သိင်္ဂါနဒီမြို့တော်ကြီးပဲ"

"ရှင် ... သိင်္ဂါနဒီမြို့တော် ... ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... သမီးက သမီးရဲ့အိပ်မက်ပုံရိပ်တွေကို သူ့အလို အလျောက် ပေါ်ပေါက်လာတယ်လို့ ထင်နေလို့လား။ လောကမှာ ဘယ်အရာဝတ္ထုမှ သူ့ဘာသာ အလိုအလျောက် ဖြစ်တည်ပေါ်ပေါက် လာတာ မရှိဘူးကွယ့်၊ အကြောင်းအရာကိုမှီပြီး အကျိုးတရား ဖြစ်ခဲ့ကြ တာချည်းပဲ၊ ကျောက်ဖြူရှင်မနယ်မြေဟာ ဟိုးသံသရာက သမီးတာရာ တို့ရဲ့ ပိုင်နက်နယ်မြေပဲ၊ အခု မကြာခင်မှာ အဲဒီကျောက်ဖြူရှင်မနယ်မြေ က အရိပ်မည်းကြီးတွေ အနိဋ္ဌာရုံတွေ ဖုံးလွှမ်းရတော့မယ်"

"ဘသူတော်ပြောတာ သမီး မရှင်းဘူး"

တာရာသည် အိပ်မက်ထဲမှာပင် ဘသူတော်အား ပြန်လည် မေးလိုက်၏။

"သမီး မမှတ်မိလို့ပါ၊ တစ်ခါက ဘသူတော် သမီးကို ရာမသိဒ္ဓိဂူတော်ကြီးထဲက မြသားမကိုဋ်ရုပ်ပွားတော်နဲ့ ရတနာရွှေငွေ ကျောက်သံပတ္တမြားတွေကို သိုက်ညွှန်းစာအရ တူးဖော်ဖို့ မသူတော် လောဘသားတွေ ကျောက်ဖြူရှင်မ နယ်မြေထဲ ရောက်နေကြပြီ အရှင်မရုပ်တုကိုလည်း ဖျက်ဆီးပစ်ကြလိမ့်မယ်"

"ဟင်"

တာရာ၏တစ်ကိုယ်လုံး တစ်စုံတစ်ရာသော သံလိုက်ဓာတ်ဆွဲ ငင်အားတစ်ခု တိုးဝှေ့ဖြတ်သန်းသွားသလို စိမ့်ခနဲ ဖျဉ်းခနဲ ခံစားသွား ရလေသည်။ တာရာ ဆတ်ခနဲ ထထိုင်လိုက်မိ၏။

ဘသူတော်ကြီးသည် တာရာ၏မျက်နှာအား ကြည်လင်စူး ရှသော အကြည့်တွေဖြင့် ကြည့်လိုက်ပြီး ...

"သမီး ကျောက်ဖြူရှင်မနယ်မြေကို ပြန်လာခဲ့ဖို့ ဘသူတော်





လာရောက်ပြီး သတိပေးတာပဲ၊ ကဲ ... ဘသူတော်သွားမယ်"

"ဟင်"

ဘသူတော်သည် ပြောရင်းပင် သူမ၏မျက်စိရှေ့မှောက်မှာပင် အမိုးအငွေ့တန်းကြီးတစ်ခုအဖြစ် ဖျတ်ခနဲ စီးမျောလွင့်ပါး ပျောက် ကွယ်သွားလေသည်။

တာရာသည် ဖျတ်ခနဲ အိပ်စက်နေရာက လန့်နိုးသွားလေ သည်။

တဲအပြင်ဘက်မှာလည်း လရောင်တို့ မှုန်တိမှုန်ဝါးရှိနေ၍ မည်းသည့်အရိပ်အရောင်မျှ မမြင်ရပေ။ ဘသူတော်ကြီး သူမထံသို့ အမှန်တကယ် လာရောက်ခဲ့သည်လား။ သို့တည်းမဟုတ် ဝိညာဉ်ပရ လောကသားတို့ သူမအား လာရောက်ခြောက်လှန့်ကြသည်လား။

ဘသူတော်ကြီးကတော့ သေချာပါသည်။ ထိုစဉ် ...

'အု ဝူ ဝူ'

ရှာလမ်းမကြီးတစ်လျှောက် ဆွဲဆွဲငင်ငင် ရှည်လျားစွာအူ လိုက်သော ခွေးအူသံကြီးကြောင့် တာရာသည် ကြက်သီးတစ်ချက် ဖြန်းခနဲထသွားမိရင်း စောင်စုတ်လေးကို ပြန်လည်၍ ခေါင်းမြီးခြုံ လိုက်မိလေတော့သည်။

အိပ်စက်မပျော်ခင် တာရာ၏စိတ်ဝိညာဉ် မနောလိပ်ပြာတစ် ကောင်သည် နက်ရှိုင်းသော တောကြီးအတွင်းရှိ ကျောက်ဖြူရှင်မနယ် မြေသို့ လွင့်ဝဲသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

နတ်ပီညာဥ်ချွေးသည်းလား

နေသည် သူတို့၏ ဦးခေါင်းထက်တည့်တည့်လောက်သို့ ရောက်ရှိနေမည်ဟု ခန့်မှန်းရသော်လည်း မြင့်မားသော သစ်ပင်ကြီးများ၏ အရိပ်ဖြင့် အုပ်ဆိုင်းထူထပ်သော ဝါးရုံတောကြီးတွေကြောင့် နေရောင်တစ်စက်တစ်ပေါက်မျှ မမြင်ရလောက်အောင်ပင် ရှိနေလေသည်။

တောသည် စိမ့်အေးမြနေပါသော်လည်း သူတို့၏ကိုယ်ထက်မှာ ချွေးရစ်ချွဲနှယ်များ သစ်ပင်ငယ် ချုံပုတ်များအား ထိုးဖြဲကာ လမ်းရှာ ဖွေနေရသဖြင့် ချွေးတို့စိုရွှဲနေကြပြီ။

ညည်းသည်များအားမထိုတားနှင့် ... ရှေ့ဆုံးကနေ ခပ်သွက်သွက်လှမ်းနေလေသော ဆဝမ်ခေါင်ပင်လျှင် နဖူးစပ်မှာ ချွေးဆို့နေ





ပေပြီ။

ထိုစဉ် ဆဝမ်ခေါင်၏ နောက်ဘက်ဆီက အသံတစ်သံ ထွက်ပေါ်လာသည်။

"ဘယ်လိုလဲ ဆဝမ်ခေါင် ... မင်းရဲ့ ကျောက်မြူရှင်မရုပ်တုကြီးဆီ ငါတို့ ဒီနေ့ရောက်ပါတော့မလားကွ"

ခပ်တင်းတင်းပြောလိုက်သူက ယက္ခကြီးဆိုသူပင်ဖြစ်သည်။ ဆဝမ်ခေါင် သူ့အား အထင်သေးသလို ရွတ်ချသလို ပြောလိုက်သော စကားကြောင့် လှမ်းလက်စခြေအစုံအား ရပ်တန့်ပစ်လိုက်လေသည်။

"ခင်ဗျားစကားက ဘာစကားလဲဗျ"

"ဘာစကားရမလဲ ဆဝမ်ခေါင် ... လူစကားပေါ့ကွ၊ မနက်ကတည်းက ငါတို့တိုးလာရတဲ့တော၊ ခုထိ ဘယ်ဆီရောက်လို့ ဘယ်ပေါက်နေပြီလဲမသိရဘူး။ မင်း ငါတို့ကို လှည့်စားနေတာလားကွ"

"ကျုပ်က ခင်ဗျားတို့ကို ဘာလှည့်စားနေလို့လဲဗျ"

ဆဝမ်ခေါင် သူ့အား မှိုချိုးမှုန်ချိုးပြောလိုက်သော ယက္ခကြီးဆိုသူအား စူးစူးရဲရဲကြည့်ကာ ပြောလိုက်၏။ ထိုစဉ် ဆဝမ်ခေါင်နှင့် ယက္ခကြီး၏ အခြေနေအား ကြည့်နေသော ဦးဇော်ထန်းလည်း အနားရောက်လာပြီး ...

"ဘာဖြစ်နေတာလဲ ယက္ခကြီး။ မင်းကလည်း ဆဝမ်ခေါင်ကို ဘာတွေပြောနေတာလဲကွ၊ ခက်ပါလား ယက္ခ"

"ဒီကောင် လမ်းမှားနေပြီး တဝဲလည်လည်ဖြစ်နေရတာ မကျေနပ်လို့ပြောတာ ကိုဇော်ထန်း။ တမင်ပြောတာမဟုတ်ဘူး"

လမ်းမှားနေသည်ဟူသော စကားကြောင့် ဦးဇော်ထန်းသည်



www.burmeseclassic.com

www.burmeseclassic.com



ဆဝမ်ခေါင်အား လှမ်းကြည့်လိုက်၏။ ထိုစဉ် နောက်ဆုံးကနေ လိုက်လာသော ဦးထန်လျှမ်းနှင့် ဦးထိပ်တင်နောင်၊ သီဟနိုင်တို့ပါ အနားရောက်လာသည်။

ဦးဇော်ထန်သည် နှုတ်ခမ်းတွန့်ကာပင် ...

"ယကျွကြီးပြောတာ ဟုတ်လား ဆဝမ်ခေါင်၊ ဦးတို့ လမ်းမှားနေပြီလား"

"ဟုတ်တယ် ဦးကြီး၊ ကျောက်ဖြူရှင်မ.ရှိရာကို သွားရတဲ့ လမ်းက ဒီလမ်းမဟုတ်ဘူး။ ကျုပ် နှစ်ကြိမ်တိတိရောက်ဖူးပါတယ်၊ ခုဟာက သွားရင်းနဲ့ကို လမ်းကပျောက်နေတာ"

"ကျုပ် တစ်သက်မှာ ဒီလိုမျိုး တစ်ခါမှ မဖြစ်မကြုံဖူးသေးဘူး။ ဒါ ပထမဦးဆုံး ကျုပ် လမ်းမှားဖူးတာပဲ"

"ဟုတ်တယ်၊ ဒါ ကျောက်ဖြူရှင်မဆီသွားတဲ့ နေရာမဟုတ်ဘူး။ ကျုပ်တို့ တောမှန်းလာတာ သေချာပြီ၊ ဟိုမှာ သေနတ်လဲသွားတော့ ကျုပ်စိတ်ထဲထင့်နေတာ၊ တစ်ခုခုတော့ မှားယွင်းနေတာ သေချာတယ်၊ ကျုပ်လည်း ကျောက်ဖြူရှင်မနယ်မြေကို ရောက်ဖူးပါတယ်၊ ခုဟာက"

ဦးထန်လျှမ်းကပါ ဝင်ပြော၏။ အမှန်တကယ်လည်း ဦးထန်လျှမ်းရော ဆဝမ်ခေါင်ပါ သူတို့ကြုံတွေ့နေရသည့် အဖြစ်အား အံ့ဩနေကြသည်။

သူတို့ရာဇဝင်မှာ အမဲပစ်ထွက်တိုင်း လမ်းမှားသည်ဟူ၍ မရှိဖူးခဲ့။ ယခုမှ နတ်ဝိညာဉ်တောကြီးထဲ တဝဲလည်လည် လမ်းပျောက်နေရလေပြီ၊ ဆဝမ်ခေါင် ဤအဖြစ်အား နားမလည်နိုင်အောင်





ဖြစ်ရသည်။

သျှောင်ထုံးကြီးနှင့် ဦးထိပ်တင်နောင်ကမူ သူတို့၏စကားများအား စိတ်ဝင်စားဟန်မပြဘဲ မျက်မှောင်ကြီး ရှုံ့ရှုံ့ကာ ကုတ်လျက်တစ်နေရာသို့ ကြည့်နေလေသည်။ သူကြည့်နေသော မြက်ရိုင်းတောအစပ်သားမှာ မြေလုံးဖုံ့ဖုံ့လေးအား တွေ့ရ၏။

"ကျုပ်တို့ အဲဒီလမ်းအတိုင်း သွားမယ်"

စကားဆုံးသည်နှင့် ဦးထိပ်တင်နောင်သည် စတင်ထွက်ခွာသွားသည်မို့ သူ၏နောက်ကနေ အားလုံးလိုက်ပါသွားမိကြသည်။ လူသွားလမ်းမဟုတ်သော တိရစ္ဆာန်သွားလမ်းလေး ဖြစ်သည်၊ သိပ်မကြာခင် ရုတ်တရက် ...

'ဝုန်း .. ဝုန်း'

'ဝုန်း'

တဝုန်းဝုန်းဖြင့် ရှေ့မလှမ်းမကမ်းမှ ကြားလိုက်ရသောအသံကြောင့် ဆဝမ်ခေါင်အပါအဝင် အားလုံးခြေအစုံ တုံ့ခနဲဖြစ်သွားမိသည်။

ဆဝမ်ခေါင်သည် သူ၏အကြားအာရုံအား ပို၍ အရှေ့ဘက်သို့ စူးစိုက်လိုက်မိ၏။ ရေသံ၊ သေချာသည် တဝုန်းဝုန်းကြားနေရခြင်းမှာ ရေသံဖြစ်ရလသည်။

ဆဝမ်ခေါင် နားလေးအား အသင့်ကိုင်လျက် ရှေ့ဆီသို့ တစ်လှမ်းချင်း တိုးသွားမိလေသည်။ ကုန်းလျှောလေးတစ်ခုအတိုင်း ဆင်းလာခဲ့မိလျှင် ...

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

သစ်ပင်ချုံဖုတ်များအကြားကနေ သူတို့မြင်လိုက်ရသော မြင်ကွင်းမှာ အံ့သြထူးဆန်းနေရသည်။ ဆဝမ်ခေါင်ပင် ဤမြင်ကွင်းအား တောထဲ၌ ယခုတစ်ကြိမ်သာ မြင်ဖူး၏။

သူတို့၏ရှေ့မှာ စမ်းချောင်းလေးတစ်ခု ရှိလေသည်။ သို့သော် ရေများခန်းခြောက်စပြုနေပြီး စမ်းချောင်းအလယ်၌ ကျောက်ခွက်ရေအိုင်ကြီးသဖွယ်ရာ ရှိနေတော့သည်။

ကြီးမားလွန်းလှသော မြွေကြီးတစ်ကောင်။

စောစောက သူတို့ ကြားနေခဲ့ရသော တဝုန်းဝုန်းမြည်သံမှာ မြွေကြီးသည် သူ၏ ကြီးမားပြီး ရှည်လျားသည့် ခန္ဓာကိုယ်ကြီးအား စမ်းအိုင်လေးတစ်ဖက်တစ်ချက်ရှိ ပေါက်နေသည့် သစ်ပင်နှစ်ပင်မှာ ပခက်သဖွယ် လွှဲဆင်ရစ်ပတ်ထားလျက် ရေသဲတွေ တဝုန်းဝုန်းဆူညံနေအောင် ပက်နေခြင်းဖြစ်၏။

မြွေကြီးသည် သူ၏ခန္ဓာကိုယ်ကြီးအား ကြိုးတန်းသဖွယ် လွှဲရမ်းလျက် စမ်းအိုင်ထဲရှိ ရေများအား ကုန်အောင် ရေပက်သဖွယ် ပက်ထုတ်နေခြင်းပင်ဖြစ်သတည်း။ ငါးပက်နေခြင်းဖြစ်ပါ၏။

"အတော်ထူးဆန်းတာပဲ"

"ကျုပ်လည်း ဒီတစ်ကြိမ်ပဲမြင်ဖူးသေးတယ်၊ ကဲ . . . သွားစို့"

သူတို့သည် မြွေကြီးနှင့် စမ်းအိုင်ထဲမှ လူးပျံနေကြသော ငါးများကို ကျောခိုင်းကာ ထွက်ခွာလာခဲ့လေတော့၏။

ရှေ့ဆုံးကနေသွားနေသော ဆဝမ်ခေါင်သည် ရုတ်တရက် သစ်ပင်ကြီးတစ်ပင်၏ ပင်စည်ရှိ အမှတ်အသားတစ်ခုအား လှမ်းတွေ့လိုက်သဖြင့် လိုက်ခနဲ ဝမ်းသာသွားရ၏။

သစ်ပင်ကြီးမှာ ကြီးမားလွန်းလှသော ကျွန်းပင်ကြီးဖြစ်သည်။

ဆဝမ်ခေါင်သည် နောက်မှလိုက်ပါလာသော လူများအား တစ်ချက်လှည့်ကြည့်ကာ . . .

"ရောက်ပြီဗျို့ . . . ကျုပ်တို့ ကျောက်မြူရှင်မဆီ ရောက်ပြီ"

"ဟင်"

"ဟာ . . . ဟုတ်လား"

ဆဝမ်ခေါင်၏စကားကြောင့် နောက်ကနေ ထိုးထွက်လာကြသော လူလေးယောက်၏မျက်နှာတွေပေါ်မှာ ဝမ်းသာသောအရိပ်များ ဖြတ်ပြေးသွားကြလေသည်။

သစ်ပင်ကြီး၏ပင်စည်ရှိ ထစ်ထားသော အမှတ်အသားမှာ ယခင်တစ်ကြိမ်က ဆဝမ်ခေါင် ကျောက်မြူရှင်မနယ်မြေထဲ ရောက်ခဲ့စဉ် မှတ်သားထားခဲ့သော အမှတ်အသားပင်ဖြစ်လေသည်။

ယှဉ်းအခိုက် . . .

'ဖရော . . ဝေါ'

'ဝေါ . . ဝုန်း'

"ဟင်"

"ဟာ ဘာဖြစ်တာလဲ"

ဆဝမ်ခေါင်နှင့် သူ့အဘိုး ဦးထန်လျှန်းမှလွဲ၍ ကျန်သူများ အံ့သြထိတ်လန့်သွားကြပုံပေါ်သည်။ သူတို့၏ ဝန်းကျင်တစ်ဝိုက်ရှိ သစ်ပင်ကြီးများ ဝါးရုံတောကြီးများသည် ခုန တစ်ချိန်လုံး ငြိမ်သက်နေ







www.burmeseclassic.com

www.burmeseclassic.com



ခုံရာကနေ ရုတ်တရက် လေပြင်းများဝှေ့ယမ်းလာပြီး ချက်ချင်းပင် အုံ့ညြိုမှုယ်ကောင်းလောက်အောင်ပင် လှုပ်ရှားယိမ်းထိုးလာကြလေ၏။

တောကစ်ခုလုံး ဝရုန်းသုန်းကား ဆူညံသံများ တစ်စစ ကျယ်လောင်လာလေသည်။

တောတိရစ္ဆာန်များ အလန့်တကြားပြေးလွှား၍ ဆူညံနေသည့် အသံများမှာ ပတ်ဝန်းကျင်တစ်ခုလုံး ကမ္ဘာပျက် လျှောင်တော် လည်းနေသည့်အလား။

လေပြင်းများသည် သူတို့ကိုယ်ခန္ဓာရှိ အဝတ်အစားများကိုပင် တဖျပ်ဖျပ်လွင့်နေစေသည်။

ဦးထွန်းလျှန်း၏နှုတ်မှာကနေ အသံတစ်ခု ထွက်ပေါ်လာ၏။

"ကျုပ်တို့ တောခြောက်ခံရပြီ"

"ဟာ"

"ဟင်"

"အဟီး ဟီး ဟီး"

"ဟားဟား ဟီးဟီး အဟီး"

ဦးထွန်းလျှန်း၏ စကားအဆုံး၌ ပတ်ဝန်းကျင်တောတစ်ခွင်လုံး လေပြင်းများ သစ်ရွက်များအား တိုက်ခတ်နေသော လေတိုးသံ တွေလား။ ရှက်ကြွေသံတွေလား။

တောတိရစ္ဆာန်များ၏ ညည်းတွားသံလေလား။ ပြေးလွှားသံ လေလား။

သို့တည်းမဟုတ် တစ်စုံတစ်ခုသော အရာများ၏ ရယ်မောသံ



တွေပဲလား။ ထိတ်လန့် သွေးပျက်ဖွယ်ကောင်းသော ရယ်မောသံကြီးများသည် တစ္ဆေသရဲကောင်ကြီးများ ယိမ်းနွဲ့လှုပ်ရှားနေသကဲ့သို့ ဖြစ်နေကြသော သစ်ပင်ကြီးများ ဝါးရုံပင်ကြီးများ အကြားကနေ ထွက်ပေါ်လာကြလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

တောင်မကာ

ညသည် ပိန်းပိတ်အောင် မှောင်မိုက်လှလှ။

သို့သော်လည်း သစ်ပင်မြင့်ကြီးတွေ၏ ထိပ်ဖျားနှင့် ဝါးရုံတောကြီး၏ထိပ်တွင် မြင်နေရသော ကောင်းကင်အနက်ထည်ကြီးထဲမှာ လင်းမွှင့်နေကြသော ကြယ်မွှင့်ကြယ်စတို့၏ အရောင်ကြောင့် ဝန်းကျင်တစ်ခုလုံး အလင်းရိပ်က ပျပျလေး ဖြန့်ကြထား၏။

ဆဝမ်ခေါင်သည် မြင်နေရသော ကျောက်ဖြူရှင်မရုပ်တုမည်းမည်းကြီးနှင့် ပြိုပျက်နေသော အုတ်ရိုးအဆောက်အအုံများ၏ အရိပ်မည်းမည်းတို့အား လှမ်း၍ငေးကြည့်နေမိသည်။ ယခု သူတို့လူစု နတ်ဝိညာဉ်တောင်ကြားရှိ ကျောက်ဖြူရှင်မရုပ်တုကြီးရှိရာသို့ ရောက်ရှိနေကြလေပြီ။





သူနှင့် အဘိုးထန်လျှမ်းသည် ရွက်တဲတစ်ခု။

မြို့ကလာကြသော ချောင်ထုံးကြီးနှင့် ထိပ်တင်နောင်ဟူသောလူကြီးနှင့် ဦးဇော်ထန်းတို့အဖွဲ့က ရွက်တဲတစ်လုံးထိုးကာ ဒီညအဖို့ စခန်းချကြသည်။

ဆဝမ်ခေါင်သည် ဤနေရာလေးသို့ ယခု မမျှော်လင့်ဘဲ ပြန်ရောက်လာသောအခါ သူ သံယောဇဉ်တွယ်ငြိခဲ့ရသော ကြာကန်ရွာသူ တာရာဟူသော မိန်းမချောလေး၏ အရိပ်အယောင်ကိုအား မြင်တွေ့ရလေမလားဟု တွေးနေမိသည်။

မဖြစ်နိုင်သောအတွေးပင် ဖြစ်၏။

နေ့လယ်ခင်းက အဖြစ်ကိုလည်း ဆဝမ်ခေါင် ပြန်လည်အမှတ်ရလိုက်မိသည်။

ဆဝမ်ခေါင် ဤတောဤတောင်ကြီးများမှာ မုဆိုးအဖြစ်သားကောင်များ ပစ်ခတ်ဖမ်းဆီးလာခဲ့သည်မှာ ကြာလှပြီ။ တစ်ကြိမ်တစ်ခါမျှပင် တောခြောက်ခြင်းဖြင့် မကြုံတွေ့ခဲ့ရဖူးချေ။ နေ့လယ်ကတော့ တောခြောက်ခံရသည်။

တောတစ်ခုလုံး ဆူညံလှုပ်ရှားနေကြသည့်ကြားကနေ ရယ်မောသံနက်ကြီးများဖြင့်အတူ သူတို့လူစုနှင့် မနီးမဝေး ဝါးရုံတောများကြားမှာ လှုပ်ရှားနေကြသော အရိပ်သဏ္ဍာန်များအား များပြားစွာမြင်တွေ့နေကြရသည်။

နတ်ဝိညာဉ်တောဟူသော အမည်နာမအတိုင်း တောတောင်တွေအတွင်း၌ ရှေးရှေးက အကြောင်းအမျိုးမျိုးဖြင့် သေကျေခဲ့ကြရသည့် လူသားတွေ၏ ဝိညာဉ်အကြွင်းအကျန်တွေပဲလား။ ဒါမှမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



တောထဲလှည့်တားမှု မာယာပရိယာယ်ပေပဲလား။

ယက္ခကြီးဟူသောလူသည် မြင်နေရသော အရိပ်သဏ္ဌာန်များထံသို့ ကြောက်လန့်တကြားဖြင့် သေနတ်ဖြင့် တစ်ချက်လှမ်းပစ်လိုက်သေး၏။ ထပ်မံ၍ မည်းမည်းမြင်ရာ ပစ်ခတ်မည်ပြုစဉ် ဒေါင်ထုံးဖြင့်ပုဂ္ဂိုလ်ကြီး ဦးထိပ်တင်နောင် လှမ်းတားမြစ်လိုက်၍သာ ဆက်လက်မပစ်တော့။

တောခြောက်သည်က ကြမ်းသည်။

ဆဝမ်ခေါင် ဤတောကြီးအတွင်း စတင်ဝင်ရောက်မိစဉ်ကတည်းက သူတို့ မည်သည့်အမှားအယွင်းတစ်စုံတစ်ရာ ပြုလုပ်ခဲ့သလဲဟု တွေးမိသည်။ ဘာမျှ မမှားယွင်းပါချေ။

ပြောစရာရှိသည်က ယက္ခကြီးဆိုသော ကျွဲပေါက်နှယ်လူက တစ်လမ်းလုံး နတ်ဝိဇ္ဇာအား မတော်ထိန်းဘဲ စိတ်တိုနေသလို မကျေမနပ် ထဲရေးလာခဲ့ခြင်းသာ ဖြစ်သည်။ ဒီလူတွေ သေနတ်ကိုင်ထားကြပါသော်လည်း တော၏အတွေ့အကြုံ မုဆိုးအတွေ့အကြုံ မရှိဟု ဆဝမ်ခေါင်စဉ်းစားမိသည်။

သူတို့၏ပုံစံက မုဆိုးတွေအဖြစ် အမဲပစ်ရန် ဗန်းပြထားသော်လည်း မုဆိုးအစစ်တွေမဖြစ်နိုင်။ တောတွင်း၌ သားကောင်ပစ်ခတ်ရန်ထက် ဤကျောက်ဖြူရှင်မရုပ်တုကြီးရှိရာသို့သာ စိတ်စောနေကြ၏။

ကျောက်ဖြူရှင်မသည် သူတို့နှင့် မည်သို့သက်ဆိုင်ပါသနည်း။

ဆဝမ်ခေါင် သူ၏သံသယစိတ်အား ဆက်လက်ထိန်းချုပ်



မထားနိုင်တော့သဖြင့် ဦးထိပ်တင်နောင်ဟူသော ဦးသျှောင်ထုံးကြီး၏ ရှက်ထဲရှိရာသို့ လှမ်းလျှောက်လာခဲ့မိသည်။

အစောပိုင်းက ရှက်တဲနံဘေးမှာ မီးဖိုမှမီးအလင်းရောင် တွေ့နေရသေးသည်။ ယခုတော့ မီးငြိမ်းသေဖြုံသွားပေပြီ။

သူတို့ အိပ်စက်သွားကြလေသည်လား။

'ချွတ် .. ဖျောက်'

ဆဝမ်ခေါင် ဖျတ်ခနဲ နောက်သို့ ချာခနဲ လှည့်ကြည့်လိုက်၏။ မလှမ်းမကမ်း ဝါးရုံပင်ကြီးများနောက်ကနေ ခိုးခနဲပြေးထွက်သွားသော အရိပ်တစ်ခု။

မှောင်ပျပျအလင်းအောက်မှာ ဝဲခနဲလွင့်ဖွာသွားသော ရှည်လျားသော ဆံနွယ်ကြီးများကြောင့် မိန်းကလေးတစ်ဦးမှန်း သိလိုက်ရလေသည်။ တောကောင်တော့မဟုတ်တာ သေချာသည်။

ဒါပေမဲ့ ဒီတောထဲမှာ မည်သည့်မိန်းကလေးသည် ရှိနေမည်လဲ။ ဆဝမ်ခေါင် သူကြားဖူးသော ကျောက်ဖြူရှင်မဝိညာဉ်သည် မကျွတ်မလွတ်ဘဲ ခြောက်လှန့်နေသည်ပဲလား။ ဆဝမ်ခေါင်၏ စိတ်မနောအာရုံအား ကျောက်ဖြူရှင်မနယ်မြေသည် ဆန်းကြယ်စွာပင် ညို့ငင်ဖမ်းစားသွားလေပြီ။

"ဟင်"

ဆဝမ်ခေါင် ရှက်တဲရှေ့သို့ရောက်လျှင် မီးလင်းဖိုမှ ကြွင်းကျန်သော မီးကျီးခဲများ၏ အလင်းကြောင့် ဟာလာဟင်းလင်းဖြစ်နေသော ရှက်တဲအတွင်းသို့ လှမ်းမြင်တွေ့နေရသည်။

လူသူဟူ၍ ဦးတစ်ယောက်ကိုမျှ မတွေ့မမြင်ရ။

ဖိုရှင်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ယင်းအချိန်နိုက်တွင်ပင် ဆဝမ်ခေါင် ၏ [illegible] နောက်ဘက်ကနေ ဖူးရှသေးရှင်[illegible]သည် တိုး ညင်းစွာ ဆဝမ်ခေါင်[illegible]သို့ တိုးဝင်လာခဲ့၏။

"အင်း.. ဟာ လကွယ်ညပဲ လှိုက်...လှိုက်တွေ မပြစ်မှားသင့်,မပြစ်မှားထိုက်တဲ့ သန့်စင်မှန်မြတ်တဲ့ပစ္စည်းတွေကိုမှ လောဘအမှောင်ဖုံးပြီး တစ်ဘဝစာကြည့်လို့ မက်မောနေကြတယ်၊ ပေးဆပ်ခြင်းဟာ တရားမျှတတဲ့ အရင်းအနှီးပဲ ...။

ဒီနေ့ဟာ ကမ္ဘာမြေပြင်ပေါ်ကနေ လွန်ခဲ့သော နှစ်ပေါင်း တစ်ထောင်ခန့်က ပျောက်ကွယ်ပျက်စီးသွားတဲ့ လူမျိုးစုတစ်စုရဲ့ ခမ်းနားကြီးကျယ်တဲ့ သိဂါနဒီမြို့ကြီး ပျက်စီးခဲ့ရတဲ့ နှစ်သက်တမ်း တစ်ထောင်တိတိပြည့်တဲ့နေ့ပဲ ...။

လူကလေးဆဝမ်ခေါင် ...သင်ဟာ ဤနေရာနှင့် သံသရာ ပဋ္ဌာန်းဆက် ရှိခဲ့ဖူးတယ်၊ အရှင်မ မာလာဝတီနဲ့ တာရာဒေဝီတို့ရဲ့ ဝိညာဉ်များနဲ့အတူ ပြသာဒ်ကိုရုပ်ပွားတော်နှင့် ရတနာတွေကို စောင့်ရှောက်ပါလော့"

"ဟင်"

ဆဝမ်ခေါင် မည်သို့သောအကြောင်းများဟု မသိရှိရသော်လည်း၊ သူ၏တစ်ကိုယ်လုံး မပြစ်စဖူး ကြက်သီးမွေးညင်းများ ထိမ့်ထသွားမိလေသည်။

ချာခနဲ လှည့်ကြည့်မိလိုက်သောအခါ သူ၏အနောက်ဘက် မလှမ်းမကမ်းမှ အရိပ်သဏ္ဌာန်တစ်ခုသည် တောတွင်းသို့ တိုးဝင်သွားလေသည်။





သူကပဲ စိတ်သည် အမှောင်၌ရှောက်ချား၍ ထင်မိထင်မှား မြင်ယောင်လိုက်မိလေသည်လား။ သို့မဟုတ် ဤနတ်ဝိညာဉ်တောကြီး၏ ဆိုင်ရာပိုင်ရာ အစောင့်အရှောက်တွေကပဲ သူ့အား ဝိညာဉ်အရိပ်တို့ဖြင့် လှည့်ဖြားခြောက်လှန့်လေတာပဲလား။

သို့သော် အသံအား သူ ပီသစွာကြားလိုက်ရတာတော့ အသေအချာပင်။

ဖျတ်ခနဲပျောက်ကွယ်သွားသော အမြုရောင်အရိပ်မှာ မှုန်ဖွားဖွား ကြယ်ရောင်အောက်မှာ သူ မြင်တွေ့လိုက်ရသည်က ဝတ်ဖြူစင်ကြယ် သူတော်စင်ကြီးတစ်ပါးလိုလို။

ဘိုးသူတော်ကြီးတစ်ပါးလိုလို မသေချာ။

ဆဝမ်ခေါင် ထူးဆန်းသော မနောစိတ်၏ ညှို့ယူဖမ်းစားခြင်းအား ခံနေရသူတစ်ဦးပမာ သူ၏ခြေလှမ်းတွေက ကျောက်မြူရှင်မ ရုပ်တုကြီး တည်ရှိရာသို့။

www.burmeseclassic.com

## ကြွက်ဆိုးကို ခေါ်ဆောင်သူများ

'ရှိုး ရှိုး'

'ရှိုး'

"ဆ . . . ဆရာကြီး မြွေ . . . မြွေနီကြီး"

ထိပ်တင်နောင်သည် သူ၏နောက်ပါးကနေ လိုက်ပါလာကြသူတွေထံမှ အထိတ်တလန့် အော်ဟစ်သံများကြောင့် သူတို့သွားရာ ခရီးအား ပိတ်ဆို့ကာကွယ်ထားသည့် ကြီးမားလှသော အနီရောင်မြွေကြီး၏ ဘယ်ညာယိမ်းနွဲ့နေသော ဦးခေါင်းကြီးအား မျက်တောင်မခတ် တမ်းကြည့်နေမိလေသည်။

သူ၏အမြင်မှာ မှုန်ဝါးမှုန်မွှား ကြယ်ရောင်အောက်မှာ မြွေကြီးမှာ အနီရောင်သို့ ပြောင်းသွားလိုက်၊ တစ်ဖန် မိန်းမပျိုလေးတစ်





ယောက်၏ ပုံရိပ်သို့ ပြောင်းသွားလိုက် မြင်ယောင်နေမိသည်။ သူ ညတုန်းက တပည့်များဖြင့် သောက်စားခဲ့သော ယမကာကြောင့် မူးယစ်ပြီး အမြင်မှားနေခြင်းလည်း၊ မဖြစ်နိုင်။

သူတို့အား မကျွတ်မလွတ်သေးသော ကျောက်မြို့ရှင်မဟူသော တစ်ချိန်သောအခါကာလက ဤသိင်္ဂနဒီမြို့တော်ကြီးအား ပိုင်စိုးအုပ်ချုပ်ခဲ့သည့် မာလာဝတီအရှင်မ၏ ဝိညာဉ်ပုံရိပ်တွေကပဲ ခြောက်လှန့်လှည့်စားနေသည်ပဲလား။

ဤနေရာသို့လာလျှင် ဤသို့သော အနှောက်အယှက်များ ဘေးအန္တရာယ်များ တွေ့ကြုံရတတ်မှန်း ထိပ်တင်နောင် သိရှိထားသည်။ သူ ဘာကိုမျှ မမှုခဲ့။

'ဖြိုး . . ရှိုး'

"ဆ . . . ဆရာကြီး ရှေ့ . . . ရှေ့တိုးလာပြီ ပစ် . . . ပစ်လိုက်ရမလား"

"ဟို . . . ဟိုမှာလည်း နောက်တစ်ကောင်"

နောက်ပါးမှာရပ်နေသော ယက္ခကြီးနှင့် ဦးဇော်ထန်းတို့ထံကနေ အသံများ ထွက်ပေါ်လာသည်။ ထိပ်တင်နောင် မည်သို့မျှမပြောဘဲ သူ၏ ကြီးမားသော အနက်ရောင်လွယ်အိတ်ကြီးတွင်းကနေ အရာဝတ္ထုတစ်ခုအား နှိုက်ယူလိုက်ကာ ရှေ့သို့နီးတပ်လာသော မြွေအနီကြီးနှစ်ကောင်ရှိရာသို့ လှမ်းပစ်ပေါက်လိုက်လေ၏။

'ဝုန်း'

ဝန်းကျင်တစ်ခုလုံး ကျယ်လောင်သောအသံဖြင့်အတူ အနီအဝေ့များ ရစ်သိုင်းပျံ့ဝေသွားကြလေသည်။ မည်သည့်အရာကိုမျှ



www.burmeseclassic.com

www.burmeseclassic.com



မမြင်ရတော့။

မြူနှီးလိုလို အခိုးအငွေ့များ လွင့်ပြယ်သွားစပြုသောအခါ ထိပ်တင်နောင်တို့၏ရှေ့မှောက်မှာ မည်သည့်မြွေများမှ မရှိတော့၊ မတွေ့မမြင်ရတော့ပါချေ။

"ဟား ဟား ... ငါ့ကို ဒီလိုလာစမ်းလို့ရမလား။ ငါ့နာမည် ထိပ်တင်နောင်၊ အနယ်နယ်လှည့်ပြီး ဂမ္ဘီရပညာတွေ အားထုတ်ထား တာ၊ ဘာထတ်နိုင်သေးလဲ၊ ကဲဟေ့ ... ရှေ့ဆက်မယ်၊ ဘာကိုပဲတွေ့ တွေ့ ဘာမှ မထိတ်လန့်နဲ့၊ မကြောက်ရွံ့ကြနဲ့၊ ရှေ့မှာ ကျောက်မြူရှင်မ ရုပ်တုနဲ့ ကျောက်ဖျာရှိတယ်၊ ကျောက်ဖျာဝင်ပေါက်ကိုတွေ့ရင် ငါတို့ ပင်ပန်းတကြီးလာရတဲ့ မြသားစစ်စစ်ဘုရားနဲ့ တစ်သက်စားမကုန်တဲ့ ရတနာပစ္စည်းတွေ ရပြီ ... ဟားဟား"

နက်ကျောသော ထိပ်တင်နောင်၏ ရယ်မောသံကြီးသည် တောတွင်းသို့ ပျံ့နှံ့ထင်ဟပ်သွားလေသည်။ ထိပ်တင်နောင်သည် ဦး ဆောင်၍ ရှေ့ဆုံးကနေ ဆက်လှမ်းလိုက်၏။ ထိုစဉ် ...

'ဝေါ .. ဝေါ'

'ဖရော .. ရော .. ဖြောင်း'

'ဟူး .. ဟူး'

ရုတ်တရက် ခုန တစ်ချိန်လုံး ငြိမ်သက်နေခဲ့သည့် တောကြီး သည် ရှေ့နောက်ဝဲယာကနေ အရှိန်အဟုန်ပြင်းထန်လွန်းသော လေ ပြင်းကြီးများ တိုက်ခတ်လာလေပြီ။

သစ်ပင်ကြီးများ ဝါးရုံတောကြီးများ ချုံပင်နွယ်မြက်များပါ မကျန် ကြမ်းတမ်းပြင်းထန်စွာ အချိန်အခါမဟုတ် တိုက်ခတ်လာသည့်





လေကြမ်းအောက် တဲဟူးဟူးတဟဲဟဲ လှုပ်ရှားယိမ်းထိုးနေကြ၏။ လုံး၀ ငြိမ်သက်ရပ်တန့်မသွားပါချေ။

မြူနှမ်းခနဲကြည့်လိုက်လျှင် မကောင်းဆိုးဝါး နာနာဘာဝ ဝိဉာဉ်များ မြူးတူးပျော်ရွှင်နေကြသော အရိပ်သဏ္ဍာန်များနှယ် ထင် မှတ်များရလေသည်။

အားလုံး ခြေလှမ်းတွေ တုံ့သွားကြရ၏။

ထိုအဖြစ်ကို ဝါရင့်မုဆိုးကြီးတစ်ဦးဖြစ်သော ဦးထန်လျှမ်း သည်ပင် အုံ့ဩကာ အနည်းငယ် ချောက်ချားစပြုလာခဲ့ပြီ။

'ဝေါ .. ဖရော'

"အဟိ၊ ဟီးဟီး ဟားဟား"

'ဝုန်း .. ဝေါ'

"ဆ ... ဆရာကြီး တော ... တောခြောက်ပြန်ပြီထင် တယ်"

"ကျ ... ကျွန်တော် ကြောက် ... ကြောက်လာပြီ ဆရာ ကြီး"

ဝိတာအတွေ့အကြုံ နည်းပါးသော သီဟနိုင်သည် ကျောပိုး အိတ်ကိုလွယ်ရင်းမှ လေသံတုန်တုန်ဖြင့် ဆားဘီအားကြည့်ကာ ကြောက်လန့်တကြား ပြောလိုက်သည်။

ထိပ်တင်နောင်သည် ဤမျှကြမ်းတမ်းသော တောခြောက် ခြင်းကို သူလည်းမတွေ့ကြုံဖူးသဖြင့် ထိတ်လန့်တုန်လှုပ်သွားလျက် ကပင် ဟန်ကိုယ့်ဖို့ဆိုသည့်အတိုင်း ...

"ဟေ့ကောင် သီဟနိုင် ... ဒါ ကလေးကစားနေတာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးကွ၊ အေး ... ကြောက်လန့်ပြီး ထွက်ပြေးတဲ့သူဟာ အန္တရာယ်ဆိုးနဲ့ ကြုံတွေ့ရမှာပဲ"

"ဆ ... ဆရာကြီး ကျုပ်တို့ ပြန်နောက်ဆုတ်ရင် အန္တရာယ်ဆိုးနဲ့ ကြုံတွေ့ရမှာပဲ"

"တောက် ... တော် ... တိတ်တိတ်စမ်း၊ ဒီရတနာတွေကို ငါ ရအောင် ယူမယ်"

'ရှီ .. ရှီ'

ထိပ်တင်နောင်၏စကား မဆုံးလိုက်ပါ။ သူတို့၏ရှေ့ မလှမ်း မကမ်းကနေ အနီရောင်မြွေကြီးတွေ ထွက်ပေါ်လာပြန်သည်။

ဒီတစ်ကြိမ်တော့ နှစ်ကောင်မဟုတ် သုံးကောင်ဖြစ်သွားသလို မြွေကြီးများ၏ ကြီးမားလှသော အရွယ်အစားများကြောင့် သူတို့လူစု သွားမည့်လမ်းကိုသာမက ပတ်ဝန်းကျင်ကိုပါ ပိတ်ဆို့နေလေသည်။ ပါးပျဉ်းကြီးများပင်လျှင် သူတို့တစ်ရပ်နီးပါ။

တောစောင့်နတ် တောပိုင်တောင်ပိုင်များသည် သူတို့အား သတိပေးနေခြင်းပဲလား။

ဒါမှမဟုတ် ကျောက်မြူရှင်မ၏ ဝိညာဉ်ကပင် ခြောက်လှန့် နေသည်လား။

တော၏အော်သံများက ပို၍ ထူညံပြည်ဟည်းလာလေ သည်။

မှဆိုးထွန်းလျှမ်းပင် သူတစ်သက်တွင် ဤမျှကြီးမားသည့် မြွေကြီးများကို မမြင်တွေ့ဖူးပါ။ အခြားသူများဆိုလျှင် ပြောဖွယ်ရာမရှိ ပေ။

"အဟင်း ခစ်ခစ်"





"ဟင်"

"ဟာ"

ယင်းအခိုက် ကြည်လင်သာယာညင်းနွဲ့သော ရယ်သံသည် ထွက်ပေါ်လာသဖြင့် သူတို့အားလုံး ပို၍ထိတ်လန့်သွားကြရ၏။

မြွေကြီးများနှင့် မလှမ်းမကမ်းတွင် လှုပ်ရှားနေသော အဖြူ ရောင်အရိပ်သဏ္ဍာန်လေးများမှာအား သူတို့မြင်တွေ့နေရ၍ ပို၍ချောက် ချားလာကြ၏။

ယင်းတို့အထဲတွင် အဖြူရောင်အရိပ်သဏ္ဍာန် လှပချောမော သော မိန်းမပျိုလေးတစ်ဦး။

"ဆ ... ဆရာကြီး ... သ ... သရဲမ"

"ဟာ ... မ ... မကောင်း ... မကောင်းဆိုးဝါးတွေ၊ ဟို ... ဟိုမှာ"

"ဟာ ... ဟိတ်ကောင်တွေ"

တော၏ ကျယ်လောင်သော အော်မြည်သံကြီးများကြောင့် ရော၊ ပတ်ဝန်းကျင်တစ်ခုလုံးမှာ လှုပ်ရှားနေကြသော အသွင်သဏ္ဍာန် အမျိုးမျိုး ဝိညာဉ်အရိပ်များကြောင့်ရော မြွေကြီးများ၏ တရွေ့ရွေ့ တိုးကပ်လာခြင်းကြောင့်ရော ...

အားလုံးသည် သွေးပျက်လုခမန်း ကယောင်ချောက်ချား ဖြစ်ပေါ်သွားကြလေပြီ။

"အား ... ကြောက် ... ကြောက်တယ် ... မြွေကြီးကွ"

'ဒိုင်း .. ဒိုင်း'

'ဒိန်း .. ဒိန်း'



www.burmeseclassic.com

www.burmeseclassic.com



'ကျိ . . ရူး'

"ဟာ . . . ပြေး . . . ပြေးကြ"

ကြီးမားလှသော မြွေကြီးများ တရွေ့ရွေ့ တိုးကပ်လာသော ကြောင့် သူတို့၏လက်တွင်းရှိ သေနတ်များဖြင့် မည်းမည်းမြင်ရာ ရမ်းသန်းပစ်ခတ်ကြလေတော့၏။ တောသည် ပို၍ဆူညံသွားလေသည်။

ယင်းအခိုက်မှာပင် ဆူညံနေသော တောကြီးတွင်းမှ ကျယ်လောင်သော ဆင်အော်သံများနှင့်အတူ အနီးရှိ သစ်ပင်ဝါးတောကြီးများနောက်မှ တောဆင်ရိုင်းအုပ်ကြီးက ဝေါခနဲ ပြေးထွက်လာကြလေတော့သည်။

သေနတ်သံများ ထပ်မံဆူညံမြည်ဟည်းသွားပြန်၏။

'ဒိန်း . . ဒိန်း'

'ဒိုင်း . . ဒိုင်း'

"အ အား"

ခြေဦးတည့်ရာပစ်ခတ်ကြရင်း အသက်အန္တရာယ်မှလွတ်အောင် ရှောင်ပုန်းကြပါသော်လည်း ဒေါသတကြီး ခက်ထန်နေကြသော တောဆင်ရိုင်းကြီးများ၊ မြွေဆိုးကြီးများရှေ့မှောက်တွင် . . .

နတ်ဝိညာဉ်တောကြီးသည် ပြန်လည်ငြိမ်သက်သွားလေတော့၏။

ဆတ်ခေါင် ရောက်ရှိလာချိန်မှာ သွေးညှီနံ့များ ပျံ့လွှမ်းနေဆဲ . . .။

သန့်မေတ်ကြာ

သူမ၏မျက်ဝန်းတို့သည် ပြာဝေလာခဲ့လေပြီ။

သို့သော် သူမသည် နာကျင်သောဝေဒနာများအား အံကြိတ်သည်းခံလျက် ကျောက်မြွေရှင်မရုပ်တုကြီးရှိရာသို့ တရွေ့ရွေ့ ယှိုင်နဲ့စွာ လှမ်းနေမိသည်။

တစ်ခါတစ်ရံ ခလုတ်ရာများကြောင့် လဲပြိုကျသွားမိ၊ သူမ တာဝန်ကျေခဲ့ပါပြီ။

ဤနေရာဝန်းကျင်လေးသည် သူမအား နေ့စဉ်ညစဉ် ပူးကပ်မက်ခဲ့သော အိပ်မက်များကြောင့် သိသရာဘဝနှစ်ပေါင်းမှာ သူမ ကျင်လည်ရှင်သန်ခဲ့ရသော နေရာဝန်းကျင် သိဂါနဒီမြို့တော်ဟောင်းကြီးဟု ယုံကြည်နေခြင်းပင်။

ရဲရှင်ဆောင်ဆေထ

www.burmeseclassic.com

www.burmeseclassic.com



သူမ၏ လူ့လောက၏ အကြည်ဖယ်ခံ အထီးကျန်ဆန်သော ခံစားခြင်းများ . . .

သူမ လူ့လောကသို့ စတင်ချဉ်းနင်း ရောက်ရှိခဲ့သော အချိန်ကပင် ဖခင်ဖြစ်သူမှာ သေဆုံးရ၏။ မိခင်ဖြစ်သူမှာလည်း ရူးသွပ်ခဲ့ရပြီး သူမအား မကောင်းဆိုးဝါးမ ရွာနိုက်သူ ကြိုဟ်ဆိုးမဟု ရွာသူရွာသားများ၏ ရက်စက်သော ကဲ့ရဲ့ရှုပ်ချမှုများ။

အရာရာ နာကျင်ကြေကွဲစွာ မွန်းကြပ်ဆို့နင့်စွာ တစ်ကိုယ်တည်း ခံစားရသည့် စိတ်အနာများကို လွတ်မြောက်အေးချမ်းစေသော ဤနေရာလေးအား သူမ ချစ်ခင်သည်။

သူမဘဝ၏ အလုံခြုံဆုံးသော ရပ်ဝန်း။

ဤနေရာဝန်းကျင်ရှိ လူ့အများက ကြောက်လန့်ထိတ်လန့်နေသော ကျောက်ဖြူရှင်မရုပ်တုသည်လည်းကောင်း တောရိုင်းတိရစ္ဆာန် ဟင်းကောင်များမှစ၍ သူမအား အန္တရာယ်မပြုသော တောတိရစ္ဆာန်လေးများသည်လည်းကောင်း။

ကျေးငှက်ရောင်စုံများ . . . ပန်းမာန်ရောင်စုံများ . . .

ဤနတ်ဝိညာဉ်တောင်ကြီးနှင့် မှိုင်းညို့သော တောကြီးသည် သူမအား မည်သည့်အန္တရာယ်ဆိုးကိုမျှ မပေးစွမ်း မရက်စက်ခဲ့ပါ။ မလှည့်စား မကောက်ကျစ်ခဲ့ပါ။

လူသားတို့သည်သာ သူမအား ရက်စက်ခဲ့ကြ၊ ယုတ်မာကောက်ကျစ် လှည့်စားခဲ့ကြ၏။

ဒီရပ်ဝန်းလေးသည် သူမအား ချမ်းမြေ့သာယာ ပျော်ရွှင်ခြင်းများဖြင့် သူမ လိုလားတောင့်တခဲ့သော အချစ်ဟူသော အရာတစ်





ခုအား ပေးအပ်ခဲ့သည်။ သံယောဇဉ်တည်းဟူသော သမုဒယကြိုးတစ်မျှင်အား ချည်နှောင်ပေးခဲ့လေ၏။

သူမ ဤနေရာရပ်ဝန်းလေးမှာပင် ကြည်နူးပျော်ရွှင်စွာ ရာသက်ပန် သံသရာမဆုံးမချင်း ငြိမ်းအေးစွာ ဖြတ်သန်းသွားချင်လေတော့သည်။

သူမသည် နွယ်စိမ်းပင်တို့ ယှက်လိမ်တွယ်ငြိနေသော ကျောက်ဖြူရှင်မရုပ်တုကြီး၏ရှေ့ ကျောက်များကြီးအစပ်၌ အမြင်အာရုံတို့ ပြာဝေမှိုက်မှောင်ကာ လဲပြိုကျသွားလေတော့၏။

ငှက်တို့သည် သူမ၏ကိုယ်ခန္ဓာထက်မှာ စိုနစ်ဖိုင်ထွန်းလျက်။

သူမ၏ မနောဝိညာဉ်လိပ်ပြာငယ်လေး ကိုယ်ခန္ဓာတွင်းမှ မထွက်ခွာခင်လေးမှာ . . .

"သမီးငယ် တာရာဒေဝီ . . . လောကမှာ မည်သို့သော ပုဂ္ဂိုလ် သတ္တဝါ ပုတုဇဉ်တွေမှန်သမျှ သံသရာကြီးထဲမှာ ကိုယ်ပြုခဲ့တဲ့ကံတွေရဲ့ အကြောင်းတရားအလိုက် ပေးဆပ်ကြရတာ ဓမ္မတာတရားပေပဲ၊ မိမိကိုယ်မိမိ အတ္တကောင်အဖြစ် စွဲလမ်းငြိတွယ်နေသေးသမျှ သံသရာစက်ဝန်းကြီးကို ရပ်စေ၊ပြတ်စေနိုင်တဲ့ သစ္စာလေးပါးနဲ့ ဝိပဿနာလမ်းစဉ်ကို မတက်လှမ်းနိုင်သေးသမျှ သတ္တဝါတို့ရဲ့ ခန္ဓာအိမ်ဟာ ပြောင်းလဲနေဦးမယ် . . .။

သမုဒယ ဒုက္ခနွံဆိုးနွံညစ်ထဲမှာ နစ်မြုပ်နေရပေဦးမယ်၊ ပြုသူတိုင်းဟာ အသစ်ဖြစ်ပြီး ဖြစ်သူတိုင်းဟာ အကြောင်းတရားလို့ပဲ စိတ်ထဲ သမာဓိနိုင်မာစွာ စွဲမြဲနေခြင်းသည်သာ အပ္ပမာဒသတိနဲ့ နေထိုင်ခြင်းပါကွယ်၊ ဘဝခန္ဓာအိမ်ဆိုတာ မက်မောတွယ်တာစရာ



www.burmeseclassic.com

www.burmeseclassic.com



မရှိတဲ့ ဥဩကြီးသက်သက်ပါကွယ်၊ တရားကိုရှုလော့ သမီးငယ် တာရာ ဒေဝီ''

''တာ ... တာရာ''

အေးချမ်းကြည်လင်သော သစ်ခေါက်ဆိုး အညိုရောင် သင်္ကန်းထည်နှင့် ဘိုးရသေ့ကြီးတစ်ပါးအား သူမ မြင်တွေ့လိုက်သည် လား။

သူမတစ်အမည်အား ကြွေကွဲစွာခေါ်သံ ကြားလိုက်လေသ လား။

⚛

မြင့်မားမှိုင်းညို့နေသော တောတန်းကြီးများသည် လွမ်းဆွတ် ဖွယ်ရာ ပြာရီနေလေသည်။ ဤတောင်တန်းကြီးများ၏ တောင်ခြေ ရွာများမှာ နေထိုင်သက်မွေးကြကုန်သော အချို့သော သစ်ခုတ်ဝါးခုတ် သမားများသည်လည်းကောင်း၊ သားကောင်ပစ်ခတ်ကြသော မုဆိုး အချို့တလေသည်လည်းကောင်း ...

ရံဖန် ဟိုးတစ်ချိန်က နတ်ပီညာဉ်တောင်ဟု ခေါ်ဆိုကြသော တောင်တန်းကြီးဆီသို့ မျက်စိလည်လမ်းမှားပြီး ရောက်ရှိခဲ့ပါလျှင် သူတို့သည် ...

နက်မှိုင်းသောတောတွင်း ...

ချုံနွယ်ပိတ်ပေါင်း ဖုံးအုပ်နေသော ကျောက်ရုပ်ကြီးတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



နှင့် ယင်းပတ်ဝန်းကျင်မှာ တရားကျင့်ကြံနေသော ရသေ့ပျိုလေးတစ်ပါးကိုလည်းကောင်း ...

ရုံဖန် ချောမောလှပသော မိန်းမပျိုလေးတစ်ဦးအား ရိပ်ခနဲ သွားလာလှုပ်ရှားနေသည်ကို အံ့သြထူးဆန်းစွာ တွေ့ကြုံရတတ်ကြောင်း ...

ပျောက်ကွယ်သွားတတ်ကြောင်း ...

ဒဏ္ဍာရီပုံပြင်တစ်ပုဒ်သဖွယ် ယနေ့ချိန်ထိ ပြောဆိုနေကြဆဲ ဖြစ်လေတော့သတည်း ...။

*ဝေဖန်အကြံပြုစာများမျှော်လင့်လျက် ...*

*ဂျို့ရမောင်မွေ*
*အမှတ်(၂၄)၊ အရှေ့မြို့ပတ်လမ်း၊*
*ထရာစံမြောက်အရှေ့ရပ်ကွက်၊*
*ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။*

[illegible]

# ဂျို့ရမောင်မွေ

## မရလတာကျွန်းမှ ဘီလူးဂမုန်း

- ပင်လယ်ရေဝန်းဒေသမှ လူတိုင်းကြောက်ရွံ့ထိတ်လန့်ကြသော အဖြစ်အပျက်မှန်
- လွန်ခဲ့သည့် နှစ်ပေါင်းနှစ်ထောင်ကျော်က ပင်လယ်ရေအောက်မှ အံ့ဖွယ်ကျွန်းကြီး
- ပင်လယ်တံငါများကြောက်ရွံ့တဲ့ မရဆဝဲကြီးနှင့်တစ္ဆေကျွန်း အကြောင်း
- အရပ်သုံးတောင်ရှိသည့် စကြာမယ္ခရားအတတ်ရှင် ဘိုးဘိုးရှင်နှင့် အဓိအရင်များ
- အရှင်မသိရိပျာဇေဝိနှင့် သောဂယက္ခယ္ခရာဇ်ကြီးတော်ကြီး
- အတိတ်တာဝပေါင်းက ဆိပ်မက်များ
- ရက္ခဝိဇ္ဇာဆရာတော်ကြီးနှင့်ဘီလူးရှင်
- မရဆကျွန်းဆိပ်ကွာနဆက် လူငယ်တစ်ဦးနှင့် သဲသရာက အစ္ဆမာန်မာနများ
- အံ့သြထူးဆန်းဖွယ် ရင်နှင့်ကြွက်ရွံ့ဖွယ်ရာ အဖြစ်ဆန်းများဖြင့် ဂျို့ရခန်းသည့် ဘဝကံကြမ္မာလှည့်ကွက်များထဲမှ အရှင်မသိရိပျာဇေဝီ မတော့မှ ညီတွားတို့၏ လွမ်းဆွတ်ဖွယ်ရာ

ရဲရှင့်ဧဒင်စာပေ မှ ထွက်တော့မည်

www.burmeseclassic.com